www.burmeseclassic.com

BURMESE CLASSIC .com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

# နိဂုံးမရှိသောချစ်ရက်များ

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီနီ စာပေ
အမှတ် ၄၆၊ သတိပဋ္ဌာန်လမ်း၊
ကျောက်မြောင်း
ဖုန်း– ၀၉ ၅၀၆၄၉၀၀။

ဖြန့်ချိရေး – နေလ စာပေ
အမှတ် ၂၁၀၊ ၃၁ လမ်း၊
ဖုန်း – ၇၀၃၈၂၃၊ ၀၉ ၅၁၀၈၅၈၁၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | – ၅၀၀၈၂၆၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | – ၅၀၀၉၈၉၈၁၁ |
| မျက်နှာဖုံးပန်းချီ | – အံ့ဖွယ်ဖခင် |
| ထုတ်ဝေခြင်း | – အောက်တိုဘာလ၊ ၂၀၁၁ခု |
| အကြိမ် | – ဒုတိယအကြိမ် |
| အုပ်ရေ | – ၁၀၀၀ အုပ် |
| တန်ဖိုး | – ၁၅၀ ကျပ် |
| ထုတ်ဝေသူ | – ဒေါ်ခင်မာချို<br>ပန်းဝေဝေ (စာပေ)<br>အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | – ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်၊ ၁၅၂။<br>ကျွန်းချွေမြိုင်လမ်း၊ သုဝဏ္ဏ။ |

၈၉၅.၈၃

ကလျာ (ဝိဇ္ဇာ/သိပ္ပံ)

နိဂုံးမရှိသော ချစ်ရက်များ/ ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၊ ရန်ကုန်။

ပန်းဝေဝေစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊

၃၉၄–စာ၊ ၁၅×၁၈ စင်တီ

(၁) နိဂုံးမရှိသော ချစ်ရက်များ။


BURMESE CLASSIC .com

# ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

၏

# နိဂုံးမရှိသော ချစ်ရက်များ


ပထမအကြိမ် - ၁၉၈၁ ခု၊ နိုဝင်ဘာလ

ဒုတိယအကြိမ် - ၂၀၁၁ ခု၊ အောက်တိုဘာလ


www.burmeseclassic.com

www.burmeseclassic.com

စိုးရေ. . .

မှတ်သုံလေက ချွေလိုက်တဲ့ မိုးရေစက်လေး

တွေကြောင့်. . .

ရွက်စိမ်းလေးတွေ. . .

ပွင့်ငုံလေးတွေ. . .

ရောင်စုံပန်းလေးတွေဟာ. . .

ဒီမိုး ဒီလေအောက်မှာ. . .

ခုန်လို့. . . မြူးလို့. . . ရွှင်လို့. . . လန်းလို့ပါ စိုး။

www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာဦးရဲ့ပန်းရင့်ရောင်တိမ်လွှိုင်းအောက်မှာ. . .

အိပ်တန်း အပြန်လမ်းရဲ့ ငှက်တောင်ပံကလေးတွေဟာလည်း အားမာန်ပြည့်စွာနဲ့ ခရီးနှင်နေကြပါတယ်။

မြစ်ထဲ ချောင်းထဲက ငါးကလေးတွေကျတော့. . . အို. . .

ကူးလို့. . . မြူးလို့. . .။

ဒါဟာ သူ့နေရာနဲ့သူ. . .

သူ့သဘာဝနဲ့ သူမို့. . .

အံဝင်ဂွင်ကျစွာ လောကကို အလှဆင်နေကြတယ်ပေါ့ စိုးရယ်. . .

တကယ်လို့ ပန်းပွင့်ကလေးတွေသာ. . .

အို. . ပန်းပွင့်လေးတွေက အပြစ်မဲ့လွန်းပါတယ်လေ၊ ပြီးတော့ သူတို့က သက်မဲ့. . .

မနိုင်းချင်ဘူး။

ဆိုပါစို့ စိုးရယ်. . .

ငါးကလေးတစ်ကောင်သာ သဲသောင်ပြင်မှာ တင်ထားလိုက်မယ်ဆိုရင်. . .



ဖျပ်ဖျပ်လူး အပူဒဏ်တွေကို အလူးလဲ ခံစားရင်း သေဆုံးသွားရရှာမယ်နော်. . .

ငှက်ကလေးတစ်ကောင်ကိုလည်း ရေထဲမှာ နစ်ကျစေမယ်ဆိုရင် သဘာဝမဟုတ်တဲ့ နေရာမို့ မွန်းနစ်ကျပ်သိပ်စွာ ဘဝဆုံးရရှာမှာပေါ့။

တို့အဖြစ်က ငှက်ကလေး ရေနစ်တာမျိုး မဟုတ်ဘူး စိုး. . .

ငါးကလေး စတေးခံရပုံမျိုး။

နေရာမှန်မှာ မနေရတော့. . .

ပရိဒေဝ သောက အပူဒဏ်တွေကို ဖျပ်ဖျပ်လူး ခံစားရင်း ဘဝဆုံးရမယ့် အဖြစ်မျိုးပါ စိုးရေ. . .

တို့ဘဝဟာလေ. . .

နှင်းပွင့်လေးတွေပေါ်မှာရှိရှိ. . .

ကန္တာရ အပူမြေမှာ ရောက်နေနေ. . .

တို့ရင်ထဲက နှလုံးခုန်နေသမျှ စိုး ပြောသလို. . . စိုးကိုလေ. . .

www.burmeseclassic.com

www.burmeseclassic.com



"နိဂုံးမရှိသောချစ်ရက်များ"နဲ့. . .

ချစ်နေမယ့်သူဟာ 'စိုးရဲ့စိမ့်' ပါကွယ်"

ဩော်. . . တို့များ အရွယ်မညောင်းခင် ငယ်ပေါင်းကလေးတွေတုန်းကများ. . .

◆ ◆ ◆

BURMESE CLASSIC .com

အခန်း ॥ ၁ ॥

'တူးတူးမာ' စကျောင်းတက်သည့် နေ့ကလောက် 'စိုးထိုက်'ရော 'စိမ့်စမ်းအေး'ပါ စိတ်ညစ်ရသည့်နေမျိုး မရှိခဲ့ဘူးသေး။

"တူးမာ. . . နင် မတိတ်ဘူးလား။ လမ်းမလယ်မှာ နင့်တစ်ယောက်တည်း ထားပစ်ခဲ့မှာ"

"မတိတ်ဘူး။ ဘာလို့တိတ်ရမှာလဲ။ ဟင်း. . . ဟင်း. . . အား"

"စိတ်ညစ်လိုက်တာဟယ်. . .၊ တူးမာက သိပ်ဒုက္ခပေးတာပဲ"

စိမ့်စမ်းအေး စိတ်မရှည်နိုင်တော့၊ ဘာလုပ်ရမှန်းလည်း မသိ။ ကိုယ့်အတန်း ကိုယ့်ဆရာမကိုလည်း ကြောက်ရသေးသည်။ ကျောင်းသို့ စခေါ်လာကတည်းက တဂျီဂျီ၊ သူငယ်တန်းမှာ ဟစ်ငိုနေသည့်အသံက တစ်ကျောင်းလုံး ကြားသာသည်။

"စိမ့်စမ်းအေး. . . ညီမလေးကို လာချော့စမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာမ လာခေါ်၍ တူးမာကို ခေါ်ထုတ်ပြီးတည်းက အတန်းတွင်း ပြန်မဝင်တော့။ စိမ့်စမ်းအေးလည်း မနိုင်မနင်း ဖြစ်နေသဖြင့် စိုးထိုက် ပြေးလာရသည်။

ကျောင်းပြင် လမ်းလယ်သို့ ဆွဲခေါ်လာကြတော့လည်း မနိုင်မနင်း။

အတန်းထဲလည်း ပြန်ဝင်ခိုင်း၍မရ။

အိမ်သို့လည်း မပြန်ပါ။

ဟု လမ်းလယ်မှာ တူးမာတို့ ထွန့်ထွန့်လူး ငိုတော့သည်။

"မိစိမ့်ရာ. . . နင်ကလည်း ကလေးကို စိတ်ရှည်စမ်းပါ၊ လာ. . . ညီမလေး၊ လာ. . ."

လေးတန်းကျောင်းသား စိုးထိုက်က တူးမာကို ချော့လိုက်သည်။

"ကဲ. . . မိစိမ့်၊ တို့ဒီနေ့ ကျောင်းတက်လို့ ဖြစ်တော့မှာ မဟုတ်ဘူး။ နင့်လွယ်အိတ်ရော ငါ့လွယ်အိတ်ပါ သွားယူခဲ့၊ ခွင့်လည်းတိုင်ခဲ့။ တို့ပြန်ကြမှ"

"အေး. . . အေး. . ."

သည်စကားကြားတော့ တူးမာတို့ တစခန်းထပြန်သည်။

"မပြန်ဘူး၊ အိမ်မပြန်ဘူး၊ မယူနဲ့"

"တူးမာနော်. . . နင်ပဲ ကျောင်းမတက်ဘူးဆိုလို့ ပြန်ရမှာ၊ တစ်ကျောင်းလုံးကို နင့်အသံချည့်ပဲ ကြွက်ကြွက်ညံလို့၊ ငါလုပ်လိုက်ရရင်. . ."

"မိစိမ့်ကလည်းဟယ်. . . အရေးထဲ၊ သွား. . . ငါချော့ထားလိုက်မယ်"



ကျောင်းဝင်းတွင်းသို့ စိမ့်စမ်းအေး ဝင်လာတော့ မျက်ရည်ဝဲလာမိသည်။ အိမ်ပြန်တော့မည်ဟုလည်း ဆရာမကို မရဲတရဲ ခွင့်၍ ပြောရမည်။ တစ်နေ့လည်း ကျောင်းပျက်ရဦးမည်။

"ဒီလောက်ဆိုးတော့ တခြားကလေးတွေအတွက်လည်း အနှောင့်အယှက်ဖြစ်ပါတယ်။ ပြန်ပို့လိုက်၊ မောင်စိုးထိုက် ပါတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာမ"

စိုးထိုက်နှင့် စိမ့်စမ်းအေးတို့က တစ်ရပ်ကွက်တည်း အိမ်ချင်းက အနီးလေး။ စိုးထိုက်က စိမ့်စမ်းအေးထက် တစ်နှစ်ကြီးသူမို့ ကျောင်းသို့ လက်ဆွဲ၍ ခေါ်လာခဲ့သည့်သူ။

ယခုလို မဟုတ်ပါ။ မျက်နှာငယ်လေးနှင့် အတန်းထဲမှာ ထိုင်နေရုံမှလွဲ၍ စိမ့်စမ်းအေး ဘယ်သူ့ကိုမှ ဒုက္ခမပေး။

မုန့်စားဆင်းချိန် စိုး ရောက်လာတော့ စိမ့်စမ်းအေး အားရှိသွားသည်။ လက်ကလေးဆွဲ၍ မုန့်စားတန်း ခေါ်သွားပြီး မုန့်ကျွေးသည်။ ပြီးတော့ အတန်းထဲပြန်ပို့သည် ကျောင်းဆင်းတော့လည်း အိမ်ရောက်သည်အထိ လက်တွဲမဖြုတ်မိကြ။

မိမိ ကျောင်းတက်စဉ်က အေးအေးငြိမ်ငြိမ်လေး နေခဲ့ပါလျက် ယခုမှ ဒုက္ခပေးသော ညီမလေး တူးမာ အတွက် စိမ့်စမ်းအေး ဒေါသထွက်နေမိသည်။

လွယ်အိတ်နှစ်လုံးနှင့် ကျောင်းပြင်သို့ ထွက်လာသည်အထိ စိုးက တူးမာကို မနိုင့်တနိုင် ချီထားဆဲ။

တူးမာတို့ ငြိမ်နေပြီ။ မျက်နှာကလည်း ကြည်လို့။

"ကဲ. . . အိမ်ပြန်ကြမှာမဟုတ်လား စိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မပြန်ဘူး"

"ဘာမပြန်ဘူးလဲ"

"ဟုတ်တယ် မိစိမ့်၊ ပြန်လို့မဖြစ်ဘူး။ အိမ်ပြန်သွားရင်လည်း သူ့အတီးခံရမှာ။ တို့ တစ်နေရာရာသွားနေပြီး ကျောင်းလွှတ်ချိန်မှ အိမ်ပြန်ကြမှဖြစ်မယ်"

"တစ်နေ့လုံး ဘယ်သွားနေမှာလဲ၊ မေမေဆူလိမ့်မယ်"

"လာပါဟာ. . . ဒီလိုပဲပေါ့"

စိုးသည် တူးမာကို ချီရာမှချလိုက်ပြီး လက်ကလေးဆွဲလျက် ရှေ့မှ လျှောက်သွားနေသည်။

စိုးထိုက်ပခုံးမှာ တူးမာ၏လွယ်အိတ်လေး။

စိမ့်စမ်းအေးပခုံးမှာ သူတို့နှစ်ယောက်၏ လွယ်အိတ်နှစ်လုံး။

"စိုး. . ."

သူက လှည့်ကြည့်ပြီး. . .

"ဟာ. . . နင့်မှာ လွယ်အိတ်နှစ်လုံးတောင်၊ ပေး. . . ပေး. . . ငါ့ကို"

"အဲဒါက အသာနေစမ်းပါ။ ငါ ဘယ်မှ မသွားချင်ဘူး။ အိမ်ပဲပြန်မယ်"

စိုးထိုက်က တွေဝေသွားသည်။ 'အိမ်'ဆိုသဖြင့် တူးမာမျက်နှာလေး ပြန်မဲ့သွားပြန်သည်။

"တူးမာအပြစ်က ငါတို့အပြစ် ဖြစ်သွားမယ် စိုးရဲ့။ ငါ ကျောင်းပြေး မဖြစ်ချင်ဘူး"



"ဒါကြောင့်လည်း အရွယ်နဲ့မလိုက်အောင် လိမ္မာတယ်လို့ နင့်ကို ချီးကျူးကြတာပဲ မိစိမ့်၊ အေးပါလေ. . . အိမ်ပဲပြန်ကြတာပေါ့"

"ဟင်အင်း. . . ဟင်အင်း. . . အိမ်မပြန်ဘူး"

"အိမ်မပြန်ချင် လာ. . . ကျောင်းပြန်သွားမယ်"

စိမ့်စမ်းအေးက တူးမာ့လက်ကိုဆွဲပြီး ဟောက်သည်။

"ကျောင်းလည်း ပြန်ချင်ဘူး"

တူးမာ ငိုပြန်သည်။

"နေစမ်းပါ မိစမ့်ရယ်၊ အလကား. . . ညီမလေးလာ. . . တို့လမ်းလျှောက်ရင်း မုန့်သည်တွေ့ရင် ဝယ်စားမယ်နော်"

ငိုမဲ့မဲ့ ပေကပ်ကပ်နှင့် လျှောက်လာသော တူးမာကိုတွဲလျက် အိမ်သို့ ခြေလျင်ပြန်ခဲ့ကြသည်။

အိမ်မှ ကျောင်းသို့ ကားနှင့်လာရသော်လည်း မဝေးလှ၊ စိမ့်စမ်းအေး မပြန်တတ်သော်လည်း စိုးက လူလည်မို့ သူခေါ်ရာ လမ်းကြိုလမ်းကြားမှ ပြန်ခဲ့ကြရသည်။

"ညီမလေး ရေခဲချောင်း စားမလား"

"အင်း. . . စားမယ်"

ရေခဲချောင်းဖိုးကို စိမ့်စမ်းအေးက ထုတ်ပေးနှင့်သည်။ စိုးသည် သူတို့လောက် မုန့်ဖိုးမရမှန်း စိမ့်စမ်းအေး သိသည်။

"နင်လည်းစားလေ၊ ငါ့ဆီမှာ တမတ်ပါပါတယ်"

"ဟင်အင်း. . . ငါ မစားချင်ဘူး။ နင်စားပါ"

"ငါလည်း မစားချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ မစားဖြစ်ကြ။ တူးမာ၏လက်ထဲမှ ရေခဲချောင်းမှာ လမ်းလျှောက်ရင်းစားရ၍ စက်လက်ကျသော အရည်များက စေးထန်းစွာ ကပ်ပေလေတော့သည်။

"ဒီမှာ ခဏထိုင်ရအောင်နော် စိုး"

ကုက္ကိုပင်အောက် မြက်ခင်းပြင်တွင် စိမ့်စမ်းအေးက ထိုင်ချလိုက်တော့ တူးမာသည် အစ်မ၏ပေါင်ပေါ်သို့ လာထိုင်သည်။

မျက်ရည်စီးကြောင်းများဖြင့် ရေခဲချောင်းကို အာရုံစိုက်၍ နှစ်ခြိုက်စွာ စားနေသော တူးမာကိုကြည့်ပြီး စိမ့်စမ်းအေး သနားသွားသည်။

ငါးနှစ်တိတိငယ်သော ညီမဆိုးလေးတူးမာကို စိမ့်စမ်းအေး ချစ်ပါသည်။ သိပ်ချစ်ပါသည်။

သည်နေ့လို ဆိုးလွန်းသည့်အခါမျိုးတွင်သာ စိတ်မရှည်နိုင်အောင် ဖြစ်မိခြင်းပါ။

စိုးထိုက်က သူ့လွယ်အိတ်တွင်းမှ စက္ကူစုတ်ကိုထုတ်၍ တူးမာ၏ပါးစပ်နှင့် လက်မှာပေနေသော ရေခဲချောင်းရေများကို သုတ်ဖယ်ပေးရှာသည်။ တူးမာမှာ အစ်မ၏ပေါင်ပေါ်တွင် မတ်နေရာမှ ပျော့ပျောင်းစွာ ညွတ်ခွေလာသည်။

စိမ့်စမ်းအေးက ပွေ့ဖက်ထားလိုက်ရသည်။ မိနစ်ပိုင်းအတွင်းမှာပင် မျက်လုံးများ မှေးစင်း၍ တူးမာတစ်ယောက် အိပ်ပျော်သွားလေတော့သည်။

"တစ်ချိန်လုံး ခုန်ပေါက်လူးလှိမ့်ပြီး ငိုခဲ့ရလို့ မောမောနဲ့ ချက်ချင်းကို အိပ်ပျော်သွားပြီနော်"



စိုးထိုက်က ပြုံး၍ပြောသည်။ စိမ့်စမ်းအေးမှာ သူ့ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသော ချစ်ညီမလေးကို ကြည့်ပြီး. . .

"သနားပါတယ်နော်. . . စိုး"

"နင်. . . ချစ်လား"

"ချစ်တာပေါ့ဟာ၊ ငါ့ညီမလေး ဒီတစ်ယောက်တည်းရှိတာ"

"တူးမာက ဆိုးပေမယ့် သိပ်လည်တာ၊ တူးမာကို နောက်မဆူပါနဲ့ဟာ၊ သနားပါတယ်"

"အေးပါ၊ ဒါပေမယ့် သူကျောင်းတက်ချင်အောင် ဘယ်လိုလုပ်ရမှန်း မသိဘူး"

"အစမို့ပါ၊ နောက်တော့လည်း ပျော်လာမှာပေါ့ မိစမ့်ရာ"

"ငါ့တုန်းက ဒီလိုမှတ်ပါဘူးဟယ်၊ နင်လက်ဆွဲပြီး အတန်းထဲ ထည့်ပေးခဲ့တာပဲ"

"ဒါပေမယ့် နင်လည်း ဒီတုန်းက ငိုမဲ့မဲ့ပါပဲ"

"ငါက တူးမာလို ဆိုးလို့လားလို့"

"နင်က လိမ္မာတာကို"

"ဒါဖြင့် တူးမာက မိုက်တာပေါ့"

"မိုက်တာတော့မှတ်ဘူး။ ဆိုးတာ"

"ဘာကွာလို့လဲ"

"ကွာတော့ကွာတယ်။ တခြားစီတော့ တခြားစီပဲ၊ ဒါပေမယ့် ငါမပြောတတ်ဘူး"

သရုပ်ခွဲ၍ မရှင်းလင်းတတ်သော လေးတန်းကျောင်းသားလေး စိုးထိုက်၏ စကားကို စိမ့်စမ်းအေး စိတ်မဝင်စားနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော့... မိုးတွေရွာလာပြီ"

"ဟာ... ကြည့်စမ်း။ ချက်ချင်းကြီး သည်းလာပြီ။ လာ... လာ... ဒီနောက်ဘက်ကို နည်းနည်းရွှေ့၊ ရော့... ဒါ ခြုံထား"

ကုက္ကိုပြင်စည်နားသို့ တိုးကပ်စေပြီး စိုးထိုက်က သူ့ပုဆိုးလေးကို ခေါင်းပေါ်မှ မ,တင်ချွတ်ယူလိုက်ပြီး၊ တူးမာတို့ ညီအစ်မပေါ်သို့ အုပ်ပေးလိုက်သည်။ သူ့မှာဖြင့် ဘောင်းဘီတို ညစ်ထေးထေးလေးနှင့်သာ။

"လာလေ... နင်ပါဝင်... လွယ်အိတ်တွေက အရေးကြီးတယ်"

ကလေးကွင်း ပုဆိုးတိုတိုလေးအတွင်းမှာ သုံးယောက်သား မလုံမလဲဖြင့် ရွှဲရွှဲစိုခဲ့ရသော...

ထိုနေ့လေးကို...

ကိုစိုးထိုက် နိုင်ငံခြားရောက်သည်အထိ...

တက္ကသိုလ်ကျောင်းသူ စိမ်းစမ်းအေး ဖြစ်လာသည်အထိ သူတို့ မမေ့နိုင်ကြသလို...

လျှို့ဝှက်ကွေ့ဝိုက်ခြင်းများစွာဖြင့် ဘဝကို ရှန်းကန်ရင်ဆိုင်ရသော တူးမာသည်လည်း ပြန်လည်မှတ်မိကောင်း မှတ်မိလေမည်သာ...

◆ ◆ ◆

# အခန်း ॥ ၂ ॥

'ကြီးကြီးတင့်... ဒီမှာ ငါးရံ့ခေါင်းပြတ်က သုံးဆယ်သား၊ မုံလာဉနှစ်စီး၊ ပေါင်မုန့်တစ်လုံး၊ ကောက်ညှင်းပေါင်းနှစ်ထုပ်နဲ့၊ ဆားအစိတ်သား။ ပိုငွေက နှစ်ကျပ်သုံးဆယ့်ငါးပြား၊ နေဦး သား စာရင်းရေးပြီး ပြန်ပေါင်းကြည့်လိုက်ဦးမယ်"

"အမလေး... သားရယ်။ လုပ်မနေစမ်းပါနဲ့။ ပိုတဲ့ငွေသာပေး... ပြီးရော"

"ဟာ... ဘယ်ဟုတ်မလဲ။ မိစိမ့်စမ်း ခဲတံပေးစမ်း"

သူ့အကျီအိတ်ထဲမှ စက္ကူစုတ်ကလေးကို ထုတ်သည်။ ဈေးသည်တစ်ယောက်ထံမှ တောင်းလာပြီး အိမ်တွင် အဆင်သင့်နေရန် ရည်ရွယ်လာခဲ့ဟန်ရှိသော စိုး...

ဘောဂဗေဒပညာရှင်ကြီး တစ်ယောက်လို ကျကျနန စာရင်းရေးပြီး စိမ့်စမ်းအေးတို့ မိခင် 'ဒေါ်ခင်တင့်'ထံ အပ်သည်။

"ရော့... သား၊ သုံးဆယ့်ငါးပြားယူ"

"ဟင့်အင်း... ကျွန်တော် မယူပါဘူး"

"ယူပါ သားရဲ့"

"နေပစေ မေမေ၊ သူက မယူဘူးဆိုရင် မပေးနဲ့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း သားရယ်။ ကောက်ညှင်းပေါင်းက သုံးထုပ်ဝယ်ခဲ့ရောပေါ့"

"ရပါတယ်၊ ကျွန်တော် မစားချင်လို့"

ဒေါ်ခင်တင့်မှာ ဈေးတောင်းကိုင်ပြီး ဘေးအဖီရှိ မီးဖိုဆောင်တွင်းသို့ ဝင်သွားခဲ့လေပြီ။

စိမ့်စမ်းအေးက ထမင်းအိုးတစ်လုံးနှင့် ငရုတ်သီးတစ်ဆုံ ထောင်းထားပေးပြီးသားမို့ သူ့တာဝန်ကျေပြီ၊ ညက ဝက်သားဟင်းကို နွှေးပြီး ဖေဖေ့ ရုံထမင်းဗူးလည်း ထည့်ပေးလိုက်ပြီးလေပြီ၊ သမီးနှစ်ယောက်အတွက်လည်း ကောက်ညှင်းပေါင်း တစ်ထုပ်စီ စားစရာရှိပြီမို့ ငါးရံ့နှင့် မုံလာဥချဉ်ရေကို အမေ အေးငြိမ်းစွာ ချက်ပြုတ်ပေတော့မည်။

အမေ့တွင် အစာအိမ်ရောဂါရှိသည်။ သိပ်လှုပ်လှုပ်ရှားရှား မလုပ်ရဟု ဆရာဝန်က ပြောထား၍ အမေ လမ်းမထွက်နိုင်ရှာ။ အစာကိုလည်း နုမ့်စား၍ရသည်။ ဥပမာ ယခု ပေါင်မုန့်လိုမျိုး။ အမေ ဈေးမသွားနိုင်၍ အရာရာ အားကိုးရသော စိုးက အဝယ်တော်။

ဆေးနှင့် ကု၍မရလျှင် ဆေးရုံတက်၍ ခွဲစိတ်ရမည်ဟု မေမေက စိမ့်စမ်းအေးကို မျက်ရည်ဝဲဝဲနှင့် ပြောပြရှာပါ၏။ ဖေဖေကလည်း မေမေကို သိပ်ဂရုစိုက်ရှာပါသည်။ စိမ့်စမ်းအေးကလည်း အရွယ်နှင့်မလိုက်အောင် ဝိုင်းကူပါ၏။ ခက်နေသည်က တူးမာ။ နေရာတကာ ဆိုးလွန်းလှသော တူးမာ။

ဖေဖေက တစ်ခါတလေ တူးမာနှင့်ပတ်သက်၍ စိတ်မရှည်ချင်။



မေမေကဖြင့် သိပ်ချစ် သိပ်အလိုလိုက်ပါ၏။ သူ့သမီးထွေး မှ သူ့သမီးလေး။

"ရော့. . . စိုး"

"နင်စားပါ"

"ငါ ကောက်ညှင်းပေါင်း မကြိုက်လှဘူး။ မိတူးမာ မှာတာ လိုက်မှာရတာ၊ တစ်ယောက်တစ်မျိုးစီဆို အမြဲပဲ ငါ့မုန့် လုစားတယ်"

စိုးထိုက်က ပြုံးပြီး တူးမာကို ကြည့်လိုက်သည်။ ခြေဆင်းထိုင်ပြီး ပေါင်နှစ်လုံးကြားတွင် ရှိနေသော ဗါဒံရွက်ပေါ်မှ ကောက်ညှင်းပေါင်းကို သူ့အာရုံစိုက်၍ စားနေသည်။

စိမ့်စမ်းအေးက ဖွေးအိနေအောင် ဖြူသလောက် တူးမာက အသားညိုလှသည်။ ဂါဝန်ကြားမှ ပေါင်တံလေးများမှာ အမည်းရောင်ဘက်သို့ လှနေသည်။ စိုးထိုက်မှာ ဆိုးလွန်းသော တူးမာလေးကို ချစ်သနားစိတ်ဖြင့် ကြည့်နေဆဲ. . .

"ဟဲ့. . . စိုး. . . စားလေ၊ တော်ကြာ ဟိုက ကုန်သွားရင် ဒို့ဆီလာလုနေဦးမယ်"

"နင်ပဲစားစမ်းပါ"

"ဒီမနက်စာ နင်ဘာမှ မစားရသေးဘူးမဟုတ်လား"

"အိမ်ပြန်ရင် ငါ ထမင်းစားရမှာပဲ"

"နင် မစားဘူးလား။ မစားရင် ငါလည်းမစားဘူး။ ရော့ တစ်ဝက်စား"

အမှန်တော့ စိုးထိုက် ဆာနေပါပြီ။ 'မိထွေး'နှင့် နေရသော စိုးထိုက်မှာ ယခုလို ကျောင်းပိတ်ရက်မျိုးတွင် မုန့်ဖိုးမရ၊ ထမင်းသော့ စောစောစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိစိမ့်ရယ်"

ကောက်ညှင်းပေါင်းထဲမှ အုန်းသီးများကို စိုးထိုက်၏ ကောက်ညှင်းပေါင်းပုံထဲသို့ ပို့ပေး၍ စိုးထိုက်က ချစ်သူငယ်ချင်း၏ စေတနာကို ကြည်နူးကျေနပ်စွာ ခံယူမိသည်။ ဘာမှ ပြန်မပြောတတ်။

စိုးတို့ငယ်ငယ်က ကောက်ညှင်းပေါင်း တမတ်ဖိုးကလည်း အများကြီးရသည်။ သူတို့ငုံ့စားနေဆဲ. . .

"အင့်. . . တော်ပြီ"

အုန်းသီးနှင့် ပဲများရွေးစားပြီး၊ ကောက်ညှင်းချည်းသာ ကျန်သောဖက်ကို မ၍ သူတို့နှင့်လာရောသည်။

"စားဦးလေ ညီမလေး"

"ဟင်အင်း. . . ပဲနဲ့အုန်းသီးပဲစားမယ်"

စိမ့်စမ်းအေး ပုံပေးထားသော စိုး ဝေစုထဲမှ အုန်းသီးများကို တူးမာက ဆုပ်ယူစားသည်။ အုန်းသီးပြောင်တော့ ပဲလွန်းစေ့များကို တစ်လုံးချင်း နှိုက်ယူစားတော့သည်။

စိုးမှာ တူးမာ၏ အစာမဲ့ကောက်ညှင်းများကိုသာ စားနေ၍ စိမ့်စမ်းအေးက ပြန်ဖြည့်ပေးမိသည်။

"စားစမ်းပါ မိစိမ့်ရယ်၊ ငါက ဗိုက်ဝရင် ပြီးတာပဲ ညီမလေးကျန်တာ ငါစားပါ့မယ်။ ရော့. . . ရော့"

အုန်းသီးနှင့် ပဲစေ့လေးများ ပြန်ထည့်ပေးပြီး တူးမာ ကောက်ညှင်းပေါင်းပုံကို ပင့်မ၍ သူ့ပါးစပ်နားမှာ ကပ်၍ စား၏။ ပြီးတော့ သူအမြန်ထသွားပြီး ဖက်ကိုလွှင့်ပစ်သည်။ အ နားမှာ လက်သွားဆေးပါ၏။



"ယူဦးမလား"

အနားတွင် ထိုင်ကြည့်နေဆဲ တူးမာကို စိမ့်စမ်းအေးက မေးလိုက်တော့ သူ ခေါင်းညိတ်ပြသည်။

စိမ့်စမ်းအေးက ရှိသမျှပဲစေ့လေးများရွေးပြီး သူ့လက်ထဲ ထည့်ပေးလိုက်သည်။ ကျန်သည့်ကောက်ညှင်းကို ဖက်နှင့်လုံး၍ အိမ်ပြင်သို့ ပစ်လိုက်ပါ၏။

စိုးထိုက်နှင့် စိမ့်စမ်းအေးတို့မှာ တစ်ယောက်နှင့် တစ်ယောက် ညှာကြသည်။

သူတို့နှစ်ယောက်လုံး၏ ချစ်မြတ်နိုးမှုနှင့် သက်ညှာမှုကို မြင်တူ ရယူခံစားရသူက တူးမာ. . .

"အစိုး မပြန်နဲ့ဦးနော် သား၊ ထမင်းစားပြီးမှပြန်၊ ညီမလေး တွေနဲ့ ကစားနေဦး"

"မစားတော့ပါဘူး ကြီးကြီးတင့်ရာ"

"ဘာလဲ နင်က ပြန်တော့မှာလား"

"မပြန်သေးပါဘူး မိစိမ့်ရဲ့"

"ဒါဖြင့်လည်း ထမင်းစားပါဆိုမှ နင့်မိခွေးကဖြင့် နင့် ထာဘဲနဲ့"

"ဟဲ့. . . ဟဲ့. . . သမီးကြီး၊ ဒီလိုမပြောရဘူးလေ"

"တကယ် မေမေရဲ့၊ သူ့ဖေဖေရှေ့ကျရင်သာ 'အစိုး' နဲ့ ခေါ်တာ၊ နောက်ကွယ်ကျ ကွေးလိုက်ရင် အရိုးမှ. . ."

"သမီး ဒီလိုမပြောရဘူး။ အစိုး ဝမ်းနည်းသွားမှာပေါ့၊ ဖြစ်ဖြစ် မရိုက်မနှက်တာပဲ တော်သေးတယ်လို့ အောက်မေ့ ၊ မိခွေးဆိုတာ ဒီလိုချည်းပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုးကို စိမ့်စမ်းအေး ကြည့်လိုက်တော့ မျက်ရည်တွေဝဲလို့ "အစိုး ဝမ်းနည်းသွားမှာပေါ့"ဆိုသော မေမေ့စကားသည် မှန်ခဲ့လေပြီ။ သူ့မိခွေး 'ဒေါ်စိန်ကြည်'ကို မုန်း၍ စိုးဘက်က လိုက်ပြောမိသော်လည်း 'ငါ့စိုးပဲ ဝမ်းနည်းရပါလား'ဟု စိမ့်စမ်းအေး တွေးမိတတ်လာသည်။

"မိဘဆီက ရရှိတဲ့ မေတ္တာတရားဆိုတာ ဒီလောကမှာ အဖိုးအတန်ဆုံးအရာပဲ။ အစိုးမှာ မိခင်မရှိပေမယ့် ဖခင်ရှိနေသေးတာပဲကွယ်"

"ဖေဖေကလည်း ကြီးကြီးရာ. . ."

အစိုးအသံက အားငယ်သံလေးနှင့် တိမ်သွားပြီးမှ စကားဆက်သည်။

"အမြဲ သူ့မိန်းမဘက်ကပါ"

စိမ့်စမ်းအေး၏ မေမေက အစိုး၏ ကျောလေး‌ကို ပွတ်သပ်ပေးရင်း မျက်နှာနွမ်းသွားသည်။

သူ့မိခင်၏ နက်ရှိုင်းသော ကရုဏာအမိပ္ပာယ်ကို စိမ့်စမ်းအေး နားမလည်။

ဖခင်တစ်ယောက် ဘယ်လောက်ချစ်သည် ဆိုစေ၊ ဝမ်းမှာလွယ်၍မွေးရသော မိခင်၏မေတ္တာကို ဘယ်ဖခင်မှ မမီပါဟု မေမေ အမြဲပြောလေ့ရှိခဲ့သည်။

မိခင်၏ မေတ္တာကွက်လပ် နေရာတွင် မိခွေး အစား‌ရောက်လာသဖြင့် စိုး၏ဘဝကို အလိုလိုနေရင်း စိမ့်စမ်းအေး သနားလို့မဆုံးနိုင်။



ထိုကျောင်းပိတ်သည့်နေ့က မေမေ အတင်းခေါ်သဖြင့် စိုး စိမ့်စမ်းအေးတို့နှင့်အတူ ထမင်းစားဖြစ်သည်။

"ကိုကိုစိုး. . . မပြန်နဲ့ဦးနော်။ ထမင်းစားပြီးရင် ကစားရအောင်"

"ဘာလုပ်တမ်းလဲ"

"ဂေါ်လီရိုက်မယ်"

"ကြည့်. . . စိုး ဘယ်တော့မှ သိမ်သိမ်မွေ့မွေ့ ကစားနည်းမျိုး သူ မကစားဘူး။ ကြီးရင် ယောကျ်ားရှာလေးများ ဖြစ်နေမလား မသိဘူး"

"ကြီးတော့လည်း နားလည်သွားမှာပေါ့ မိစိမ့်ရာ"

ညီမလေး တူးမာအကြိုက်လိုက်ပြီ စိုးတစ်ယောက် အိမ်ရှေ့မြေပိုလေးပေါ်မှာ ဂေါ်လီရိုက်နေရရှာသော်လည်း အစိုးကိုယ်တိုင်ပါ စိတ်ပါဝင်စားစွာ ပျော်ပျော်ရွှင်ရွှင် ကစားနေပါ၏။

စိမ့်စမ်းအေးကတော့ အေးအေးလူလူ နေတတ်သူမို့ ရောဂါသည် မေမေ့ကိုသာ ဝိုင်းကူလုပ်ကိုင်ပေးနေသည်။

'စိုးထိုက်' 'စိမ့်စမ်းအေး' 'တူးတူးမာ' ဟူသော ဤကလေးသုံးယောက်လုံးကို ဟာမစ်တစ်လမ်းဘေး 'စိန်မေတ္တာရပ်ကွက်လေး' အတွင်းမှာ မွေးဖွားကြီးပြင်းလာကြခြင်းဖြစ်သည်။ နေတာချင်းလည်း အနီးလေး။

စိုးမိခင် မသေဆုံးမီက ပိုမိုစည်းလုံးကြသည်။ နှစ်အိမ့်တစ်အိမ်လို နေကြပါ၏။ ယခု စိုးမိခွေး ဒေါ်စိန်ကြည်နှင့် ဒီက မေမေတို့က အထာချင်းမတူ၊ ဒေါ်စိန်ကြည်က ကိုယ့်ကိစ္စထက် သူများအရေးအခင်းကို ပိုမိုစိတ်ဝင်စားသည့်သူ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ဘာဝတ်ပြန်ပြီ၊ ဟိုအိမ်ကလင်မယား ရန်ဖြစ်ကြသတဲ့။ ယောက္ခမနဲ့ချွေးမ ဘော်လီကိစ္စကစပြီး စကားများကြလို့. . . စသည့် သတင်းအတိုအထွာမှအစ စပ်စုသည့် မိန်းမ။

အိမ်ရှင်မချင်း အထာမတူ၍ အနေတန်းသွားကြသော်လည်း ကလေးများကမူ စည်းစည်းလုံးလုံး မခွဲမခွာ အရင်အတိုင်းပါ။

ဒေါ်ခင်တင့်သည် အမိမဲ့သားလေး စိုးကို သားရင်းလေးလို ချစ်၍ စိုးကလည်း သည်အိမ်ပေါ်မှ မဆင်းတော့။

စိုးထိုက်နှင့် စိမ့်စမ်းအေးမှာ မတိမ်းမယိမ်း ရွယ်တူမို့၊ တစ်ယောက်နှင့်တစ်ယောက် သိပ်ချစ်၊ သိပ်ညှာကြသည့် သူငယ်ချင်းများအဖြစ် အမြဲတတွဲတွဲ နေကြသလို. . .

သူတို့ထက် လေးနှစ်ကျော်ငယ်ပြီး သိပ်ဆိုးသော ညီမလေး တူးမာပေါ်တွင်လည်း နှစ်ယောက်လုံးက အနွံတာခံကြ၊ ညှာတာကြ၊ အလိုလိုက်ကြနှင့်. . .

တူးမာ. . . နွဲ့ဆိုး ဆိုးသမျှ ခံနိုင်ရည်ရှိကြသော လိုက်လျောပေးနိုင်လွန်းသော ထိုနှစ်ယောက်ပါ။

စည်းလုံးချစ်ခင်ခြင်းများစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ နေခဲ့ကြရသော. . .

"ငယ်ဘဝလေးများ. . ."

အတွင်းသို့ ကြမ်းတမ်းရက်စက်သော ကံကြမ္မာ မုန်တိုင်းတစ်ခုသည် ဤကလေးငယ်များ၏ ဘဝတွင်းသို့ ဝင်ရောက်မွှေနှောက်ခဲ့လေပြီတည်း။

◆ ◆ ◆

## အခန်း ။ ၃ ။

"သမီးကြီး. . . လာပါဦး"

မေမေ့အသံသည် ဖျော့တော့လွန်းလှသည်။

လှမ်းလာသောလက်တွင် အသားစိုင်းတို့ မရှိ၊ အရည်သည်သာ အရိုးမပေါ်အောင် ဖုံးအုပ်ထားတော့သည်။

"မေမေ. . . သမီးကို သိပ်အရေးကြီးတာ ပြောစရာရှိလို့"

"ပြောပါ. . . မေမေ"

"ဘယ်သူ့မှမသိစေနဲ့၊ ဘယ်သူ့မှ မပြောနဲ့နော် သမီး"

"ဟုတ်ကဲ့ပါ မေမေ"

"ဒီကိစ္စ သမီးဖေဖေတောင် မသိဘူး"

ဆေးရုံခုတင်ပေါ်မှ ဒေါ်ခင်တင့်သည် မောလျှနွမ်းဟိုက်စွာ သူ့စကားကိုဆက်ပါ၏။ စိမ့်စမ်းအေးက အသက်ပင်မရှူရဲ။

"တူးမာလေ. . . တူးမာဟာ. . ."

"ဟုတ်ကဲ့. . . ဘာဖြစ်လဲ မေမေ"

"သမီးညီမလေး မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာလဲ မေမေ"

"သူ မေမေ့သမီးအရင်း မဟုတ်ဘူး"

"အို. . ."

ရန်ကုန်ဆေးရုံကြီး၏ ခုတင်ပေါ်တွင် ဖြစ်ပါ၏။

မေမေ့ အခြေအနေမကောင်းတော့ကြောင်း စိမ့်စမ်းအေး တို့ ကြိုတင်သိနှင့်နေခဲ့ကြပါပြီ။

မေမေ၏ ပြောစကားများကို မည်သို့သော ပြန်ကြားချက် မျိုးဖြင့် တုံ့ပြန်ကြရမှန်း စိမ့်စမ်းအေးမသိ။

"မေမေ့မိဘ ရှိတုန်းကတော့ တောမှာပဲ အမြဲ ကလေး သွားမွေးတယ်"

စိမ့်စမ်းအေးရော အဖတ်မတင်ဟုဆိုသော ယောကျ်ား လေး နှစ်ယောက်ကိုပါ ဝါးခယ်မမြို့အပိုင် ပြင်စလူ ရွာလေးတွင် မွေးဖွားခဲ့သည်။ မေမေ့ ဇာတိရွာလေးပါ။ ဤအကြောင်းများကို စိမ့်စမ်းအေး သိပြီးသားပါ။

"နောက်ဆုံး သမီးထွေး မွေးတုန်းက မီးထွက်တဲ့နေ့မှာ ဆုံးသွားတယ်။ တူးမာကိုလည်း ရန်ကုန်က အမျိုးသမီး တစ်ယောက်က အမေတို့ရွာမှာ လာမွေးတယ်။ သူက နို့မထွက် ဘူးတဲ့။ နို့ရည်စက်လက်နဲ့ သမီးထွေးလေးကို နမြောမဆုံး ဖြစ်နေတဲ့ မေမေ့ဆီကို တူးမာရောက်လာတယ်။ သူက ဆယ့်လေးရက်သမီး၊ မီးထွက်မီးဝင် ခေါ်တာပေါ့"

"မေမေ မောနေတယ်။ စကားဖြည်းဖြည်းပြောလေ မေမေ"

ဒေါ်ခင်တင့်က ခေါင်းယမ်းရင်း ဆက်ပြောပါ၏။



"နို့တိုက်ရင်း မေမေက သမီးစားလေး ရတယ်ဆိုပြီး သံယောဇဉ်နဲ့ ချစ်နေတာပေါ့။ ပြီးတော့လေ. . ."

"ဟုတ်ကဲ့ မေမေ"

"သူ့အမေဟာ ရန်ကုန်ပြန်သွားလိုက်တာ ဒီနေ့ထက်ထိ ပြင်စလူရွာကို ပြန်မလာတော့ဘူး။ အဆက်အသွယ် မရှိတော့ ဘူးတဲ့"

"ဟင်. . . ဘယ်ရောက်သွားလဲ"

"အဲဒီအမျိုးသမီးက ရန်ကုန်ကတဲ့။ သူ့အမေရဲ့ ညီမ ဝမ်းကွဲ တောမှာရှိလို့ တစ်ယောက်တည်း ကလေးလာမွေးတာ ဆိုပဲ"

"သူ့နာမည်က ဘယ်သူတဲ့လဲ။ သူတို့မျိုးရိုးကရော မေမေ၊ သူဌေးတွေလား"

"ဆင်းဆင်းရဲရဲပါ။ အသားမည်းမည်းနဲ့ သိပ်မလှဘူး။ နာမည်က 'မလှကျော့'တဲ့"

"မလှကျော့. . ."

"ဟုတ်တယ်။ အဲဒါကလွဲလို့ မေမေ ဘာမှ မသိဘူး သမီးကြီး"

"ရုပ်ရှင်တွေထဲမှာလို ရွှေကြိုးတို့ လက်စွပ်တို့ စတဲ့ သဲလွန်စလေးတွေ ဘာတွေ ပေးထားတာမျိုးရော"

"ဘာမှမရှိပါဘူးကွယ်"

စိမ့်စမ်းအေးမှာ ရင်ပေါ့လေမလားဟု မေမေနှင့်ရော၍ သက်ပြင်းချလိုက်သည်။ ပြီးတော့ ဂလူးကို့(စ်) ဖျော်ထားသော ကရားကို မေမေ လက်ကမ်း၍ စိမ့်စမ်းအေး တိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



“မေမေ ပြောချင်တာက. . .”

“အမောပြေမှပြောပါ မေမေရယ်”

“သမီးကြီးဟာ မေမေ့ စိတ်အတိုင်း သိပ်အကြင်နာကြီး ရှာတယ်။ ဒီဇာတ်ကိုလည်း မြှုပ်မသွားချင်ဘူး။ ဒါကြောင့် ပြောပြတာ”

“ဟုတ်ကဲ့ပါ မေမေ”

“သမီးဖေဖေ မသိစေနဲ့နော်”

“ဘာဖြစ်လို့လဲ ဟင်”

“ဩော်. . . အချစ်လျော့သွားမှာစိုးလို့ပါ၊ သူက မေမေ့ကို လိုက်ပို့ပြီး မေမေပြန်လာတော့ မေမေ့အမေက ရန်ကုန် လိုက်ပို့တယ်လေ။ ကလေးသွားမွေးတာ ကလေးပါလာတော့ သူ သံသယမဖြစ်ဘူးပေါ့”

“အင်းပေါ့”

“တကယ်လို့များ မေမေ သေသွားရင်လေ. . .”

“အို. . မေမေကလည်း မဟုတ်တာ”

“မေမေ့စကား ဆုံးအောင်နားထောင်ပါ သမီး”

စိမ့်စမ်းအေး ငြိမ်နေရပါ၏။

“သမီးညီမလေးကို ဂရုစိုက်ပါကွယ်၊ သွေးကပြောသလား မသိဘူး။ သူ့အဖေက သိပ်မချစ်ဘူး”

ဖေဖေသည် သမီးကြီးကိုသာ ပိုချစ်ကြောင်း စိမ့်စမ်းအေး လည်း အသိပါ။

“မေမေကတော့ ကိုယ်နို့တိုက်မွေးခဲ့ရတဲ့ ကလေး၊ ကိုယ့်ရင်သွေးနဲ့ အသက်ရှင်လာရှာတော့ အသနားပိုပြီး အလို



လိုက် ချစ်ခဲ့တာ သမီးအသိပါ”

“ဟုတ်ကဲ့ပါ မေမေ”

“အေး. . . ဒီတော့ မေမေမှာချင်တာ ဒါပါပဲကွယ်။ သူဟာ သမီးနဲ့ ဘာမှမတော်ဘူး။ ဒါပေမယ့် မေမေ့ကို ငဲ့ညှာ ထောက်ထားတဲ့အနေနဲ့ သမီးညီမလေးပေါ်မှာ သမီးတစ်သက် လုံး အလျှော့ပေး အလိုလိုက်ပါ။ ဖေးမကူညီလိုက်ပါလို့ပဲ မေမေ ပြောပါရစေတော့”

“စိတ်ချပါ၊ စိတ်ချပါမေမေရယ်။ သမီး ကိုယ်တိုင်က လည်း ညီမလေးကို ပိုချစ်တာ၊ ညှာတာ မေမေ အသိပါ”

ဒေါ်ခင်တင့် ဖြည်းလေးစွာ ခေါင်းကို တဆတ်ဆတ် ညိတ်ပြရှာသည်။

“တူးမာအမေက ရက်စက်လိုက်တာ နော်”

“ကြည့်ရတာတော့ ကိုခြွေနဲ့ သိက္ခာနဲ့ မိန်းမမျိုးထဲက မဟုတ်ဘူးသမီး၊ သူ့ယောက်ျားလည်း ပါမလာဘူး၊ တိတ်တဆိတ် လာမွေးတာများလား မသိဘူး”

“မေမေ့ရဲ့ အမေတွေ မသိဘူးလား”

“သူ့အဒေါ် ဝမ်းကွဲကိုယ်တိုင်ကတောင် ဇစ်ဇစ်မြစ်မြစ် မသိလိုက်ဘူး”

“ဟင်. . .”

“သူတို့ချင်းလည်း အစက အဆက်အသွယ်မရှိလှဘူးတဲ့။ နောက်မှ ဗိုက်တစ်လုံးနဲ့ ရောက်လာတော့လည်း တောထုံးစံ အတိုင်း စေတနာနဲ့ ဝိုင်းပြုစုကြတာပေါ့။ ပြီးတော့ လမလဲခင် ပျောက်သွားလိုက်တာ ဒီနေ့ထိပဲ”

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း သိအောင် မစုံစမ်းဘူး။ အခုတောင် မေမေ့ကိုယ် မေမေ စိတ်မချလို့ သမီးကြီးကို ဖွင့်ပြောရစ်ခဲ့တာ"

"မေမေရယ်. . ."

"ညီမလေးကို ဂရုစိုက်လိုက်ပါနော် သမီးကြီး"

"စိတ်ချပါ မေမေ. . . စိတ်ချပါ မေမေရယ်၊ ညီမလေး အတွက် သမီးအားလုံးကို အလျှော့ပေးပါ့မယ်. . ."

◆ ◆ ◆

**အခန်း ၊ ၄ ၊**

"တိတ်ပါတော့ မိစိမ့်ရယ်။ နင်တို့က အများကြီး ပြုစု လိုက်ရပါသေးတယ်ဟာ၊ ငါ့အမေအဖြစ်နဲ့ နှိုင်းကြည့်ပါ"

စိုး၏မိခင်သည် နှလုံးရောဂါနှင့် ရုတ်တရက် သေဆုံးသွား ခြင်းပါ။ နှလုံးမှာ ဝေဒနာရှိနေမှန်း သိသော်လည်း ဈေးကြီးလွန်း သော ဆေးဝါးများကို မှန်မှန် မမှီဝဲနိုင်၍ပါဟု စိုး သိခဲ့ရသည်။

"တိတ်ပါဟယ်. . . နင်ငိုနေလို့လည်း ဘာထူးတော့ မှာလဲ"

"ငိုမယ်. . . ငါသိပ်ချစ်တဲ့ မေမေအတွက် ငါ တစ်သက် လုံး ငိုနေမှာပဲ"

"အြော်. . . သူက မပြန်နိုင်မယ့် လမ်းကို သွားပြီပဲ။ နင့်မျက်လုံးလေးတွေ မို့နေပြီ။ တိတ်စမ်းပါဟာ၊ ငါ မကြည့် ရက်ဘူး"

စိမ့်စမ်းအေး မတိတ်။ ဆက်၍သာ ငိုနေပြန်တော့ စိုးတိုက် ငြိမ်ကျသွားသည်။ ရှိုက်ရင်းရှိုက်ရင်း လိမ့်ဆင်းနေသော စိမ့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



အေး၏ မျက်ရည်များကို သုတ်ပေးနေရာက သူပါရော၍ ငိုချလိုက်မိပါတော့သည်။

သည်တုန်းက စိမ့်စမ်းအေးနှင့် စိုးထိုက်တို့က ၇ တန်း။

စိမ့်စမ်းအေး၊ ရယ်လျှင် သူကြည့်၍ စိမ့်စမ်းအေး ငိုလျှင် သူပါ မျက်ရည်စို့ရှာသော ချစ်သူငယ်ချင်းကို ဖက်ပြီး စိမ့်စမ်းအေး ဆက်ငိုမိတော့သည်။

စိုးထိုက်က စိမ့်စမ်းအေးထက် တစ်နှစ်နီးပါးသာ ကြီးသည်။ ဤရပ်ကွက်ငယ်လေးအတွင်းရှိ အိမ်နီးချင်းမှ ကလေးနှစ်ယောက်သည် လူမှန်းသိတတ်စရွယ်ကပင် အတူယှဉ်တွဲ၍ တစ်ခါမှ မခွဲခဲ့ဖူးကြ။ နေတော့လည်း တစ်ကျောင်းတည်းမို့ သွားအတူ လာအတူ။

● ယခုကျတော့ ဘဝပါ အတူတူ။ 'အမိမဲ့' ဆိုသော အဖြစ်ထက် လူ့ဘဝတွင် ဆိုးဝါးရက်စက်သော အဖြစ်ပျက်မျိုး မရှိပါ။ ကလေးငယ်တို့၏ လောကတွင် အထိရောက်ဆုံးပါ။

"ဟင်. . . ညီမလေး။ လာ. . . လာ. . . ကိုကိုစိုး ပေါင်ပေါ်ထိုင်"

ငိုနေသော သူတို့နှစ်ယောက်နားသို့ ယောင်လည်လည်နှင့် ရောက်လာ ရပ်ကြည့်နေသော တူးမာကို စိုးထိုက်က မျက်ရည်သုတ်လိုက်ပြီး သူ့ပေါင်ပေါ်သို့ ဆွဲယူထိုင်စေပါ၏။

ယနေ့သည် ဒေါ်ခင်တင့် သေဆုံးပြီးသည်၏ ရှစ်ရက်မြောက်နေ့၊ ရက်လည်ပြီး နောက်တစ်နေ့ပါ။ ဝိုင်းကူသူများလည်း မရှိကြတော့၊ ဖေဖေ 'ဦးမောင်လှိုင်'က ခွင့်မစေ့သေးသော်လည်း ကိစ္စရှိ၍ မြို့ထဲသို့ သွားသည်။



အိမ်တွင် သူတို့သုံးယောက်တည်းသာ. .

"မငိုနဲ့လေ. . . ညီမလေး"

"ကိုကိုစိုးတို့ ငိုတော့ တူးမာလည်း ငိုချင်တယ်"

"ကိုကိုတို့ မငိုတော့ဘူး။ ဟုတ်တယ် မိစိမ့်ရာ တိတ်ပါတလေးတောင် မျက်နှာလေးငယ်နေပြီ"

"ကိုကိုစိုး"

"ဟင်. . ."

"မေမေက ဘာဖြစ်လို့များ သေသွားရတာလဲ။ မေမေ့ရှိရင် သိပ်ကောင်းမှာပဲနော်"

တူးမာ၏ စကားကို ဘာမှ ပြန်မဖြေနိုင်ကြ။ စိုး၏ပေါင်ပေါ်မှ တူးမာကို စိမ့်စမ်းအေးက ဆွဲယူလိုက်ပြီး တအားဖက်ထားရင်း. . .

"ညီမလေး. . . ညီမလေးရယ်"

သူမိခင်ရင်း အထင်ဖြင့် သူလည်း လွမ်းဆွတ်တသနေရှာပါလား ဟူသော အသိစိတ်ကြောင့် စိမ့်စမ်းအေးရင်မှာ နင့်သွားသည်။ ညီမလေးသို့ သနားစိတ်နှင့် မေမေသို့ လွမ်းဆွတ်စိတ်ဆို့တ ရင်မှာ ရောထွေးလာပါ၏။

စိုး ပေါင်ပေါ်မှ ကိုယ့်ရင်ခွင်တွင်းသို့ ရောက်လာသော တူးမာကို စိမ်းစမ်းအေးမှာ နစ်နစ်နဲနဲ ပွေ့ပိုက်လိုက်မိသည်။

"ညီမလေးကို ဂရုစိုက်လိုက်ပါနော် သမီးကြီး"

မေမေ၏ မှာစကားကို နားဖြင့် မကြား။ အသည်းနှလုံးဖြင့် ပြန်လည်ကြားလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တူးမာသည် အလွန်ဆော့၍ အလွန်ဆိုးလွန်းသည်မှလွဲလျှင် မိသားစုပေါ်၌ သိပ်ချစ်တတ်ရှာသော ကလေးပါ။ အစ်မကိုလည်း ဆိုးမယ့်သာ ဆိုးနေသည်။ အပျောက်ကိုမခံ၊ တကောက်ကောက် လိုက်ရှာနေတတ်ပါ၏။ ယခု အမိမဲ့ညီအစ်မ၏ လှိုက်လှဲသော ငိုယိုမှုများကို ကြည့်ပြီး. . .

"တိတ်ကြပါ။ နင်တို့ညီအစ်မ ငိုတော့. . ."

စိုးက သူ့မျက်လုံးကို လက်ခုံနှင့် ပွတ်ရင်း ပြောသည်။ သူ့စကားက မဆုံး။ စကားနှင့်မဆက်၊ အငိုနှင့်ဆက်သည်။

စိမ့်စမ်းအေး. . . စိုးကို သနားသွားသည်။ တို့ ညီအစ်မအတွက် သူပါ ဝိုင်းငိုနေရရှာပါလား ဟူသော အသိဖြင့် သူ့မျက်ရည်ကို အရင်သုတ်သည်။ ပြီးတော့ တူးမာ၏ မျက်နှာလေးကို မော့ယူပြီး မျက်ရည်များ သုတ်ပေးရင်းက. . .

"တိတ်ပါ ညီမလေးရာ. . . တို့က ငိုတော့ စိုးပါ ဝိုင်းငိုနေရတယ်"

"ကိုကိုစိုး တူးမာတို့နဲ့ လာနေပါလားဟင်"

"အေး. . . ကောင်းသားပဲ စိုး"

"ငါလည်း နေချင်တာပေါ့ဟာ၊ ငါ့အဖေက ဘာပြောဦးမလဲ မသိဘူး"

"ဘာပြောပြော ဒီမှာနေချင်တယ်လို့ ပြောပေါ့"

"တို့က ကလေးတွေပဲရှိသေးတာ"

"ဟင်. . . ကိုကိုစိုးက ခုနစ်တန်းတောင် ရောက်ပြီ။ လူကြီးဖြစ်ပါပြီ"



"တူးမာ၊ နင်က ကြည့်တော့သာ လူကြီးပေါ့။ စိုးက ခုမှ ဆယ့်လေးနှစ် ရှိသေးတာ။ သူ့အဖေ နေခိုင်းမှ နေလို့ရမှာပေါ့ဟဲ့"

"ဘယ်အရွယ်ကျမှ တူးမာတို့ ကိုကိုစိုးတို့ နေချင်သလို နေလို့ရမှာလဲဟင်"

တူးမာ၏ လွယ်လွန်းသော ပုစ္ဆာကို စိုးရော စိမ့်စမ်းအေးပါ မဖြေတတ်နိုင်ကြပါ။

ကိုယ့်ဘဝကို ကိုယ် ဘယ်သောအခါမှ ပိုင်ဆိုင်ခွင့် ရရှိလေမည် ဆိုသည်ကိုလည်း သူတို့ မသိကြ။ စိမ့်စမ်းအေးက ကြို၍ မတွေးတတ်နိုင်။ စိုးကတော့. . .

"ငါတော့လေ. . . စာအပြတ် ကြိုးစားနေတာ ဆယ်တန်း မြန်မြန်အောင်ချင်လို့။ အောင်ရင် အလုပ်တစ်ခုခုလုပ်မယ်"

"နင် တက္ကသိုလ်မတက်ဘူးလား"

"ဘွဲ့တော့ လိုချင်တာပေါ့ မိစိမ့်ရာ။ ဒါပေမယ့်. . . အဖေ့ပိုက်ဆံနဲ့ ငါဘယ်တော့မှ တက္ကသိုလ်မတက်ဘူး"

"နင်က သိပ်စာတော်တာပဲ"

"စာတော်တာ ကူးတတ်ရင် ကောင်းမှာပဲနော် မမ"

"ဘာပြောတယ် တူးမာ. . ."

"ဩော်. . . ဟို. . . မျက်စိနာရင် ကူးတတ်တယ် မဟုတ်လား အဲလို. . . ကိုကိုစိုးဆီက ကူးရင်ကောင်းမှာ။ ခုတော့ တူးမာက သင်္ချာဆို ဘဲဥချည့်ပဲရတယ်"

စိမ့်စမ်းအေးရော စိုးပါ ပြိုင်တူအသံထွက်၍ ရယ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တူးမာက သိပ်စာညှံ့သည်။ ဘယ်လိုသင်ပေး၍မှမရ။ တခြားနေရာမှာ ဖျတ်လတ်ပါလျက် စာနှင့်ပတ်သက်လျှင် လုံးဝသင်မရ၊ စိတ်မဝင်စား။

ယခု သူ့ပြောပုံလေးကြောင့် စောစောဆီက ရင်မှ ပရိဒေဝများကို လေပြေညှင်းက ဖြတ်တိုက် သယ်ယူသွားလိုက်သလို စိုးရော စိမ့်စမ်းအေးပါ ကြည်ကြည်ရွှင်ရွှင်နှင့် ရယ်မောမိလျက်သား။

ဩော်. . .
ကလေးငယ်တို့ ကမ္ဘာတွင်
ဝမ်းနည်းစရာရှိ ချက်ချင်း
ဝမ်းသာစရာရှိတော့လည်း ချက်ချင်း။
ရယ်လွယ်စေ. . .
ငိုလွယ်စေသော. . .
ယိမ်းယိုင်တတ်သည့် ခံစားမှုများနှင့်ပါလား။

◆ ◆ ◆

အခန်း။ ၅ ။

"ဟယ်. . . မိစိမ့်"

လမ်းထိပ် ရေဘုံပိုင်မှ ရေများကို သံပုံးနှစ်လုံးနှင့် ဆွဲ၍ ရေစည်ထဲ ထည့်နေရာမှ စိုးထိုက်က စိမ့်စမ်းအေးကို မြင်သွား၍ အံ့ဩသွားရှာသည်။ သူတို့အိမ်သို့ လာဖူးနေကျ မဟုတ်သော သူငယ်ချင်းကိုကြည့်ပြီး လက်ဆွဲပုံးလေးနှစ်လုံးကို ဘေးချ၍ ပြေးကြိုပါ၏။ ပုဆိုးဟောင်း တိုတိုနှင့် အင်္ကျီမဲ့ ကိုယ်ပေါ်မှာ ချွေးပေါက်များက စီရီစွာ ဥနေသည်။

"နင့် မိထွေး ဒေါ်စိန်ကြည် ထွက်သွားတာ မြင်လိုက်လို့ ငါ နင့်ဆီလာတာ"

"အေး. . . သူ ဘိုင်စကုပ် သွားကြည့်တာတဲ့။ ငါ့ ဘာခိုင်းစရာရှိလို့လဲ မိစိမ့်။ တူးမာ ခေါ်ခိုင်းလိုက်ရောပေါ့ဟာ"

"ခိုင်းစရာ မရှိပါဘူး။ နင်ကရော ဘယ်လိုလုပ်လာမလဲ"

"အေး. . . ဟုတ်သားပဲ။ ငါ့ကို အိမ်စောင့် ထားခိုင်းခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စိုးကို သနားသွားမိသည်နှင့်အတူ ကိုယ့်အဖြစ်ကိုပါ ကိုယ်ဝမ်းနည်းလာမိသည်။ မေမေ အသက်ရှင် ကျန်းမာစဉ်က သမီးလေးနှစ်ယောက်၏ လက်ကို ဆွဲလျက် ရုပ်ရှင်သွားလေ့ရှိကြသည်ကို သတိရလာမိသည်။ စိုးလည်း သူ့မိခင်သာဆိုပါလျှင် ထားရစ်ခဲ့မည်မဟုတ်။ ရေဆွဲခိုင်းလေမည် မဟုတ်ပါ။

"နင် ရေဆက်ဆွဲဦးလေ"

"ရပါတယ်။ သူ မလာခင် ပြည့်ရင် ပြီးတာပဲ။ လာလေ. . အိမ်ပေါ်ကို. . ."

စိုးက ဦးဆောင်တက်သွားပြီး ဘုရားစင်အောက်မှ ပက်လက်ကုလားထိုင်နှစ်လုံးရှေ့ ကြမ်းပြင်တွင် ထိုင်လိုက်သည်။

"ထိုင်လေ. . . မိစိမ့်။ နင့်မျက်နှာလေး ညှိုးလို့ပါလား။ ဘာဖြစ်လို့လဲဟင်"

စိုးက မျက်နှာညှိုးလို့ပါလား ဆိုလေမှ စိမ့်စမ်းအေး၏ မျက်နှာမှာ မဲ့ယောင်ယောင်လေး ဖြစ်လာသည်။

"ဖေဖေပေါ့ဟယ်"

"ဦးလေး ဦးမောင်လှိုင် ဘာဖြစ်လို့လဲ"

"မိန်းမ ယူမလို့တဲ့"

"ဟင်. . . ဘယ်သူနဲ့တဲ့လဲ"

"သူတို့ရုံးက တစ်ခုလပ်မကြီးတဲ့။ သူ့ယောကျ်ားက သူ့ပစ်ပြီး မယားငယ်ယူသွားလို့ သနားလို့တဲ့"

"ကလေး ဘယ်နှယောက် ရှိသတဲ့လဲဟင်"

"တစ်ယောက်မှ မရှိဘူးတဲ့"

"တော်သေးတာပေါ့"



"ဘာတော်သေးတာလဲ"

"ဩော်. . . သူ့မှာ သားသမီးပါလာရင် နင်တို့ ပိုစိတ်ညစ်ရမယ်"

"ခုလည်း ငါစိတ်ညစ်တယ် စိုးရယ်"

"အင်း. . . နင့်ထက် တူးမာက ပိုခက်သေးတယ်"

စိုးထိုက်က သက်ပြင်းချလိုက်သည်။ ရင့်ကျက်သော လူကြီးတစ်ယောက်၏ တည်ငြိမ်ပုံမျိုးနှင့် သူ့မျက်နှာ ညှိုးသွားပါ၏။

"ငါလည်း ခုဆို ချက်တတ်ပြုတ်တတ်နေပါပြီ။ တို့သား အဖသုံးယောက်နေလဲ ဖြစ်ရဲ့သားနဲ့ အဖေက ဘာလို့များ မိန်းမ ယူချင်ရတာလဲ။ မေမေ့နေရာမှာ ရောက်လာမယ့်သူကို ငါ ခုထဲက မုန်းတယ်"

"နင့်အမေ၊ ငါ့အမေသာရှိရင် တို့ဒီလိုနေရမှာမှုတ်ဘူး၊ အဖေ့မေတ္တာနဲ့ အမေ့မေတ္တာဆိုတာ တကယ်ကွာခြားတယ်။ ဒါပေမယ့် မိစိမ့်ရယ်. . . အဖေရှိတော့လည်း တို့မပူမပင် စားရတာပေါ့"

"နင်က ယောကျ်ားလေးဆိုတော့ တော်သေးတယ်။ နင့်ခိုင်းတဲ့ တာဝန်ကျေရင် အပြင်ထွက်လည်လို့ရတယ်။ ငါဆို အရွယ်က ကြာလေ အပြင်သွားလို့မရလေ ဖြစ်လာပြီ စိုးရယ်"

စိမ့်စမ်းအေး ပြောမှ စိုးထိုက် သတိထားလိုက်မိသည်။ ပြည့်ဖြိုးဖွံ့ထွားလာသော ကိုယ်ခန္ဓာနှင့် ပိုလှလာသော မိစိမ့်ပါလား။ ရှစ်တန်းကျောင်းသူမို့ အပျိုဦးလေး ဖြစ်လာပါရောလား

www.burmeseclassic.com

www.burmeseclassic.com



ဟု ယခုမှ စိုးထိုက် သတိရလာတော့သည်။ စိတ်ထဲမှာက သူတို့ ညီအစ်မကို ညီမလေးလို၊ ကလေးလိုသာ ထင်မှတ်နေမိဆဲ။

"အင်း. . . နင့်ထက် တူးမာက ပိုခက်လိမ့်မယ်"

စိုးက ပထမဆုံး ထင်မြင်ချက်ကို ထပ်၍ အလေးအနက်ထား ပြောသည်။

"ဟုတ်တယ်၊ တူးမာက ကြီးလာလေ စာလာလေပဲ၊ အမြဲ ရန်ဖြစ်တယ်။ ငါလည်း အမေမရှိမှ သူ့ကိုပိုပြီး အသာပေးပါတယ်။ သူက အမြဲအနိုင်ယူရမှ"

"အေးဟာ သနားပါတယ်၊ သူဆိုးလေ ငါတော့ ချစ်လေပဲ"

"ငါလည်း သူ့ကို ပိုတောင် သနားမိပါတယ်။ သူက ဘာမှ မသိရှာတော့ ငါ့ကိုလည်း အတော်ချစ်ရှာတယ်"

"ဘာကို ဘာမှမသိတာလဲ"

"ဟင်. . ."

အမှတ်မဲ့ ပြောမိရာက စိုးထိုက်မေးလိုက်လေမှ စိမ့်စမ်းအေး သတိရလာသည်။

"စိုးကို ငါဖွင့်ပြောလိုက်ရကောင်းမလား။ အို. . . အမေက ဘယ်သူ့ကိုမှ မပြောရဘူးလို့ ငါ့ကို ကတိတောင်းသွားရှာတယ်။ မပြောတော့ပါဘူးလေ"

အတွေးလေးများ မဆုံးခင်. . .

"တူးမာက ဘာကို မသိတာလဲ"

"ဩော်. . . အရာရာကိုပါ၊ မရှိမှန်းမသိ ရှိမှန်းမသိ ပူဆာတိုင်း ငါအလိုလိုက်ရတာကို ပြောတာပါ"



ကင်းရှင်းသော သံသယမျက်နှာနှင့် စိုးထိုက်က စိမ့်စမ်းအေးကို ကြည့်နေပါ၏။

"သူတို့ မိထွေးနဲ့နေရတော့မှာပါလား"

ဟူသော အသိက သူ့ရင်မှာ နင့်တက်လာသည်။ စိုးထိုက်က အရွယ်နှင့်မလိုက်အောင် ဘဝဒဏ်ကို ခံခဲ့ရပြီးသူမို့ ခံနိုင်ရည်ရှိလေပြီ။ အလိုက်သိတတ်ပြီး အရာရာ နိုင်းစေတိုင်း၊ မညည်းမညူ လုပ်ပေးနိုင်သူမို့ တော်သေးသည်။ ဆယ်တန်းအောင်ပြီးလျှင်လည်း ဤအိမ်မှ ထွက်ခွာမည်ဟူသော ရည်ရွယ်ချက်ကလည်း ရှိနေသူမို့ လက်ရှိဒုက္ခဒဏ်ကို မျှော်လင့်ချက်ဟူသော အရာဖြင့် သက်သာရာရနေစေသူပါ။

"ဦးလေးက ဘယ်တုန်းကပြောတာလဲ။ ဘယ်တော့ယူမှာတဲ့လဲ"

စိမ့်စမ်းအေးက မဖြေ၊ ခေါင်းငုံ့နေသဖြင့် စိုးထိုက်ကြည့်လိုက်တော့မှ. . .

"ဟင်. . . နင်ငိုနေတယ်"

မျက်ရည်များကို လက်ခုံနှင့် သုတ်ပစ်လိုက်ပြီးမှ. . .

"ညကမှပြောတာ. . . ဒီလထဲယူမှာတဲ့"

"ဒါဆို ဘယ်ကြာတော့မှာလဲ၊ ခုပဲ နှစ်ဆယ့်တစ်ရက်ရှိနေပြီ"

"အဲ. . . အဲ. . . ဒါကြောင့်ပေါ့"

စိမ့်စမ်းအေးက အငိုဆက်လာတော့ ရှိုက်သံလေးများ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မေမေ ဒေါ်ခင်တင့် သေစဉ်က သူပါရောငိုသည်။ ဝိုင်းငိုမိသည်။ မိစိမ့်တို့ ညီအစ်မကို သနားတာချည်း မဟုတ်။ ချစ်သော ဒေါ်လေးကို လွမ်းဆွတ်နှမြောစိတ်လည်း ရောနှောခဲ့ပါသည်။

ဟိုယခင် ငိုရစဉ်က သည်မျှ ရင်နာမိသည်မထင်။ ယခု ကိုယ်တိုင် မငိုရပါဘဲနှင့် စိမ့်စမ်းအေး ငိုနေသည်ကို ကြည့်ပြီး ရင်မှာ နာကျင်စွာ လှိုက်ဆို့လာသည်။

"မိစိမ့်"

"အင်. . ."

"အားမငယ်ပါနဲ့ဟာ. . .၊ နှစ်နှစ်ပဲ ကျန်တော့တာပဲ။ ငါ ဆယ်တန်းအောင်ပြီးရင် အလုပ်လုပ်တော့မှာ"

"ငါတို့မှာ နင့်ပဲ အားကိုးစရာရှိတာ။ နင် အသိပါ စိုးရယ်"

"အေးပါ။ ဒီအိမ်မှာလည်း ငါထွက်သွားရင် ပိုတောင် ကြိုက်ကြဦးမှာပါ။ ငါ နင်တို့ ညီအစ်မအတွက် အလုပ်လုပ်ပေးမယ်။ အလုပ်လုပ်ကျွေးမယ်။ မိစိမ့် မငိုစမ်းနဲ့ဟာ။ ငါ စိတ် မကောင်းဘူး"

"အေး. . . နင် အလုပ်ရရင် တို့ အတူတူနေရအောင်"

စိမ့်စမ်းအေးက အားတက်စွာ ပြောရှာသည်။ အသက်ပင် နှစ်ဆယ်မပြည့်ခင် ဆယ်တန်းအောင်ရုံနှင့် သုံးယောက်စာ ဖူလုံအောင် ရုတ်တရက် သူ. . . မဖန်တီးနိုင်သေးကြောင်း အတွေး ခေါင်ကောင်းသော စိုးထိုက် နားလည်ပါသော်လည်း နှစ်သိမ့် စကားများဖြင့်သာ။



"နေကြမယ်လေ။ တို့မောင်နှမသုံးယောက် တူတူ နေကြမယ်။ ဟုတ်လား"

"တို့က မွေးတည်းက တူတူနေလာကြတာ။ မောင်နှမ အရင်းဆို လူတိုင်း ယုံကြမှာပါနော်"

"အေးပေါ့"

"ငါတော့ အဲဒီမိန်းမကြီး အိမ်ပေါ်ရောက်တာနဲ့ ဆင်းပြေး ချင်တယ် စိုးရယ်၊ တူးမာဆို ငိုလိုက်တာ"

"ငါကလည်း ငါ့ညီမလေးနှစ်ယောက်ကို လုံးဝ တာဝန်ယူ နိုင်တဲ့အချိန်မျိုး ရောက်ချင်လှပါပြီ. . . ဒါပေမဲ့ အချိန်တွေက များနေသေးတယ် မိစိမ့်ရယ်. . .။ တို့များ ဆယ်တန်းအောင်ပြီး တဲ့အထိတော့ ဒီလိုပဲ နေရဦးမှာပဲ။ ငါကတော့ ခံနိုင်ရည်ရှိနေ ပါပြီ။ နင်တို့ညီအစ်မအတွက်သာ. . ."

စိုးထိုက် စကားမဆက်ရဲတော့။ သူ့စကားကြောင့် မိစိမ့် လေး ပို၍ငိုလေပြီ။

ဤညီမလေးနှစ်ယောက်အတွက် အတတ်နိုင်ဆုံး ဆိုသည်ထက် လွန်ကဲပြီး စွမ်းဆောင်ကူညီပေးလိုက်ချင်ပါသော် လည်း တကယ်တော့ ဘာမှ မတတ်နိုင်သေးပါလား ဟူသော အသိစိတ်ကြောင့် စိုးထိုက်၏ရင်မှာ မချိတင်ကဲ ဖြစ်လာမိသည်။

ဤညီမလေးနှစ်ယောက်၏ တာဝန်ကို သူ ဖြစ်သည့် နည်းနှင့် ယူမည်ဟုလည်း မဖြစ်နိုင်သည့် အခြေအနေမှနေပြီး ထိုးနှက်ခံနေမိပါ၏။

"ငါတို့ အမေတွေသာ ကျန်မယ်ဆိုရင် စားဝတ်နေရေး

www.burmeseclassic.com



သာ ကျပ်တည်းချင် ကျပ်တည်းမယ်။ တို့တွေ ခုလို စိတ်ဆင်းရဲရမှာ မဟုတ်ဘူးနော် စိုး. . .”

“ဟုတ်တယ်. . . မိစိမ့်၊ ဟုတ်တယ်။ ဖခင် ဘယ်လိုပဲ ကောင်းတယ်ဆိုပေမယ့် ဝမ်းနဲ့လွယ်မွေးရတဲ့ မိခင်မေတ္တာတော့ မမီပါဘူး”

“ငါ ဘာလုပ်ရမလဲ စိုးရယ်. . .။ ထွက်သာ ပြေးချင်တော့တာပဲ။ တူးမာလေးကိုလည်း သနားတယ်”

“ဘာလုပ်လို့မှ မရနိုင်သေးတဲ့ အခြေနေမှာ တို့တွေ ဒီလိုပဲ နေရမှာပေါ့ မိစိမ့်။ သိပ်လည်း အားမငယ်ပါနဲ့ဟာ။ ငါလည်း နင်တို့နားမှာ ရှိနေတာပဲ”

“တို့တွေ မောင်နှမအရင်း ဖြစ်ကြရင် ကောင်းမှာပဲနော်”

“ခုလည်း ဘာထူးလဲ၊ နင်တို့ညီအစ်မကို ငါ့ညီမ အရင်းလေးတွေလိုပဲ သဘောထားတာပဲ။ နင်ကရော”

“အစ်ကိုအရင်းထက်တောင် နင့်ကို ငါပိုအားကိုးပါတယ် စိုးရယ်”

“ညီမလေး မိစိမ့်ရယ်”

“တို့သုံးယောက်အတူတူ နေနိုင်ရအောင် နင် ကြိုးစားနော်. . . ဟယ်”

“အေးပါ မိစိမ့်ရယ်”

စိုးထိုက်က တင်းကျပ်သောရင်ဖြင့် နှစ်သိမ့်ရပါ၏။

တို့သုံးယောက်သာ အတူတူနေဖြစ်ရင် အားလုံး အဆင်ပြေမှာပဲ။ ပျော်ကြမှာပဲ ဟူသော အားတက်မျှော်လင့်ခြင်းကြီးစွာဖြင့်သာ စိမ့်စမ်းအေး တွေးနေမိသည်။



အမှန်တော့. . .

ဤသုံးယောက်လုံးသည် တစ်ယောက်နှင့်တစ်ဦး သွေးမတော် သားမစပ်သော သူစိမ်းပြင်ပြင်တွေချည့်ပါလား. . . ဟူသော အသိနှင့်။

အတူနေ၍. . . ကြီးလေ မသင့်လျော်လေ ဖြစ်လာမည်ဆိုသည်ကိုလည်း မတွေးမိသော. . .

စိမ့်စမ်းအေးသည် အားကိုးတကြီးနှင့် လာရောက်ပြောဆိုငိုမိရာမှ အပြန်လမ်းတွင်. . .

“တို့ညီအစ်မမှာ အားကိုးစရာ စိုးတစ်ယောက်လုံး ရှိသေးသားပဲ”

“စိုးတစ်ယောက်လုံး ရှိသေးတာပဲ”

ဟူသော အားတက် မျှော်လင့်ချက် များစွာဖြင့်သာ. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၆ ။

ပြင်းပြစွာ ပူလောင်သော နွေ၏နေသည် မုတ်သုံမိုးစက်ကလေးများကို မထွင်းဖောက်နိုင်သည်သို့ပင်။

နှင်းပွင့်ငွေ့လေးများကိုလည်း မုတ်သုံလေသည် မချေနိုင် မဖျက်နိုင် ရှောင်ဖယ်နေရာပေးရရှာပါ၏. . .

နွေမှသည်. . .

မိုး. . .

မိုးမှသည်. . .

ဆောင်း. . .

အဖြစ်နှင့် သုံးရာသီ နှစ်တစ်ပတ်လည်ပြီးလေပြီ။

◆ ◆ ◆



"စိမ့်စမ်းအေး. . . အစိုး အိမ်သွားစမ်း. . . လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ ကော်ဖီတစ်ခွက် ဝယ်ပေးပါပြော၊ နင့်အန်တီ ဆေးသောက်ပြီး သောက်ရအောင်. . ."

စိမ့်စမ်းအေးက ပန်းကန်စင်မှ ဒန်ချိုင့်လေးကို သွားယူနေစဉ် တူးမာက ဖခင်နှင့် မိထွေးတို့ကို မျက်စောင်းထိုး ကြည့်နေသည်။ ပုံပြင်ထဲကလို တူးမာသည်သာ၊ နဂါးမလေး ဖြစ်ပါလျှင် ဦးမောင်လှိုင်'ရော 'ဒေါ်တင်ထားနု'ပါ ပြာမှုန်ဖြစ်၍ လွင့်စင်သွားပေတော့မည်။

"မမ သွားရဲရဲ့လား။ အို. . . ပေး၊ တူးမာပဲ သွားပါ့မယ်"

"မဟုတ်တာ၊ ညီမလေးလည်း ဖျားနေတဲ့ဥစ္စာ"

"တူးမာနေစမ်း. . . နင် ဖျားလို့ ဒီမှာကူးပြီ။ တော်ကြာ တစ်အိမ်လုံး ဖျားကုန်မယ်"

စောင်ကို လှပ်ခွာ၍ ပက်လက်အနေအထားမှ ကြုံးထလိုက်သော တူးမာကို စိမ့်စမ်းအေးက ပြန်ဖက်သိပ်လိုက်ရသည်။ ဖေဖေ၏စကားက မခံချင်စရာဖြစ်သော်လည်း ဘာပဲဖြစ်ဖြစ် ငုံ့ခံရမည်သာ။

တူးမာ မိုးမိ၍ ဖျားလာသည်။ တုပ်ကွေးရာသီမို့ တူးမာ ဖျားပြီး မိထွေးတော် ဆက်ဖျားသည်။ သူ့ရုံးက ကူးလာသည်လား။ ဘတ်(စ)ကားစီးရင်း ကူးလာသည်လား ဖြစ်နိုင်စရာများ ရှိသော်လည်း တူးမာဆီက ကူးတာဟု စွပ်စွဲ၍ ဖေဖေက သူ့ဇနီးသစ်ကလေးကို ယုယမဆုံး. . .။

"နင်ရော ကော်ဖီသောက်မလားဟင်"

တူးမာက ခေါင်းခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောနဲ့နော် ညီမလေး. . . စိုးပါ ခေါ်လာခဲ့မယ် သိလား"

နားနားသို့ကပ်၍ နှစ်သိမ့်ခဲ့ပြီး စိမ့်စမ်းအေး ထွက်လာတော့ အပြင်မှာ မှောင်စပျိုးနေပြီ။

စနစ်တကျ တည်ထားသော ရပ်ကွက်မဟုတ်ပါ၍ အိမ်ကြား ဖြတ်လမ်းမှ စိုးရှိရာသို့ လာခဲ့သော ခြေလှမ်းက သွက်နေသည်။ စိုးကို ဝယ်ခိုင်းနှင့်ပြီး သူ့အိမ်သို့ ပြန်မည်။ တူးမာနှင့် ပြဿနာတက်နေကြမလားဟု စိတ်ကမဖြောင့်၊ စိုးနှင့် အမြန် ဆုံဆည်းချင်လှပြီ။

"စိုးရေ. . ."

"ဟဲ့. . . စိမ့်စမ်းအေးပါလား။ အစိုး မြို့ထဲက ပြန်မလာသေးဘူး"

"ဟင်. . ."

ဒေါ်စိန်ကြည် စကားကြောင့် မျှော်လင့်ချက်ကြီးတစ်ခု ပြိုပျက်သွားရသည်သို့ပင် ရင်မှာ ဟာသွားသည်။ လမ်းပျောက်သွားသူတစ်ယောက်လို ဘာဆက်လုပ်ရမှန်းပင် မသိတော့။

"လာလေ. . . အိမ်ပေါ်တက်ဦး"

"မတက်တော့ပါဘူး ဒေါ်လေး"

"အေး. . . အေး. . . ဒါဖြင့်လည်း သူပြန်လာရင် လွှတ်လိုက်မယ်"

စိုးတို့အိမ်ရှေ့မှ လှည့်ထွက်လာပြီး အိမ်အပြန်လမ်းထိပ်တွင် ခြေစုံရပ်နေမိသည်။

ကော်ဖီမပါဘဲ အိမ်ပြန်၍ မသွားရဲ။



လက်ဖက်ရည်ဆိုင်သို့လည်း တစ်ခါမှ မသွားဘူး၊ မဝယ်ဘူး၍ မသွားရဲ၊ မဝယ်ရဲ။

"ဖေဖေကတော့ ငါ့ကို ချစ်ရှာပါတယ်၊ ခိုင်းရက်မှာ မဟုတ်ဘူး။ ဒါပေမယ့် ကော်ဖီမပါရင် မိထွေးက ငါ့ကို ကြည်မှာ မဟုတ်ဘူး။ သူမကြည်ရင် တူးမာနဲ့ ရန်ဖြစ်ကြဦးမယ်။ ငါ့ဟာငါပဲ သွားဝယ်ပါတော့မယ်လေ"

စိုး အိမ်တင်မို့ ဘလောက်(စ)အဟောင်း၊ လုံချည်အနွမ်းလေးနှင့် ထွက်လာခဲ့သည်။ အဲဒါကိုလည်း ရှက်နေမိသည်။ တူးမာသာဆိုလျှင် ဘာပဲဝတ်ထားထား ဘယ်နေရာပဲ သွားရသွားရ၊ ဖျိုးဖျတ် ဇိုးဇတ်နှင့် လုပ်ရဲ ကိုင်ရဲ၊ ပြောရဲ ဆိုရဲ၊ သွားရဲ၊ လာရဲ။

အရာတိုင်းကို ရှက်တတ်၊ ကြောက်တတ်၊ အားငယ်တတ်သော စိမ့်စမ်းအေးမှာ လမ်းထိပ်လက်ဖက်ရည်ဆိုင်လေးရှိရာသို့ အားယူအားတင်းပြီး လှမ်းခဲ့ရသည်။

"အို. . . လူတွေနဲ့"

"ဆိုင်ပြည့် မဟုတ်သေး။ ခုံတစ်ဝက်စာလောက် ယောက်ျားများ ထိုင်နေသည်ကို မြင်ရုံနှင့် လန့်သွားမိသည်။

"ငါ့သမီးကြီးက လူကြောက်တယ်"

ဆိုသော မေမေ၏ စကားသံကို ကြားယောင်လာမိသည်။ မ်းရေလို ထာဝရ အေးစိမ့်စွာ နေတတ်သောသူမို့ 'စိမ့်စမ်းအေး' ဟု အမည်ပေးရပါကြောင်းမှာ မေမေ၏ ပြောနေကျစကား။

"ငါ ဘာလုပ်ရမှာလဲ"

ကော်ဖီတစ်ခွက် ပြဿနာကိုပင် မျက်ရည်လေးများ

www.burmeseclassic.com

www.burmeseclassic.com



ဝဲတက်လာမိအောင် ခံစားရသော မိန်းကလေး။

"ဟဲ့. . . မိစိမ့်ပါလား ကြည့်စမ်း. . . နင်ဘာရပ်လုပ်နေတာ. . ."

"ဟာ. . . စိုး. . . အမလေးစိုးရယ်"

အင်အားဆိုသော အရာသည် ရင်တွင်းသို့ ချက်ချင်းလိုပင် ပြည့်လျှံစွာ ပြေးဝင်လာသည်။

"မှောင်ထဲမှာရပ်နေတာ မိစိမ့်နဲ့တူလိုက်တာဆိုပြီး ငါ ဘတ်(စ)ကားပေါ်က ဆင်းတည်းက သတိထား ကြည့်မိပေလို့ သာပေါ့။ နေပါဦး၊ ဒီအချိန် ဒီနေရာမှာ နင်ဘာလာလုပ် နေတာလဲ"

အစ်ကိုကြီးတစ်ယောက်မှသည် နှမငယ်သို့ မကျေနပ်သံ နှင့် ပူပန်စွာဆူပူခြင်းမျိုး။

"ငါ. . . ငါ ကော်ဖီဝယ်လာတာ ဆိုင်ထဲ မဝင်ရဲလို့"

အသံလေးက တိမ်နေသည်။

ကမ္ဘာအေး စေတီလမ်းပေါ်မှ ဖြတ်သန်းသွားသော ကားမီးအလင်းတန်းဖြင့် စိမ့်စမ်းအေး၏ မျက်ရည်ဝေ့ဝေ့များကို မျက်ဝန်းလှလှလေးအတွင်းမှာ မြင်လိုက်ရပါ၏။

"ကဲ. . . ကဲ. . . ပြန်နှင့်၊ ငါ ဝယ်ခဲ့မယ်"

ငွေတစ်ကျပ်နှင့် ချိုင့်ကို လှမ်းယူရင်း ပြောသည်။ စိမ့်စမ်း အေးက လှည့်ပြန်တော့လည်း. . .

"မိစိမ့် နေဦး၊ မှောင်နေပြီ။ နင်တစ်ယောက်တည်း မပြန်နဲ့တော့။ အဲဒီမှာပဲရပ်နေ ငါသွားဝယ်ပြီးမှ အတူတူပြန်ကြ မယ်"



"အေး. . . အေး. . ."

အရာရာကို ဖန်တီးနိုင်စွမ်းရှိသော စိုးသည် ကော်ဖီ တစ်ခွက်ကို အမြန်ဆုံးနှုန်းနှင့် ဖျော်ခိုင်းပြီး အပြေးဟန်နှင့် ပြန် ရောက်လာသည်။

"လာ. . . မိစိမ့်"

အမှောင်လမ်းမို့ စိမ့်စမ်းအေး၏လက်ကို တွဲဝင်လာခဲ့ သော စိုးက. . .

"ဘယ်လိုဖြစ်ရတာလဲ မိစိမ့်ရယ်၊ တူးမာအတွက်လား။ ဦးလေး လာဝယ်ဖို့ ကောင်းတာပေါ့။

တူးမာဖျားနေသည်ကို စိုးသိသည်။ ဒေါ်တင်ထားနှ ကြောင့်ပါဟု. . . အိမ်မှ မထွက်မီ ဖြစ်လာခဲ့ရသော ဇာတ်လမ်း ငုံကို ပြောပြမိသည်။

"အင်း. . . ခက်တာပဲ"

စိုးက သက်ပြင်းချရင်း တကယ့်လူကြီးတစ်ယောက်၏ လေသံနှင့် ပြောလိုက်ပါ၏၊ သည့်နောက်တွင်ဖြင့် သူတို့ နှစ်ယောက်လုံး စကားမပြောဖြစ်ကြတော့ပါဘဲနှင့် သူတို့၏ စိန်မေတ္တာရပ်ကွက်တွင်းမှ ဝါးထရံကာ အိမ်ငယ်လေးအတွင်းသို့ ပြန်ရောက်ခဲ့ကြသည်။

ဒုက္ခကြီးတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသလို ခံစားခဲ့ရသည့် အဖြစ်ကို ဘာမှ ပြန်ပြောမနေမိတော့ပါ။ တူးမာရော ဖေဖေ တို့ပါ။ စိုးနှင့် တူတူဝယ်၊ တူတူပြန်လာကြသည်ဟု ထင်ကြသည်။

အိမ်မှာတော့ ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးချမ်းချမ်းပါပင်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် ဒေါ်တင်ထားနုက အတွင်းခန်းမှာ၊ စိုးတို့သုံးယောက်က အိမ်ရှေ့မှာပင်။ စိုးက တူးမာ၏နဖူးကို စမ်းသည်။ သောက်ရသော ဆေးနှင့် ကျွေးသော အစာများကို မေးရှာသည်။ ပြီးတော့မှ . . .

"နင် . . . ဖီဗစ်(က်စ်)ကိုင်ပြီလား"

စိမ့်စမ်းအေးက ခေါင်းခါပြသည်။

"တို့ အနည်းဆုံး နှစ်ခေါက်လောက် ပြန်ကျက်နိုင် တွက်နိုင်မှနော်။ နင် မပေါ့နဲ့ မိစိမ့်။ တို့လို ကျူရှင်မယူနိုင်တဲ့သူအဖို့ ဆယ်တန်းနှစ်ချင်းပေါက်အောင်အောင် အသေအလဲ ကြိုးစားမှ စာမေးပွဲက နီးနေပြီ"

စိမ့်စမ်းအေးမှာ စိုး နားသို့ တိုးထိုင်လိုက်ပြီး နားနားကပ်၍ . . .

"မီးလင်းရင် မအိပ်တတ်ဘူးတဲ့။ ညဘက် ညဉ့်နက်အောင် စာကျက်လို့မရဘူး"

"နေ့ခင်းရော"

"ကျောင်းက တဘက်၊ ချက်ရပြုတ်ရတာလည်း ငါ တစ်ယောက်တည်း၊ ငါတော့ ကျကျန်ရစ်ခဲ့မှာပါ စိုးရယ်။ နင်သာ အောင်သွားမှာပါ"

"ဟင်း . . ."

စိုးထံမှ သက်ပြင်းချသံကိုသာ ထပ်မံကြားရသည်။ သူ ဘာမှ မပြောနိုင်ရှာ။ တူးမာက . . .

"မမ ဘာလို့ ကျရမှာလဲ၊ မမက သိပ် စာတော်တာပဲ အိမ်အလုပ်တွေ တူးမာပဲ လုပ်ပါ့မယ်။ ဟိုမိန်းမကြီး အလုပ်တွေ



မလုပ်နိုင်ဘူးနော်။ ရှင်းရှင်းပဲ"

"ဟဲ့ . . . ရှူး"

စိမ့်စမ်းအေးက ထိန်းလိုက်ရပါ၏။ ဒေါ်တင်ထားနုနှင့် တူးမာတို့ စကားမပြောကြ။ ခိုင်းကောင်းသော စိမ့်စမ်းအေးကိုဖြင့် တစ်ခါတစ်ရံ သမီးဟုပင် ခေါ်ပြီး သူ ရုံးယူသွားမည့် ထမင်းဗူးကို ထည့်ခိုင်း၊ ဆေးခိုင်းသည်။

ဒေါ်တင်ထားနုက အိမ်အလုပ်ကို လက်ဖျားနှင့်မှမတို့၊ သူနှင့် သူ့ယောက်ျားအဝတ်ကိုလျှော်သည်၊ မီးပူတိုက်သည်။ သိမ်းသည်။ ဒီထက်ပို၍ သူ ဘာမှမလုပ်။

သူ့လခထဲမှ ဖေဖေ့ကို ငွေတစ်ရာပေးပါ၏။ သည်အတွက် သူ မကျေနပ်နိုင်သည့် လက္ခဏာပြသည်။ နုတို့က တိုယ့်ထမင်း ကိုယ်ရှာစားနေရတာပါဟု ခင်ပွန်းကို ခနဲ့သည်။

စီမံခန့်ခွဲသူက ဖေဖေ၊ မေမေ့လက်ထက်က မလုပ်ဘူးသော အလုပ်များ၊ ဖေဖေလုပ်ရလေပြီ။ ညနေဈေး ကိုယ်တိုင်သွားသည်။ ချက်ရသူက စိမ့်စမ်းအေး၊ ညစာ ဟင်းချက်ထားပြီး မနက် ငါးနာရီထ၍ ထမင်းချက်၊ ဟင်းနွှေး၍ စိမ့်စမ်းအေးတို့ မနက် ကျောင်းတက်ကြရသည်။ ပြီးတော့ သူတို့ ဇနီးမောင်နှံ ရုံးသွားကြသည်။

၁၂ နာရီခွဲ ကျောင်းကပြန်လာပြီး ခဏ စာကျက်ခွင့်ရသည်။ ဖေဖေတို့ ရုံးက ပြန်မလာမီ ထမင်းချက်၊ ငရုတ်သီးထောင်းနှင့် ထားရပါ၏၊ ဝယ်လာသော ဟင်းလျာကို အမြန်ချက်ပြီး သူတို့နှစ်ယောက် စားပြီးမှ တူးမာတို့ ညီအစ်မနှစ်ယောက် စားကြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သီးခြား ခွဲခိုင်းထား၍တော့မဟုတ်။ သူတို့ကလည်း ကိုယ်နှင့် မစားချင်၊ သည်ညီအစ်မကလည်း သူတို့နှင့် မစားချင်၍ပါ။

ဩော်. . . မေမေ ရှိစဉ်ကလို 'မိသားစုဝိုင်း' ဆိုသည့် ကြည်နူးစရာလေးများကို အသက်နှင့်အမျှ မရနိုင်တော့ပါလား ဟူသော အသိဖြင့် စိမ့်စမ်းအေး မျက်ရည်ကျရသည်က အခါ မရေနိုင်တော့ပါ။

"ညီမလေး. . . နင်လည်း စာကျက်ဦးနော်။ ငါးတန်းကို ဒီနှစ် ထပ်ကျရင် မကောင်းတော့ဘူး။ လူက ထွားလှပြီ"

"ကိုကိုစိုးတို့ကမှ ပြမပေးတာ"

"မသိတာမေးလို့ ပြောသားပဲ"

"တူးမာ မသိတာက အားလုံးပဲလေ"

"ဟုတ်တယ်စိုး. . . တစ်လုံးမှ မ. . . မကျက်တာ။ ဘာသိမှာလဲ။ တူးမာအတွက် တကယ်စိတ်ညစ်တယ်"

"ညစ်မနေကြနဲ့။ ပညာနဲ့ မဖြစ်ထွန်းဘူးလို့ အစောကြီး တည်းက ပြောထားသားပဲ"

တူးမာကို စာနှင့်ပတ်သက်လျှင် ဘယ်သောအခါမှ ပြော၍မရ၊ တခြားကိစ္စဆိုလျှင်ဖြင့် နားခံသော ညီမလေး တစ်ယောက်ပါ။

တူးမာမှာ ငယ်ငယ်က ဆိုးသလောက် ကြီးလေ သိတတ်လာလေ၊ အစ်မအပေါ် ငဲ့ညှာလေ ဖြစ်နေရှာပြီ။

"ကဲ. . . ငါပြန်မယ်လေ။ ဘာခိုင်းစရာရှိသေးလဲ"

"ဩော်. . . နင် ထမင်းစားပြီးပြီလား စိုး"



"ဟင်အင်း"

"စားသွားလေ"

"နေပစေဟာ"

ငြင်းသာငြင်းသည်။ လေသံက မတင်း. . .

"ထမင်းတွေ ရှိတယ်၊ ငါလည်း မစားရသေးဘူး. . . လာပါ။ တို့ တူတူ စားရအောင်"

စိုးက အခန်းတွင်းသို့ မေးငေါ့ပြသည်။ နင့်မိထွေးနဲ့ အဖြစ်က ဖြစ်ပါ့မလား ဟူသော သဘော. . .

"ရပါတယ်"

"ဒါဆို စားမယ်ဟာ၊ အိမ်မှာလည်း ငါ နောက်ကျမှ စားရင် သိပ်ကြည်တာ မဟုတ်ဘူး"

"နင်က ဘယ်သွားနေလို့လဲ"

"ဘောလုံးပွဲ"

စိမ့်စမ်းအေးက ဘေးအဖီမှ မီးဖိုချောင်တွင်းသို့ ဝင်လိုက်သည်။ ထရံတွင် ထောင်ထားသော စားပွဲဝိုင်းကို အရင်ချလိုက်ပြီးမှ ထမင်းဟင်း ပန်းကန်များကို ချသည်။

ဟင်းက ချဉ်ပေါင်နှင့် မြစ်ချဉ်ရေ၊ ဘော့ချိပ်ပုစွန်ကြော်က နည်းနည်းလေး။ တစ်ယောက်စာပင် မလောက်ငှလှ။

"စား. . . စိုး။ ထမင်းတွေ အများကြီးပဲ။ တူးမာရော အန်တီနုပါ မစားကြတော့ ပိုနေတာ. . ."

စိမ့်စမ်းအေးက ပြောပြောဆိုဆိုနှင့် ပုစွန်ကျော် ပန်းကန်လေးကို စိုး ထမင်းပွဲထဲ လောင်းထည့်ပြီး ထမင်းတစ်ဆုပ်နှင့် အဆီအနှစ်များကို လူးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်လည်း စားဦးလေ"

"ဟေအေး. . ."

"ရှေ့ပါ တစ်ဝက်စီပေါ့"

"ငါ ပုစွန် မကြိုက်လို့ပါ။ ချဉ်ပေါင်ဟင်းနဲ့ ငရုတ်သီးမှုန့် နယ်စားမယ်"

စိုးက တကယ်မှတ်၍ မြိန်ရည်ယှက်ရည် စားနေသည်ကို စိမ့်စမ်းအေးသည် ကြည်နူးမဆုံးနိုင်။ အမှန်တော့ ပုစွန်ဆီပြန်ဟင်းလေးကို စားချင်ပါသည်။ ကြိုက်ပါသည်။ ကိုယ် စားရသည်ထက် ချစ်သူငယ်ချင်းကို စားစေချင်သော စေတနာက ပိုမို လွှမ်းကဲ၍ပါ။

"မိစိမ့်"

"ဟင်. . ."

"နောက်ကို ဦးလေးက ခိုင်းခဲ့ရင်တောင် ဒီလို အချိန် တစ်ယောက်တည်း ဘယ်တော့မှ လမ်းမထွက်နဲ့နော်"

"အေးပါ။ ငါ လမ်းကြောက်တာ နင် အသိဆုံးပါ"

"နင်က လမ်းလည်း မသွားချင်ဘူး။ လူရှုပ်တဲ့နေရာလည်း မကြိုက်ဘူး။ အိမ်ထဲမှာပဲ အေးအေးလေး နေချင်တာ ငါ အသိဆုံးပါ။ ဒါပေမယ့်. . . ခုလို ကြုံလာရင်လည်း ဦးလေး စိတ်ဆိုးရင် ဆိုးပစေ၊ မထွက်နဲ့နော်"

"အေး. . . အေး. . ."

"နင်ကလေ. . . ကြီးလေ သိပ်လှလာလေပဲ။ အသား အရည်ဆို စိုဝင်းနေတာပဲ။ ကျောင်းက ကောင်တွေ နင့် လိုက်နေ



ကြတာ ငါသိတာပေါ့။ ရပ်ကွက်ထဲက ကောင်တွေကလည်း ဒီလိုပဲ။ နင့်ကိုထိရင်တော့ ငါက ခံမှာမှုတ်ဘူး။ ထိုးပစ်မှာ"

"နင်ကလည်းဟယ်. . . ရန်လိုလိုက်တာ"

"နင်နဲ့ ပတ်သက်ရင် ငါ ဘယ်သူ့မှ အလျှော့မပေးနိုင်ဘူး၊ ဒီနေ့ကိစ္စကို ဦးလေးတောင် စိတ်ဆိုးမိတယ်"

"ဖေဖေက ငါ့ခိုင်းတာ မှုတ်ပါဘူး။ နင်မရှိလို့ပါဆို"

"နောက် ဒါမျိုးဖြစ်မှာ စိုးရိမ်လို့ပါ"

စိုးက ထမင်းများကို အားပါးတရ စားရင်းက ဆက်ပြောပြန်ပါ၏။

"နင်ကလည်း ဘာလို့များ ဒီလောက် လှလာရတာလဲ။ နင်လှတာ ငါ စိတ်ညစ်တယ်။ သူများတွေကြည့်တာ ငါက မခံနိုင်ဘူး"

"နင်ကလည်း. . . လွန်တာပေါ့ဟ"

"အေး. . . ငါလည်း သိတယ်။ နှမတွေကို စ,ရင် ရန်ဖြစ်ကြတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ငါ့မှာ နင်တို့ညီအစ်မကို ငါ့ညီမအရင်းလေးတွေလိုချစ်တာ နင်သိတဲ့အတိုင်းပါ"

"အေးပါ။ တို့မှာလည်း နင်ကလွဲရင် ဘယ်သူ့ ချစ်စရာ ရှိလဲ။ ဘယ်သူ့ အားကိုးစရာရှိလဲ"

"သိပါတယ် မိစိမ့်ရယ်. . . ၊ ဒေါ်လေး ဆုံးပြီးထဲက ငါ သန္နိဋ္ဌာန်ချထားတာပါ။ တော်တော်နဲ့ မိန်းမ မယူသေးဘူး။ နင်တို့ ညီအစ်မကို စောင့်ရှောက်ဦးမယ်။ လုပ်ကျွေးဦးမယ်လို့"

စိမ့်စမ်းလို အေးပါသည်ဆိုသော စိမ့်စမ်းအေး၏ ရင်မှာ မအေးခဲ့ရသည်မှာ ကြာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယခု စိုး၏ စကားများသည် စမ်းရေစီးသံကို ကြားရသည်သို့ပါ။

ဤစမ်းရေသည် စိမ့်စမ်းအေး၏ အသည်းနှလုံးရှိရာ ရင်ပြင်ဆီသို့ ညင်သာအေးမြစွာ စိမ့်ဖြာစီးဝင်လာခဲ့ပါပြီ။

မွေးသမိခင်က အတူနေပြီး ချစ်ခဲ့ရသော သန့်စင်ဖြူလွင်သည့် မောင်နှမချစ်လို မေတ္တာမျိုးဆိုသည်မှာ ရင်ကို အေးမြနိုင်စေသည် ပါလားကွယ်. . .

◆ ◆ ◆

အခန်း ॥ ၇ ॥

မေမေ ဆုံးပြီးမှ သည့်လောက်ပျော်ရွှင်စရာ ကိစ္စကို တစ်ခါမှ မကြုံခဲ့ဖူးသေး။

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

တူးမာတစ်ယောက် ခြောက်တန်းအောင်သွားပြီဆို၍ပါ။

စိမ့်စမ်းအေးအတွက်က ပထမလား၊ ဒုတိယလား၊ အနည်းဆုံး အဆင့်ငါးဖြင့် အောင်မြင်ခဲ့သည်ချည့်မို့ စာမေးပွဲအောင်သည် ဆိုခြင်းမှာ ဆန်းသောကိစ္စမဟုတ်ပါ။ ခြောက်တန်းကိုလည်း မနှစ်က ကျထားပြီးမို့ ဒီနှစ် ဆက်များကျမလားဟု စိတ်ထိတ်ထိတ် ရှိနေရာမှ အောင်စာရင်းထွက်လာတော့ ပါသည်ဆိုသဖြင့် ဝမ်းသာမဆုံးနိုင်တော့။

"ဝမ်းသာလိုက်တာ တူးမာရယ်. . .၊ ခုနစ်တန်း တက်ရတော့မယ်။ တစ်နှစ်တည်း အောင်အောင် ကြိုးစားနော်၊ သူကောင်းကြီးက ထွားလှပြီ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့၊ မမတို့လို ပညာနဲ့ ဖြစ်ထွန်းမယ့်သူ မဟုတ်ဘူးလို့ ပြောပြီးပြီပဲ"

"တူးမာကလည်းဟယ်. . . ကြိုးစားမယ်လို့များ စိတ်ကူးစမ်းပါ"

တူးတူးမာက ရယ်ကျဲကျဲ၊ စပ်ဖြဲဖြဲလုပ်နေရင်း အစ်မ၏ ပခုံးကို တွန်းတိုက်လိုက်သည်။ ပြီးတော့ ထိုင်နေသည့် စိမ့်စမ်းအေး ပေါင်ပေါ်သို့ ပစ်လှဲအိပ်ချလိုက်ပါ၏။

လုံးကျစ်သော ရင်သားသစ်ကလေးက မို့မို့ပြည့်ပြည့်နှင့် အပျိုဖြစ်စသော တူးမာမှာ ကိုယ်လုံးရော အရုပ်ပါ ထွက်လာသည်။ ငယ်ငယ် မည်းမည်းတူးတူးလေးနှင့် အရုပ်ဆိုးသော်လည်း အပျိုပေါက်မလေးဖြစ်လာတော့ ချစ်စရာလေးပါ။ စိမ့်စမ်းအေးလို ဘယ်အချိန်မှာ ဘယ်လိုအပြင်အဆင်မျိုးနှင့်ကြည့်ကြည့်၊ လှပလွန်းသည် မဟုတ်စေကာမူ ဆန်းသစ်သော အဝတ်စားနှင့် ခေတ်မီသော အပြင်ဆင်များ ဝန်းရံလိုက်လျှင် 'ဆွဲဆောင်မှုရှိသည်'ဟူသော အလှရှင် ဖြစ်လာမည်ဟု ကြိုတင်၍ စိမ့်စမ်းအေး မြင်မိသည်။

"ဖေဖေတို့ လင်မယား စီးလာတဲ့ကားတွေ ရှပ်ကျိုးတီးပေါက်ပြီး ကားသုံးဆင့်လောက် ပြောင်းစီးခဲ့ရပါစေ"

"ဟဲ့. . . တူးမာ"

"ဒါမှ အိမ်ပြန်နောက်ကျမယ်လေ"

စိမ့်စမ်းအေးပါ ရော၍ ရယ်မိသည်။ သူတို့ ပြန်လာလျှင် ညီအစ်မနှစ်ယောက် အနေကြုံ့ရသည်။ တူးမာက တော်ပါသေးသည်။ ရပ်ကွက်ထဲမှ သူ့သူငယ်ချင်းများရှိရာ ဟိုအိမ်ဆင်းလိုက်



ဒီအိမ်တက်လိုက်နှင့် စိမ့်စမ်းအေးသည်သာ ပို၍ ငြိမ်ရ ကုပ်ရပါသည်။ အလုပ်လုပ်ရပါသည်။

"အဲဒီ မိန်းမယူမှ ဖေဖေက တူးမာတို့ကို မချစ်တော့ပါဘူး"

"ချစ်တော့ ချစ်ရှာပါတယ်ကွယ်၊ သူ့မိန်းမရှေ့မှာ သမီးတွေကို အရေးလုပ်ပါတယ်လို့ မပြရဲတာပါ"

"သူချစ်လည်း တူးမာတော့ ဖေဖေ့ကို သိပ်မချစ်ပါဘူး၊ ကိုယ့်အစ်မပဲ ကိုယ်ချစ်တယ်"

တူးမာက ပြောရင်းဆိုရင်း စိမ့်စမ်းအေး၏ လည်ပင်းမှ သိုင်းဖက် ဆွဲငုံ့စေပြီး အားပါးတရ ရှိုက်နမ်းလိုက်ပါ၏။

"ညီမလေး. . . တူးမာ"

သူ့ကို ပြန်ဖက်ထားရင်း အသည်းငယ်၍ ခံစားလွယ်သော စိမ့်စမ်းအေးက မျက်ရည်ဝဲလာပြန်တော့သည်။

"ဩော်. . . ဘာမှမသိရှာတဲ့ ညီမလေး၊ ငါ့ကို သူ့အစ်မ အရင်းထင်ပြီး တကယ်ချစ်ရှာတယ်။ ဒီကိစ္စကို သူ ဘယ်တော့မှ မသိစေရအောင် ငါ ကာကွယ်ရမယ်။ သူလေး ငါ့ကို အချစ်ပေါ့သွားမှာ စိုးမိတယ်။ ငါလည်းလေ. . . ငါ့ညီမလေးတူးမာကို သိပ်ချစ်တာပဲ"

"မေမေက တူးမာတို့ကို ပစ်သွားတာ စောလိုက်တာနော်"

ပေါင်ပေါ်မှ တူးမာ၏ မျက်နှာလေးကို ငုံ့ကြည့်ရင်း ရင်တွင်းမှ. . .

"တူးမာမေမေ တူးမာကို ပစ်သွားတာ ကြာခဲ့ပါပြီလေ. . . ညီမလေး မွေးပြီးစကတည်းကပါတဲ့ကွယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကိုယ့် ရင်သွေးလေးကို သူများမိခင် ရင်ခွင်ထဲ ထည့်ခဲ့ပြီး စွန့်ပစ်သွားတယ်ဆိုတာ ဘယ်လိုမိခင်မျိုးပါလိမ့်။ ရက်စက်လိုက်တာနော်. . ."

ငုံ့ကြည့်ရင်း ကြေကွဲစွာ တွေးနေမိဆဲ အမြဲဟာသဆန်သော တူးမာက. . .

"မိတူးမာတို့က ဘုန်းကိုရှိတာ။ ဆုတောင်းလိုက်ရင် ပြည့်တာချည့်ပဲ"

"ဘာလဲ"

"ဟီဟိ. . . ဟိုမှာကြည့်လေ"

ကားဘီးပေါက်ပြီး ခရီးကြန့်ကြာပါစေဟု ခုလေးတင် ဆုတောင်းပေးခဲ့သော ဖေဖေနှင့် သူဇနီးတို့ ပြန်လာကြလေပြီ။

ယနေ့ တနင်္ဂနွေ။ သူတို့ ရုံးမတက်ရ။ အစောကြီးထဲက ထွက်သွားပြီး ယခု နေ့လယ်စာအမီ ပြန်လာကြလေပြီ။

"ကဲ. . . ထ. . . ထ. . ."

"ဘာလို့ ထရမှာလဲ"

"အို. . . အိမ်ရှေ့ခန်းကြီးမှာ နင် အိပ်နေတော့ ဖေဖေတို့ မလေးစားရာကျတာပေါ့။ ထစမ်းပါ ညီမလေးရယ်၊ တို့မိထွေးက စိုးမိထွေးလောက်တော့ မဆိုးရှာပါဘူးဟာ။ သူ့ဟာသူ သီးသန့်နေပါတယ်။ ကဲပါ. . . ထစမ်းပါ"

ပွေ့ထူ ထောင်မတ်လိုက်ရသည်။ ဒေါ်တင်ထားနု ဆိုသည်ကလည်း သူ့ကိုယ်သူ လှလှပပလေး ပြင်ပြီး ဘာမှ မလုပ်ချင်သည်ကလွဲလျှင် စိမ့်စမ်းအေးတို့ကို ဒုက္ခမပေးသည် ကိုပင် ကျေးဇူးတင်ရပါဦးမည်။ တူးမာနှင့် ဆိုလျှင်တော့ ဖြစ်မည်



မထင်။ စိမ့်စမ်းအေးက အလိုက်သိတတ်စွာ ဖေးဖေးမမနှင့် မိထွေးကိုပါ ချက်ပြုတ်ကျွေးမွေးပြီး အေးအေးလေး နေတတ်၍ ပေါက်ကွဲမှု မရှိကြခြင်းသာပါ။ 'သူစိမ်း'ဆိုသောအမြင် 'မေမေ့ နေရာ ဝင်လာသူ'ဟူသော အသိများဖြင့် တစ်ယောက်နှင့် တစ်ယောက် မေတ္တာမထားရှိနိုင်ကြသည်တော့ အမှန်။

"သမီးတို့ကို ပြောစရာရှိတယ်"

ဖေဖေက ရှပ်အင်္ကျီကို ချွတ်ပြီး စွပ်ကျယ်နှင့် အနားလာ ထိုင်သည်။

"ထမင်းထည့်ရတော့မလား ဖေဖေ"

"မမကလည်း ဘာပြောစရာရှိလဲဆိုတာ အရင် နားထောင်ဦးလေ။ ထမင်းဆိုင်ကျနေတာပဲ။ လူဝင်လာရင် ထမင်းပြင်ရမလား မေးပြီ"

"ဩော်. . . ဒါက သမီးကြီးရဲ့ ဝတ္တရားကိုကွယ့်။ ဖေဖေ တို့ စားပြီးခဲ့ပါပြီ"

"ဖေဖေက ဘာပြောမှာလဲ"

အကြောင်းရှိပြီဟု သိလိုက်သော တူးမာက လောလိုက် ပါ၏။

"ဖေဖေတို့ အိမ်ပြောင်းကြမယ်။ ဟိုမှာက ရေရော၊ မီးရော၊ အိမ်ထဲမှာလည်း ရေလောင်းအိမ်သာနဲ့၊ ဒီထက် အများကြီး အနေသန့်သွားတာပေါ့"

"ဘယ်နေရာလဲ"

"မြင်သာ"

"မြင်သာဆိုတာ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ငါ့သမီး တူးမာက မသိဘူးထင်တယ်။ တန်ဖိုးနည်း စုပေါင်းအိမ်ယာ တောင်ဥက္ကလာအလွန်မှာ"

"အဝေးကြီးလား ဖေဖေ"

"ဝေးတော့ ဝေးတယ်။ ဒါပေမယ့် အနေအထိုင် ကောင်းတယ်။ သမီးတို့ အန်တီနုက နဂိုတည်းက ငွေထည့်ပြီး ဆောက်ထားတာ။ ဖေဖေနဲ့ အိမ်ထောင်ကျလို့ ဒီရောက် လာရရှာတာ။ ဒီအိမ်ကိုရောင်းပြီး ငွေသူ့ပေးလိုက်မယ်လေ။ ဒါမှ ဟိုအိမ်လည်း တစ်ဝက်စီသဘော ဖြစ်သွားတာပေါ့။ အဲဒီ တိုက်ခန်းလေး မြင်ရင် ငါ့သမီးတို့ သဘောကျမှာပါ"

"ဘယ်တော့ ပြောင်းရမှာလဲ"

"ဒီအိမ် ရောင်းပြီးတာနဲ့"

"ဒါဖြင့် သမီးက ဒီဗဟန်းကို ဘယ်လိုလုပ်ပြီး ကျောင်း တက်ရမှာလဲ"

"တောင်ဥက္ကလာက နီးရာကျောင်းကို ပြောင်းထား ပေးမှာပေါ့ တူးမာ၊ သမီးကြီးကတော့ ဆယ်တန်းအောင်စာရင်းမှ မထွက်သေးဘဲ။ ကြည့်လုပ်ကြတာပေါ့"

ညီအစ်မနှစ်ယောက်လုံး ငြိမ်သွားကြသည်။ ဘာပြောရ မှန်းလည်း မသိ။ ပြောစရာလည်းမလို။ ပြောခွင့်လည်းမရှိပါ။

"အဲဒါပါပဲ။ ဒီအိမ်ကို အမြန်ဆုံးရောင်းမှာပဲ။ သုံးလေး ထောင်လောက်ရမယ်၊ သမီးကြီးသာ ပစ္စည်းလေး ဘာလေး သိမ်းထား။ သမီးတို့ အန်တီက အလုပ်တဘက်နဲ့ဆိုတော့ ဘာမှ လုပ်နိုင်မှာမဟုတ်ဘူး"



သူတို့နားမှ ဖေဖေ ထအသွားတွင် တူးမာက တစ်ခုခု ပြောတော့မည်ဟန်ပြင်သည်။ စိမ့်စမ်းအေးက လက်ကိုဆွဲ ထားထားလိုက်ရပါ၏။

ဩော်. . . တစ်ခုသော တစ်ဆစ်ချိုး. . .

တစ်ကွေ့သော အပြောင်းအလဲ. . .

နှင့် ရင်ဆိုင်ရပေဦးတော့မှာပါလား. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၈ ၊

"မငိုပါနဲ့ မိစိမ့်ရယ်၊ ငါနေ့တိုင် လာခဲ့မယ် သိလား"

"လာတယ်ဆိုပေမယ့် အချိန်တန့်ရင် ပြန်ရမှာပေါ့စိုးရယ် ခုလို. . . အနီးကပ် ဘယ်ကူညီနိုင်တော့မလဲ။ ငါ အားငယ်တယ် ဟာ၊ ပြီးတော့ နင်နဲ့အဝေးကြီးနေရာမှာ သွားနေရမှာလည်း အောက်မေ့တယ်"

စိုးထိုက်က စိမ့်စမ်းအေး၏ လက်ခုံလေးကို ဆုပ်ကိုင်ပြီး ငိုနေသည့် မျက်နှာလေးကို စိုက်ကြည့်ရင်း သူပါ မျက်ရည်များ ဝဲလာသည်။

တူးမာကလည်း တရှုံ့ရှုံ့ငိုနေပါ၏။

ဖြစ်များဖြစ်နိုင်ပါလျှင် ညီအစ်မနှစ်ယောက်ကို မထည့် လိုက်လိုပါ။ သူသည် ဖခင်တစ်ယောက်ကိုယ်စား အစ်ကိုကြီး တစ်ယောက်လို နေရာမျိုးမှာနေပြီး ကျွေးမွေးစောင့်ရှောက်ကူညီ လိုက်ချင်စမ်းပါဘိ။ ဘာပဲလုပ်ရလုပ်ရ လုပ်ပါမည်။ ယခုတော့ အရွယ်ကငယ် ပညာက ဆယ်တန်းမို့ ဘာမှ မစွမ်းဆောင်



နိုင်သေးသည့် ဘဝကို အားမရနိုင်အောင် ဖြစ်နေရသော စိုးထိုက်က. . .

"ငါ့ကို ဦးလေးက ပစ္စည်းတွေလိုက်သယ်ပေးဖို့ ခေါ်ထား တယ်။ ဟိုမှာ နေရာချပေးဖို့ပါ လိုမယ်ဆိုပြီး ဦးလေးကို ငါပြော ပြမယ်။ ပြီးတော့ အဲဒီအိမ်မှာ ငါပါ တစ်ညလိုက်အိပ်ပြီး ဝိုင်းကူ လုပ်ပေးမယ်နော်. . . ပြီးတော့ ငါနေ့တိုင်းလာမယ်။ လမ်းစရိတ် ရှိရင် ကုန်းကြောင်း လျှောက်လာခဲ့ပါ့မယ် မိစိမ့်ရယ်။ ငါ့ အတွက်တော့ နင်မငိုစမ်းပါနဲ့၊ နင်တို့ ညီအစ်မကို သနားလွန်းလို့ ငါ့ရင်ထဲမှာ ဘယ်လိုကြီးနေမှန်း မသိတော့ပါဘူး"

စိုးထိုက် ငိုသံပါလာသည်။ မျက်ရည်က မကြွေရုံ၊ မျက်ဝန်းမှာ အပြည့်။

ချစ်သူငယ်ချင်းကိုလည်း မငိုစေချင်၊ ကားလာလျှင် မျက်ရည်များလည်း အသင့်တင်နိုင်ရန် စိမ့်စမ်းအေး မျက်ရည် သုတ်ရပါပြီ။

ဘာပဲဖြစ်ဖြစ် စိုး တစ်ညလိုက်လာမည်ဆို၍ စိတ်မှာ အနည်းအပါးလေးဖြင့် သက်သာရာရခဲ့ပါလေပြီ။

ဒေါ့ဂျ်ကား ရောက်လာခဲ့ပါပြီ။ ပစ္စည်းက တစင်းစာ အပြည့်မျှသာ၊ ဖေဖေ့ရုံးမှာ E 2000 ကားနှင့် ကွဲရမည့် ပစ္စည်းများကို တင်၍ ဒေါ်တင်ထားနုနှင့် တူးမာတို့ ညီအစ်မ နှစ်ယောက် လိုက်ရသည်။

ပစ္စည်းတင် ဒေါ့ဂျ်ပေါ်တွင် ဖေဖေ ဦးမောင်လှိုင်နှင့် စိုးတို့ လိုက်ပါ၏။ ဖေဖေက ရှေ့မှ၊ စိုးက အလုပ်သမားများနှင့် အတူ နောက်မှ တွယ်လျက်. . .

www.burmeseclassic.com

www.burmeseclassic.com



မေမေ စုဆောင်းခဲ့သော ငွေနှင့် ဝယ်ခဲ့သည့် သပ်ယပ်တောင့်တင်းသော ဝါးထရံကာ အိမ်လေးနှင့်. . .

မွေးဖွားကြီးပြင်းလာသည်အထိ အစဉ်တစိုက် နေထိုင်လာခဲ့ရသော ချစ်သူငယ်ချင်းများရှိရာ ဤရပ်ကွက်လေးအတွင်းမှ. . . ထာဝရ ခွဲခွာခဲ့ရလေပြီသာ. . .

◆ ◆ ◆

ကမ္ဘာအေးစေတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ဆုံရာ နေရာအရောက်တွင်. . .

"မမ တက္ကသိုလ်တက်ရရင် အဲဒီကနေ ကားပြောင်းစီးရမှာ"

"နင်ကတော့ အလည်ကိုဖြစ်လို့ လမ်းတွေလည်း သိတယ်နော်၊ ငါတော့ တစ်ယောက်တည်းမှ ဘတ်(စ)ကား စီးရဲပါ့မလား မသိဘူး။ တစ်ခါမှ မသွားဘူးတာ"

ညီအစ်မနှစ်ယောက်၏ စကားအဆုံးတွင် ဒေါ်တင်ထားနုက ငြိမ်သက်တည်ကြည်စွာ ကြည့်ရင်း. . .

"တူးမာတို့ ဖေဖေက စိမ့်စမ်းအေးကို တက္ကသိုလ်ထားပေးမယ်တဲ့လား"

"ရှင်"

ဒေါ်တင်ထားနုစကားသည် စိမ်းစမ်းအေးအတွက် မျှော်လင့်စွာ လမ်းဆက်လျှောက်နေရာမှ ချောက်ကမ်းပါးစွန်းထိုးသွားခနဲ တွေ့လိုက်ရသည်သို့ပါ. . .



"အို. . . ဆယ်တန်းအောင်အောင် သားသမီးက ကြိုးစားမှတော့ ထားပေးရမှာက ဖေဖေ့တာဝန်ပေါ့"

တူးမာက ရန်တွေ့သလို ပြောပစ်လိုက်ပါ၏။ ဒေါ်တင်ထားနုက မျက်နှာတင်းမာသွားသော်လည်း ဘာမှဖြင့် မပြောပါ။

"ကိုယ့်သားအဖချင်းသာရှင်းကြ၊ ကျုပ်ကတော့ ငါးပြားမှ ပို့မပေးနိုင်ဘူးဟူသော စကားကို သူ့မျက်လုံးမှသာ ပြောနေပါ၏။

စိမ်းစမ်းအေး ယခုမှ တွေးမိလာသည်။

ဗိုးကတော့ အောင်လျှင် အလုပ်လုပ်မည်ဟု ဆုံးဖြတ်ထားသလို သူကဖြင့် အောင်လျှင် တက္ကသိုလ်ဆိုသည်ကို ဆက်လက်တက်ရပေလိမ့်မည်ဟု ယုံမှတ်ထားမိသူပါ။

"သမီးကျောင်းဖွင့်ရင်. . ."

"တက္ကသိုလ်တက်တဲ့အခါ. . ."

ဆိုသော စကားများကို ယခုအချိန်ထိ ဖေဖေ တစ်လုံးမှ မပြောကြားသေး။

"အောင်စာရင်း မထွက်သေးလို့လား"

"ငါ့ကို ကျောင်းမှ ထားပေးပါတော့မလား"

ချစ်ခင်သော ရပ်ကွက်ကလေးမှ ခွဲခွာလာခဲ့ရ၍ ဝမ်းနည်းရသော စိတ်နှင့်အတူ မိမိ၏ ရှေ့ပညာရေးအတွက်ပါ စိုးရိမ်ရင်လေးလာရပါလေပြီ။

"အမလေး မြင်သာ,သာဆိုတယ် ခုထိ မမြင်သေးဘူး၊ အဝေးကြီးပါလား"

တူးမာ၏ပေါင်ကို ကုပ်လိုက်ရသည်။

ဒေါ်တင်ထားနု၏အိမ်မို့ သူမကြိုက်လျှင် မခက်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ရသည့်အထဲ နေရာတကာ တူးမာက တမျောင့်ပါ. . .

နောက်ဆုံး အမှတ်(၇) ဘတ်(စ)ကားဂိတ် အဆုံးမှ ကွေ့ပြီး၍ အတွင်းထဲသို့ဝင်ပြီးသည့်နောက်တွင် သပ်ယပ်သော နှစ်ခန်းတွဲ တိုက်ခန်းလေး၏ တစ်ခုသော အခန်းလေးအတွင်းမှာ နေထိုင်အခြေချကြရန် ရောက်ရှိလာခဲ့ကြရပါပြီတည်း. . .

◆ ◆ ◆

## အခန်း ။ ၉ ။

မှတ်သုံဦး၏ မိုးစက်တို့သည် တည်ငြိမ်ကျနေရခြင်း မရှိ။ တိုးတိုက်ဝှေ့ယမ်း၍ ပရမ်းပတာ ခုန်ပျံကျလာသည်။

မိုးဦး လေဦး ဆိုသည်ကိုက ကြမ်းကြမ်းရမ်းရမ်း။ မိုးက ရွာ၊ လေကထန်သည့် အမိပ္ပာယ်ကို ဆောင်သည့်စကားပါ။

"ထီးက ငါ့ဘက်မှာချည့်ပဲ။ နင် ရွဲကုန်ပြီ စိုး"

"ငါက ကိစ္စမရှိပါဘူး။ နင် အအေးမိတော့မယ်။ နင့်လက်မောင်းလေးတွေကို အေးစက်လို့"

စိမ်းစမ်းအေးမှာ စိုးထိုက်ဘက်သို့ ပို၍ တိုးကပ်လိုက်သည်။ နှစ်ယောက်ကြားမှာ မှတ်သုံလေပင် မတိုးသာ။ ထီးကိုင်ထားသော သူ့လက်မောင်းကို ဖက်တွယ်ရင်း လိုက်လာခဲ့သည်။

မြေနီလမ်းအရောက်တွင် မိုးက သွန်ကျလာပြန်သည်။ ခိုကိုးရာမဲ့သော သစ်ကိုင်းသစ်ရွက်တို့ချင်း တိုးဝှေ့တိုက်ခတ်ပိုညည်းသံနှင့် မိုးသံကပင် ကြောက်စရာလို ဖြစ်လာလေ. . . စိုးလက်မောင်းပြည့်ပြည့်ကြီးကို ဖက်တွယ်ထားမိလေ။

စိုးထိုက်က ထီးကို လက်ဝဲဘက်သို့ ပြောင်းကိုင်လိုက်ပြီး လက်ယာဘက်ကို နောက်သို့လျှို၍ စိမ်းစမ်းအေး၏ ပခုံးကို ဖက်တွယ်ခေါ်ယူလာသည်။ လက်တိုဝတ်ထားသော လက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းပေါ်မှာ ခိုကပ်နေသော မိုးရေစက်များကို လက်နှင့် သပ်ချပေးလိုက်ပါ၏။ အေးစက်နေသော လက်မောင်း ညက်ညက်ကလေးအလယ်မှ ဖက်ရင်း ခပ်သွက်သွက်လေး လျှောက်လာမိကြသည်။

သွားနေကျ၊ လာနေကျ၊ ထိတွေ့နေကျ ဖြစ်ပါလျက်နှင့် သဲကြီးမဲကြီးရွာနေသော မုတ်သုံလမ်းပေါ် ရောက်လေမှ စိုးထိုက် သည် အမည်မသိသော ဝေဒနာတို့ဖြင့် ရင်မှာ ပူလောင်စွာ လှုပ်ရှားလာသည်။

နွေးထွေးသော စိုး၏ရင်ခွင်တစ်ခြမ်းကို မှီကပ်လိုက်လာ ရသော စိမ်းစမ်းအေးမှာလည်း နှလုံးခုန်ပုံ မမှန်။ မြန်နေသည်။

မိစိမ့်လေး အအေးမိမှာ စိုးရိမ်မိပါသော်လည်း ဤလမ်း လေးကို ဆွဲဆန့်လိုက်ချင်သည်။ ဖြစ်နိုင်ပါလျှင် ကမ္ဘာတစ်ပတ် စာပင် သည်အတိုင်း လျှောက်လိုသောဆန္ဒများ ဖြစ်ထွန်းလာ သော်လည်း စိုးထိုက်၏ ဆန္ဒများ မပြည့်နိုင်တော့။

မကြာမီ အိမ်ရှေ့သို့ ရောက်ခဲ့ပါပြီ။

ပိတ်ထားသော တံခါး၏သော့ကို ခတ်ဖွင့်နေစဉ် နောက် ဘက်မှ ထီးမိုးပေးထားသော စိုးထိုက်မှာ နုပျိုခြင်းဖြင့် ပြည့်တင်း ဝင်းအိနေသော စိမ်းစမ်းအေး၏ ရေစိုကိုယ်ခန္ဓာလေးကို စိုက်ကြည့်နေမိရာမှ ချက်ချင်းလို မျက်နှာလွှဲလိုက်ပြီး. . .

"ရော့. . . ရော့. . . နင် ထီးကိုင်ထား။ ငါ ဖွင့်ပေးမယ်"

သော့ပေါက်ကိုမဝင်။ အလွဲလွဲအချော်ချော် ဖြစ်နေသော တုန်ယင်နေသည့် လက်တွင်းမှသော့ကို စိုးအား လှမ်းပေးလိုက် သည်။



စိုးထိုက်က ကျင်လည်စွာဖွင့်ပြီး အိမ်တွင်းသို့ ဝင်လိုက်ကြ ရပါ၏။

"လုံချည် အင်္ကျီ မြန်မြန်လဲလိုက်၊ အအေးမိဦးမယ်"

စိမ်းစမ်းအေးက အခန်းတွင်းသို့ ဝင်သွားပြီး မကြာခင် သည်အတိုင်း ပြန်ထွက်လာ၍. . .

"ရော့. . . ဖေဖေ့ အင်္ကျီလုံချည်"

"ဟာ. . . ငါက အရေးမကြီးပါဘူး။ နင်သာ မြန်မြန် လဲစမ်းပါ စိမ့်ရယ်"

စိမ်းစမ်းအေးမှာ ချမ်းလွန်းသည့်ဒဏ်နှင့် လှုပ်ရှားရလွန်း သော ရင်တို့ကြောင့် အသားဆိုင်လေးများပါ တုန်နေသည်။ အဝတ်စိုများနှင့် အဝတ်ချောက်များကို လဲလှယ်၍ အနွေးထည် ထပ်ဝတ်ပြီးသည့်တိုင် နွေး၍မလာသေး။ ဆံပင်များကိုပါ သုတ်လိုက်သည်။ ပြီးတော့ ရှင်းရှင်းစန့်စန့် ဖြန့်ချ၍ ပြောင်တင်း နေသော မျက်နှာကို ကရင်ပတ်(ဖ်)လေးနှင့် ဖို့လိုက်ပြီးမှ အခန်း တွင်းမှ ထွက်ခဲ့သည်။

"ဟင်. . . နင် ဘာလုပ်နေတာလဲ"

"နင်သောက်ဖို့ ရေနွေးတည်နေတာ"

"အို. . . ကော်ဖီသောက်စရာမှ တို့အိမ်မှာ နို့ဆီ သကြား မရှိတာ"

"ရေနွေးချည့် သောက်ရအောင်ပါ၊ အချမ်းပြေအောင်လို့"

ရေနံဆီ မီးဖိုပေါ်မှ ရေနွေးအိုးက ဆူတော့မည့် အကြောင်း အသံမြည်လာသည်။

"ရေနွေးဆူတာကလည်း မြန်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"မတ်ခွက်နဲ့ တစ်ခွက်စာတည်း တည်တာ"

"ဩော်. . . လက်ဖက်ခြောက်တော့ ရှိတယ်"

"သိပ်ပါဗျာ၊ ဒီမှာ ယူတောင်ထားပြီးပြီ"

စိုးမှာ သည်အိမ်သို့ ပြောင်းပြီး နေရာချသည်မှစ၍ သူပါခဲ့သဖြင့် ပစ္စည်းထားသိုသည့် နေရာကစ၍ သူ အားလုံး သိနေခဲ့သည်။

ယခု သည်အိမ်သို့ ပြောင်းလာခဲ့သည်မှာ တစ်လကျော်ခဲ့ပါပြီ။

စိုးမှာ သူ့ကတိစကားအတိုင်း တစ်နေ့မှမပျက်။ ရက်ဆက်နေ့တိုင်း ရောက်လာရှာပါသည်။

အစပိုင်းက တူးမာ ကျောင်းမဖွင့်သေး။

နွေကျောင်းပိတ်ရက်များအတွင်းမှာ ဖေဖေတို့ ရုံးသွားချိန် စိုးရောက်လာပြီဆိုလျှင် အပျော်ကြီးပျော်ကြရသည်။ စိုး ကြာကြာနေနိုင်လေ သုံးယောက်သား ကြာကြာပျော်ရလေပါ။

တစ်ခါတလေသာ သူ့အိမ်က ခိုင်းစရာရှိသည်ဆိုပြီး ပြန်သွားတတ်သည်။ စိုးရောက်ရှိလာနေသည့်အတွက်လည်း ဘာပြဿနာမှ မရှိပါ။ ဖေဖေက ကျေနပ်ပြီးသား။ မိထွေးလုပ်သူကလည်း မီးပြင်သည်ကအစ အိမ်ဝင်လမ်း မြက်ရှင်းပေးသည်အထိ ရှိသမျှအလုပ် ကြုံးလုပ်ပေးတတ်သော စိုးတို့ကြည့်ပါ၏။

ယခု နောက်ပိုင်းတွင်. . .

လာနေကျ စိုး လာမြဲလာချိန်မှာ အိမ်တွင် စိမ့်စမ်းအေး တစ်ယောက်တည်း ရှိနေသည်က တစ်လနီးပါး ရှိခဲ့လေပြီ။



အသက်နှင့်အမျှ အတူနေလာခဲ့ကြသူများမို့ ဘာမှ မထူးခြားခဲ့ကြ။ ခါတိုင်းလိုပင် နေခဲ့ကြရာမှ. . .

ယနေ့တွင် ဆယ်တန်း အောင်စာရင်းကို စိမ်းစမ်းအေး၏ သူငယ်ချင်းတစ်ယောက်မှ တစ်ဆင့်ကြား၍ သိရမည်ဆိုပြီး နှစ်ယောက်သား မြို့ထဲ ထွက်သွားခဲ့ကြသည်။ စုံစမ်းသည်။ သိခွင့်မရရှိခဲ့ပါဘဲနှင့် အပြန်လမ်းတွင် မုတ်သုံကြမ်းနှင့် ကြုံဆုံခဲ့ကြသည်။ ခေါက်ထီးငယ်လေး တစ်ချောင်းတည်းကို မလုံ့တလုံ ဆောင်းခဲ့ကြရာမှ အစပြု၍. . .

"ကဲ. . . ရော့. . . သောက်လိုက်"

"ငါက စွယ်တာနဲ့၊ နင်သာ ချမ်းနေမှာ။ နင် အရင်သောက်လိုက်စမ်းပါ စိုးရယ်"

စိုးထိုက်က ရေနွေးကြမ်းပန်းကန်ကို မှုတ်၍ တငုံသောက်လိုက်ပြီး. . .

"ရော့. . ."

စိုး သောက်ပြီးသား အကျန်ကို စိမ်းစမ်းအေး မော့သောက်လိုက်သည်၊ မာလကာသီး၊ ငှက်ပျောသီးများကိုပင် တယောက်တစ်ကိုက်စီ စားနေကျ။ ရေအတူတူ သောက်တာလောက်တော့ အဆန်းမဟုတ်။

"ဟင်. . . နင့်လက်ဖျားလေးတွေ အေးစိမ့်နေတုန်းပါပဲလား"

စိုး ဆွဲယူဆုပ်နယ်ပေးသည်ကို မရုန်းမိ။

ပြီးတော့ စိုးက လက်ဝါးနှစ်ဘက်ကို ထပ်လျက် ဆွဲယူပြီး သူ့ပါးမှာ ကပ်လိုက်သည်။ ခေါင်းကို ငုံ့ချလိုက်ပါ၍ စိမ်းစမ်းအေး

www.burmeseclassic.com

www.burmeseclassic.com



၏ လက်လေးနှစ်ဘက်မှာ စိုး၏ ပခုံးစွန်းနှင့် ပါးကြားမှာ နွေးနွေး။

"မိစိမ့်"

"ဟင်. . ."

ဘာဖြစ်မှန်ကို မသိ တစ်သက်လုံး ကြည့်နေကျ စိုးမျက်နှာကို မကြည့်ရဲ၊ ခေါင်းကိုငုံ့ပြီး ငုံ့ထားသော်လည်း မျက်နှာချင်းက လက်တစ်လှမ်းစာ မဝေးကွာ။

စိုးထိုက်၏ရင်မှာ ရေနွေးပူ သောက်စဥ်ကထက် ပို၍ ရှိန်းမြပူနွေးလာသည်။ ပြောစရာစကား ပြောချင်သည်များက အပြည့်အလျှံ၊ ဘာကစ၍ ပြောရမည်မှန်းပင် မသိ။ ဦးတည် လိုသော လမ်းမှလွဲ၍. . .

"ရေနွေး သောက်ဦးမလား"

"ဟင်အင်း. . ."

"လက်ကလေးတွေတော့ နွေးလာပါပြီ ချမ်းသေးလား"

"ဟင်အင်း. . ."

"ဒီမှာ ထိုင်မလား။ အိမ်ရှေ့ သွားကြမလား"

"နင့်သဘောလေ"

မီးဖိုဘေးတွင် ဖင်ထိုင်ခုံလေးနှင့်သာ ဆက်ထိုင်နေဖြစ်ကြ သည်။ အစိုးမလှုပ်၍ စိမ်းစမ်းအေး နေရာမရွှေ့ဝံ့။ လက်ကို လည်း သူ့ပါးမှာ အပ်ထားလျက်ပင်. . .

"မိစိမ့်ရယ်. . ."

စိုးက အသံလှိုင်းကို တည်ငြိမ်အောင် ကြိုးစားလိုက်ရပုံနှင့် ခဏနားပြီးမှ. . .



"နင်တို့ ဒီကိုပြောင်းပြီးတည်းက ငါလေ. . . တစ်ညမှ တောင်းကောင်း အိပ်မပျော်ဘူး။ သိပ်လွမ်းတာပဲ။ နင်ရော. . ."

"ငါ. . . ငါလည်း သတိရနေပါတယ်"

"ပြီးတော့လေ. . . နင့်ကို အာရ်အိုင်တီက 'မျိုးသိမ်း' အသေအလဲ လိုက်နေတာ ငါ သိတော့မှ ငါ့ရင်ထဲမှာ ချောက်ချား သာမိတယ် မိစိမ့်ရယ်"

စိုးက ခေါင်းကိုထောင်လိုက်ပြီး စိမ်းစမ်းအေး၏ လက်လေးများကို အုပ်ကိုင် ဖျစ်ညှစ်ရင်းက. . .

"အဲ. . . ဒါ ဝန်တိုစိတ်ပဲထင်ပါရဲ့။ ငါလည်း မပြောတတ် ပါဘူး။ နင်သာ တစ်ယောက်ယောက်ကို ချစ်သွားရင် ငါတော့ သေမှာပဲ"

စိမ်းစမ်းအေး စိုးမျက်နှာကို စိုက်ကြည့်လိုက်မိသည်။ အနှစ်နှစ်ဆယ်နီးပါး အတွင်းမှာ စိုး၏ သည်သို့သော ခံစားမှု မျက်နှာမျိုးကို မမြင်ဖူးခဲ့သေး။

"ငါ ဒါတွေ စိတ်မကူးသေးတာ နင် အသိပဲဟာ"

ခေါင်းငုံ့ရင်း ဖြေမိသည်။

"မိစိမ့်"

"အင်. . ."

"ငါလေ. . . နင့်ကို သိပ်ချစ်နေပြီထင်တယ်"

"အို. . ."

"တကယ်. . . အရင်တုန်းက ညီမလေးလိုချစ်တာ။ ခု ချစ်ပုံက တစ်မျိုးပဲလေ၊ သူများနဲ့ ချစ်သွားမှာ ဘယ်လိုစိုးရိမ်မှန်း သိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နင်မသိဘဲ ဘယ်သူ့ကို ချစ်ဝံ့မှာလဲ"

"ငါ့ကို ငဲ့ပါနော်. . . မိစိမ့်"

"စိုး. . ."

"ဟင်. . ."

"ငါ့ကို ညီမလေးလို မချစ်တော့ဘူးလား ဟင်၊ နင် မချစ်တော့မှာ ငါလည်းကြောက်တယ်"

"အဲဒီလိုလည်း ချစ်တာပဲ။ အရင်ချစ်တာကလည်း မလျော့ဘူး။ နည်းနည်းမှ မလျော့ဘူး။ နောက်တစ်မျိုးတိုးပြီး ချစ်တယ်ထင်တာပဲ ငါ့ရင်ထဲမှာလည်း ဘယ်လိုကြီးမှန်းလည်း မသိဘူး ငါမပြောတတ်ဘူး။ ရောထွေးနေတယ်ကွယ်. . .။ သိပ်ချစ်တယ်ဆိုတာထက် ပိုပြီး ပြောစရာ စကားမရှိတော့ဘူး ဟာ။ ငါ့ရင်ထဲမှာ အဲဒီထက်ပိုနေတယ်"

စိမ်းစမ်းအေး၏ ခေါင်းများ ပိုငုံ့လိုက်တော့ ဆံနွယ်လေး များက လျောကျလာသည်။ မျက်နှာကို ကာထားသည်သို့. . .။

ရင်ရှင်းလို ရှင်းပြား သက်ပြင်းချသံကို စိုးထံမှ ကြားလိုက် ရသည်။

ကွန်ပျူတာနှင့် တွက်ချက်၍ ရစတမ်းသာဆိုပါလျှင် စိုးထိုက်၏ နှလုံးသားက စိမ်းစမ်းအေးထက် ပိုမို၍ ခံစားမှု များစွာဖြင့် လှုပ်ရှားနေပေသည်ဟု အဖြေထွက်ပေလိမ့်မည်သာ။

"မိစိမ့်ရေ. . . ငါ့ရင်ထဲမှာလေ. . . ညီမလေးလို သနား တာ ချစ်တာအပြင် ပိုင်ဆိုင်လိုခြင်းနဲ့လည်း ချစ်နေမိပြီ ထင်ပါရဲ့ ဟုတ်တယ်။ သူများနဲ့ ချစ်သွားမှာ သေမလောက် ကြောက်တယ် ဆိုတော့ ငါ နင့်ကို မစွန့်လွှတ်နိုင်တော့ဘူးဆိုတဲ့ အဖြေပဲ



နော်. . .။ မိစိမ့်ရယ်. . . နင် နားလည်အောင် ငါဘယ်လို ပြောရမလဲ။ ငါ ခံစားနေရတာကို နင် မသိဘူးလား။ ငါ့ အသည်းနှလုံးကို နင် မမြင်ဘူးလား ဟင်"

ငယ်စိတ်နှင့်သာဆိုပါလျှင် ငယ်နိုင် သူငယ်ချင်းကို ပြောပစ်လိုက်ချင်သည်။

"နင့်ရည်းစားစကား ပြောပုံကြီးကလည်း အရှူးချီးပန်း သလိုပဲလို့"

ခုတော့ စိမ်းစမ်းအေးလည်း မပြောရဲတော့။ ဘယ်လို ဝေဒနာမျိုးတွေ ထပ်တိုးလာလို့များ စိုးကို မပြောရဲ မဆိုရဲ ဖြစ်လာ ပါသည်လဲ။

"မိစိမ့်၊ ငါ့ကို နင်စိတ်ဆိုးသွားသလားဟင်"

ဒါကိုလည်း မဖြေရဲ။

"ပြောပါဦး၊ နင် စိတ်ဆိုးသွားမှာ ငါ ကြောက်လို့ပါ"

"မဆိုးပါဘူး"

"ဝမ်းသာလိုက်တာဟယ်။ ဒါဆို နင် ငါ့ရင်ထဲကို ထွင်း ဖောက်မြင်လို့သာပေါ့နော်. . . နင်ရော ဟင်၊ နင်ရော ဘယ်လို ခံစားနေရလဲ"

စောစောကထက် တက်ကြွလာကြောင်း စကားလုံးများ ဆက်နေ၊ မြန်နေသည်က သက်သေခံပါလေ၏။

"ငါလည်း မပြောတတ်ဘူး"

"ဟင်. . ."

"တွေးကြည့်စမ်းပါဦး. . . စဉ်းစားကြည့်စမ်းပါဦး။ ပြီးရင် ဘာတွေ နင့်ရင်ထဲမှာ ရှိလဲ ငါသိချင်လိုက်တာ မိစိမ့်လေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင့်လိုပဲ မပြောတတ်ဘူး စိုးရယ်"

"ဟင်. . ."

"တွေးကြည့်စမ်းပါဦး. . . စဉ်းစားကြည့်စမ်းပါဦး။ ပြီးရင် ဘာတွေ နင့်ရင်ထဲမှာ ရှိလဲ ငါသိချင်လိုက်တာ မိစိမ့်လေးရယ်"

"ငါလည်း နင့်လိုပဲ။ ပြောမပြတတ်ဘူး စိုးရယ်"

"ဟာ. . . နင့်လိုပဲ ဆိုတော့ ငါ့လိုပဲပေါ့ ဟုတ်လား ဟင်"

သူ့စကားကြီးကို စိမ်းစမ်းအေး ရယ်ချင်လာသည်။ ပြုံးလျက်နှင့် ခေါင်းညိတ်ပြနေခိုက် စိုးထိုက်က သူ့မျက်နှာလေးကို မော့ယူလိုက်သည်။

အပြုံးလေး ကပ်ပါလာသော အလှဆုံး မျက်နှာလေးကို အချစ်ဆုံးအကြည့်နှင့် ကြည့်လိုက်ပြီး. . .

"နင့်ကို ငါ. . . သိပ်ကို. . . သိပ်ကို ချစ်တာပဲ မိစိမ့် ရယ်. . . နင်ကရော ဟင်"

ခေါင်းငုံ့၍ မရတော့။ မျက်လွှာလေး ချပစ်လိုက်ရသည်။ နဖူးပြေပြေ. . . နှာတံပေါ်ပေါ်၊ မျက်ဝန်းဝိုင်းဝိုင်း၊ နှုတ်ခမ်းလှလှ မေးသွယ်သွယ်လေးနှင့် အပြစ်မဲ့စွာ လှလွန်းသော စိုစိုဝင်းဝင်း နုနု သစ်သစ် မျက်နှာလေးကို မချင့်မရဲ ကြည့်ရင်း. . .

"မိစိမ့်ရယ် ပြောစမ်းပါဦး။ နင်ပြောတာလေးကို ငါ ကြားချင်လိုက်တာ"

"ဟင်အင်း"

"ပြောစမ်းပါ။ ငါ့ပဲ. . . ရှက်နေရသလားလို့. . . ပြောလေ"

စိမ်းစမ်းအေးက မျက်လွှာချထားရာ စိုး မျက်နှာထို့ အနီးကပ်တစ်ချက် ဝင့်ကြည့်လိုက်သည်။ သည်တစ်ခါတော့ အပြုံးက နှုတ်ခမ်းမှာမရှိ။ မျက်ဝန်းမှာ ကြည့်ပါ။ သိသာစွာ မြင်နိုင်ပါ၏။

"ရှက်နေလား. . . ပြောစမ်းပါ"

စိမ်းစမ်းအေး၏ ခေါင်းလေးက အရှိန်နှင့် ငိုက်ကျလာသည်။ စိုးထိုက်၏ ပခုံးစွန်းမှာ ကပ်မှီ မျက်နှာဝှက်လျက်။

"ပြောရဲဘူး"

"မိစိမ့်လေးရယ်. . . ငါလည်း ဘာပြောရမှန်းတောင် မသိတော့ဘူး နင်ပြောတာလေးကို ကြားချင်တယ်"

စိုး၏ ရင်ခွင်ဦးမှာ ခေါင်းကပ်ရင်း ခေါင်းခါပြမိသည်။

စိုးထိုက်က လက်နှစ်ဘက်ကို ယှက်လိုက်ပြီး တင်းတင်း ကျပ်ကျပ်ကြီး ဖက်ပစ်လိုက်သည်။

"လွှတ်ဟာ"

သည်တော့မှ စိုးက သတိရသွားသလို ချက်ချင်းပင် ဖြေလွှတ်ပေးလိုက်ရှာပါသည်။

"စိုး. . ."

ရင်ခွင်မှ ခွာပြီး ခေါ်လိုက်သည်။ စိမ်းစမ်းအေး၏ မျက်နှာ စမ်းရေလို အေးလို့၊ ငြိမ်လို့၊ တည်လို့၊ ကြည်လို့. . .

"နင် ငါ့ကို ဘာပြောမှာလဲ ဟင်"

"တို့ အရွယ်နဲ့ ဒီလိုတော့ မချစ်သင့်သေးဘူး ထင်တယ်၊ ဒါပေမယ့် နင့်ကို ကြိုပြီး ငါပြောထားနိုင်တာ တစ်ခုတော့ရှိပါ တယ်စိုး"

"ဘာလဲ ဟင်"

"ငါ့တစ်သက်မှာလေ. . . နင်ကလွဲပြီး ဘယ်သူ့ကိုမှ ချစ်နိုင်မှာမဟုတ်ဘူးဆိုတာတော့ နင်ယုံပါ"



www.burmeseclassic.com

www.burmeseclassic.com



"ယုံတယ် မိစိမ့်၊ သိပ်ယုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါလည်း ဒီအတိုင်းပဲမို့ပါ"

"ဒါဖြင့်လည်း တို့ရှေ့ရေးတွေ တည်တန့်ခိုင်မာတဲ့အထိ စောင့်ပြီး အရင်လိုပဲ နေသွားကြရအောင်ပါလေ"

"နင် နေဆိုရင် နေပါ့မယ်၊ ဒါပေမယ့် ငါ့ရင်ထဲမှ အခု မြည်နေတယ်"

"ဘာ. . ."

"ဤအရာကား တားဆီး၍မရပါတဲ့"

"သွား. . ."

"ထပ်တိုးဝင်လာတဲ့ မေတ္တာသစ် ဧည့်သည်လေးကို ဘယ်လိုလုပ်ပြီး နှင်ထုတ်လို့ရမှာလဲလို့"

"စိုးနော်"

"တကယ် ဒီဧည့်သည်က သိပ်အင်အားကြီးတယ်၊ ဖယ်ထုတ်ဖို့ ငါ မနိုင်ဘူး"

"ဒါဖြင့်လည်း အလေးခံပြီး ဒီတိုင်းထားလိုက်"

"ဒီလိုလည်း မဖြစ်သေးဘူး။ သူက တံ့ပြန်တွန်းကန် ဆွဲငင်အားတွေ အပြည့်ရှိတာ။ နင့်ရင်ထဲက. . ."

စကားမဆုံးခင် စိမ်းစမ်းအေးမှာ လှစ်ခနဲ ထပြီး အိမ်ရှေ့ ဘက်သို့ ထွက်ပြေးလာခဲ့သည်။ စိုးက ထပ်ကြပ် ပြေးလိုက်လာ ပါ၏။

ပြေးပွဲလေးက တာတိုလှသည်။

ပန်းမဝင်နိုင်မီ စိမ့်စမ်းအေးကို စိုးက မိသွား၏။ ကြမ်းရှင်း စွာ ဖက်ပွေ့၍ နှစ်ယောက်ထိုင် ကုလားထိုင်မှာ ထိုင်စေသည်။



ပြီးတော့ အပြုံးရောင်စဉ်များ၊ လွင်လွင်တောက်ပနေသော အချစ်မျက်နှာလေးနှစ်ခု နီးသထက် နီးလာကြတော့သည်။

စိမ်းစမ်းအေးက မရုန်း၊ အရာအားလုံးကို ကြည်ဖြူလိုက် လျောပါပြီ ဆိုသည်ကို အပြုံးလေးဖြင့်သာ ပြနေသည်။

စိုး မျက်နှာက နီးသထက် နီးလာပါပြီ။

စိုး၏ နှာခေါင်းသည် နီထွေးဥနေသော စိမ်းစမ်းအေး၏ ပါးမို့မို့လေးနှင့် အနီးဆုံးနေရာသို့ ရောက်အလာတွင် စိမ့်စမ်း အေး မျက်စိစုံမှိတ်ပစ်လိုက်သည်။

လေနွေးငွေ့သည်သာ ပါးပြင်ပေါ်မှာ တိုက်ခတ်လာ သည်။

အနမ်းပွင့်က ကြွေကျမလာ. . .

မျက်စိလေး မှိတ်ထားသော အချစ်ဆုံး၏ ကျက်သရေ ဆောင်းဆုံးရာ အလှမျက်နှာလေးကို စိုးထိုက်က အသည်းခိုက် အောင် မြတ်မြတ်နိုးနိုး စိုက်ကြည့်ရင်းက. . .

"မိစိမ့်ရယ်. . . ငါ နင့်ကို မနမ်းချင်သေးပါဘူး။ မြတ်နိုး လွန်းလို့ မနမ်းရက်သေးတာပါ"

စိမ်းစမ်းအေး၏ ခေါင်းကို ဆွဲယူလိုက်ပြီး သူ့ပခုံးထက်မှာ မှီထားစေသည်၊ ရေမချောက်သေးသော ဆံပင်ရှည် ဖြာဖြာဝေ တွေကို ပွတ်သပ်ရင်း. . .

"ငါ ဆုံးဖြတ်လိုက်ပါပြီ. . . နင့်ကို ခုလို မြတ်မြတ်နိုးနိုး ထားနဲ့ ကြင်ကြင်နာနာ နေရုံကလွဲပြီး. . . မထိရက်၊ မတို့ရက်၊ မနမ်းရက်ပါဘူး အချစ်ဆုံးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် ငါ အင်အားရှိသမျှ ကြိုးစားမယ်၊ နင့်ကို အတင့်တယ်ဆုံးထားနိုင်မှ လက်ထပ်မယ်။ အဲဒီလို အချိန်ကျမှ ငါနမ်းပါတော့မယ် မိစိမ့်ရယ်"

သည်တစ်ခါတော့ စိမ်းစမ်းအေးက စိုးကို သိမ်းဖက်ထားလိုက်သည်။

စိုးဘက်က မြတ်နိုးစိတ်နှင့်. . .

စိမ်းစမ်းအေးဘက်က ကြည်ညိုစိတ်နှင့်. . .

အပြင်ဘက်တွင် အုံလိုက် ပြိုကျလာသလို မိုးသည် သည်းသည်းထန်ထန် သွန်ချလိုက်ပြန်သည်။

အလင်းရောင်တို့ ပိတ်ဆည်းသွားလောက်အောင် မိုးမှောင်ကျနေပါသော်လည်း. . .

အခန်းကျဉ်းလေးအတွင်းမှ အချစ်ဆုံး အချစ်ဦး နှစ်ယောက်တို့၏ ဝန်းကျင်ဝယ်. . .

ငါးရာနှစ်ဆယ့်ရှစ်ဆိုသော အကြင်နာမေတ္တာ ရောနှောပေါင်းယှက်နေပါ၍. . .

အမှောင်မရှိ. . . ပကတိ သန့်စင်အေးမြသော မေတ္တာ ရောင်စဉ်တန်းသည် ဖြန့်ကျက်လင်းလက်လျက်ပါတည်း။

◆ ◆ ◆

## အခန်း ။ ၁၀ ။

ဒေါ်တင်ထားနုသည် စိတ်သဘောထား သေးသိမ် အောက်တန်းကျလွန်းသော မိန်းမစားမျိုးထဲကဖြင့် မဟုတ်ပါ။

သို့ပါသော်လည်း. . .

အလှအပကို မက်မောလွန်းသည်. . .

သာမန်ထက် ပို၍မလှသော သူ့ရုပ်ရည်ကို သိပ်လှသည်ဟု အထင်ကြီးနေသည်။ သူ့ကို နုသည်၊ လှသည်ဟု ပြောလျှင် နှစ်ခြိုက်စွာ တခြားသော တစ်စုံတစ်ဦးအား မည်သူက ဒီလို ပြောလိုက်တာဟု ဂုဏ်ယူဝင့်ကြွားစွာ ပြန်ပြောပြလေ့ရှိသော မိန်းမစားမျိုး. . .

ပြီးတော့ အရွယ်နှင့်မလိုက်အောင် ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ စိတ်ကူးယဉ်လွယ်လွန်းသော အမျိုးသမီးတစ်ဦးပါ။

သူ့အသက်က သုံးဆယ့်ခြောက်နှစ်၊ ဦးမောင်လှိုင်က လေးဆယ့်ခြောက်နှစ်၊ ဆယ်နှစ်တိတိကွာသောသူကို ယူလိုက်ခြင်းက အားကိုးလိုစိတ်ကြောင့်ချည်းသက်သက် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့ခင်ပွန်းကို အလွန်ချစ်သည်။ အနစ်နာခံ အလျှော့ပေး၍ မြတ်မြတ်နိုးနိုးချစ်သော အနှစ်နှင့် အချစ်မျိုးဖြင့် မဟုတ်၊ ခင်ပွန်းနောက် တကောက်ကောက် လျှောက်လိုက်ပြီး လင်ယောကျ်ားနှင့် တတွဲတွဲ ချွဲနေချင် ကပ်နေချင်လွန်း သူသာ. . .

သူ့မှာ သားလေးတစ်ယောက်ရှိသည်။

ရုံးအလုပ်သမားဟု အကြောင်းပြ၍ သူ့ခင်ပွန်း 'ကိုတင်မောင်သိန်း'၏ မိခင်ထံပို့ပြီး သူတို့နှစ်ယောက် တည်း နေကြသည်ကိုက မိခင်စိတ်နည်းပြီး ရမ္မက်များသောဆန္ဒကို ပေါ်လွင်နေစေသည်။

ကိုတင်မောင်သိန်းမှာ ကုန်သွယ်ရေးဌာနမှ သံသယရှိ ဝန်ထမ်းများကို ဖမ်းဆီးစစ်ဆေးရာမှာ ပါသွားသည်။ သုံးလလောက် အထဲမှာနေရပြီးနောက် လွတ်လာသော်လည်း အလုပ်ပြုတ်သွားခဲ့ပါ၏။

ဤတွင် မော်လမြိုင်နှင့်ရန်ကုန် မှောင်ခိုကုန်ကူးရာမှ 'အန္တဲ့'ဆိုသော အမျိုးသမီးနှင့် ယှုလိုက်သဖြင့် ဒေါ်တင်ထားနုတို့ အရှုံးအမူး ဖျပ်ဖျပ်လူးသွားသည်။

ပထမပိုင်းတွင ခင်ပွန်းကို နှမြောသည်၊ ငို၍မဆုံး နောက်တော့ စိတ်နာလာသည်။ စိတ်နာရုံနှင့် သူက ရပ်တန့်မထား. . .

"လက်စားချေမည်"

ဆိုသော စိတ်ဝင်၍ အလှများပြင်တော့သည်။ သူ့လခတစားရသည်မရှိ၊ ဆံပင် အလှပြင်ဆိုင်နှင့် ဗိုလ်ချုပ်ဈေးတွင် လျှောကုန်သည်။ နေတော့ သူ့မိခင်အိမ်မှို့ တစ်ယောက်တ



မိခင်က ကျွေးထားနိုင်ခဲ့သည်။ အတူမနေသော သားပေါ်တွင်လည်း သံယောဇဉ်မကြီးလှ။

သူပြင်သည့်အလှများကို ယောကျ်ားတို့က စိတ်ဝင်စားသား မဝင်စားလားဖြင့်မသိ။ သူကသာ ဟိုလူ့ မောင်လေး၊ ဒီလူ့ အစ်ကိုကြီးဖြင့် အားလုံးကို စိတ်ဝင်စားလာသည်။

ချိန်တော့. . . အရာရှိတို့ သူ့ထက် ငယ်သော လူပျို ဘွဲ့ရ စာရေးလေးတို့ပါ။ အဲဒါတွေနှင့် တစ်ယောက်မှ မထိ၊ မငြိ။ ထိုယ့်ရုံးတွင်းမှာသာမို့ ဘောင်ကလည်းကျဉ်းသည်။

အထက်တန်းစာရေးမကြီး၏ အထက်က ရုံးအုပ်စာရေး ကြီးနိုးလူအေး မှုဆိုးဖို 'အစ်ကိုကြီး'ဆိုသော ဦးမောင်လှိုင်နှင့်သာ ပတ်ထပ်ဖြစ်ခဲ့ခြင်းဖြစ်ပါ၏။

ဒေါ်တင်ထားနုမှာ အလုပ်မလုပ်ချင်ဘဲ အလှအပ ပြိုက်ရုံမှ လွဲ၍ သဘောထား မကောက်ကျစ်လှသဖြင့် လင်ပါ သမီးများနှင့် နေ၍ရသည်။ တစ်ခါတစ်ခါမှသာ တူးမာနှင့် ပြဿနာတက်တတ်ကြပါ၏။

စိမ့်စမ်းအေး ဝင်ထိန်းလိုက်ပြန်တော့လည်း ပြဿနာက အေးသွားပြန်သည်။

သို့ပါသော်လည်း. . .

ဦးမောင်လှိုင်သည် သူလိုချင်သောပုံစံမျိုး ကြာလေ. . . ဆုတ်လေ ဖြစ်ကြောင်း ဒေါ်တင်ထားနု ရိပ်မိလာပြီ၊ သိလာ နေလေပြီ။

ရခါစကဖြင့် ဦးမောင်လှိုင်က အတတ်နိုင်ဆုံး လိုက်လျော ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင်ဖြင့် သူက တီတီတာတာ ကန္ဒဲ့ကယ ကပ်ချင်သည်ကို တည်ငြိမ်စ ပြုလာသော အဘိုးကြီးပေါက်စ ဦးမောင်လှိုင်က ရှက်လာပါ၏။

သမီးပျိုလေးများ ရှေ့တွင်လည်း ဆင်ခြင်လိုဟန်ရှိသည်။ ဒေါ်တင်ထားနု ကလက်သည်ကို မကြိုက်သော်လည်း မပြော ရှာပါ။ သူကပါ လိုက်၍ ယုယုယယ နွဲ့နွဲ့ချွဲချွဲမနေတော့။

မဆိုးဖို့ ကလေးနှစ်ယောက်အဖေ၊ သူ့ထက် ဆယ်နှစ် ကြီးသူကြီးကို အနစ်နာခံ၍ ယူထားရပါလျက် ယောက်ျားမတ သော၊ ထိတွေ့ တွဲနေချင်တတ်သော ဒေါ်တင်ထားနုမှာ ဦးမောင်လှိုင်ပေါ်တွင် တဖြည်းဖြည်း စိတ်ကုန်စပြုလာချိန် မှာ. . .

မျက်နှာစိမ်းတစ်ယောက် အိမ်သို့ရောက်လာခဲ့သည်။

ထိုနေ့က အိမ်တွင် စိမ့်စမ်းအေးနှင့် ရုံးမတက်သော ဒေါ်တင်ထားနုတို့ ရှိကြသည်။

"ကျွန်တော် မမနုနဲ့ တွေ့ချင်လို့ပါ။ ရုံးလိုက်သွားတာ ရုံးမတက်ဘူးဆိုလို့ အိမ်လိုက်လာတာ"

အသက်သုံးဆယ်စွန်းစအရွယ် ဒေါ်တင်ထားနုထက် ငါးနှစ်မျှလောက် ငယ်မည်ဖြစ်သော လူလည်ရုပ်၊ အဝတ်အ အပျံစားနှင့် လူတစ်ယောက် ရောက်ရှိလာခဲ့သည်။

စိမ့်စမ်းအေးက အိပ်ခန်းထဲတွင် လှဲနေသော ဒေါ်တင် ထားနုသို့. . .

"အန်တီ ဧည့်သည်ရောက်နေပါတယ်"

မည်သူမှန်းမသိခင်ကပင် ထတဲ့ပြီး မှန်ရှေ့မှာ ရပ်သည်။



ဆံပင်ကိုဖွ မျက်နှာကို ကရင်ပတ်(ဖ)ဖို့ပြီးမှ ထွက်လာတော့သည်။ ဧည့်သည်ကို မြင်လိုက်သည်နှင့် သူ့အမူအရာကို စိမ့်စမ်းအေးပါ အံ့သွားလောက်အောင် မျက်လုံးမျက်ဆံ ပြူးပြူးကြီးဖြစ်နေချိန် တွင်. . . ဧည့်သည်က. . .

"မမနု. . . မမနုရယ်. . ."

"ဟယ်. . . မောင်"

သည်အခါ မျက်လုံးပြူးအောင် လန့်ရသူက စိမ့်စမ်းအေး မီးဖိုဆောင်တွင်းသို့ ဝင်ပြေးခဲ့ရသည်။ သူတို့က စိမ့်စမ်းအေးကို သတိမထားနိုင်ကြတော့။

မြင်သာဆိုသည့် တိုက်ခန်းမှာ အိပ်ခန်း နှစ်ခန်း၊ ရှေ့မှာ ဧည့်ခန်းရှိသည်။ မီးဖိုဆောင်၊ အိပ်သာခန်း၊ ဒါပဲပါသည်။

သူတို့နှစ်ယောက်ကို မမြင်သာပါသော်လည်း ပြောစကား များအားလုံးကို စိမ့်စမ်းအေး ကြားနေရပါပြီ။

သူ့ကို လူတစ်ယောက်ရှိသည်ဟုပင် သူတို့ထင်ပုံမရကြ တော့။

စိမ့်စမ်းအေးကလည်း အပြင်သွားလျှင် သူတို့ရှေ့မှ ဖြတ်ထွက်ရမည်။ လည်စရာ အိမ်လည်းမရှိ။ ဘယ်မှလည်း မလည်တတ်၍ နောက်ဖေးချောင်တွင်သာ ညနေမှ တည်ရမည့် ထမင်းအိုးကို ယခုပင် ထိုင်ဆေးနေလိုက်တော့သည်။

"မငိုပါနဲ့ မမနုရယ်. . .၊ မောင် သိပ်မှားပါတယ်။ မောင် သာတောင်းပန်နေတာလေ၊ ကဲ. . . မမနု ကျေအောင် မောင် ဘာတွေလုပ်ပေးရမလဲ ပြော။ မမနုကို ဒီကောင် ဘယ်လောက် ချစ်တယ်ဆိုတာလည်း သိရဲ့သားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သွားပါ ချစ်လို့ အနွံ့ဆိုတာကို ယူပစ်လိုက်တာ မှတ်လား သွား. . . သွား. . ."

"ဟား. . . ဟား. . . ကဲ. . . မမနု စိတ်ကျေနပ်မယ်ဆို သေအောင်ထု၊ သေအောင်ရိုက်"

'ကိုတင်မောင်သိန်း" ယူသွားသူမှာ 'အနွံ့'ဆိုသော အမည်ကို ကြားဖူးထားပါ၍ ဤသူသည် ဖေဖေ့အရင်က ဒေါ်တင်ထားနု၏ ခင်ပွန်းဆိုသူပါလားဟူသော အသိကြောင့် စိမ့်စမ်းအေးမှာ ဤနေရာမှ ထွက်ပြေးချင်လောက်အောင် စိတ်ညစ်သွားရပါသော်လည်း ပြေးစရာမြေမရှိ၊ ချောင်ပိတ်မိနေသော အဖြစ်။

"ဟိုက မှောင်ခိုကုန်ကူးရင်း တွေ့လို့၊ ကြုံလို့၊ လွယ်လို့ပါ။ မမနုရာ. . . ကိုယ့် ငယ်ချစ်ဦးလို ဘယ်မှာ စွဲစွဲမြဲမြဲ ချစ်ပါ့မလဲ"

"ဒါတွေ ခုမှ လာပြောနေလို့ ဘာလုပ်တော့မှာလဲ။ သူတကယ်ရက်စက်တယ်"

"မရက်စက်လို့ မမနုဆီ ပြန်ပြေးလာတာပေါ့လို့"

"ပြန်ပြေးလာတော့လည်း ဒီက ဘာလုပ်နိုင်တော့မှာလဲ"

"မမနုရာ. . . ဒီအဘိုးကြီးကို မမနု မချစ်တာ မောင်အသိပါ။ ကွာပစ်လိုက်လေ နော်. . ."

"မြတ်စွာဘုရား"

နှုတ်က ယောင်၍များ အသံ ထွက်သွားမိလေသလားဟု စိမ့်စမ်းအေး နှုတ်ခမ်းကို လက်နှင့်ပိတ်လိုက်မိသည်။

"ဟင်း. . . ပြောတော့ လွယ်လိုက်တာ"



"မခက်ပါဘူး၊ လွယ်ပါတယ်။ မမနု သူ့ကို ချစ်လို့ယူတာမှတ်ပဲ။ မောင့်ကိုချစ်လို့ ယူပစ်လိုက်တာ မဟုတ်လား ဟင်"

"တော်ပါ"

"မောင် သိပါတယ်ဗျာ။ မောင့်ကို အရွဲ့တိုက်ချင်လို့ မမနု မင်လုပ်တာပါ. . . ဟုတ်လား. . . ဟုတ်လား။ အဲဒီပါးစပ် လေးက ပြော"

အသံများ ကြာရှည်စွာ တိတ်သွားပြီးမှ. . .

"ဦးလေးလှိုင် အကြောင်း မောင်လည်း အသိပဲဟာ၊ မမနု လာနေကျ ကောင်ပဲ။ လင်ပစ်မလေးဆိုပြီး မမနုကို သနားလို့ ယူလိုက်တာ။ သူ့မှာလည်း သမီးတွေနဲ့။ ဒီအဘိုးကြီး ရင်ခွင်မှာ ဒီလောက်လှတဲ့ မမနုရဲ့ဘဝလေးကို အဆုံးမခံစမ်းပါနဲ့ ဗျာ"

"မောင်နော်. . . အဲဒီလို အချွဲလာကောင်းမနေနဲ့၊ စ်ကိုကြီးက ကွာပေးတယ် ထားပါဦး။ မောင်က မမနုကို ခွင့်လွှတ်မှာလား"

"ခွင့်လွှတ်ရုံ ဘယ်ကမလဲ၊ ချစ်လွန်လွန်းလို့ လိုက်လာတဲ့ ဟာကို။ မောင်တို့ပြန်ပြီး တူတူနေကြမှာပေါ့။ သားကိုတော့ အဘွားနဲ့ပဲ ဆက်ထားမယ်လေ၊ ဟိုကောင်ကလည်း မောင်တို့ နဲ့ မပျော်ပါဘူး"

စိမ့်စမ်းအေးမှာ ရင်များ လှုပ်လှုပ်ခုန်လာသည်။ လက်များ ပါ တုန်လာရပါပြီ။

သူနှင့်စိုးလို ကမ္ဘာတည်အောင် ချစ်မယ့် မေတ္တာမျိုး၊ မေ့တုန်းကလို သက်ဆုံးတိုင် ရိုးမြေကျ ပေါင်းသင်းသွားမည့်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အိမ်ထောင်ရှင်မမျိုးသာ ရှိကြလိမ့်မည်။ အရှေ့ဘက်ဆီမှ ဗုဒ္ဓဘာသာဝင် မြန်မာပြည်၏ အိမ်ထောင်ရေးဆိုသည်မှာ အနောက်ဘက် တိုင်းနိုင်ငံများမှာလို ခုယူ ခုကွဲ၊ ခုပြန်ယူ ဆိုသည်များ၊ သည်ဘက်မြေမှာ မရှိနိုင်ပါဟု သိထားရာမှ. . .

ယခု ကြားရသော အကြောင်းရာများသည် ရှက်တတ်သော အပျိုမလေးတစ်ယောက်အတွက် မကြားဝံ့ မနာသာသော်လည်း ထွက်ပြေးရာမရှိ ဖြစ်နေရပါ၍ အရှင်လတ်လတ်သာ မြေမြှုပ်ခံပစ်လိုက်ချင်ပါတော့သည်။

နောက်ထပ် စကားများကို ကြားလည်း မကြားချင်၊ ကြားလည်း မကြားရဲတော့ပါ၍ အုတ်ရေကန်ရှိရာနောက်ဘက်သို့ ထွက်ရပ်နေမိသည်။ သူတို့ထံမှလည်း အသံတိုးသွားခဲ့ပြီမို့ ဘာမှ မမြင်သာ မကြားသာတော့ပါချေ။

"ဪ. . . ဖေဖေ. . . ဖေဖေ"

"ဖေဖေအတွက် ရင်လေးလိုက်ပါဘိတော့ကွယ်"

◆ ◆ ◆

## အခန်း ။ ၁၁ ။

"ဒါ စိတ်ညစ်စရာလား မမရဲ့၊ ဝမ်းသာစရာတောင်ကောင်းသေးတယ်။ အဲဒီ ကိုတင်မောင်သိန်း ဆိုတဲ့လူကိုလေ ဟန်တော့ပွဲလေး တစ်ပွဲနဲ့တောင် အဆစ် ကန်တော့လိုက်ချင်သေးတယ်သိလား"

"တူးမာ. . . နင်ပြောတော့ လွယ်လိုက်တာ။ ဖေဖေက ဆွေးနေမှာပေါ့ဟ"

"သွားစမ်းပါ၊ ဆံဖြူမှဆွေးလည်း ကြွေကျသွားအောင် ဆွေးစမ်းပါစေ"

"ဟဲ့. . . ကိုယ့်အဖေကို ဒီလိုပြောရလား"

"ပြောမှာပဲ။ မေမေဆို သေတောင်သွားရရှာတာ။ ခဏ ငိုပြီး မိန်းမယူပစ်လိုက်တာကြည့်လေ။ အခု သူ့ယောက်ျားဆီ သူပြန်တာ၊ ဖေဖေ ဒီလောက် ဆွေးမှာ မဟုတ်ပါဘူး။ မမ ငူမနေစမ်းနဲ့၊ သွားပစေ"

"တို့အဖေကလည်း သူများမိန်းမကို ဘာလို့ ယူရတာလဲ တယ်"

"ကွာပြီးသားလေ။ ဒါကြောင့် ယူတာပါ။ ဘယ်နဲ့ကြောင့် ဒီလူက ခုမှ ပြန်ကပ်ချင်ရတာလဲ။ ကပ်စမ်းပါ။ မြန်မြန်ကပ်လေ တူးမာတို့ သားဖတွေ ဟန်ကျလေပဲ"

www.burmeseclassic.com

www.burmeseclassic.com



အရာရာကို လွယ်လွယ်ပေါ့ပေါ့တွေး၍ ပျော်ပျော်ရွှင်ရွှင် နေတတ်သော တူးမာက စိမ့်စမ်းအေး အလေးအနက်ထား၍ ပြောကြားသော စကားများကို ဝမ်းပမ်းတသာ ရှိနေပါ၏။

ဉပုသ်နေ့မို့ တူးမာ ကျောင်းပိတ်သော်လည်း ရုံးမပိတ်သဖြင့် အိမ်တွင် ညီအစ်မနှစ်ယောက်တည်း။

"တူးမာ"

ခြေရင်း အိပ်ခန်းတွင်းရှိ ညီအစ်မနှစ်ယောက်၏ အိပ်ခန်းတွင်းမှာ တူးမာက တုံးလုံးလှဲလျက်။

စိမ့်စမ်းအေးမှာ ဘာအလုပ်မှမရှိ၊ အောင်စာရင်းကလည်း မထွက်သေး၊ ကျောင်းတက်ဖို့ကလည်း မသေချာ မရေရာပါ၍ အိမ်အလုပ်ချည်း ဖိလုပ်နေသည်။

တူးမာကို ဘာမှ မလုပ်စေရ၊ သူ့ထဘီကိုပင် လျှော်ဖွတ်မီးပူတိုက်ပေးသည်အထိ တူးမာပေါ်မှာ ကြင်နာရှာသော စိမ့်စမ်းအေးပါ။

"မမ"

"ဘာလဲ"

"တူးမာကို လိုက်နေတဲ့ ကောင်တွေကလည်း မမတို့ မြင်ရင် လိုင်းပြောင်းသွားရော"

"ဟင်. . . နင့်ကို လိုက်တဲ့လူ ရှိပြီလား"

"အောင်မယ်. . . ရည်းစား တစ်ယောက်တောင် ထားပြီးပြီ။ ကွဲသွားပြီ"

"ဟဲ့. . . တူးမာ"

"အဟား. . . ဟား. . . အလကား နောက်တာပါ မမရာ"



တူးမာ စကားလျှောချလိုက်မှန်း စိမ့်စမ်းအေး သိလိုက်၍ အထပ်ထပ်အခါခါ စစ်မေးပါသော်လည်း ရေရာသောအဖြေကို မေး၍ အစ်မထက်လည်သော တူးမာက စကားကို လှည့်ပတ်ပစ်လိုက်သည်။ စိမ့်စမ်းအေး လိုက်မမီတော့။

အရာရာကို ပေါ့ပေါ့လေး တွေး၊ ပေါ့ပေါ့လေး နေတတ်သော တူးမာသည် မေတ္တာရေးရာမှာဖြင့် ပေါ့ပေါ့လွယ်လွယ် မဖြစ်ပါစေနဲ့ဟူသော ပူပန်စိတ်ဖြင့် စိမ့်စမ်းအေး ပန်ဆုပြုရှာသော. . .။

"မမ. . ."

"ဟင်. . ."

"တူးမာ သူငယ်ချင်းတွေက ပြောကြတယ်။ နင့်အစ်မက သိပ်လှတာပဲ၊ သိပ် ကြန့်ရှိတာပဲတဲ့။ နင့်ရုပ်ကတော့ တုံးလိုက်တာ၊ နင့်ကို လမ်းဘေးအမှိုက်ပုံက ကောက်လာတာ ဖြစ်ရမယ်တဲ့"

တူးမာက ရယ်ရွှင်ဖွယ်တစ်ခုလို ရယ်မောပြောဆိုပါသော်လည်း စိမ့်စမ်းအေးမှာ တူးမာမသိအောင် တိတ်တိတ်ကလေး သက်ပြင်းချမိရပါပြီ။

တစ်ခု တော်သေးသည်က တူးမာကိုယ်တိုင် ဘာသံသယမျှ မရှိရှာ. . .။

မေမေ့ကို ပေးထားပြီးခဲ့သည့် ကတိအတိုင်း မိမိ၏ ကိုယ်ပွားလေး။ တစ်ခုတည်းသော နှလုံးသားလေးအဖြစ်နှင့် ရှင်နေရပြီဖြစ်သော စိုးကိုပင်လျှင် ယင်းကိစ္စကို ပြောမပြမိသေးပါ။

www.burmeseclassic.com



"တူးမာ. . ."

တူးမာက ပျင်းပျင်းရိရိနှင့် တုံးလုံးကြီးလှဲနေရာမှ ထူးလိုက်ပါ၏။

"ငါ့ကို နင် ချစ်ရဲ့လား"

"ငါ့အစ်မက လာပေါက်နေပြန်ပြီ။ တူးမာမှာ ချစ်စရာ ဆိုလို့ ဒီအစ်မတစ်ယောက်တည်းရှိတာ။ မချစ်ဘဲ နေပါ့မလား ကဲ. . ."

"ဟဲ့. . . ဟဲ့. . . . ကြည့်စမ်း"

လှဲနေရာမှ စိမ့်စမ်းအေး၏ ပခုံးကို အားနှင့် ဆွဲနှိမ့်လိုက်ပြီး ပါးနှစ်ဘက်ကို ဘယ်ပြန်ညာပြန် နမ်းတော့သည်။

စိမ့်စမ်းအေးမှာ တူးမာ၏ နှဖူးပြင်ပေါ်မှ ဆံစလေးများ သပ်တင်ပြီး ငုံ့၍ ပြန်နမ်းလိုက်ပါ၏။ သွေးမစပ်ပါဆိုသော ညီမလေးကို အကြင်နာအနမ်းလေးပါ။

"တူးမာ. . ."

"ဟင်. . ."

"နင့်မှာ တစ်ယောက်ယောက်ကို ချစ်စရာ ပြန်တွေ့သွား ရင်လည်း ငါ့ကို ဒီလိုပဲချစ်ပါနော်"

တူးမာ ဖော်ထုတ်နိုင်စွမ်းမရှိသည့် နက်ရှိုင်းသော အဓိပ္ပာယ်နှင့်စကားကို ဆိုလိုက်မိပါ၏။

"ခု တစ်ယောက်တည်းချစ်မယ်၊ နောက် နှစ်ယောက် ချစ်မယ်။ အရာရာကို ပူပင်တတ်တဲ့ ဒေါ်ပူပင်၊ ပူမနေ စိတ်ချ. . . ချစ်မယ်"



ပေါ့ပေါ့လေးပြောပြီး ရုပ်ပြစာအုပ်ကို ဖတ်နေပြန်သည်။ သူ့အထင်က 'ရည်းစားရလျှင်'ဟု ရည်ညွှန်း၍ သူ့အစ်မက ပြောသည်ဟု ယူဆလိုက်ဟန်တူပါ၏။

"တူးမာ နင့်မှာ ရည်းစားရှိတာ တကယ်လား"

"ကွဲသွားပါပြီ ဆိုမှ"

"ဘယ်ကကောင်လေးလဲ ဟင်"

"ကွဲသွားပါပြီဆိုမှပဲ"

"လွယ်လိုက်တာ တူးမာရယ်. . . နင့်အရွယ်နဲ့ ရည်းစားထားစမ်းပါနဲ့ဦး"

"အခု မရှိပါဘူး"

"နောက် ရှိရင် ရှိမယ်ဆိုတဲ့သဘောလား။ နင့်ကြောင့် တော်ပါသေးတယ် တူးမာရယ်"

"တကယ်ခက်တာက မမ"

"ငါက ဘာဖြစ်နေလို့လဲ"

"အဘွားကြီးအိုလေး ကျနေတာပဲ။ အိမ်ထဲက အိမ်ပြင် ထွက်ဘဲနဲ့၊ လောကအကြောင်းလည်း ဘာမှမသိ"

"အောင်မယ်. . . နင်က လောကအကြောင်း ဘယ်လောက်များ သိနေလို့လဲ။ ကြီးကျယ်လိုက်တာ"

"လောကအကြောင်းသာ မသိရှိရမယ်။ ကောင်လေးတွေ အကြောင်းတော့ အကုန်သိ"

"ပြောလေ ဆိုးလေပါလား"

"တကယ်. . . ကြည့်နေ၊ ဘယ်သူ့ကြောင့်မှ မိတူးမာတို့ အသည်းဟက်တက် မကွဲစေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ချစ်တဲ့သူနဲ့တွေ့ရင် တကယ်ခံစားရမှာပါ တူးမာ၊ ဒါပေမယ့် နင့်အရွယ်နဲ့ ရည်းစား မထားရသေးဘူး ဒါပဲ"

"မထားပါဘူး။ ထားလည်း မိတူးမာတို့ကို ဘယ်သူမှ ကြောလို့မရဘူး။ ကြည့်နေ"

ပါးစပ်က ပြောသော်လည်း မျက်လုံးက စာအုပ်မှာ စိမ့်စမ်းအေးက ဆွဲလုလိုက်ပြီး. . .

"ကျောင်းပိတ်တဲ့နေ့လေး ညီအစ်မနှစ်ယောက် တူတူ နေရတာ။ နင့်စာအုပ်ကြီး ဖတ်မနေစမ်းပါနဲ့"

"ကဲ. . . ဘယ်လိုဖျော်ဖြေရမလဲ ပြော။ ယိုးဒယားက လား၊ ရှိတ်နဲ့လား"

တူးမာက အိပ်နေရင်းက လက်ကလေးကို ကွေးမြှောက် က,လိုက်ပြီးတော့ တတောင်ဆစ် ကလေးနှစ်ဘက် ကွေး တစ်ချက် ရှိတ်ဆွဲပြလိုက်ပြန်သည်။

ညီမလေးရှိလျှင် အလိုလို ပျော်နေမိသော စိမ့်စမ်းအေး မှာ စောစောဆီက ဖေဖေ့အိမ်ထောင်ရေး၊ တူးမာ၏ ရည်းစား ပြဿနာများ ပြေပျောက်ပြီး ဟက်ဟက်ပက်ပက် ရယ်မော တော့သည်။

"ပျင်းလိုက်တာ၊ ဒီနေ့ ကိုကိုစိုး စောစောလာ ကောင်းမှာပဲနော်"

"အေး. . . ငါလည်း မျှော်နေတာပဲ။ ဒါပေမယ့် အလုပ်အတွက် လိုက်နေတယ်။ အလာနောက်ကျမယ် ပြောထားတယ်"



"သဘော်လိုက်မှာ နော်"

"အင်း. . ."

"ကိုကိုစိုးက ဂုဏ်ထူးသုံးခုနဲ့တောင် အောင်တာ။ ဆရာ လိုင်းမရတောင် အင်ဂျင်နီယာတော့ အသာလေး တန်းဝင်မှာ မာပြည်မှာပဲ ကျောင်းဆက်နေရင် ပြီးရော"

"သူလည်း နေချင်တာပေါ့ တူးမာရယ်၊ သူ့အဖေကမှ အားမပေးနိုင်တာ။ ပြီးတော့ သူက ဝင်ငွေရမယ့် အလုပ်ကို မြန်လုပ်ချင်ပြီတဲ့"

"မိန်းမ လိုချင်လို့ ထင်တယ်"

"အေးပေါ့. . ."

"ကိုကိုစိုးကိုရတဲ့ မိန်းမက တကယ် ကံကောင်းမှာ၊ သိပ်ပြီး ဘောလည်းကောင်း၊ အလုပ်ဆိုလည်း ဘာမှ မညည်းဘူး။ ရာရာမှာလည်း သိပ်တော်တာ"

"အဲဒီ ကံကောင်းမယ့် မိန်းမက နင့်အစ်မဟဲ့ တူးမာရဲ့" လို့ ပြောပစ်လိုက်ချင်ပါသည်။ စိမ့်စမ်းအေး မပြောရဲပါ။ သဲက အပြုံးသည်သာ မျက်နှာမှာ စိမ့်ဖြာ ထင်ဟပ်လာပါ၏။

"ဟော. . . ပြောရင်း ဆိုရင်း. . ."

တူးမာက အလန့်တကြားပြောရင်း အိမ်ပြင်ဘက်သို့ ငွင့် ခေါင်းထောင်လိုက်သည်။

"စိုး------"

စိမ့်စမ်းအေး အခန်းတွင်းမှ ထွက်ပြေးပြီး အိမ်ရှေ့ကြည့် က်တော့ မည်သူမှ မရှိပါလား။

"ဟား. . . ဟား. . . ဟား၊ ရှက်ပါတယ်ဟေ့။ ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်း ဟောဟိုက သစ်ကိုင်းလေး လှုပ်လာတယ်လို့ ပြောမ
ဟား. . . ဟား. . . ဟား"

ရှက်ရမ်း ရမ်း၍ တူးမာ၏ ပြည့်ဖြိုးစ တင်ပါးလေး
ဖြတ်ခနဲမြည်အောင် တစ်ချက်ရိုက်ပစ်လိုက်မိသည်။

ရှက်လည်း ရှက်သွားသည်၊ သူတို့အဖြစ်ကို ရိပ်မိမှာလည်
စိုးရိမ်သွား၍ပါ။

"ကဲ. . . ဖတ်. . . ဖတ်၊ နင့် ကျောင်းစိမ်းထဘီ မခြော
သေးတာတွေ မီးပူတိုက်လိုက်ဦးမယ်"

မီးပူတိုက်ရင်း မျက်နှာက အိမ်ဝင်မြေလမ်းဘေးဘက်
တစ်မိနစ်တစ်ခါလောက် မျှော်နေမိသည်။

စိုးရောက်မလာသေးသော်လည်း စိုး၏ အသွင်ကို မြင်န
နေသည်။

စိုး၏သဏ္ဌာန်က နှလုံးသားထဲမှာ. . . ရင်ထဲမှာ အ
လှုပ်ရှားရှင်သန်နေလျက်ပါ။

အခန်းထဲမှ ငြိမ်ချက်သားကောင်းလွန်းလှ၍ မီးပူချ
ထကြည့်လိုက်မိသည့်အခါ. .

"ကြည့်စမ်း. . . နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွား
ပြီ။ ငါ့ညီမလေးဟာ အပြစ်မဲ့တဲ့ ကလေးငယ်လေးတစ်ယော
အိပ်ပျော်သွားသလို တကယ့်ကို. . . ချစ်စရာ၊ သနားစရာ
ပါကွယ်"

◆ ◆ ◆

## အခန်း ။ ၁၂ ။

"စိုး"

"စိမ့်"

"ဟင်. . . ဒီလိုခေါ်ခံရတာ တစ်မျိုးကြီးပဲ"

"သိပ်ပြီး ချစ်မြတ်နိုးတဲ့ချစ်သူတွေ ဖြစ်လာကြပြီပဲ။ မိ. . .
တာကြီး ရှေ့ကထည့်မခေါ်ချင်ဘူး"

"နင်ကြိုက်သလိုခေါ်ပါ။ ဒါပေမယ့် ကြားနေကျ မဟုတ်
တော့ တစ်မျိုးကြီးပဲ၊ ငါရှက်တယ်ဟ"

"ကြည့်စမ်း. . . ကိုယ့်ချစ်သူကို ငါလို့ ပြောရသလား"

"ဘယ်လိုပြောရမှာလဲ"

"စိမ့်လို့ ပြောကြည့်စမ်း"

"နင့်ကိုယ်နင်ရော ဘယ်လိုပြောမှာလဲ"

"စိုးကလို့ ပြောကြည့်ရ ကောင်းမလား။ အို. . .
ကောင်းပါဘူးဟာ။ ယောကျ်ားလေးကတော့ အရင်အတိုင်းပဲ
ပြောတာ ကောင်းပါတယ်"

"ဟင်း. . . သူကျတော့"

"အေးဟ. . . စိုးကလို့ ပြောရမှာ ငါလည်းရှက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှုပ်ပါတယ် စိုးရယ်။ တို့ အရင်အတိုင်းပဲ ခေါ်ပြ
ပြောကြမယ်လေ။ အရင်အချစ်ကလေးတွေလည်း ပျယ်မသွာ
ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်"

"နောက်တစ်မျိုးနဲ့ ထပ်တိုးပြီး ချစ်တယ်ဆိုတာလည်
ပြောဦးလေ"

"စိုးရယ်. . . ငါ နင့်ကို ဘယ့်လောက်ချစ်တယ်၊ အား
တယ်ဆိုတာ နင်အသိဆုံးပါ"

"သိပါတယ်မိစိမ့်၊ ငါ့ရင်ထဲမှာလည်း နင့်ကို ဘယ်လော
သနားရတယ်၊ ဘယ်ထိအောင် ချစ်နေရတယ် ဆိုတာ
နင်သိပါစေ"

"အေးပါ. . . စိုးရယ်၊ တို့နှစ်ယောက် ချစ်တာတွေ
ပြောနိုင်တာထက်ပိုပါတယ်ဆိုတာ တစ်ယောက်ရဲ့ အသ
နှလုံးကို တစ်ယောက် မြင်နေကြပြီးသားပါ"

စိမ့်စမ်းအေးမှာ စိုး၏ လက်မောင်းကိုဖက်ပြီး ပခုံးစွန်
ခေါင်းမှီထားလိုက်သည်။ စိုးက စိမ့်စမ်းအေး၏ လက်ခုံလေ
ဆွဲယူပြီး သူ့ပါးမှာ အပ်ထားလျက်. . .

လူငယ်နှစ်ယောက်၏ ထိတွေ့မှုမှာ သည်မျှထက် မ
ရမွက်မပါ၊ အကြင်နာသက်သက်ဖြင့် အချစ်ကြီးချစ်ခဲ့ကြ
ငယ်ချစ်ဦးနှစ်ယောက်၏ ထိတွေ့မှုက အကြင်နာစမ်းချေ
မျောနေသည်သို့ပင် သန့်သန့်စင်စင် ဖြူဖြူလွင်လွင်. . .

"ဦးလေးတို့ အခြေအနေ ဘယ့်နဲ့လဲဟင် မိစိမ့်"

"သိပ်တော့ ပြေလည်ကြပုံမရဘူး။ ခုတလော နှစ်ယော
လုံး ခပ်တည်တည်ပဲ၊ ဖေဖေက ကွာမပေးချင်ဘူးနဲ့တူတ



"ဦးလေးက သူ့မိန်းမငယ်ငယ်လေးကို ချစ်မှာပေါ့"

"ငါတော့ ဒီလိုမထင်ဘူး၊ ဖေဖေ့ကြည့်ရတာ စိတ်ကုန်
နေပုံပဲ။ ဒါပေမယ့် . . . အပြောင်းအလဲတွေ မဖြစ်ချင်လို့
သည်းခံနေရတယ်လို့ ထင်တာပဲ"

"ဟုတ်တော့လည်း ဟုတ်တာပဲ။ ဘာပဲဖြစ်ဖြစ်၊ သိက္ခာကို
ငဲ့ကွက်ချင်တဲ့လူက စိတ်ဆင်းရဲရစမြဲပဲပေါ့"

"စိတ်ညစ်ပါတယ် စိုးရယ်"

"မညစ်စမ်းပါနဲ့။ နင် စိတ်ညစ်ရမှာ၊ စိတ်ဆင်းရဲရမှာကို
ငါ အစိုးရိမ်ဆုံးပဲ။ ဒီမှာ မိစမ့်။ ကွဲသွားလဲ တစ်ခုတော့
ကောင်းတာပဲ။ နင်တို့ ငါတို့ရပ်ကွက်ထဲ ပြန်ပြောင်းလာခဲ့ကြပေါ့"

"ဟင်. . . စိန်မေတ္တာကို ပြန်ပြောင်းလာရမယ်"

"အေးပေါ့၊ ဒီအိမ်က ဒေါ်တင်ထားနု ပိုင်လေ၊ ငွေ
အစ်ဝက်ဆိုတာက သူ့အမ်းဦးမှုကို၊ ကွဲကြရင် နင်တို့ သားအဖ
တွေ ဖယ်ပေးရမှာပေါ့"

"ဟုတ်သားပဲ။ ဒီထိ ငါမတွေးမိဘူး ကြည့်စမ်း"

"ဒီလိုပဲ ဖြစ်ရမှာပေါ့။ တကယ်လို့ သူတို့ ကွဲကြရင် ငါတို့
ရပ်ကွက်ထဲ ပြန်ပြောင်းပါရစေလို့။ နင်ရော တူးမာပါ ဝိုင်းပြော
ကြနော်၊ ဒါမှ ငါတို့ အရင်လို နီးနီးနားနား နေရမှာ"

"စိတ်ချ၊ တို့ကတော့ ပြောမှာပဲ။ ဒါပေမယ့်. . . ဖေဖေက
ရှက်လို့ ပြန်မှ ပြောင်းချင်ပါ့မလား မသိဘူး"

"အေး. . . ဒါလည်း ဟုတ်တာပဲ။ ဒါပေမယ့်. . . နင်
ဘယ်မှာပဲ ရှိနေ ရှိနေပါ၊ ငါ မရောက် ရောက်အောင် လာခဲ့မှာ
ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်. . . စိုးရယ်၊ နင် အခုလိုက်နေတဲ့ အလုပ်ရပြီး နိုင်ငံခြားထွက်သွားရင် ငါတော့ လွမ်းတဲ့စိတ် အားငယ်တဲ့စိတ်နဲ့ သေမှာပဲ"

"ငါ သွားတာ နင့်အတွက်ပါဆိုတဲ့စိတ်နဲ့ ဖြေသိမ့်ပေါ့ မိစိမ့်ရယ်။ အလုပ်က ရဖို့လည်း မလွယ်သေးပါဘူး"

"ဘာဖြစ်လို့"

"ဪ. . . ငါက ငွေမှ မပေးနိုင်တာ"

"အေးလေ. . . တို့တွေ သိပ်ကံဆိုးတာပဲနော်၊ ငါ ကျောင်းတက်ဖို့အတွက်လည်း ဖေဖေက ခုထိ ဘာမှမပြောသေးဘူး"

"သူလည်း သူ့ပြဿနာနဲ့သူလေ. . .၊ ငါ မြန်မြန်သွားရရင်လည်း နင့်ကို ထားနိုင်မှာပါ။ နင့်အမှတ်က အိုကို ဝင်တယ်။ ငါဖြစ်အောင် ထားပေးမယ် မိစိမ့်လေးရယ်"

"ဪ. . . စိုး"

"နင် ဆရာဦးဥက္ကာဆီ ရောက်သေးလား"

"မရောက်ဘူး၊ ဘာဖြစ်လို့လဲ"

"နင် သင်္ဘောလိုက်ဖို့ ကိစ္စလေ"

"ဪ. . . အေး. . . ဟုတ်သားပဲ။ သူ ငါ့ကို ခေါ်ထားတယ်နော်. . .။ ကြည့်စမ်း၊ ငါ မေ့နေလိုက်တာ။ ဒီညနေပဲ ငါသွားလိုက်ပါ့မယ်"

"အေး. . . ဆရာက နင့်ကို သိပ်သနားနေတာ။ သူ့သားမက်က သင်္ဘောကပ္ပတိန်လေ၊ လိုက်ခွင့်ရအောင် လုပ်ပေးနိုင်မှာပေါ့"



"အေး. . . အေး. . . ငါ သွားမယ်"

"ဆရာက နင် သစ္စာရှိမယ်လို့ ယုံမှာပါ။ ငွေလိုရင် ကြိုတင်ထုတ်ပေးပါ။ လခရရင် ပြန်ဆပ်ပါ့မယ်လို့ ပြောပေါ့"

"ပြောမယ်။ သူ တတ်နိုင်တာဆိုရင် ငါ့ကို ကူညီမယ်၊ လာခဲ့လို့ ပြောထားတာ။ ကြည့်စမ်း၊ ငါ မေ့နေလိုက်တာ။ အို. . . ငါဟာ နင်ကလွဲပြီး ဘာကိုမှ သတိမရချင်လောက်အောင်ပါပဲလေ။ အိမ်အလုပ်ပြီးရင် ဒီပဲ ပြေးလာချင်နေတာ"

"ငါကလည်းလေ. . . နင် ရောက်မလာခင် အချိန်တွေကို ဖြတ်ပစ်လိုက်ချင်တယ်။ ရောက်လာပြန်တော့ အချိန်ကို ရပ်ထားလိုက်ချင်တယ်။ သိရဲ့လား"

"မိစိမ့်လေးရယ်. . . နင့် စကားတွေကို နိုင်ငံခြား ရောက်လို့သွားရင်တောင် အမြဲကြားနေမိမှာ၊ ငါ သိပ်သဘောကျသွားပြီကွာ"

"ငါ့ရင်ထဲမှာ တကယ်ဖြစ်တာကို ပြောတာပါ"

"အဲဒါ တကယ်ချစ်လို့။ ကိုယ့်ချစ်သူ မျက်နှာကို အမြဲကြည့်ချင်နေလို့ မဟုတ်လားဟင်"

"သိရဲ့သားနဲ့"

"ငါလည်း ဒီလိုပဲ။ ညတိုင်းကျ အိပ်မပျော်ဘူး။ နင့်အကြောင်းပဲ စဉ်းစားနေမိတယ်။ ဒီမှာ မိစိမ့်"

"ဟင်. . ."

"ငွေအတွက်သာ သင်္ဘောလိုက်ချင်တာ။ အမှန်တော့ ဒါ မသွားချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ။ နင့်ကို မခွဲနိုင်လို့ပေါ့။ နင်တို့ အခြေ
တွေကို စိတ်မချလို့ပေါ့"

ထုံးစံအတိုင်း စိုး၏ လက်မောင်းကိုဖက်ပြီး သူ့ပခုံးစွန်း
ခေါင်းမှီထားလိုက်သည်။ စိုးကလည်း စိမ့်စမ်းအေး၏ လ
ကလေးကိုယူ၍ ပါးမှာ ကပ်ထားပါ၏။ လက်ခုံကလေးပင်
မနမ်းရက်ပါ။

"တို့နှစ်ယောက်လောက် ချစ်နိုင်ကြတဲ့ချစ်သူတွေ ဒီက
မှာ မရှိနိုင်ပါဘူးနော်. . .။ ငါလေ. . . နင့်ကို ဘယ်လို ဘယ်
များ ချစ်မှန်း မသိဘူး မိစိမ့်ရယ်"

"ငါလည်း ဒီလိုပဲထင်တာပဲ။ ဒါပေမယ့် တခြားချစ်သူ
ကရော၊ ဒီလိုပဲ ထင်ကြမှာပဲ မဟုတ်ဘူးလား"

"ဘယ်လိုထင်ထင်၊ တို့ကို မမီနိုင်ပါဘူး။ ဘာဖြစ်လို့
ဆိုတော့ တို့လို မွေးတည်းက အတူနေပြီး တွယ်ငြိလာ
သံယောဇဉ်ကြိုးတွေ တို့လိုဘယ်ရှိမလဲ"

"အေးနော်. . . နင့်ကိုလေ. . . သူငယ်ချင်းတစ်ယော
လိုလည်း ချစ်တယ်။ အစ်ကိုတစ်ယောက်လိုလည်း လေး
တယ်။ နောက်လေ ပြောရရင် ငရဲကြီးမလားမသိဘူး။ ဖေ
ထက်တောင် ပိုပြီး အားကိုးမိပါသေးတယ်"

"ဒါပဲလား ဆက်ဦးလေ"

"ပြီးပြီ"

"မပြီးသေးပါဘူး"

"ဘာကျန်သေးလို့လဲလို့"



"ဟာ. . . သိပ်အရေးကြီးတာ ကျန်သေးတယ်။
ပြော. . . ပြောစမ်း"

စိုးက စိမ့်စမ်းအေးကို သူ့ကိုယ်မှခွာစေပြီး မျက်နှာကို
သူ့လက်နှစ်ဖက်နှင့် နုနုညင်ညင်လေး ဆွဲယူပြီး ပြောနေသည်။

"ဟင်. . သိသားနဲ့"

"သိပေမယ့် ကြားချင်တယ်"

"ချစ်သူလိုလည်း အချစ်ဆုံးအချစ်တွေနဲ့ ချစ်ပါတယ်
ရယ်"

မကြည့်ရဲတော့၊ ခေါင်းကိုငိုက်ချပြီး စိုးရင်ခွင်မှာ မျက်နှာ
အပ်ရင်း ပြောလိုက်မိသည်။ စိုးထိုက်မှာ ချစ်သူ၏ နုနုညက်ညက်
ကိုယ်ခန္ဓာလေးကို စိတ်ရှိတိုင်းသာ ကြေသွားအောင် ဖက်ပစ်
လိုက်ချင်ပါသော်လည်း ဖြည်းညှင်းညင်သာစွာ သာသာယာယာ
လေး ပွေ့ထားရှာပါ၏။

"ငါလေ. . . သဘော်လိုက်ချင်လှပြီ၊ နင်တို့ကိုလည်း
ထားခဲ့ရမှာ စိတ်မချဘူး"

"ငါလည်း အားငယ်ကျန်ရစ်မှာပါ"

"တူးမာကို ကြည့်ထိန်းစမ်း မိစိမ့်၊ ဒီကောင်မလေး မလွယ်
ဘူးနော်"

"ထိန်းဖို့ဆိုတာလည်း သိတဲ့အတိုင်း. . . ငါ့ကို သူ
ကြောက်တာမဟုတ်ဘူး။ နင်ရှိရင် တော်သေးတယ်။ ငါ့ကို
နောက်တာလား။ တကယ်လား မသိပါဘူး။ ရည်းစား
တစ်ယောက်ရှိပြီးပြီ၊ ကွဲသွားပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဟုတ်ချင်ဟုတ်မှာ၊ ခက်တာပဲ။ အေးလေ. . . နင်ကလည်း အဖော်မပါရင် ဘယ်မှမသွားဝံ့တဲ့ သူဆိုတော့လည်း သူ့နောက် ဘယ်လိုလုပ်လိုက်မလဲ။ ကြာလေ နင့်ကို ကျော်လေ ဖြစ်မှာပဲ"

"တူးမာက အသိတရားရှိပါတယ်။ လိမ်လည်း လိမ္မာပါတယ်။ သက်သက်ဆိုးနေတာ"

"တို့ကို ဆိုးလို့ရလို့ သူဆိုးနေတာပါ။ ဦးလေးတို့ သတင်းရော ဘာပြောသံကြားလဲ"

"လင်မယားချင်းတော့ သိပ်ကြည်ပုံမရဘူး။ ကြည့်ရတာ ဖေဖေက ကွာမပေးဘူးလို့ ပြောတယ်နဲ့တူတယ်။ အန်တီနုတ ညျညျူစူစူနဲ့"

"အဲဒါကတော့ သူတို့ပြဿနာပေါ့လေ။ အဲဒီကိစ္စအတွက်တော့ နင်တို့ညီအစ်မအဖို့ မကောင်းဖြစ်စရာ မရှိနိုင်ပါဘူး"

"ဘာကိုလဲ"

"ဪ. . . သူတို့မကွာဖြစ်ရင်လည်း ဒီအိမ်လေးမှာ ပိုနေမြဲ ကျားနေမြဲပေါ့။ ကွာဖြစ်ရင်လည်း နေရေးထိုင်ရေး ဦးလေးကပဲ စီစဉ်မှာပါ. . . နင်တို့သားအဖသုံးယောက် ပြန်လည်ပေါင်းစည်းသွားတာပေါ့"

"အင်းနော်"

"သူတို့ ကြိုက်သလို ဖြေရှင်းကြပါစေ၊ နင်တို့ညီအစ်မ အတွက် ဆိုးဆိုးရွားရွား ဖြစ်လာစရာ မရှိပါဘူး"

"အေး စိုးရယ် တို့နှစ်ယောက်လုံး ကံဆိုးကြတယ်။ မိခင်မဲ့တဲ့ဘဝဟာ တကယ့်ရေနည်းငါးလိုပဲ။ မွန်းကျပ်ပူလောင်လှတဲ့ ဘဝထဲမှာ နစ်နေရတာပါနော်"



"ကံကြမ္မာပေါ့ဟာ။ တို့ရှေ့မှာ ရောင်ခြည်တော့ ရှိနေပါပြီ။ နင့်ကို ကျောင်းထားပေးပါ။ ဖြစ်အောင်ကြိုးစားပေးပါ။ ကျွန်တော် ငွေပြန်ပို့ပါမယ်လို့ ဦးလေးကို ငါတောင်းပန်ခဲ့မယ်။ အရေးကြီးတာက ငါမြန်မြန်သင်္ဘောတက်ရဖို့ပဲ"

"ငါ ကျောင်းနေခွင့် ရနိုင်ပါဦးမလားဟင်. . . စိုး"

"နေရမှာပေါ့။ နေကို နေရစေမယ်။ နောက်ဆုံး ငါ နိုင်ငံခြား မသွားရလည်း ဒီမှာ အလုပ်လုပ်ပြီး နင့်ကို ကျောင်းထားမယ်. . ."

"နင်က ပိုနေသင့်ပါတယ်။ နင့်အမှတ်တွေက သိပ်ကောင်းတာ. . ."

"ငါ မနေချင်ဘူး။ အလုပ်ပဲ လုပ်ချင်တယ်။ အဲဒါ နင့်အတွက်ပါ။ နင့်ကို ချစ်လွန်းလို့ သိလား။ ခုနပြောတဲ့ မွန်းကျပ်ပူလောင်လှတဲ့ ဘဝထဲက ဆွဲထုတ်ပြီး အယုယဆုံး အမြတ်နိုးဆုံး အချစ်တွေနဲ့ ချမ်းချမ်းသာသာ နေရစေချင်လွန်းလို့ပါ မိစိမ့်ရယ်"

"အို. . . ငါ သိပ်အားကိုးတဲ့ စိုး။ ငါသိပ်ချစ်တဲ့ စိုးရယ်"

စိမ့်စမ်းအေးမှာ စိုး၏ ကျစ်မာတင်းပြည့်သော လက်မောင်းကို ပိုက်ဖက်လျက် ကြင်နာအားကိုးခြင်း ကြီးစွာဖြင့် လက်မောင်းကို အားပါးတရ စတင်ရှိုက်နမ်းလိုက်မိပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၃ ။

စိမ့်စမ်းအေးတို့ အောင်သည့်နှစ်က ဒေသကောလိပ် (Regional)မပေါ်သေး၊ တောင်ဥက္ကလာမြင်သာမှ စီးပွားရေး တက္ကသိုလ်ရှိရာ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နယ်မြေသို့ လာရမည့် ခရီးက မလွယ်ကူလှ။

"ဘယ်လို အခက်ခဲပဲရှိရှိ စာတော်တဲ့ သမီးကြီးကိုတော့ ဖြစ်တဲ့နည်းနဲ့ ကျောင်းထားပေးမယ်"

ဆိုသော ဖခင်ကြီး၏ စေတနာကြောင့် စိုး. . . စိမ့်စမ်း အေးနှင့် တူးမာတို့ ကြီးကျယ်ခမ်းနားစွာ ဝမ်းသာလွန်းရပါပြီ။

စိုးသည် သူကိုယ်တိုင် ကျောင်းတက်ခွင့်ရလျှင်ပင် သည်မျှ ဝမ်းသာမိမည်မဟုတ်ရှာပါ. . .

တူးတူးမာကလည်း. . .

"တူးမာတို့ကတော့ ဆယ်တန်းဆိုတဲ့ ဒီတောင်ကို ကျော်နိုင်မယ့်သူမဟုတ်ဘူး။ မမသာ ဘွဲ့ရအောင် သင်စမ်းပါ။ တူးမာလိုက်ပို့ လိုက်ခေါ်ပေးမယ်. . . မပူနဲ့"

အလည်မလေး တူးမာက အားပေးပြန်တော့လည်း. . .



"တစ်ရက်နှစ်ရက်လောက် ဒီကားစီး ဒီနေရာဆင်းဆိုပြီး ထိုက်ပြပေး၊ ပြီးတာပဲတူးမာ၊ နင် နေ့တိုင်း လိုက်ပို့စရာ မလိုပါဘူး"

"အောင်မယ်. . . ကားပေါ်မှာ သူ့ကို ဝိုင်းရှိတ်ရင်၊ ဆိတ်ရင်၊ တို့ရင် ထိရင် ကြောက်လိုက်တာ ချီးချမ်းနေမှာ၊ ဒင်း. . . တူးမာတို့များဆို ဘာရမလဲ၊ သူက ပြူးကြည့်ရင် ကိုယ်က ပြုကြည့်လိုက်တယ်။ တိုးရင် တိုက်ပစ်လိုက်တယ်"

"နင် ပို့နိုင်လည်း ငါက စိတ်မချဘူး။ ဖေဖေကလည်း နင့်ပြုမှာ မဟုတ်ဘူး။ ဘယ့်နဲ့ လမ်းစရိတ်နဲ့ မွဲရချည့်ရဲ့။ ကျောင်းစရိတ်တောင် ဖေဖေ့မှာ မနည်းထားပေးရမှာ"

"အို. . . ဘာပဲဖြစ်ဖြစ် ကိုယ် တစ်သက်လုံး မနေရမယ့် တက္ကသိုလ်ကို ကိုယ့်အစ်မ ရောက်တာ တူးမာ ဝမ်းသာမဆုံးဘူး"

"ဘယ်လိုပြောလိုက်တာလဲ။ နင်လည်း ကြိုးစားပေါ့၊ နင်အောင်ရင် ငါဘွဲ့ရနေပြီ၊ ပြန်ထားပေးမှာပေါ့"

"ဆယ်တန်း အသာထား၊ ကြည့်နေ. . . ဒီနှစ် ခုနစ်တန်း ကျိန်းသေ ကျစေရမယ်၊ အောင်ရင် ပါးရိုက်"

"တူးမာရယ်"

"ညီမငယ်၏ စကားကို စိတ်ညစ်ညစ်နှင့် ညည်းညူရုံမှ လွဲ၍ ဘာဆက်ပြောရမှန်းကို စိမ့်စမ်းအေး မသိတော့။

သည်သို့ဖြင့်. .

စိမ့်စမ်းအေးတစ်ယောက် လျှောက်လွှာများတင်ပြီး ငွေများသွင်းပြီး၊ စီးပွားရေးတက္ကသိုလ် ကျောင်းတော်သူကြီး ဖြစ်ခါနီးဆဲဆဲ၊ ကျောင်းများ ဖွင့်တော့မည့်အချိန်တွင်. . .

www.burmeseclassic.com

www.burmeseclassic.com



"စိုးရယ် အပွိုင့်မဲန့် အော်ဒါက ရမယ့် ရတော့လည်း ချက်ချင်းကြီးပါလား"

"အေး. . . ငါလည်း ဒီလောက် မြန်မြန်ကြီး ဖြစ်လိမ့်မယ်လို့ ကို မထင်ဘူး။ ဆရာဦးဥက္ကာရဲ့ ကျေးဇူးက ကြီးလှပါတယ်။ နိုင်ငံခြားမှာ အလုပ်ရဖို့ဆိုတာ ပိုင်ရင် အဆက်သွယ် ကောင်းရင် ဘာမှမခက်ဘူး"

"ကြားမှာ ခြောက်ရက်ပဲလိုတော့တယ်နော်။ နင်သွားရ တော့မှာ"

"အေးဟာ. . . ငါ့ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်နေမှန်းလည်း မသိတော့ပါဘူး။ သွားသင့် သွားထိုက်လို့သာ သွားရမှာ။ နင့်ကို လွမ်းတာနဲ့ ပင်လယ်ထဲ ခုန်ချပြီး လက်ပစ်ကူးပြန်ပြေးလာမ မလား မသိပါဘူး။ နင်ရော ငါ့ကို အောက်မေ့နေမှာပဲ မဟုတ်ဘူး လားဟင်"

စိမ့်စမ်းအေး မဖြေ. . .

"ငါမေးတာ ဖြေပါဦးဟာ"

ဘာသံမှ မကြားရ၍ ငဲ့နေသော စိမ့်စမ်းအေး၏ မျက်နှာ ကို စိုးထိုက် ငဲ့ကြည့်လိုက်မိသည်။

"ဟင်. . . မိစိမ့်. . . နင် ငိုနေတယ်"

ချစ်သူ မြင်သွားတော့မှ မျက်ရည်တို့က ပိုမိုသွန်ကျလာ သည်။

"စိုး. . . ငါ နင့်ကို မခွဲနိုင်ဘူး"

"တို့ ဒီလို ငယ်ငယ်မှာ အနစ်နာခံမှ တို့ဘဝရှေ့ရေး ကောင်းစားမယ်ဆိုပြီး အားတင်းစမ်းပါ မိစိမ့်ရယ်နော်"



"ဩော်. . . နင်ကတော့ ယောက်ျားလေးကို။ ငါကတော့ မိန်းကလေးမို့ စိတ်အားငယ်တတ်လို့ ငိုတာ၊ သက်သက် မှတ်ပါ ဘူး စိုးရယ်။ နင့်ကိုလေ. . . ငါ. . . ငါ သိပ်ချစ်လွန်းလို့ပါ"

စိမ့်စမ်းအေးက လက်မောင်းလေးကိုဖက်ပြီး ငိုတော့ သည်။ စိုးက မချော့၊ ငြိမ်နေသည်။ သူ့ကိုလည်း ပထမ သတိ ထားမိ။ 'ခွဲရတော့မယ်' ဆိုသော အသိဖြင့်သာ ရှိုက်၍ ရှိုက်၍ ငိုနေမိရာမှ ငြိမ်လွန်းသော စိုးကို အားမလိုအားမရ ဖြစ်လာမိ သည်။ သူ့ ပခုံးစွန်းမှ ခွာ၍ စိုးမျက်နှာကိုကြည့်လိုက်တော့. . .

"ဟင်. . . ဟင်. . . စိုး. . . အို. . . နင်လည်း ငိုနေ တယ်"

အံကိုခဲ၍ ကြိတ်မှိတ် ဖိနှိပ်ထားရာမှ အံကျလာသော စိုး၏မျက်ရည်များက ပို၍ ရင်နင့်စရာ ကောင်းလှသည်။

စိမ်းစမ်းအေးမှာ စိုး၏ပါးပြင်မှ မျက်ရည်စများကို သူ့လက် နုနုလေးနှင့် ဖြည်းညှင်းစွာ သုတ်ပေးရင်း သူ့ကိုယ်သူလည်း အငိုတိတ်နိုင်အောင် ကြိုးစားရှာပါ၏။

ကိုယ်ကိုယ်တိုင် ငို၍ ရင်နာရသည်ထက်၊ ချစ်သူ၏ မျက်ရည်စက်တို့က အသည်းနှလုံး၏ အတွင်းပိုင်းသို့တိုင် စူးလောင်စွာ ရင်နာရပါကြောင်း ချစ်တတ်လွန်းသူတိုင်းသာ ခံစားမိကြပါမည်။

စိုးကလည်း သူ့မျက်ရည် ထပ်မကျဖြစ်အောင် ကြိတ်ခဲ မှိတ်သည်။

စိမ်းစမ်းအေးကလည်း အငိုတိတ်သွားစေရန် အစွမ်းကုန် ကြိုးစားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်ဝန်းမှ မျက်ရည်တို့အား ကိုယ့်ချစ်သူ ရင်မပမ်းစေရန် ထိန်းထား သိမ်းထားကြပါသော်လည်း. . .

နှစ်ဦးလုံး၏ ရင်ထဲမှာ အပဟုန်ပြင်းသော ရေပူစမ်းက ဖြတ်သန်း တိုက်စီးလျက်. . .

စိုးထိုက်က ချစ်သူ့ပေါင်ပေါ်မှ လက်ကိုင်ပဝါလေးကို ယူပြီး ချစ်သူ၏ အလှဆုံး မျက်နှာ တစ်ပြင်လုံးကို ပွတ်သုတ်ပေးသည်။ ဆံယဉ်စလေးများကို သပ်တင်ပေးပြီးတော့. . .

သူ့မျက်နှာမှာ မျက်ရည်စက်များကို သုတ်ပစ်လိုက်သည်။ သူ့မျက်ဝန်းမှာ နီမြန်းနေဆဲပါ။ သွေးရောင်လို ရဲရဲနီနေသော စိမ့်စမ်းအေး၏ လက်ကိုင်ပဝါလေးတွင်ဖြင့် မျက်ဝန်းနှစ်စုံမှ အလွမ်းမျက်ရည်စများ ရောနှောပေါင်းစည်း ပြန့်စိုလျက်. . .

"မိစိမ့်လေး. . . ငါ့အသက်. . . ငါ့အချစ်ရယ်"

"စိုးရေ. . ."

"ဒီမှာ အိမ်သော့ခတ်ပြီး ဟိုဘက်ခန်း အပ်ခဲ့ရင် ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်။ ဘာလုပ်မလို့လဲ"

"တို့နှစ်ယောက် ဘုရားသွားကြရအောင်"

"တော်ကြာ တူးမာ ပြန်လာတော့မှာ"

"သူမလာခင် သွားကြရအောင်ပါ၊ နှစ်ယောက်တည်း ရွှေတိဂုံဘုရား သွားဖူးရအောင်။ ဆုတွေတောင်းရအောင် နော်"

"နင့်သဘောပါ။ ဪ. . . ထမင်းစားဦးလေ။ နင် မစားခဲ့ရသေးတာ"

"ငါမဆာဘူး။ နင်ဆာရင် စားကြမယ်လေ"



"ဘယ်မှာ စားနိုင်ပါ့မလဲ စိုးရယ်၊ ရင်ထဲမှာ လွမ်းတာတွေနဲ့ ပြည့်နေပါပြီ"

"ဒါဖြင့်လည်း မြန်မြန်အဝတ်အစားလဲ၊ တူးမာ မလာခင် သွားကြရအောင်နော်"

စိမ်းစမ်းအေးမှာ အစိမ်းနုရောင် တက်ထရွန်ဖြောင်ဝမ်းဆက်နှင့် ဆံပင်ရှည်ကို သည်အတိုင်း ဖြန့်ချပြီး မျက်နှာကို နှုပ်ခါးရေကျဲလေးသာ လိမ်း၍ ထွက်လာပါသော်လည်း ကြည့်လိုက်သည့်ဖြစ်ခြင်း မျက်နှာလေးက ပြည့်ပြည့်စုံစုံ လှရုံမက ရှုကောသက်ဝင်စရာအလှမျိုး။ အသားအရေက စိုဝင်းနုညက်သည်။ ဘယ်လိုပြင်ဆင်မှုမျိုးနှင့်ပဲဖြစ်ဖြစ် အေးမြစွာ လှလွန်းသော စိမ်းစမ်းအေးပါတည်း။

◆ ◆ ◆

"နင် ဘာဆုတောင်းလဲ"

"နင့်ခရီး ချောမော အဆင်ပြေပါစေ၊ အန္တရာယ်ကင်းပါစေ။ အလုပ်တွေ မပင်ပန်းပါစေနဲ့၊ ကျန်းမာပါစေလို့။ အို. . . တွေ့ကြည့်ပဲ ဆုတွေတောင်းမိပါတယ် စိုးရယ်"

"ငါကတော့လေ အလုပ်ကို ဘယ်လိုပဲ ရင်ဆိုင်ရပါစေ၊ ကြောက်ပါဘူး။ အမြန်ဆုံးသာ ပြန်လာနိုင်ခွင့်ရပြီး နင့်ကို ပိုင်ခွင့်ရတဲ့အချိန် ရောက်ရပါစေလို့ပဲ ဆုတောင်းတယ်"

"ခုလည်း ငါ့ကို ပိုင်ဆိုင်ရပြီလို့ သဘောထားပြီး သွားပါ၊ နင့်ဆန္ဒအတိုင်း ငါနေမှာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"နင့်သစ္စာ၊ နင့်သိက္ခာ၊ နင် ငါ့ကို ချစ်တာတွေကို ငါ လေးလေးစားစားနဲ့ ယုံကြည်ပါတယ် မိစိမ့်။ ဒါပေမယ့် နင်က သိပ်ကိုလှတာပဲ မိစိမ့်ရယ်။ ပြီးတော့ တက္ကသိုလ်တက်ရတော့မယ်။ နင့်နားမှာ ဝိုင်းနေကြမယ့် လူတွေကို ငါစိတ်မချနိုင်ဘူး"

"ငါ စိတ်ပါမှ ဖြစ်မှာပါ။ နင် ငါ့ကို စိတ်ချတယ်ဆို"

"ဒါပေမယ့် မိစိမ့်ရယ်... အခြေနေရယ်၊ ပတ်ဝန်းကျင်ရယ်ဆိုတာ အမြဲတည်မြဲနေတာမျိုး မဟုတ်ဘူး။ နင့်ကို ယုံကြည်ပေမယ့် ပတ်ဝန်းကျင်ကို ငါစိတ်မချဘူး"

"စိတ်ချပါစိုး၊ ငါ့အသက်ထက် တန်ဖိုးထားပြီး သစ္စာစောင့်စည်းရင်း နင့်အပြန်လမ်းကို ငါစောင့်ကြိုနေမှာပါ"

"ငါ့အသက်ထက် ပိုချစ်ရတဲ့ မိစိမ့်လေးရယ်... နင့်လေ ငါ့ရင်ထဲသာထည့်ပြီး ခေါ်သွားချင်တော့တာပဲ"

ဘုရားရင်ပြင်ပေါ်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မျက်ရည်များ လည်လာကြပြန်သည်။

ခွဲခွာ ထွက်သွားရမည့်ချစ်သူ ရင်မပန်းပါစေရန်...

"နီးဖို့အတွက် ဝေးရတာပဲ စိုးရယ်"

"အင်း... ဒါပေမယ့်..."

"စက်ဝိုင်းလမ်းကို လျှောက်သွားတာလို့ ယူဆကြရအောင်ပါနော်၊ နင့်ခရီးအဆုံးဟာ စထွက်တဲ့ ငါ့နေရာကို ပြန်ရောက်မှာပဲလေ"

"နင် ပြောသလို ခံယူပြီး ငါ အားတင်းသွားပါ့မယ်၊ ရော ငွေတွေလည်း ငါ သိပ်မြိုးမြိုးမြိုစုဆောင်းပြီး ပြန်ခဲ့ပါ့မယ်နော်"

"ကဲ... တို့ပြန်ကြစို့လားကွယ်"



"ဟုတ်တယ်။ တူးမာတစ်ယောက် စိတ်ကောက်လှရော့မယ်၊ သူ့ထားခဲ့ရင် နည်းနည်းမှ ကြိုက်တာမဟုတ်ဘူး"

တူးမာအကြောင်း စလာ၍ စိမ့်စမ်းအေးက စိုးထိုက်၏ လက်ကို ဆုပ်ကိုင်လိုက်ရင်း...

"စိုး... တူမာနဲ့ပတ်သက်ပြီး ငါနင့်ကို ပြောစရာရှိတယ်"

"မိစိမ့်..."

"ပြောစရာရှိတာက တူးမာအကြောင်းနော်"

"အေး..."

"ဒါဖြင့်လည်း အိမ်မပြန်ဘဲ ကန်တော်ကြီး ခဏသွားပြီး ပြောကြရအောင်ပါ။ ငါ ဒီနေ့ နင်နဲ့ နေပါရစေ"

"နင့်သဘောပါ စိုး၊ တူးမာ ဆူလည်း အလုပ်ကိစ္စရှိတ်နေတယ်လို့ ပြောကြရအောင်ပါနော်"

စိုးတို့ အချစ်ဆုံးနှစ်ယောက်မှာ ရွှေတိဂုံရင်ပြင်မှ ကြင်နာလက်ကလေးများ တွဲဆက်ဆင်းလာကြပြီး အမှတ် (ဆ)ဘတ်စ်ကားစီး၍ ဗိုလ်ချုပ်ကြေးရုပ်ရှိရာ ကန်တော်ကြီးထဲသို့ ရောက်ခဲ့ကြပါ၏။

ချစ်သူနှင့် ယှဉ်တွဲလျှောက်လှမ်းရသော ခြေလှမ်းတိုင်းသည် မြူးသွက်နေပါ၏။

မြင်မြင်သမျှ ရင်အေးစရာချည်းသာဖြစ်စေရအောင် တီးပြုပြင်အလှဆင်ထားသော...

အရောင်မျိုးစုံ ပန်းမန်များ၊ မြက်ခင်းလှလှ လေးများ၊ တော်၊ ဝိတောက် စသော အပင်အုပ်လေးများ၊ အပင်ကြီးများ၏ အောက်ခြေတွင်လည်း ရှင်းပြန့်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်လည် လှည့်စီးနေသော ကန်တော်ကြီး၏ ရေပြင် လည်း ကြည်သန့်တည့်ငြိမ်နေပါ၏။ ဝေ့ဝိုက်စွာ ထိတို ပြေးလွှားသွားသော လေပြေညှင်းကြောင့် လှိုင်းငြိမ့်ငြိမ့်လေး တို့သည် ကန်ရေပြင်ပေါ်မှာ လွန့်လွန့်လူးလျက်. . .

"ဒီမှာပဲ ထိုင်ကြရအောင် နော်"

လူမြင်ကွင်းကို ကျောခိုင်း၍ အေးမြကန်သာကို မျက် ပေး၍ ထိုင်ကြပါသော်လည်း စိုးက နီးနီးကပ်ကပ် ထိ တွေ့တွေ့ဖြစ်အောင် မထိုင်ရှာ။

"ခွဲခွာရတော့မှာပါလား"

ဆိုသော အသိများကို တမင်မေ့ဖျောက်ထားလိုက်နိုင် လေးတွင်ဖြင့်. . .

ချစ်သူဘေးတွင် ယှဉ်တွဲထိုင်နေရခိုက်လေးမှာ ရင်ထဲ ကန်ရေပြင်မှ ငြိမ့်ညောင်းသော လှိုင်းလေးလို လှုပ်ခတ်နေသ လေပြေညှင်းက ရင်တွင်း နှလုံးသည်းပွတ်သို့တိုင် ဝင်ရော တိုက်ခတ်နေသည်သို့။

'အချိန်ကာလ'ဆိုသည်မှာ တောအထပ်ထပ်လို၊ တော အမြင့်မြင့်လို အကောင်အထည်နှင့်သာ ရှိစတမ်းဆိုပါ လျှင်

စိုးနှင့် စိမ့်တို့သည် နှစ်ယောက်သား လက်ကို မြဲမြဲတွဲ တောတွေကိုဖြတ်၊ တောင်တွေကို မနားတမ်း မမောမ ကျော်ဖြတ်လိုက်ချင်စမ်းပါဘိ။

ယခုတော့ အချိန်ဆိုသောအရာကို ဘယ်လိုနည်း လူသားတို့၏စွမ်းအင်နှင့် ဟန့်တားခြင်း၊ ဆွဲယူနိုင်ခြင်း မရှိသ အရှုံးပေးခြင်းဖြင့်သာ စောင့်ဆိုင်းရပါတော့မည်။



"ဘာတွေ တွေးနေလဲဟင် စိုး"

"အချိန်ဆိုတဲ့အရာကိုပါ။ ဪ. . . မိစိမ့်"

"ဟင်. . ."

"တူးမာအကြောင်း ပြောစရာရှိတယ်ဆိုတာ ဘာလဲ"

ဘယ်လိုကြည့်ကြည့်၊ သိက္ခာရှိခြင်းဆိုသော ကြည်ညို ဖွယ်ရာ သိက္ခာရှင်၊ အချစ်ဦး၏ အကြင်နာမျက်ဝန်းများကို ကြာမြင့်စွာ စိုက်ကြည့်ပြီးမှ စိမ့်စမ်းအေးက. . .

"ငါ ဒီအကြောင်းရာကို ဘယ်သူ့မှ မပြောပါဘူးလို့ မေမေ့ကို ကတိပေးလိုက်တယ် စိုး။ ဖေဖေ့ကိုတောင် ငါ ခုထိ မပြောပါဘူး"

"ဘာအကြောင်းမို့လဲ"

"ပြောမယ် စိုး။ ခုတော့ နင်ဟာ ငါ့ရဲ့ ကိုယ်ပွားပဲ။ ပြီးတော့ တို့ရင်ထဲက အသည်းနှလုံးဟာ နှစ်စုံ မဟုတ်ဘူး။ ထပ်တူမို့ တစ်စုံထဲလို့ ပြောလို့ရပါပြီ။ ဆိုလိုတာက နင်ဟာ ငါပဲ။ ငါဟာ နင်ပဲ"

"အေး. . . စိုး ဆိုတာ စိမ့်၊ စိမ့်ဆိုတာ စိုးလို့ ညီမျှခြင်းချလို့ ရနိုင်ပါပြီ။ ငါ့ကို ယုံယုံကြည်ကြည်နဲ့သာ ပြောပါ။ မသိစေချင်တဲ့ စကားဆို တခြားကိစ္စတောင် ငါ နှုတ်လုံတာ နင် အသိပါ။ တူးမာ ဘာဖြစ်လို့လဲဟာ၊ ဒီကောင်မလေး အနေအထိုင်ကို အသေအချာ ထိန်းဖို့လိုတယ် မိစိမ့်။ အခု တူးမာ ဘာဖြစ်လို့လဲ ဟင်"

အစ်ကိုကြီး တစ်ယောက်၏ ပူပန်ပုံမျိုးဖြင့် စိုးက မေးလာပါ၏။

"တူးမာ ဘာမှမဖြစ်ပါဘူး။ သူ့ဘဝအကြောင်းကို ပြောပြမှာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘဝ"

"အေး. . . ပြောရင် နင်လည်း ငါကြားရစတုန်းကလို သိပ်ကို အံ့သြသွားမှာပဲ"

"ဘာအကြောင်းလဲ"

"တူးမာဟာ ငါနဲ့ ညီအစ်မအရင်း မဟုတ်ဘူး"

"ဘာ. . ."

"မေမေ တောမှာ မျက်နှာသွားမြင်ပြီးတော့ အမေ့ကလေး ဆုံးတယ်။ တူးမာ အမေက မေမေ့ကို ပေးပစ်ခဲ့တာတဲ့"

"ဟာ. . . တကယ်လား မိစိမ့်ရယ်"

"မေမေကိုယ်တိုင် သူမသေခင် ဆေးရုံပေါ်မှာ ဖွင့်ပြောသွားတာပါ"

"ဒီအကြောင်း ကြားလိုက်ရတာ ငါ့စိတ်ထဲမှာ သိပ်ကြီးကျယ်တဲ့ အကြောင်းရာကို ကြားလိုက်ရသလိုပဲ။ စိတ်လည်း မကောင်းမိဘူး"

"အေး. . . ငါလည်း မေမေ ပြောပြီးတုန်းက မျက်ရည်တောင် ကျမိတယ်"

"နေပါဦး။ ဒါဖြင့် တူးမာရဲ့ မိဘရင်းက ဘယ်သူလဲ"

"မသိဘူး"

"ဟင်. . . အဲဒါ ပြဿနာပဲ"

"ဘာဖြစ်လို့လဲ"

"နင်တို့ကသာ မသိတာ။ ပေးထားတဲ့ သူ့မိခင်ရင်းကတော့ နင်တို့ဆီမှာ ရှိနေတယ်ဆိုတာ သိနေမှာပေါ့"

"မပြောတတ်ဘူး စိုး"



"နင်တို့က အလင်းထဲမှာ မြင်သာနေတယ်။ သူက အမှောင်ထဲမှာမို့ နင်တို့က သူ့ မမြင်ရဘူး၊ တူးမာ မိခင်ဆိုတာ ဘယ်လိုမိန်းမစားမျိုးတဲ့လဲ"

"အဲဒါလည်း မသိဘူး"

"မျိုးကြီး ဆွေကြီးထဲက တောမှာ တိတ်တိတ် လာမွေးတာများလား"

"အဲဒီလိုတော့ မဟုတ်ဘူး။ မေမေတို့ ရွာကပဲတဲ့။ ထွက်သွားပြီးမှ တစ်ခေါက်မှ ပြန်မလာတော့ဘဲ သူ့အဒေါ်တွေဆီကို ကိုယ်ဝန်နဲ့ ရောက်လာပြီး သူဘယ်သူပါလို့ ပြောမှ [illegible]မိကြတာတဲ့။ တူးမာအမေက အရုပ်လည်းဆိုးတယ်။ အဆင့်အတန်း နိမ့်ပုံလည်း ရပါတယ်တဲ့ စိုး။ သူ့ယောက်ျားလည်း ပေါ်မလာဘူး။ တူးမာ တစ်လမပြည့်ခင် ကလေးဆုံးသွားတဲ့ မေမေလက်ထဲ ထည့်ပြီး သူ အဲဒီရွာက ပြန်ထွက်သွားလိုက်တာ ဒီနေ့ထိ ပြန်ပေါ်မလာတော့ဘူးတဲ့"

"သိပ် အံ့သြစရာပါလား. . .။ နင့်ကိုတော့ သူ့အစ်မရင်းလို ချစ်ရှာသားပဲနော်"

"သူမှ မသိတာကိး၊ သိတဲ့ ငါကလည်း အချစ်မလျော့ဘဲ သနားတောင် ပိုပါသေးတယ် စိုးရယ်၊ မေမေဆိုရင် သူ့နို့တိုက်ပြီး မွေးခဲ့ရလို့ ချစ်လိုက်တာမှ တုန်လို့"

"အေး. . . ငါ သိတယ်လေ"

"ဖေဖေကတော့ သွေးက ပြောသလား မသိဘူး။ ငါ့ ငယ်ငယ်တုန်းက တူးမာ ကွယ်ရာမှာ ငါ့ကို အမြဲပြောတယ်။ ဒီသမီးကြီးလောက် အငယ်မကို မချစ်ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ တူးမာ သိသွားရင်တော့ မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ စိုး"

"တူးမာ သိပ်ကဲတာ နင်လည်း အသိပဲ။ သူ့မိဘ ဘယ်သူ လဲဆိုတာ ရအောင်စုံစမ်းမှာ။ ဟိုကိုယင်လည်း ချဲမယ်၊ နင့်ကို ယင်လည်း အချစ်ပေ့ါသွားနိုင်တယ်"

"ငါ့ညီမလေး ငါ့ကို အချစ်ပေ့ါသွားမှာတော့ စိုးရိမ်မိတယ် စိုးရယ်"

"ပျယ်မယ်တော့ မထင်ပါဘူး။ တူးမာဟာ ဦးလေးကိုသာ သိပ်မချစ်တာ။ နင်နဲ့ ငါနဲ့ကိုတော့ တကယ်ပဲ ချစ်ရှာပါတယ်"

"အေး. . . ဒါကြောင့်ပေ့ါ။ ပြီးတော့ သူက သိပ်လည်း တော့ တကယ် အားကိုးရတာ။ ငါက အ,တယမဟုတ်လား မသွားတတ် မလာတတ်နဲ့။ နင် မရှိလေ သူ့ပဲ အားကိုးရ နေမှာပါ"

"အင်း. . ."

စိုးက ကန်ရေပြင်ဘက်သို့ ကြာမြင့်စွာ စူးစိုက်ကြည့် ပါသော်လည်း လှပသော ဝန်းကျင်ကို ကြည်နူးဖွယ် ခံစားနေ မဟုတ်ပါကြောင်း သိသာလွန်း လွန်းပါ၍. . .

"စိုး နင် ဘာစဉ်းစားနေလဲ ဟင်"

"ငါ့စိတ်ထဲမှာ သိပ်ထင့်သွားပြီ မိစိမ့်"

"ဘာကိုလဲ"

"ဦးလေး ဦးမောင်လှိုင်ကလည်း သူ့ပြဿနာနဲ့သူ၊ ကိစ္စကလည်း ဘယ်လိုဖြစ်ကြဦးမယ် မသိဘူး။ ပြီးတော့ ကိုတင်မောင်သိန်း ဆိုတဲ့ လူကလည်း တကယ့်လူလည်ပါ



ဆုံတုန်းက သူ့မိန်းမဆီ လာတယ်သာပြောတယ်၊ နင့်ကိုကြည့်တဲ့ အကြည့်တွေကို ငါ မကြိုက်ဘူး"

"ဖေဖေလည်း ရှိနေပါတယ်။ ဒီလူ့အတွက်တော့ နင် စိတ်မထင့်ပါနဲ့လေ"

"အေး. . . အဲဒီလို ပြဿနာတွေ ရှုပ်ထွေးနေချိန်မှာ ငါ မရှိတော့ နင်တို့ ညီအစ်မ ပိုပြီး စည်းလုံးလက်တွဲရမယ့် အချိန် မှာမှ. . ."

"အစိုးရိမ် မကြီးစမ်းပါနဲ့ စိုးရယ်၊ တူးမာမှ မသိတာပဲ။ တို့ ညီအစ်မ အရင်းအတိုင်းပဲ ရှိနေမှာပါ။ တူးမာက အားကိုးရ ပါတယ်။ အမြဲ ငါ့ဘက်ကပါ"

"အင်း. . . ငါကလည်း ဂဒက်(Cadet) အဖြစ်နဲ့ စလိုက် ပြီး ကြိုးစားရမှာဆိုတော့ အနည်းဆုံး နှစ်နှစ်လောက် နေပြီးမှ . ပြန်လာနိုင်မှာ"

"ဖေဖေတို့ကိစ္စကလည်း ကွဲကွဲမကွဲကွဲ တို့အတွက် ပူစရာ မရှိပါဘူးဆို"

"တူးမာ ပြဿနာ ဝင်လာမှာ စိုးရတယ်"

"တူးမာပဲ ကြီးလှပြီ။ ခုထိ ဘယ်သူမှ မသိကြတာ။ ဒါကို ပူပန်စရာကိစ္စကြီး တစ်ခုအနေနဲ့ နင် စိုးရိမ်မသွားစမ်းပါနဲ့ စိုးရယ်"

"နင် မသိဘူးနော်၊ ဒါမျိုးဆိုတာ ငယ်ငယ်တုန်းကသာ ဖုံးလို့ ရတတ်ကြတာ။ ကြီးလာရင် ပေါ်လာတတ်စမြဲပဲ။ ဒါမှရှိ တုန်း ပြဿနာတွေတက်မှာ စိုးရိမ်လိုက်တာ။ ထားခဲ့မှာ ငါ စိတ်ထင့်လိုက်တာ မိစိမ့်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွယ်. . . အတူနေရတဲ့ အချိန်လေးမှာ နင် စိတ်ချမ်းသာစေချင်တယ် စိုး၊ ဒီက ဖြစ်ပျက်သမျှ အကြောင်းစုံတို့ ငါ နင့်ဆီ စာရေးပါ့မယ်"

"အေး. . . ငါ့လိပ်စာ အတည်တကျ ဖြစ်တာနဲ့ စာရေးမယ်။ နင် ပြန်နော်"

"အမလေး. . . မပြန်ဘဲ နေပါ့မလား။ အကြောင်းကိစ္စတွေ ရေးပြီးရင် တသီးတသန့် ငါ စာကို အရှည်ကြီး ရေးမယ်။ နင့်ကို ဘယ်လောက် ချစ်ရတဲ့ အကြောင်း၊ လွမ်းရတဲ့ အကြောင်းတွေ ငါ့ပါးစပ်က မပြောရဲသမျှ စာထဲမှာ အကုန်လုံး ရေးပစ်လိုက်မယ် သိလား"

မြက်ခင်းပြင်ပေါ်မှာ ထောက်ထားသော စိမ့်စမ်းအေး၏ လက်ခုံလေးကို စိုးထိုက်က အုပ်ကိုင်ပြီး ဆုပ်ညှစ်လိုက်သည်။ ချစ်ခြင်းမေတ္တာ၏ ကြီးမြင့်လွန်းမှုကို ပြောခွင့်မရ၊ ပြခွင့်မရှိသဖြင့် မချင့်မရဲစိတ်နှင့် ဆုပ်ညှစ်လိုက်ခြင်းပါ။

ပြီးတော့ တစ်ယောက်မျက်နှာကို တစ်ဦးက ကြာမြင့်စွာ စိုက်ကြည့်နေမိကြသည်။ ပြောစရာ စကားများက ရင်တွင်းမှာသာ တင်းပြည့်ကျပ်သိပ်နေသည်။ ဘာမှ မပြောဖြစ်နိုင်။

မျက်ဝန်းချင်းဖြင့်သာ၊ တွယ်တာမှုများစွာ၊ အချစ်များစွာ အလွမ်းများစွာ၊ တမ်းတခြင်းများစွာ၊ စိတ်မချနိုင်ခြင်းများစွာ အို. . . မခွဲခွာရက်ခြင်း များစွာဖြင့်သာ ကြာမြင့်စွာ. . .

◆ ◆ ◆

အခန်း ။ ၁၄ ။

နာမည်ကြီး ရုပ်ရှင်မင်းသမီးအဆိုတော် Barbra Streisand 'ဘာဘရာစထရိုက်ဆင်'၏ 'Woman in Love' သီချင်းက စတီရီယို စောင်းဘောက်(က်စ်)များမှ တစ်ဆင့် အခန်းတိုင်းမှာ တိုးတိုးသာသာလေး လွင့်ပျံ့နေပါ၏။

နေရာတိုင်းလိုမှာ မြင်သာရုံ လျှပ်စစ်မီးမှိန်များဖြင့်သာ. . .

မြက်ခင်းပြင် ဝိုင်းများမှာ မီးရောင်သည် အပေါ်သည် အပေါ်စီးနှင့် ဘေးဘီမှ ထွန်းမထား။ မြက်ခင်းပြင်တစ်ဝိုက်မှာ ရောင်စုံမီးများက မြေပြင်မှ ခပ်မှိန်မှိန်လေးသာ ထွန်းလင်းနေပါ၏။ ကောင်းကင်ပြင်၏ ကြယ်ရောင်လရောင်များကို ရှုစားရင်း လေပြေညင်းကို အပြင်မှ လူများ ခံစားရသလို. . .

တိုက်တွင်းသို့ ဝင်လိုက်သည်နှင့် လေအေးစက်၏ စိမ့်အေးစွာ ဆီးကြိုသည်။ အခန်းတိုင်းမှာလည်း ပန်းကာ သုံးတော့။ တစ်ခန်းကို တစ်ရောင် အစီမံနှ၊ ကြည်ပြာ၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင် စသော 'ပလတ်စတစ်ပိန့်' သုတ်ဆေးများနှင့် ညက်ပြေစွာ သုတ်လိမ်းထားသည်။ နံရံတွင် လိုက်ဖက်သော ဆီဆေးကားများက အခန်းတိုင်းလိုမှာ၊ အခန်းထောင့် နှစ်ဘက်တွင် သင်တန်းဆင်းပြီးသား၊ ပန်းအိုးအလှပြင် ပညာရှင်မတို့၏ လက်ရာ၊ နှင်းဆီ-သစ်ခွနှင့် သစ်ရွက်လှ စသည်တို့ ရောယှက်စိုက်ထိုးထားသော ပန်းအိုးလှလှလေးများက ကြည်နူးစရာ. . .

"ငြိမ့် စားသောက်ဥယျာဉ်"

ဟု နီယွန်မီးဆိုင်းဘုတ်ဖြင့် အမည်ပေးထားသော ပြည်လမ်းမကြီးပေါ်မှ ခမ်းနားလှပလွန်းသော သိန်းပေါင်းများစွာတန်သည့်ခြံ. . . အဆောက်အအုံနှင့် စားသောက်ဆိုင်ကြီး။

"ဒီနေ့ အခန်းနံပါတ် ဘယ်လောက်မှာ တာဝန်ချထားသလဲလို့ တယ်လီဖုန်းနဲ့မေးပြီးမှ ဒီအခန်းကို 'ဘွတ်ကင်' လုပ်လိုက်တာ"

"ကြိုသိလို့ တူးမာကလည်း ကြိုစောင့်နေပါသတဲ့ရှင်"

လာနေကျ ဧည့်သည်မို့ ယဉ်ယဉ်နှင့် လွင်လွင်လေး ပြုံးပြီး တူးမာက 'နေဦးနိုင်'၏ အနီးသို့ Menu ကတ်ပြားလေး ကိုင်ပြီး ကပ်သွားသည်။

"ဘာမှာမလဲ ကိုကို"

"ဒီက ဘာကြိုက်တယ်ဆိုတာ သိတယ်မဟုတ်လား"

"တို့ဟူးပျော့ကြော်ရယ်၊ သိုးသား အတုံးလေး[illegible] ချိစပ်လေ။ အဲဒါကတော့ စပါယ်ရှယ်မှာပြီးပါပြီ။ ကျန်တာရွေး ရွေးပါဦး ကိုကို။ ဧည့်သည်တွေလည်း ပါတယ်မဟုတ်လား"



နေဦးနိုင်ရှေ့မှ အမျိုးသားသုံးယောက်ကို မျက်တောင်ကော့လေးများဖြင့် လှန်ဝင့်၍ ကြည့်လိုက်ပြီး 'တူးတူးမာ'က ပြုံးပြုံးလေး ပြောလိုက်သည်။ အားလုံး၏အာရုံက တူးတူးမာထံမှာ. . .

'ငြိမ့်'. . . သည် ကန္ဒြေမဲ့လှသော စားသောက်ဆိုင်မျိုး မဟုတ်စေရ၊ ဧည့်သည်ကို အတတ်နိုင်ဆုံး၊ အနှစ်ခြိုက်ဆုံးဖြစ်အောင် ပြုစုပေးရမည်ဟု ပိုင်ရှင်က သင်တန်းပေးထားပါ၏။ သို့ပါသော်လည်း ကာကန္ဒြေပျက်စေ လောက်သော ထိတွေ့၊ ဖက်ပိုက်မှုမျိုးကို လက်မခံစေရ။ အရက်သေစာ မရောင်းချသော်လည်း ယူလာသော ပါလာသော ကိုယ်ပိုင်အရက်များကို သောက်နိုင်ခွင့်ရှိပါ၏။

ပိုင်ရှင်၏ 'မူ'က ကောင်းပါသည်။ ဆိုင်က အရှိန် ရှိပါသည်။ ပိုင်ရှင်ဆိုသည်ကို လေးစားကြပါသည်။

သို့ပါသော်လည်း. . .

စားပွဲထိုး အမျိုးသမီးကလေးများမှာ စားပွဲထိုးလေးများသာ ဖြစ်ပါ၍ အရက်ရှိန်တက်နေသော အမျိုးသားဝိုင်းတို့အားမှာ သူတို့ ကြည်သာကျေနပ်ပါစေရန် ရပ်စောင့်ပြုစုရသူတို့အဖို့ ဧည့်သည်တော်တို့၏ သာယာမှုအတွက် ထိကြ၊ [illegible]မည် စကားလုံးများကို ပြုံးပြုံးလေးနှင့် ခံနိုင်ရည်ရှိရမည်သာ။

အင်းလျားလိပ်လို၊ ကရဝိက်လို၊ ဟိုတယ်နှင့် ခရီးသွားလာရေး ကော်ပိုရေးရှင်းလက်အောက်ရှိ ဟိုတယ်များမှ ဧည့်ခံမှုကောင်းနိုင်မို့ သွားကြသူတိုင်းက လေးစားထားပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိက စားသောက်ဆိုင်ကြီးများ၊ စားသောက်ဆိုင် များနှင့် လက်ဖက်ရည်ဆိုင်များ၊ အအေးဆိုင်တို့တွင် ဘယ်လို 'မှု' ကောင်းပါသည် ဆိုသော်လည်း မြန်မာပြည်နှင့် မလိုက်ဘ သေးသော မြန်မာအမျိုးသမီးတို့နှင့် မအပ်စပ်သေးသေ လုပ်ငန်းတစ်ရပ်ဟု မြင်မိပါသည်။

တူးမာတစ်ယောက် ဤ 'ငြိမ်'တွင် အလုပ်ရခဲ့သည် ခြောက်လကျော်မျှ ရှိပါပြီ။

ဤစားသောက်ဆိုင်သို့ လာလေတိုင်း တူးမာ ဝိုင်းတွ ထိုင်လိုပါသည်ဆိုသော နေဦးနိုင်တို့လို အမျိုးသားများ ရှိ ပိုင်ရှင်ပေါ် တူးမာတို့ မျက်နှာရှိလေဖြစ်ပါ၏။

"ဘာအအေးသောက်မလဲ ကိုကို"

တူးမာက ကိုကာကိုလာ၊ ဆဲဗဲင်းအပ်(ပ)က အစ၊ စပ ကလင်၊ ဇီး၊ လီမွန်ဘာလီအထိ ရွတ်ပြရသည်။ စားသောက်ပွဲ မလာမီ သောက်ထားနှင့်ကြမည့် အအေးက လေးယောက် သုံးမျိုးမှာသည်။

တူးမာကိုယ်တိုင် ပုလင်းဖွင့်၊ ဗူးဖောက်၊ ရေခဲတုံးထ ဖန်ခွက်ထဲသွန်၍ တစ်ယောက်စီ၏ရှေ့သို့ သူတို့မှာသည့်အတို လိုက်ချပေးရပါ၏။

"တူးမာ. . . ဒီဆန်းဒေး အားလား"

"ဆန်းဒေးက လူသိပ်ကျတော့ မအားဘူး။ တူး အားခွင့်ရတာက အင်္ဂါနေ့မှ၊ ဘာဖြစ်လို့လဲ ကိုကို"

"ဆန်းဒေး. . . တို့ ပဲခူးသွားလည်မလို့. . . လို ပါလားလို့"



"မအားပါဘူးရှင်။ တူးမာတို့လို မရှိတဲ့လူအဖို့ တနင်္ဂနွေ ဆိုတာ အပမ်းဖြေစရာရက်မှန်းတောင် မသိပါဘူး"

"ဒါဖြင့် အင်္ဂါနေ့မှပဲ သွားကြမလား"

နေဦးနိုင်ရှေ့စားပွဲမှ ဆံပင်ရှည်နှင့်အမျိုးသားက နေဦးနိုင် ကို လှမ်းမေးပြီး တူးမာကို တပ်မက်သော မျက်ဝန်းများနှင့် ကြည့်နေပါ၏။

တူးမာသည် အရင်တူးမာ မဟုတ်တော့။ မြင်သာမှ တူးမာနှင့် တခြားစီ။

ဆံပင်က တိုတိုနှင့် ဝေဝေဝိုင်းဝိုင်းလေး၊ မျက်နှာက အကောင်းစား မိတ်ကပ်များနှင့်မို့ ပန်းနုရောင်ဖြင့် ညက်နေ သည်။ မျက်ဝန်းမှာ လိုင်နာနှင့်၊ မျက်တောင်တုနှင့်၊ နှုတ်ခမ်းကို နီကျွဲအောင် လှလှ ထူထူ အမ်းအမ်းလေး ဖြစ်အောင် ဆိုးထား ပါ၏။ ပါးပြင် အောက်စွန်းမှာ မှဲ့တုလေးတစ်လုံး

မျက်နှာမလှသော တူးမာမှာ လိုက်ဖက်သော အပြင် အဆင်အောက်တွင် မျက်နှာအလှက ချောပြေနေပါ၏။

နဂိုတည်းက ကိုယ်လုံးလှပြီးသား၊ အရပ်ထွက်လာချိန်မှာ ပြည့်ဖြိုးမှုကပါ လိုက်လာ၍ အရပ်ရှည်ရှည်၊ ကိုယ်လုံးလှလှ၊ အသားဆိုင်များက တင်းတင်းပြည့်ပြည့်၊ အသားမဖြူသော် သည်း စိုစိုပြေပြေ၊ ညိုညိုညက်ညက်နှင့်မို့ ဘယ်ထောင့်က ကြည့်ကြည့် တူးမာက စွဲမက်စရာဖြစ်လာသည်။

"အင်္ဂါနေ့ ငါမအားဘူး။ ပရယ်ဒီကယ်ရှိတယ်. . .ဖိုးဦး" တစ်ယောက်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တူးမာကလည်း မလိုက်အားသေးပါဘူး။ ဒီဆိုင်မှာ ကို မျက်နှာကို မြင်ရရင်ပဲ တူးမာက ဝမ်းသာနေတာပါ"

နေဦးနိုင်သို့ ကြည့်ရင်း လှလှပပလေးပြုံး၍ ပြောလိုက် သည်။

"ဒါကြောင့်လည်း အစ်ကိုက ငြိမ့်ကိုပဲ အမြဲရောက် ရတာပဲ။ တခြားဆိုင်တွေတောင် မစားဖြစ်တော့ဘူး"

သိပ်ပါလျက်နှင့် တမင်ပင် တူးမာက. . .

"ဒါဖြင့် ငြိမ့်ရဲ့ အစားအသောက်ကြောင့်ပေါ့နော်. . . တူးမာဆီကို လာတာမဟုတ်ဘူးပေါ့"

"တူးမာမရှိရင် ငြိမ့်ကို ခြေဦးမလှည့်ဘူး"

နေဦးနိုင်က တူးမာလက်ကိုဆွဲပြီး ပြောလိုက်သည် တူးမာက လိုက်လှဲသည်မဟုတ်ပါဘဲနှင့် သိပ်သဘောကျ သည့်အသွင်ဖြင့် အသံလေးများထွက်အောင် ရယ်မောလို ပါ၏။

"တူးမာ ကျောင်းမနေတော့ဘူးလား၊ ဘယ်နှတန်း ထွက်တာလဲ၊ ဘယ်မှာနေတာလဲ ဟင်"

မိုးဦးဆိုသော နေဦးနိုင်၏ သူငယ်ချင်းက ပထမ ရောက်ဖူးသူမို့ တူးမာကို သူစိတ်ဝင်စားနေသည်။

"သူမေးတာတွေ မဖြေနိုင်ဘူး နော် ကိုကို၊ ကိုကို တူးမာရဲ့ ဘဝကြေးမုံဇာတ်လမ်းစုံကို သိပြီးသားပဲ။ သူ နောက်ကျတော့ ပြောပြလိုက်ပေါ့နော် ကိုကို"

တူးမာက နေဦးနိုင်သို့သာ နွဲ့နွဲ့ညုညုလေး ပြော လိုက်ချိန်မှာ အမျိုးသားငယ်လေးက စားသောက်ဖွယ်များ



ခန်းနှင့်သယ်ပြီး အခန်းတွင်း ဝင်လာသည်။ မှာကြားသည်များ ပြည့်စုံမီ တူးမာမှာ ဝင်လိုက်ထွက်လိုက်နှင့်ပါ။ ဟင်းပွဲစုံလင် တော့. . .

"ဒါက တူးမာကိုကိုဆိုတော့ အရင်ဦးချတာနော်. . ."

သိုးသားတုံးလေးကို နှစ်ခွခက်ရင်းနှင့် ထိုးယူပြီး နေဦးနိုင် ၏ ပါးစပ်ထဲသို့ တူးမာက ခွံ့ပေးလိုက်သည်။

"တို့လည်း ဦးချဦးလေကွာ"

"မရဘူး။ ဒါက တူးမာကိုကိုမို့ စပါယ်ရှယ်"

တူးမာက ရယ်ရင်း မောရင်း ပြောရပါ၏။ မှောက်ထား သော ထမင်းပန်းကန်များကိုလှန်၍ ဝိုင်းကိုလှည့်ပြီး ထမင်းများ ထည့်ပေးရသည်။ လေးယောက်လုံး၏ စားသောက်နေကြပုံကို သေးစိတ်ကြည့်ပြီး အနားမှ လိုလေသေးမရှိအောင် ပြုစုပေး ရသော တူးမာ။

သူတို့ ပြည့်စုံစွာ စားနေကြချိန်မှာ လက်ကလေးနှစ်ဘက် ပြီး တစ်ချိန်လုံး အနီးမှ မတ်တတ်ရပ်၍ စောင့်နေရသော ပါသည်။

"တူးမာနဲ့အစ်ကို အေးအေးဆေးဆေး စကားပြောချင် ယ်"

နေဦးနိုင်က သူ့ကိုယ်သူ 'အစ်ကို'ဟုသာ ပြောသော်လည်း မာက. . .

"ကိုကိုက ကျောင်းတက်နေရတာ အားလို့လားလို့"

"တူးမာကလည်း အားလို့လားလို့"

တူးမာကရယ်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂါနေ့အားပါတယ်။ တစ်ရက်တလေ ခွင့်ယူလည်း ရပါတယ်လေ... ကိုကို ဂုဏ်မငယ်ဘူးဆိုရင်တော့... အနောက်ဘက်က တူးမာနေတဲ့ တန်းလျားကို လာလည်လို့ရ တယ်။ တူးမာအဒေါ်လည်း ရှိပါတယ်"

"ကောင်းပြီ။ ဒါဖြင့် အင်္ဂါနေ့ အစ်ကိုလာခဲ့မယ်။ တူး စောင့်နေနော်..."

"ဘယ်အချိန်လဲဟင်... ဩော်... ကိုကိုတို့က သူ ဆိုတော့ အလုပ် သိပ်များမှာပါလေ။ တူးမာစောင့်နေမှာ"

"လာခဲ့မယ်... အစ်ကိုတစ်ယောက်တည်း လာခဲ့ သိလား"

မိုးဦး၏ ကျိန်ဆဲသောအကြည့်ကို နေဦးနိုင်က မသိ ဆောင်၍ နေလိုက်သည်။

"အစ်ကိုတို့လာတာ တူးမာ သိပ်ဝမ်းသာတယ်။ အား ကို ကျေးဇူးလည်း အထူးပါပဲတဲ့ရှင်..."

အားလုံး ပြန်ကြခါနီးမှာ တူးမာ၏ နှုတ်ဆက်စ ပါ...

မီလမင်း ပန်းပွင့်ပန်းကန်လှလှလေးပေါ်မှ Bill နှင့် ပြန်အမ်းငွေများကို ဤစားသောက်ဆိုင်း၏ ဒါယိ နေဦးနိုင်သို့ တူးမာက လက်နှစ်ဘက်နှင့် ပေးလိုက်သည်။

အစိပ်တန်တစ်ရွက်ကို ပထမဆွဲယူ၍ ဂျူတီကုတ် တူညီဝတ်စုံဝတ်ထားရသည့် ခါးရှည် ရှေ့အိတ်ထဲသို့ နေဦးနိုင် ထည့်ပေးလိုက်ပြီး Bill နှင့် ပိုငွေများကိုယူ၍ သူ့ဘော အိတ်ထဲသို့ ထိုးထည့်လိုက်သည်။



သူ့ပေးငွေနှစ်ရာမှ တစ်ရာ့လေးဆယ်ခြောက်ကျပ် ရှိသည့် စာရင်းကိုလည်း မကြည့်။ ကျန်ငွေကိုလည်း မရေတွက် ဘဲနှင့် တူးမာသို့ နှုတ်ဆက်ပြီး ထွက်သွားတော့သည်။

"ဩော်... နေဦးနိုင်တို့လို ဝင်ဒါမီယာမှာနေသည့် တစ်ဦးတည်းသော သူဌေးသားတစ်ယောက်အဖို့ ညဦးစာလေး တစ်နပ်ကို ငွေနှစ်ရာနီးပါး ဖြုန်းနိုင်လေသည်သာ။

တူးမာနှင့် ကောင်လေးတို့ သိမ်းဆည်း၍ မပြီးမီမှာ ခန်းတွင်းသို့ နောက်တစ်သုတ် ဝင်လာကြပြန်သည်။

သူတို့က စာပေလောကမှ အဖွဲ့သားများဟု ဆိုပါ၏။ ရောက်ပါလာကြသည်။ လူလတ်နှင့် လူကြီးပိုင်းများဖြစ်သော် သည်း သမီးအရွယ် တူးမာကိုမည့်။ ငါးရိုးကအစ အထွင်ခိုင်းကြ သည်။

စာရေးစမို့ ရေးကွက်ရှာ၍ လေ့လာနေပါသည် ဆိုသော စာရေးဆရာဖြစ်စ တစ်ယောက်က တူးမာ၏ဘဝကို စတင် မေးတော့သည်။

"တူးမာက ကော်ရက်စပေါဒ်နဲ့နဲ့ သဒ်ယီးယားဖြေထား တယ်"

"ဘာမေဂျာလဲ"

"ရူး..."

"နေတော့ရော"

"ဇာတိက နယ်ကပါ။ စံရိပ်ငြိမ်က အဆောင်မှာနေရင်း ကျောင်းတက်ဖို့ ဒီမှာ အလုပ်ဝင်လုပ်နေရတာပါ ဦးလေးရာ"

www.burmeseclassic.com

www.burmeseclassic.com



တူးမာကို လေ့လာလိုက်မဟဲ့။ ကယ်တင်ရှင် လုပ်ရ ကောင်းမလားဟူသော အတွေးများဖြင့် မျက်မှန်ထူထူနောက်မှ စူးစူးစိုက်စိုက် ကြည့်ရင်း မေးနေသော စာရေးဆရာ 'ကိုဆွေမျိုး အေးအောင်'မှာ. . .

"တူးမာက စာပေးစာယူ တတိယနှစ်၊ သတ္တဗေဒ အဓိက နယ်မှ ကိုယ့်စရိတ်ကိုယ်ရှာပြီး ပညာသင်နေရပါသည်ဆိုမှ သနားလိုက်တာ ကြီးမားသော ကရုဏာဖြင့် ကူညီကယ်တင် လိုခါနီးဆဲဆဲမှာ. . .

"ဦးလေးရာ. . ."

ဟု အခေါ်ခံလိုက်ရသဖြင့် အောင့်သွားသည်။

သူ့ထက် အသက်ထက်ဝက်မျှလောက် ကြီးမည်ဖြစ်သော စာရေးဆရာဆိုသူထက် သည်ဘက်မှာ ပိုမို၍ အတွေ့အကြုံ ရင့်ကျက်နေသော တူးမာက ငွေမထွက်နိုင်မှန်း သိ၍ တမင် 'ချွတ်'ပစ်လိုက်ခြင်းဖြစ်ပါ၏။

သူတို့အဖွဲ့ ပြန်တော့ ထုတ်ဝေသူဆိုသူက ငွေရှင်းပြီး ငါးကျပ်ပေးသွားပါ၏။

တူးမာသည်. . .

စားပွဲတစ်ဝိုင်းကို သူ့ဇာတ်လမ်းတစ်မျိုးပြောင်း၍ အဆင် ပြေသလို ပြောခဲ့၊ လိမ်ခဲ့၊ ညာခဲ့ရသည်မှာ များလွန်းလှ ပါ၍ သူ ဖန်ဆင်းခဲ့သော သူ့ဘဝဇာတ်လမ်းစုံကို သူကိုယ်တိုင်ပင် အကုန်မမှတ်မိနိုင်တော့။

သူ့ဘဝကို တစ်ခုမြှုပ်နှံထားသည်မှလွဲ၍ အနီးကပ် အမှန်ကန်ဆုံး ပြောပြထားမိသူက သည် 'ငြိမ့်'သို့ လာကြသည့်



အထဲမှ တစ်ယောက်တည်းသို့ပါ။

'ကိုကိုနေဦးနိုင် သို့ပါ'။

သူ မြှုပ်ထားသည့် အကြောင်းရာမှာလည်း. . .

တူးမာတွင် အလွန်ကြွနြေကြီးပြီး သိပ်လှသော ဒုတိယနှစ် စီးပွားရေးတက္ကသိုလ်ကျောင်းသူ 'အီကို ကွင်း' Eco: Queen အဖြစ် ခံယူထားသည့် စိမ့်စမ်းအေး ဆိုသော အစ်မတစ်ယောက် ရှိပါသည် ဟူသည့်အကြောင်းရာကိုပါ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း။ ၁၅

"ကိုတင်မောင်သိန်းပါလား"

ညော့်သည်လာသည်ဆို၍ ထွက်လာသည့်အခါ ညော့်ခ မှာ ထိုင်နေသူကို မြင်လိုက်ရပါ၍ စိမ့်စမ်းအေး၏စိတ်တွ ထင့်သွားမိသည်။

"ဘာကိစ္စရှိလို့ပါလဲ ဦးတင်မောင်သိန်း"

"ကိစ္စရှိမှပဲ လာရတော့မှာလား မိစိမ့်ရယ်၊ ကျွန်တော် တွေဟာ တစ်မိသားစုတည်းပါလို့လည်း ပြောလို့ရတာပဲဟာ"

စိမ့်စမ်းအေး စိတ်ပျက်စွာ ကိုတင်မောင်သိန်းကို ကြည့် လိုက်မိသည်။

ယခုအချိန်တွင် သူသည် ဒေါ်တင်ထားနုနှင့် တရားဝ ပေါင်းသင်းလျက် စိမ့်စမ်းအေးတို့နေထိုင်ခဲ့ရာ တောင်ဥက္ကလ မြင်သာတိုက်ခန်းလေးမှာ နေထိုင်လျက်ရှိပါ၏။

"ဒါပေမယ့် အခုလာတာ အကြောင်းရှိလို့ပါ၊ ကိစ္စနဲ့ မမနုက လွှတ်လိုက်လို့ပါ"



လည်ပတ်လွန်းသော ကိုတင်မောင်သိန်းသည် သူ့ရောက် ာခြင်းကို မနှစ်မြို့မှန်းသိသွား၍ စကားကို ဆက်တိုက်ပြော က်ပါ၏။

"အန်တီနုက ဘာတဲ့လဲ"

"ငွေပို့ခိုင်းလိုက်ပါတယ်"

"ဟင်. . ."

"ဦးလေးဦးမောင်လှိုင်အတွက်ရတဲ့ငွေထဲက မစိမ့်လဲ သုံးပါစေဆိုပြီး ပို့ခိုင်းလိုက်တာပါ။ ဒီမှာ ငွေသုံးရာ"

စိမ့်စမ်းအေးမှာ ကမ်းပေးသော ရာတန်ခေါက်ကို လှမ်းမယူရဲ၊ ကြောင်၍သာ ကြည့်နေမိသည်။

"ယူလိုက်ပါ။ မစိမ့်မှာ ပညာသင်နေတုန်းဆိုတော့ ငွေလိုနေမှာပဲဆိုတဲ့ ကျွန်တော့်ရဲ့ စေတနာပါ ပါပါတယ်ဗျာ"

သူက ရာတန်ခေါက်ကို စားပွဲပေါ်တင်ပြီး စိမ့်စမ်းအေး၏ ရှေ့သို့ တွန်းပေးလိုက်သည်။ ပြီးတော့ ပြုံး၍ ကြည့်နေပါ၏။

"ဟင်အင်း. . . မယူပါဘူး။ ကျွန်မ မလိုပါဘူး"

"ကျောင်းသူတစ်ယောက်အတွက် ငွေဆိုတာ မလိုဘူးလို့ မရှိပါဘူး။ အဝတ်အစားဝယ်လိုက်ပေါ့"

"အို. . . မလိုပါဘူး။ ကျွန်မလည်း မဝယ်တတ်ဘူး။ ဘူးမှာပဲ ဝယ်ပေးတာ။ ဒီငွေပြန်ယူသွားပါ"

"ပြန်တော့ မယူသွားပါရစေနဲ့။ မမနု စိတ်မကောင်း ဖြစ်နေပါဦးမယ်"

"ဟင်အင်း. . . ကျွန်မ မလိုချင်ဘူး"

"ဒီလောက် မငြင်းပါနဲ့လား မိစိမ့်ရယ်. . . ဒီငွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် လုပ်အား၊ မမနု လုပ်အားနဲ့ ရတဲ့ငွေထဲကလည်း မဟုတ်ပါဘူး။ ဦးလေး ကိုမောင်လှိုင်ရဲ့ ငွေပါ"

"ဘာပဲဖြစ်ဖြစ်၊ ကျွန်မ မယူပါရစေနဲ့ရှင်"

"မယူလို့ မဖြစ်ဘူး။ ပြန်ယူသွားရင် မမနုက ကျွန်တော့်ကို ဆူမှာ. . ."

"ဒါဖြင့်လည်း အန်တီနုဆီမှာပဲ ပြန်ထားလိုက်ပါလေ။ လိုတော့မှပဲ တူးမာကို လာယူခိုင်းလိုက်ပါ့မယ်"

ရာတန်ငွေထပ်ကို သူ့ဘက်သို့ ပြန်တွန်းပို့လိုက်သည်။ ကိုတင်မောင်သိန်းက မကောက်ယူသေးပါဘဲနှင့် စိမ့်စမ်းအေးကို စူးစိုက်စွာ ကြည့်နေသည်။

ဘာမှ ပတ်သက်စရာ မရှိတော့သော လူတစ်ယောက် ရောက်ရှိလာခြင်းအတွက် တကယ်ကို စိတ်ညစ်မိသည်။ လူလည်း ပုံစံနှင့် စူးရှလွန်းသော အကြည့်များကိုလည်း မနှစ်မြို့။ စိမ့်စမ်း အေးထံသို့ မျက်နှာစိမ်းအမျိုးသားဧည့်သည်များ လာလေ့မရှိပါ၍ အဆောင်နေ မစပ်စုတို့ကလည်း ကွက်ကြည့် ကွက်ကြည့်နှင့်

"တကယ်တော့ ဒီငွေကို လုံးဝ မငြင်းသင့်ဘူး မစိမ့်။ တူးမာတစ်ယောက်တည်း ရှာစာနဲ့ ကျောင်းတက်နေရတာ ဟိုကောင်မလေးကိုလည်း သနားဦးမှပေါ့ဗျာ"

"ကျွန်မ ညီမလေးပဲ။ ကျွန်မ မသနားပဲနေပါ့မလား သူ့ဆန္ဒအရ ကျောင်းတက်နေတာပါ။ မဟုတ်ရင် ကျွန်မလည်း အလုပ်လုပ်ပါတယ်"

"ဟုတ်တယ်။ တကယ် သနားစရာကောင်းတာက တူးမာ ပဲ၊ သူ့ခမျာ. . ."



ကိုတင်မောင်သိန်းက စကားမဆက်တော့ဘဲ တစ်စုံတစ်ခု နှိုင်းချင့်စဉ်းစားနေပုံရသည်။ စိမ့်စမ်းအေးမှာ ဤအကျဉ်းကျပ်မှ လွှတ်မြောက်လိုလှပြီမို့. . .

"ဒီငွေကို အန်တီနုဆီမှာပဲ ထားပါလေ၊ တူးမာ လာရင် ကျွန်မ ပြောပြပါ့မယ်။ သူ ယူသင့်တယ်ထင်ရင်လည်း လာယူပါ လိမ့်မယ်။ ညီမဆိုပေမယ့် သူ့ဆန္ဒအရ ကျွန်မ နေရတာပါ။ အားတော့ နာပါရဲ့။ ကျွန်မ စာကျက်စရာ ရှိလို့ပါနော်"

ကိုတင်မောင်သိန်းက ငွေကို မတတ်သာသဖြင့်သာ ပြန်ယူလိုက်ရပြီး. . .

"ကျွန်တော် နားလည်ပါတယ် မစိမ့်။ ပြန်မှာပါ။ ဒါပေမယ့် မစိမ့် တူးမာဟာ သူ့ဘဝ ဒီလိုနစ်မွန်းခံပြီး မစိမ့်ကို ကျောင်းထား ပေးနေတာ နည်းတဲ့စေတနာ မဟုတ်ဘူးနော်။ သူ့ခမျာ ဘာမှ မသိလို့သာ"

"နေပါဦး။ သူ့ဘဝ နစ်မွန်းခံတယ်ဆိုရအောင် ကျွန်မ ညီမလေးက ဘာဖြစ်နေလို့လဲ။ သူ စားသောက်ဆိုင်မှာ ကောင်း ကောင်းကောင်းဝယ် လုပ်စားနေတာပါရှင့်"

အေးလွန်းသော စိမ့်စမ်းအေး၏ရင်မှာ ဒေါသဝင်လာ သော့ အသံလေးများ တုန်လာသည်။

"မစိမ့် 'ငြိမ့်'ကို ရောက်ဖူးလား"

"ဟင်အင်း. . ."

"တူးမာက ခေါ်မပြဘူး မဟုတ်လား"

"ဟုတ်တယ်"

"ဒါကြောင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး။ အခု တူးမာက ဘာဖြစ်နေလို့လဲ"

အမိဟွာယ်တစ်စုံတစ်ရာနှင့် ပြုံးနေသော ကိုတင်မောင်သိန်း၏ စကားကြောင့် စိမ့်စမ်းအေးပင် စိတ်ပူစ ပြုလာပါပြီ

"ဘာမှတော့ မဖြစ်သေးပါဘူးလေ။ ဒါပေမယ့်. . . ဒီ စားပွဲထိုး အမျိုးသမီးလေး လုပ်ရတာ. . . အို. . . မစိမ့် ဘယ်မှလဲ မရောက်ဖူးဘူး။ ဒီနေ့ခေတ်နဲ့ အဆက်ပြတ်နေ တစ်ယောက်ကို နားလည်အောင် ပြောဖို့မလွယ်ပါဘူး။ အဲဒါ ထားလိုက်ပါတော့လေ၊ တူးမာရဲ့ စေတနာဟာ နည်းတဲ့စေတ မဟုတ်ပါဘူးဗျာ။ သူ့ခမျာ ဘာမှ မသိရှာတာကိုက သနားစ လေးပါ"

"ကိုတင်မောင်သိန်း ပြောတာ ဘာလဲ။ ကျွန်မ နားမလည် ဘူး"

"ဩော်. . . သူက မစိမ့်ကို အစ်မအရင်းပဲ မှတ်နေရှာ ကို ပြောတာပါ"

"ရှင်. . . ဟင်. . . ဟင်. . . "

စိမ့်စမ်းအေး၏ တစ်သက်တာအတွင်းမှာ ဤမျှ အံ့ ချောက်ချားစရာ စကားမျိုးကို တစ်ကြိမ်တစ်ခါမှ မကြားခဲ့သေး။

မိမိကို ဝါးမျိုခုန်အုပ်တော့မည့် ကျားတစ်ကောင် ရှေ့မှောက်မှာလို ကြောက်လန့်တုန်လှုပ်ခြင်း ကြီးစွာဖြင့် ကို မောင်သိန်းကို ကြည့်လိုက်မိသည်။

'မေမေရယ်' 'သူရယ်' 'စိုးရယ်'မှလွဲ၍ တစ်လောက ဖုံးကွယ်မြုပ်ထားသော အရာဟူ၍ အသေအချာ ဖွဲ့မှ



သားမိရာမှ ယခု မဆီမဆိုင်သောသူထံမှ ကြားလိုက်ရ၍ စိမ့်စမ်းအေးမှာ အော်ဟစ် ထွက်ပြေးချင်လောက်အောင် ချောက်ချားရပြီ။

လောလောဆယ် သူ့ဘဝအတွက် အားထားခိုမှီရာ တစ်ခုတည်းသော ကမ္ဘာသည် တူးမာသာတည်း။

ငွေကြေးကြောင့်ချည့်သာ မဟုတ်ပါ။ တူးမာ၏ မေတ္တာ လျော့နည်းသွားမှာ၊ စိမ်းသွားမှာကိုလည်း အသက်ဆုံးရမတတ် စိမ့်စမ်းအေး ကြောက်ရွံ့လှပါသည်။

"ဒီ. . . ဒီအကြောင်း ဘယ်. . . ဘယ်က သိတာလဲရှင်"

အားငယ်ဝမ်းနည်းလွယ်သော အသည်းနုမလေး စိမ့်စမ်းအေးမှာ မျက်ရည်များ ဝိုင်းလာရင်း ထစ်ငေါ့ ဆွံ့အ,သော စကားများဖြင့် မေးမိပါ၏။

"ဒီလိုပဲပေါ့ဗျာ"

စိမ့်စမ်းအေး သိပ်ချောက်ချားသွားမှန်းသိပါ၍ ကိုတင်မောင်သိန်းက လည်ပတ်လွန်းစွာ ချီထားလိုက်ပါ၏။

"တူးမာ. . . တူးမာကိုရော ပြောလိုက်ပြီလား. . . ။ သူရော ဒီအကြောင်း သိလား ဟင်"

"ဘယ်ပြောလို့ဖြစ်ပါ့မလဲ။ မစိမ့်ပေါ် သူ မေတ္တာရော့သွားမှာပေါ့၊ စေတနာ နည်းသွားမှာပေါ့။ သူက မစိမ့်ကို ကျောင်းထားပေးနေတာ မဟုတ်လား။ ကျွန်တော်တို့ မမနုတို့က မစိမ့်ကို သိပ်ပြီး စေတနာရှိကြတဲ့သူတွေပါ"

စိမ့်စမ်းအေးမှာ ဘာစကားဆက်၍ ပြောရမလဲဟူသော စဉ်းစားနိုင်ခြင်း စိတ်များကို ချောက်ချားမှု မြူငွေ့များက

www.burmeseclassic.com

www.burmeseclassic.com



ဖုံးအုပ်ပိတ်ဆို့နေပါပြီ။

"ဒါဖြင့် ကျွန်တော် ပြန်မယ်နော်"

"အို. . . နေ. . . နေပါဦး"

သူ့ကို လိုအပ်ပြီဟုသိ၍ တမင်ပြောကြောင်း စိမ့်စမ်းအေး မသိရှာ။ ကိုတင်မောင်သိန်းသည် တစ်ကွက်မက နှစ်ကွက်ကျော် မြင်သော လူလည်တစ်ယောက်ပါ။

"တူးမာ. . . တူးမာရဲ့ မိဘရင်းကို ဦးတင်မောင်သိန်း သိတယ်လားရှင်. . ."

"မသိပါဘူး။ ဒါပေမယ့် မစိမ့် သိချင်တယ်ဆိုရင်တော့ ကျွန်တော် စုံစမ်းပေးရမှာပေါ့"

"အနှစ်နှစ်ဆယ်နီးပါးပဲ ရှိနေပြီရှင်၊ စုံစမ်းလို့ လွယ်ပါ့ မလား"

"ကံမရှိလို့သာ မကြီးပွားတာ၊ တင်မောင်သိန်း ဆိုတဲ့ ကောင်လုပ်လို့ မဖြစ်တဲ့အရာ ဘာမှမရှိပါဘူး မစိမ့်"

အရေးထဲ မင်္ဂလာယူနေသော သူ့စကားကို စိမ့်စမ်းအေး ဂရုမထားနိုင်အားပါ။

"အင်း. . . အင်း. . . အဲဒါ စုံစမ်းပေးပါ၊ အို. . . နေဦး သိသွားရင်လည်း သူ့မိဘတွေနဲ့ ပြန်ဆက်သွယ်မိကြရင် ဒုက္ခပဲ"

"မစိမ့် အေးအေးစဉ်းစားလေ။ လိုအပ်ရင်သာ ကျွန်တော့် ကို ခိုင်းပေါ့"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါရှင်"

မိန်းမလှတိုင်းကို စိတ်ဝင်စားတတ်သော၊ စကားပြော နေချင်သော၊ ရင်းနှီးလိုသော စိတ်များနှင့် တင်မောင်သိန်းမှာ



မိန်းမလှလေး၏ စိတ်လှုပ်ရှားလွန်းမှုကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်သည်။

"ဒီ. . . ဒီအကြောင်း ဘယ်ကသိလာတာလဲ ဟင်"

"ဒီလိုပဲပေါ့"

"ကျေးဇူးပြုပြီး ကျွန်မကို ပြောပြပါရှင်"

"ကျွန်တော် ဘာကူညီပေးရမလဲ"

"အဲဒါကိုပဲ ပြောပြပါရှင်။ ဘယ်ကသိတာလဲလို့ ပြောပြတာ ကျွန်မကို ကူညီတာပါပဲ"

"ဒါဆို ပြောပြမှာပေါ့။ ကျွန်တော် မမနုဆီက သိတာပါ"

"ဟင်. . . အန်တီနုဆီက"

"ဟုတ်တယ်၊ မမနုကရော ဘယ်ကသိလဲလို့ ဆက်မေးတော့မှာမဟုတ်လားဟင်. . . မစိမ့်၊ မမနုသိတာ ဦးလေး ဦးမောင်လှိုင့်ဆီကပါ"

"ဟာ. . . ဖေဖေ့ဆီက"

"ဟုတ်ပါတယ်"

"ဟင်အင်း. . . မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး။ ဒီအကြောင်း ဖေဖေကိုယ်တိုင်တောင် မသိဘူး"

"ဦးလေးက မမနုကို အစုံပြောပြသွားခဲ့ပါတယ် မစိမ့်"

"ရှင်"

"မစိမ့်တို့ မေမေကသာ သူ့ခင်ပွန်းမသိဘူး ထင်နေတာ။ တူးမာငယ်ငယ်တည်းက သိတာပါ။ သူတို့ရင်သွေးလေး ဆုံးပြီး တူးမာကို ကိုယ်စားယူလာတာ၊ တူးမာအမေက ပေးလိုက်တာ ဆိုတာ ဦးလေးသိတာ ကြာပါပြီ။ ရွာကလူတွေက တစ်ဆင့်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ဇနီးက အုပ်ထားလို့ သူလည်း ဒီလိုပဲ မသိချင်ယောင် ဆောင်နေလိုက်တာတဲ့”

“အို. . .”

“ဦးလေးဟာ ဒီအကြောင်းအရာ အားလုံး မမနု... ပြောပြသွားခဲ့ပါတယ်။ မစိမ့်နဲ့ တူးမာကသာ ဘာမှမသိရှာတာ... ဦးလေးက အကုန်သိနေတယ်။ သူသိသမျှလည်း သူ့မိန်းမ... ပြောပြသွားခဲ့ပါတယ် မစိမ့်”

“ဩော်. . . ဖေဖေရယ်. . .”

သမီးကြီးထက် နောက်ဇနီးကို ပိုပြီး တရင်းတနှီးထား... ပြောကြားသွားရက်တဲ့. . .

“ဖေဖေဆိုတဲ့. . . ဖေဖေရယ်”

◆ ◆ ◆

အခန်း ။ ၁၆ ။

မိမိ၏ ရင်တွင်းမှ နှလုံးသည်းပွတ်ထက်ပို၍ ချစ်မြတ်နိုး...ါသော စိုး. . . နိုင်ငံခြားသို့ ထွက်သွားခဲ့ရပြီမို့ လွမ်းရလွန်း...ာ ဝေဒနာကို ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ နင့်နင့်နဲနဲ ခံစား...နရဆဲ အချိန်တွင်. . .

စိမ့်စမ်းအေးအတွက် အစားထိုး၍ မရနိုင်သော ဆုံးရှုံး...ကြီးတစ်ရပ်ကြောင့် ရင်မှာ ပရိဒေဝဆိုသောမီးသည် အဟုန်...ပြင်းစွာ တောက်လောင်ခဲ့ရပြန်သည်။

စိုးထွက်သွားပြီး ငါးလအကြာ. . .

ဒေါ်တင်ထားနုနှင့် ကိုတင်မောင်သိန်းတို့ တတွဲတွဲနှင့်...ဖနှင့် ကွဲကွာပြတ်စဲဖို့ ကြိုးစားနေကြချိန်. . .

လုံးဝကွာရှင်းမပေးနိုင်ပါဟု အပြတ်ပြောနေဆဲ...ာလ. . .

ဖေဖေက ချစ်ဇနီးကို စွန့်လွှတ်မပေးနိုင်၍ ဖေဖေ စိတ်...ခင်းရဲရဆုံးအချိန်။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများ လိပ်ခဲတည်းလည်းနှင့် မရှင်းနိုင်။ မလင်း
ကြသေးစဉ် ကာလမှာ. . .

၃ ရပ်ကွက် ဝေဇယန္တာလမ်းရှိ အသိအိမ်သို့ ကိစ္စတစ်
နှင့် ဝင်စရာရှိသည်။ နည်းနည်းနောက်ကျမည်ဟုပြော၍ အိမ်
ထွက်သွားခဲ့သော ဖေဖေသည်. . .

ခါတိုင်းလို ဘတ်(စ)ကားမစီးဘဲ မြို့ပတ်ရထားစီး၍ ပြန်
သည်။ ရုံးဆင်းချိန်မို့ လူကျပ်လွန်းသော မြို့ပတ်ရထားသည်
ကံဘဲ့ဘူတာအနီးအရောက်တွင် ဆင်းရန် လူအုပ်ထဲမှ ဖေဖေ
တိုးထွက်၍ အဝနားမှာ အဆင်သင့် စောင့်နေစဉ်၊ ရထားအရှိန်
မသပ်ခင် သူ့ဟာသူ ခြေချော်လေသလား။ မတော်တဆ လူနှင့်
တိုက်မိကြလေသလားမသိ။ ရထားပေါ်မှ ဖေဖေလွင့်စင်လိမ့်
ခဲ့သည်ဟူသော သတင်းဆိုးကြီး ကြားလိုက်ရ၍. . .

စိမ့်စမ်းအေးတို့တတွေ ဆေးရုံသို့ ပြေးလိုက်သွားကြသည်
အခါတွင် မြင်မကောင်းတော့သော ဖေဖေ့အလောင်းကိုသာ
ရင်နင့်ကြေကွဲစွာ တွေ့ကြရပါတော့သည်။

"သူ့ဟာသူ သေလို့ တော်သေးတာပေါ့။ အိမ်မှာသာ
ဝေဒနာနဲ့သေရင် မောင်တို့ကို သူ့သမီးတွေကအစ၊ သဘော
ကင်းကြမှာ မဟုတ်ဘူး"

ဖေဖေ့အသုဘတွင် အားကြိုးမာန်တက် ဆောင်ရွက်ပေး
ကိုတင်မောင်သိန်း၏ ကြည်နူးကျေနပ်သော အပြောများ
စိမ့်စမ်းအေးတို့ တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် ကြားကြရပါ

"အဲဒီမျက်နှာ နှစ်ခွက်လုံးကို ကြည့်မရဘူး"

"ဟဲ့. . . တူမာ"



"ဟုတ်တယ်၊ ဒင်းတို့ကြောင့် ဖေဖေ သေခါနီး သိပ် စိတ်
ဆင်းရဲသွားရရှာတာ"

တူမာလိုပဲ စိမ့်စမ်းအေးလည်း ရင်ထဲမှာ အခဲမကြေပါ
သော်လည်း မပြောရဲ မဆိုဝံ့သူမို့ ရင်ထဲမှာသာ ကြိတ်၍ ခဲရပါ၏။

စိမ့်စမ်းအေးတို့တွင် အရင်းအခြာဆွေမျိုး မရှိပါ။ ဖေဖေ
၏ နှမဝမ်းကွဲများ ရှိသော်လည်း ဤညီအစ်မ နှစ်ယောက်ကို
တာဝန်ယူချင်သူ မရှိပါ။ ယူချင်သူ ရှိသည့်တိုင် မကျွေးနိုင်၊
မွေးနိုင်သော ဆင်းရဲသူ ဆင်းရဲသားများချည်းသာပါ။

"ဩော်. . . ကံကြမ္မာရယ်"

ဘာမှမတတ်သာ၍ ကံကြမ္မာသို့သာ တိုင်တည် အပြစ်ဖို့ရ
ပြီ။

စိုး မသွားမီ၊ စိုးသွားပြီး၊ ဖေဖေမဆုံးမီ အချိန်များဆီက
ညီအစ်မနှစ်ယောက် အားတွေတက်လို့ပါ။

ဒေါ်တင်ထားနုနှင့် မကွဲလျှင်လည်း သည်အိမ်လေးမှာ
ကြမည်။

ဒေါ်တင်ထားနုနှင့် ကွာရှင်းလျှင်လည်း သားအဖ
သုံးယောက် တစ်အိုးတစ်အိမ်လေး ပြန်လည်စုစည်းကြမည်။

စိမ့်စမ်းအေးကို ကျောင်းထားပေးမည် ဆိုသော
အကောင်းဘက်ကချည်းသာ တွေးတောယုံကြည်ထားခဲ့မိကြ
သော အစီအစဉ်များ. . .

အားလုံးသည်. . .

လေထန်သောလှိုင်းပြင်မှ မြူမှုန်များနှယ် နားခိုရာမဲ့စွာ
လွင့်စင်၍ ဘဝပျက်ရ၊ ပျောက်ရပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တူးမာနှင့် စိမ့်စမ်းအေး၏ နေရေးထိုင်ရေးများ တွေးပင် မတွေးရဲစရာ။

သည် ညီအမအတွက် နားခို ခြေချစရာ နှစ်နေရာသ ဤကမ္ဘာတွင် မြေပိုမရှိပါချေတကား။

"ဒီလောက်လည်း ငိုမနေပါနဲ့ ငါ့တူမရာ။ ဒီလိုပဲ ဖြစ်လ မှာပေါ့"

စိုး၏ဖခင် ဦးလေးဦးချစ်ထွေးက မူးမူးနှင့် အားပေ သော်လည်း သူ့စကားက အားတက်စရာမရှိလွန်းပါ။

ဘယ်အရာပဲဖြစ်ဖြစ် ဒီလိုပဲ 'ဖြစ်လာမှာပါ'ဟု စောင့် ၍ မရစကောင်းမှန်း စိမ့်စမ်းအေး သိပါသည်။

လူဆိုသည်မှာ ကြံဆနေရမည်။ ဤကြံဆမှု မှန်ကန် ဆိုလျှင် ကြိုးစားရမည်၊ အားထုတ်နေရမည်။ ကြိုးစွာသော လုံ့လဖြင့် တက်လမ်းကို ရှာရမည်သာ။

ဤအချက်ကို ခံယူသော စိုးနှင့် လုံးဝဆန့်ကျင်လျက်

ဦးချစ်ထွေးသည် စိုးဖခင်သာဆိုသည်။ စိုးနှင့်က ဆန့်ကျင် ဘက်၊ သူက အရက်ကို အချိန်မှန်သောက်၍ ပိုလျှံသော လခ ဇနီးလက်သို့ အပ်လိုက်ပြီးလျှင် သူ့တာဝန် ပြီးဆုံးပြီဟု ယူဆ သောသူ။

ဂုဏ်ထူးသုံးဘာသာနှင့် အောင်ရှာသော သားလေး ငါဘယ်နည်းနှင့် တက္ကသိုလ်သို့ ဖြစ်အောင် ထားပေးမည် သူ မတွေး။

ဆရာဦးဥက္ကာ၏ ကူညီမှုဖြင့်သာ စိုးတစ်ယောက် နိုင်ငံခြားသို့ သွားခွင့်ရခဲ့ခြင်းပါ။



လိမ္မာသော၊ စာတော်သော တပည့်ကို ဆရာသည် ချစ်ရုံ စိုး သစ္စာရှိသည်ဟု ကျိန်းသေ လူကဲခတ်တတ်သော ဆရာမှာ သူ့ 'သားမက်'၏ အကူညီနှင့် သူ့ငွေကြေးနှင့် ခြင်းဖြစ်သည်။ ပြန်လာ၍ စိုး သိတတ်လျှင်လည်း သူ ပြန်ယူမည်။ မသိတတ်လျှင်လည်း သူ့အလှူပါ။ သူ့စေတနာ အပြတ်ပြောပြီးသားပါ။

စိုးက နေမည့်သူ မဟုတ်ပါ။ စိမ့်စမ်းအေးကလည်း ဆရာ့ စေတနာထက် ဆယ်ဆမျှ ပြန်၍ ကန်တော့သင့်လှကြောင်း နှပ်ကြပြီးသား။

စိုးဖခင် ဦးချစ်ထွေးကမူ အသုဘသို့ လာပါသည်။ ဝိုင်းကူ သည်။ သို့ပါသော်လည်း နဂိုတည်းက သူ့ဘဝကိုပင် သူ ပေါ့တန်တန် နေတတ်သူအဖို့ စိမ့်စမ်းအေးတို့ ညီအစ်မ အတွက် စဉ်းစား၍ပင်မပေး။ စိုး မိထွေး ဒေါ်စိန်ကြည်ကလည်း လာပါသည်။ ရက်လည်သည်အထိ ကူညီကြပါ၏။

ဖေဖေ၏ အသုဘကိစ္စ ပြီးဆုံးချိန် ရက်လည်ပြီး အားလုံး အချိန်တန်၍ အိမ်သို့ပြန်သွားကြချိန်တွင်. . .

"မစိမ့်တို့ ညီအစ်မလည်း အားမငယ်ကြပါနဲ့လေ။ စိမ့်လည်း ကျောင်းတက်လက်စနဲ့ ဆက်သာတက်ပေါ့"

ကိုတင်မောင်သိန်း၏ အားပေးမှုကို ဒေါ်တင်ထားနုက ခင်ရောက် မထောက်ခံ။ ကန့်လည်း မကန့်ကွက်။ သူငြိမ်နေ သည်။

သူ့အနေနှင့် နှုတ်ဆိတ်၍လည်း နေသင့်သောကိစ္စပါ။

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှသော စိမ့်စမ်းအေးကို သူ့ခင်ပွန်းအတွက် စိတ်
သည်က အဓိက။

ဒုတိယက ဤနှစ်ယောက်စာကို တာရှည်မကျွေးနိုင်
တာဝန်မယူနိုင်ခြင်းပင် ဖြစ်ပါသည်။

ဒေါ်တင်ထားနုကို အပြစ်မတင်လိုပါ။ သူ့ဘက်
မှန်ပါသည်။ စိမ့်စမ်းအေး ကိုယ်တိုင်ကလည်း ဤအိမ်တွ
ဆက်လက်၍ မနေချင်တော့။ နေလည်း မနေသင့်တော့ပါ

ရက်မလည်မီက ပရိဒေဝဖြင့် ဘာမှသတိမရနိ
သော်လည်း ရက်လည်ပြီးနောက် ဦးလေးကိုချစ်ထွေး ရော
လာချိန်တွင်. . .

"ဖေဖေဆုံးကြောင်း စိုးဆီကို စာမရေးလိုက်ပါနဲ့နော်. . .
ဦးလေး"

"ဘာဖြစ်လို့လဲဟ၊ ဒါလည်း သူ့ဦးလေးအရ
တစ်ယောက်လိုပဲ။ သူသိပ်ချစ်ရှာတာ နင်တို့ အသိသားနဲ့"

"ဒါကြောင့် မသိစေချင်တာပါ ဦးလေး"

"ဟေ. . ."

"နိုင်ငံရပ်ခြားကနေပြီး သူသိသွားလည်း စိတ်မကောင်
အပြင် သူဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘဲ။ သူ့ဆီကို စာမ
ပါဘူးလို့ စိမ့်ကို ကတိပေးပါနော် ဦးလေးရယ်"

"အေးပါ. . . ငါ့တူမ မသိစေချင်လည်း မရေးပါဘူး"

ဦးလေးကို ပြောကြားမိသည်ထက် စိမ့်စမ်းအေး၏စိတ်
စိုးအတွက် ပို၍ အစိုးအရိမ်လွန်ကဲနေကြောင်းများကိုဖြင့်
မပြောတော့ပါ။



ဦးချစ်ထွေး၏ သူ့သား စိတ်မကောင်းမှာစိုး၍ပါဟု သာမန်
လို သဘောထားပါသော်လည်း စိုးသည် သည့်ထက် နက်နဲ
တွေးရှာပေတော့မည်။

"စိမ့်စမ်းအေးတို့ ညီအစ်မ၏ နေရေးထိုင်ရေး"

ဆိုသည်များကို သူတွေး၍ စိုးရိမ်ပူပန်လိုက်မည့်ဖြစ်ခြင်း။
ပြောသွားသည်သို့ပင် ပင်လယ်ထဲခုန်ချပြီး လက်ပစ်ကူး၍
လာချင်ရှာရှာမည်။

အဝေးရောက်ချစ်သူ၏ရင်ကို မနှမ်းစေချင်။ သူ့အပူကို
မခံစားစေရက်သည်မှ လွဲ၍. . .

ဤကိစ္စကြီးကို ဘယ်နည်းနှင့် ကိုင်တွယ် ဖြေရှင်းရမှန်း
သိတော့။ ဝမ်းနည်းတိုင်း၊ အားငယ်တိုင်း မျက်ရည်ကျရုံသာ
ကိုယ်ကို မျက်ရည်တို့ဖြင့် ဖွဲ့စည်းဖုံးလွှမ်းလျက်ပါ။

"ငိုနေလို့ မပြီးသေးဘူး မမရဲ့၊ သူတို့ကိုလည်း အပိုင်
ကိုင်မှ"

"ဟင်. . ."

"ဖေဖေက သူ့အသက်အာမခံငွေတွေကအစ သူ့မိန်းမ
ည်နဲ့ လွှဲသွားတာ။ တရားဝင် လက်ထပ်ထားတဲ့အတွက်
ဖေ့ရုံးက ရသင့်ရထိုက်တာမှန်သမျှ ဟိုနှစ်ယောက်ရကြမှာ
ရဲ့လား"

"အေးလေ. . . တို့နဲ့ ဘာဆိုင်တော့လဲ ညီမလေးရယ်"

"ဒီလို လေပျော့နဲ့ လုပ်နေလို့ မရဘူး။ ခုချိန်မှာ အပိုင်ပဲ
င်တွက်ကို ကိုင်ရမယ်"

"ဟင်. . . ဘယ်လို. . ."

www.burmeseclassic.com

www.burmeseclassic.com



"တူးမာတို့ ညီအစ်မ ဒီအိမ်ပေါ်က ဆင်းစေချင်ရင် ငွေ ငါးထောင်ပေးလို့ တောင်းမယ်"

"အို. . . တူးမာ"

စိမ့်စမ်းအေး လန့်သွားသည်။ ငုံ့၍ ငိုနေသော စိမ့်စမ်းအေးသည် မိမိရပ်နေရာလမ်းကိုသာ ငုံ့ကြည့်နေမိပါလား။

ခပ်တောင့်တောင့်ဖြင့် မိမိတို့၏ သွားရာလမ်းကို မျှော်ကြည့်တတ်နေပြီဖြစ်သော တူးမာလောက်ပင် စိမ့်စမ်းအေး ဘဝဆန်စွာ မတွေးတတ်သေးပါလား။

"သူတို့က ပေးချင်ပ့ါမလား။ ရှိရော ရှိလို့လား တူးမာရယ်"

"မပေးချင်လည်း ပေးရမှာပဲ။ ဘာလို့ မရှိရမှာလဲ။ ဖေဖေ့ သက်ပေါင်ကချည့် ခြောက်ထောင်တောင်ရမှာ"

"ဖေဖေကိုယ်တိုင်ကတောင် သူ့ဇနီးနာမည်နဲ့ လွှဲခဲ့တာ တို့ကိုပေးပ့ါမလား"

"အမလေး. . . နားဝေးလိုက်တာနော်၊ တူးမာ ညီအစ်မ ဒီအိမ်မှာ ရှုပ်နေမှာကို သူတို့ တစ်ကျော့ပြန် ကြင်ဇနီးမောင်နှံက ကြိုက်ပ့ါမလား ရှိနေစေချင်ပ့ါမလား။ စဉ်းစမ်းပါဦး"

"အေးပေ့ါ၊ ဘယ်ရှိစေချင်ပ့ါမလဲ။ နင်ချတော့မှာပေါ့"

"ဟင်း. . . လင်ပါသမီးတွေဆိုပြီး အနိုင်စီးက နင် ဘယ်ရမလဲ။ ဒီအိမ်က သန်းခေါင်စာရင်းမှာ တူးမာတို့နာမည် ပါတယ်။ ကောင်စီလူကြီးတွေကို တက်တိုင်မှာပေ့ါ"

အရွယ်နှင့်မလိုက်အောင် တူးမာတို့ ဉာဏ်သွားလိုက်ပုံ များ။



ဤကိစ္စကို လူကြီးစုံရာရှေ့မှာ တင်ပြသည်ထိ ပြဿနာက ကြီးလာတော့သည်။ အားလုံးက တူးမာတို့ ညီအစ်မဘက်က ငဲ့ညှာစွာ စဉ်းစားပေးရန် မေတ္တာရပ်ခံသည်။

သူတို့ကလည်း တူးမာကို ဆင်းစေချင်လှပါပြီ။ တူးမာ တောင်းသောငွေက တကယ်မပြည့်။ အသုဘကိစ္စနှင့် ကုန်ကျခဲ့ပါသည်။ သုံးထောင်ယူပါဟု ဈေးဆစ်သည်။

တူးမာတို့က ခပ်တင်းတင်း။ တစ်ပြားမှမလျှော့။

နောက်ဆုံး ရပ်ကွက်လူကြီးများကပါ ဖျန်ဖြေပေးပါသဖြင့် ငွေလေးထောင်ဖြင့် ကျေနပ်လိုက်ပါတော့သည်။

"ဟဲ့. . . တူးမာ"

"အို. . . ဒါ မေမေ့လက်ထက်က ပစ္စည်းတွေပဲ။ ရောင်း ဘာဖြစ်လဲ"

ဗီရိုလေး၊ ပက်လက်ကုလားထိုင်၊ ပန်းကန်စင်၊ ရေစည်ပိုင်း အစ တူးမာက အကုန်ချရောင်းပစ်သည်။

ဒေါ်တင်ထားနု အံတကြိတ်ကြိတ်နှင့်။ ယင်းကိစ္စ အားလုံးကို ကိုတင်မောင်သိန်းက ဖေးဖေးမမနှင့်။ သူမနကို ထိန်း၍ တူးမာတို့အတွက် သူကပင် ဝိုင်း၍ ကူညီပေးလိုက်ပါ သေးသည်။

နောက်ဆုံးတွင် အချစ်မပါ၊ အလွမ်းမပါသလို၊ အမုန်း လည်း မပါရှိပါဘဲနှင့်၊ တူးမာတို့ ညီအစ်မနှင့် ဒေါ်တင်ထားနုတို့ သင်မယား လမ်းခွဲလိုက်ကြရပါ၏။

"ညီမလေး တူးမာ. . . နင်သာ ခုလို မစီစဉ်နိုင်ရင်. . .

www.burmeseclassic.com

www.burmeseclassic.com



ငါတစ်ယောက်တည်းသာဆိုရင်လေ ငါဘာမှကို လုပ်တတ်မှာ မဟုတ်ဘူး။ တကယ်ပါပဲဟယ်”

“မစီစဉ်တတ်ရဲ့ မဟုတ်ဘူး။ ဟို ခွေးသူတောင်းစား တင်မောင်သိန်း မျက်လုံးတွေက မသိရင်ခက်တယ်။ မိတူးမာ တို့ကို လန့်လွန်းလို့၊ မမစိမ့်ချည့်သာဆို မလွယ်ကြောပဲ”

တူးမာက စံရိပ်ငြိမ်မှ စံအိမ်သစ်လေးမှာ ကျေနပ်အားရ စွာဖြင့် ပြောနေပါ၏။ သူ့အသံက မာန်ဝင့်လျက်။ သူ့ စီစဉ်ချက် ကလည်း အောင်မြင်ခဲ့ပါသည်။

ရရှိလာသော ငွေလေးနှင့် ညီအစ်မနှစ်ယောက်၏ အိပ်ရာ၊ အဝတ်အစား တစ်သေတ္တာစီ၊ စားအိုးစားခွက် ထည့်ရန် သေတ္တာတစ်လုံးဖြင့် မြင်သာကို စွန့်ခွာ၍...

လှည်းတန်းဈေးနှင့် မနီးမဝေး တက္ကသိုလ်သို့ ခြေလျင် သွား၍ ရသော နေရာလေးဖြစ်သည်။ စံရိပ်ငြိမ်ရှိ ကိုယ်ပိုင် သီးသန့် ဘော်ဒါဆောင်တွင် ညီအစ်မနှစ်ယောက် ‘ရောက်လာ ငှားရမ်းနေထိုင်ကြခြင်းဖြစ်ပါသည်။

“ဈေးတော့ တူးမာ ဝယ်ပေးမယ်။ ထမင်းတော့ မမချက်”

“အေးပါ ညီမလေးရယ်၊ အပြင်ကို တစ်ယောက်တည်း မသွားရဲတာကလွဲရင် အကုန်လုံး ငါလုပ်မှာပေါ့”

စပေါ်တင်စရာမလို၊ နှစ်လခ ကြိုတင်ပေးထားရုံသာ လေးယောက်ခန်းဆိုလျှင် တစ်ယောက်စာ တစ်ရာ၊ တူးမာတို့ နှစ်ယောက်ခန်းပဲယူမယ်ဆို၍ နေထိုင်ခချည်း နှစ်ယောက်စာ တစ်လ နှစ်ရာ့လေးဆယ်။

အမျိုးသမီး ပေါင်းစုံ၊ အလွှာစုံ၊ အဆင့်စုံမှဖြစ်သည်။



တက္ကသိုလ်မှ နည်းပြဆရာမလေးကအစ ဘွဲ့ရပြီး စာရေးမလုပ်နေသူ၊ မာစတာ တက်နေသူ၊ စာမေးပွဲကျ၍ အဆောင်မှ ထွက်ခဲ့ရသော မေဂျာစုံမှ ကျောင်းသူများ အားလုံး... အမျိုးသမီးငယ် လေးဆယ်ကျော်မျှ ရှိပါ၏။

များသောအားဖြင့် ထမင်းချိုင့် မှာစားကြသည်။ ချက်စားသူက နည်းပါ၏။ မီးဖိုလည်း သီးသန့်တန်းလျား ဆောက်ပေးထားသဖြင့် ချက်ရပြုတ်ရသည်မှာ အဆင်ပြေပါ၏။ တူးမာတို့ ညီအစ်မက ချက်စားကြသည်။

“တူးမာ၊ အသားဟင်းတွေ ရက်ဆက်မဝယ်နဲ့လေ၊ ပဲဝင်ပေါက် ကြော်လေး၊ မြှစ်ကြော်လေးလောက်ပဲ တို့ညီအစ်မ စားကြတာပေါ့။ ရှိတဲ့ငွေလေး ကုန်သွားရင် မခက်ပါလားဟယ်”

“တူးမာသိပါတယ် မမရယ်...၊ တူးမာ နေ့တိုင်း မြို့ထဲ ထွက်နေတာ အလုပ်ရှာနေတာပါ”

“ဟင်... နင် အလုပ်လုပ်မယ်။ ဘာအလုပ်လဲ”

“တစ်ခုခုပေါ့။ ဘာပဲဖြစ်ဖြစ်၊ မမ ဘွဲ့ရတဲ့အထိ ကျောင်း ဆက်နေနိုင်အောင် တူးမာ ငွေရအောင် ရှာပါ့မယ်”

ထိုညက တူးမာတစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်သွား သည့်အချိန်တွင် စိမ့်စမ်းအေးမှာ တူးမာကို ငုံ့နမ်းမိရာက သူ့မျက်ရည်ပူလေးတစ်စက်သည် တူးမာ၏ ပါးပြင်ပေါ်မှာ ပြေးကျသွားခဲ့ပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း။ ၁၃

အချစ်ဆုံး အချစ်ဦး

မိစိမ့်လေးရေ. . .

နင် စံရိပ်ငြိမ် ဘော်ဒါဆောင်ကို ပြောင်းသွား[illegible] ဆိုလို့ ငါ ဝမ်းသာလိုက်တာ။ နင် ပေးတဲ့ လိပ်စာသ[illegible] စာထည့်လိုက်ပါတယ်။

မြင်သာကနေ တက္ကသိုလ်တက်ရတဲ့ ဒုက္ခ[illegible] မသေးလှဘူး။ ခရီးက ဝေး၊ ကားကကျပ်၊ ပြီးတော့ နင်[illegible] မအူမလယ်နဲ့။ ကားပေါ်မှာ နင့်နား ကပ်နေကြမှာ။ န[illegible] ကြောက်နေရှာမှာဆိုတာတွေ တွေးပြီး စိတ်ထင့်[illegible] စိတ်ပူရတာ အမောပါ မိစိမ့်ရာ။

ရန်ကုန်က ကျောင်းသူ အဆောင်တက်ခွင့်[illegible] တော့ ခုလို ကျောင်းနဲ့နီးတဲ့အပြင် ဘော်ဒါဆောင်လေ[illegible] တွေရှိတာ တော်သေးတာပေါ့။



ကျောင်းထားပေးရုံမက သီးသန့် ဘော်ဒါထားပေး ရှာတဲ့ ဦးလေး ဦးမောင်လှိုင်ကို ငါ ကျေးဇူးတင်လိုက်တာ။

ဒီစာ နောက်မှာ ဦးလေးနဲ့ အန်တီနုရယ်၊ ညီမ လေး တူးမာ အတွက်ရယ်. . .၊ သီးသန့်စာတွေ ပါမယ်။ ပေးလိုက်နော်. . .

နင် ငါ့ကို မလွမ်းဘူးလား ဟင်. . .

သိပ်လွမ်းတာပဲလို့ နင့်စာထဲမှာ ပါပေမယ့် အချစ် ရယ်. . . နင် လွမ်းတာ ငါ လွမ်းရတာလောက် လိုက်မီ နိုင်မှာ မဟုတ်တာ သေချာပါတယ်။

နင်က ဖခင်နဲ့ညီမလေးနဲ့ သူငယ်ချင်းတွေနဲ့ နေရတဲ့ တက္ကသိုလ် ကျောင်းတော်သူကြီး။

ငါ့မှာတော့လေ. . .

ကုန်းမြေဆိုတာကို တစ်လက်မစာမှ မမြင်ရတဲ့ ပင်လယ်ပြင်ကြီးထဲမှာ လွင့်မျောနေရတဲ့ ဘဝပါ။

ပြာမှိုင်း လှိုင်းထန်နေတဲ့ ပင်လယ်ပြင်ကြီးပေါ်မှာ နင် ငယ်ငယ်က ရုပ်ပုံလေးတွေ၊ တို့ ကစားခဲ့ကြတာ လေးတွေ၊ တစ်ယောက်နဲ့တစ်ယောက် အစားညှာခဲ့ကြ တာလေးတွေ၊ တူးမာလေး ဆိုးလွန်းလို့ စိတ်ညစ်ကြတာ လေးတွေကအစ. . .

အို. . . နောက်ဆုံး နင်နဲ့အတူ ဘုရားဖူးခဲ့တဲ့ ချစ်ရက်ကလေးတွေ. . .

ကန်တော်ကြီးရဲ့ ကန်ရေပြင်ရှေ့ မြက်ခင်းပြင်မှာ ထိုင်ပြီး တစ်ယောက်လက်ကို တစ်ယောက် ဆက်တွဲရင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မချိတင်ကဲနဲ့ ခံစားခဲ့ကြရတဲ့ 'လွမ်းရက်ကလေး
တွေ'ကို. . .

ငါ့မျက်စိထဲမှာ မြင်နေတယ်။ ပင်လယ်ပြင်ပေါ်မှာ
ပုံရိပ်ထင်နေပါတယ် ငယ်ချစ်ဦးရေ. . .

သြော်. . . ငါသာ ကံဆိုးတဲ့ကောင် တစ်ယော
မဖြစ်ခဲ့ရင် ခုချိန်မှာ ငါလည်း နင်လိုပဲ၊ တက္ကသို
ကျောင်းသားကြီးဖြစ်ပြီး အင်းလျားရေပြင်ဦး ကံ့ကော
တောနဲ့ ရေတမာရိပ် အောက်က ခုံတန်းလျားလေ
တွေမှာ တခြားချစ်သူတွေလို နင်နဲ့အတူတွဲပြီး၊ ဘ
လောက်များ ရင်ခုန်စရာ သာယာကြည်နူးဖွယ် ကောင်
လိုက်မယ့် အဖြစ်လဲနော်။

ခုတော့လည်း ငါ သိပ်နေချင်တဲ့ တက္ကသို
ဆိုတာကို ဝေးရလို့ ဆွေးရတာက နည်းနည်းပါ။

နင့်ကို ခွဲရလို့ ကြေကွဲလွမ်းဆွတ်ရတဲ့စိတ်
ငါ့နှလုံးသားကို ကွဲကြေစေမတတ်ပါ မိစိမ့်ရယ်။

ဒါပေမယ့် နင်ပြောသလို "နီးဖို့အတွက် ဝေး
ရတာ" စက်ဝိုင်းလမ်းကို လျှောက်နေရတာ။ နင့်ဆီ
ထွက်ပြီး နင့်ဆီပြန်ရောက်မှာ ဆိုတဲ့ အားတင်းစိတ်တွေ
ငါ့မျက်ရည်တွေကို တိတ်စေရပါတယ် မိစိမ့်ရယ်. . .

စင်ကာပူကို ရောက်ခါစကတော့ ဆရာဦးဥက္က
သားမက်ကလည်း သင်္ဘော ထွက်သွားတော့ ငါ့
'တောသား မြို့ရောက်'မို့ ဒုက္ခတွေ ရောက်လိုက်ရ
တွေ နင့်ဆီ ရေးပြီးပြီနော်။



ဒီမှာ မြန်မာသင်္ဘောသားတွေရဲ့ ဒုက္ခကို အများကြီး တွေ့ရတယ် မိစိမ့်။ တချို့တော့ ရန်ကုန်က အလုပ်ခန့်စာနဲ့သာ ငွေပေးခဲ့ရပြီး ထွက်လာတယ်။ ဒီရောက်တော့ ခန့်တဲ့အလုပ်က တကယ် မရှိဘူး။ တချို့ ကျတော့လည်း အလုပ်ရတယ်။ ကုမ္ပဏီက ညစ်တာတွေ ရှိတယ်။

ငါနဲ့ ဆိုရတဲ့ တို့သင်္ဘောသားအခေါ် စပါတ်(က) (Spark) ဆိုတဲ့ ရေဒီယိုအရာရှိတစ်ယောက် ကျတော့ သူ့သင်္ဘောမာလိန်မှူးနဲ့ အဆင်မပြေလို့ တမင်သက်သက် ညစ်ပြီး ဒီလူနဲ့ အလုပ်မဖြစ်ပါဘူးလို့ သူ့ကုမ္ပဏီကို အကြောင်းကြားတာနဲ့ ချက်ချင်း အလုပ်ထုတ်ပစ်လိုက်တယ်။ မြန်မာပြည် ပြန်ပို့တယ်။ ပြန်သွားရတဲ့ သူ့ခမျာ ဘယ်လောက် စိတ်ဓာတ်ကျရှာမလဲ။ ဘယ်လောက် အရှက်ရမလဲ။ ဘယ့်လောက် နစ်နာဆုံးရှုံးရှာမလဲနော်။

သင်္ဘောသား ဖြစ်ရတာလေ. . . အားလုံး အဆင်ပြေတယ်ထား။ ကပ္ပတိန်က မနှိမ်ဘူးထား။ တစ်ခါတလေ မုန်တိုင်းမိပြီဟေ့ ဆိုရင် သက်ကယ် ဝတ်စုံ(Life Jacket)ကို ရင်မှာပိုက်ပြီး ဘုရားတ,ရ၊ သံဗုဒ္ဓေ ရွတ်ရနဲ့ပါ။ လှိုင်းကြောင့် မူးရ၊ အံရတဲ့အခါများမှာလည်း အသက်ပါ ပါသွားမလား မှတ်ရတယ်။

မြန်မာပြည် ပြန်ရောက်ရင်သာ ငြိမ့်နေတာ မြင်ကြရတာ။ သင်္ဘောသားတစ်ယောက်ရဲ့ ဒုက္ခက မလွယ်ပါဘူးဟာ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြောင်း ပြောရဦးမယ်။ နင်က စေ့စေ့
ရေးလို့ ပြောထားတယ်နော်။

တို့ သင်္ဘောဟာ စင်ကာပူက သူဌေးပိုင်ပဲ။

Navi Trade (Pte) Ltd နယ်ဗီထရိတ် ကုမ္ပ
ပေါ့။ Pte ဆိုတာ ကိုယ်ပိုင် ပရိုက်ဗိတ်ကို ပြောတာ။
အခုလိုက်နေရတဲ့ သင်္ဘောက M-V.Vonny
အမည်ပေးထားတယ်၊ M-V. ဆိုတာ Motor Vess
ဒီဇယ်နဲ့ မောင်းရတာကို ခေါ်တာ။ အရင်တုန်းကတော့
ရေနွေးငွေ့ ဗွိုင်လာနဲ့ မောင်းကြတဲ့ခေတ်က သင်္ဘော
S.S ပဲ ထိုးက တပ်တယ်။ Steam Ship
ငါတို့ကုမ္ပဏီကပိုင်တာ သင်္ဘောဆယ်စင်းလော
ရှိတယ်။

ငါ့ရဲ့ Vonny က တန်ချိန်လေးထောင်လောက်
ရှိတယ်။ စင်ကာပူက သင်္ဘောတွေကတော့ အများ
အားဖြင့် တန်ချိန် လေးငါးထောင်လောက်ပါပဲ။ We
ဘက်ကလာတဲ့ အနောက်နိုင်ငံ သင်္ဘောတွေသ
တန်ချိန် ခုနစ်ထောင်လောက် ရှိတတ်တာ။ အကြီးကြီး
ပေါ့။

ငါ့သင်္ဘောက General Cargo ဆိုတဲ့
အထွေထွေကုန်တင်သင်္ဘောပေါ့။ ဒီတစ်ခေါက်တော့
သံထည်ပစ္စည်းတွေ ပါလာတယ်။

ငါ အခု စင်ကာပူက ထွက်လာတာ နှစ်ရက်ရှိ
သုံးညအိပ် လေးရက်ကြာရင် ဘာလီပါပန် (Balik-



papan)ဆိုတဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ဆိပ်ကမ်းမြို့ကြီး
တစ်မြို့ကို ဆိုက်ရောက်မယ်။

အဲဒီမှာ ရေနံတင် နိုင်ငံခြား သင်္ဘောတွေလည်း
အများကြီး ဆိုက်ကပ်တယ်။ ဘာလီပါပန်ဟာ ဒုတိယ
အကြီးဆုံး ဆိပ်ကမ်းတွေထဲမှာ တစ်ခုအပါအဝင်ပေါ့။
ပထမကတော့ မြို့တော် ဂျာကာတာပေါ့။ ဘာလီပါပန်နဲ့
အတော်လေး အလှမ်းဝေးတယ်။ တစ်ကျွန်းစီပဲလေ၊
အင်ဒိုနီးရှားက ရေနံအတော် ထွက်တယ်။ ကမ်းလွန်
ရေနံတွေလည်း များတယ်။

ဟိုတစ်ခေါက်ကတော့ မလေးရှားနိုင်ငံကို သွားရ
တယ်။ ပီနန်မြို့ကို မဟုတ်ဘူး။ ကိုတာကီနာဘာလူး
(Kotakinabalu)ဆိုတဲ့ ဆိပ်ကမ်းကို ကုန်သွားပို့တာ။
မြို့တော် ကွာလာလန်ပူကိုတော့ မရောက်ရသေးဘူး။

Cadet နဲ့ လိုက်ခဲ့ရပေမယ့် ငါဟာ အလုပ်ကို
သိပ်ကြိုးစားခဲ့ပါတယ်။ ဆရာဦးဥတ္တာရဲ့ သားမက် ငါ့ရဲ့
သင်္ဘောကပ္ပတိန် မာလိန်မှူးကလည်း ငါ့ကို သိပ်
ချစ်တယ်လေ။

ဒါကြောင့် မကြာခင် ငါ သဒ်မိတ်(3rd: mate)
ဖြစ်တော့မယ်။ နောက်. . . ကံ ဆက်ကောင်းရင်တော့
စယ်ကဲန်(2nd: mate)တောင် ဖြစ်နိုင်တယ်။ ဒါပေမယ့်
Uncertified ပဲပေါ့။ ငါ့မှာ အောင်လက်မှတ်ပြတဲ့
Certificate မှ မရှိသေးဘဲကို. . .

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါရည်မှန်းထားတဲ့ အတိုင်း နှစ်နှ
လောက်အကြာမှာ ပြန်မလာနိုင်တော့ဘူး မိစိမ့်ရေ. . .

သဒ်မိတ်ဖြစ်ပြီး အားလုံးပေါင်း သုံးနှစ်ခွဲလော
ကြာမှ ပြန်လာနိုင်တော့မယ်။

အဲဒီတော့မှ မြန်မာပြည်မှာစစ်မယ့် 2nd: Ma
Foreign Going (2nd: Mate F.G) လို့ ခေါ်တဲ့
စာမေးပွဲအောင်ပြီးခဲ့ရင်တော့ ဒုတိယအရာရှိ (2nd
Officer) ဖြစ်ပြီပေါ့။ ဒါဆို စင်ကာပူဒေါ်လာ
တစ်ထောင့်လေးရာ၊ တရားဝင် မြန်မာငွေ တစ်
လေးထောင်ကျော်လောက် ရပြီပေါ့။ ငါလေ. . .
အဆင့်ဆင့်တက်နိုင်အောင် မဖြစ်မနေ ကြိုးစားပါ့မယ်
နှင့်အတွက်. . . ငါ့ရဲ့ အမြတ်နိုးဆုံး ငယ်ချစ်ဦးအတွက်
ပါ။

ခုချိန်မှာတော့ A.B (Able-bodied Sea-men
လို့ခေါ်တဲ့ သာမန်သင်္ဘောသားတွေလောက်တော
ငါက လခမကောင်းသေးဘူး။ သူတို့ကတော့ ဒေ
(Cadet)လို တက်လမ်းမရှိဘူးပေါ့လေ။

အခု တို့သင်္ဘောမှာ Cadet က ငါတစ်ယော
တည်း၊ Chief Mate, 2nd: Mate နဲ့ 3rd: Mate
R.O တွေကလည်း တစ်ယောက်စီပဲ။

ထမင်းချက်၊ ဘဏ္ဍာစိုး၊ လျှပ်စစ်အရာရှိ
အင်ဂျင်နီယာတွေရယ်။ Oiler ဆိုတဲ့ ဆီလောင်းတွေ
A.B ဆိုတဲ့ သင်္ဘောသားတွေ၊ အားလုံးပေါင်း



သုံးဆယ်လောက်ပါတယ်။

မိန်းမဆိုလို့ မမြင်ဖူးဘူးပေါ့ဟာ။

ငါ့တာဝန်တွေအပြင် သင်္ဘောသား လုပ်ငန်းကို
လည်း လေ့လာသင်ကြားရပါသေးတယ်။

Chipping လုပ်တယ်ဆိုတဲ့ 'သံချေးခေါက်'
ရတယ်။ ပြီးတော့ လိုအပ်တဲ့နေရာတွေမှာ အောက်ခံ
ဆေးသုတ်ရပါတယ်။ ပြီးမှ သင်္ဘောနဲ့ ရောင်တူဆေး
သုတ်ပေးရတယ်ပေါ့။ သင်္ဘောကြိုးချည်နည်းအမျိုးမျိုးကို
လည်း သင်ရသေးတယ်။

အဲဒါ မနက်ပိုင်းမှာလုပ်ရတဲ့ တာဝန်။

မနက်စာ ထမင်းစားပြီး နောက်ပိုင်းမှာတော့. . .
Bridge လို့ခေါ်တဲ့ သင်္ဘောမောင်းတဲ့ အခန်း ဆိုပါ
တော့။ အဲဒီမှာ Captain က သူကိုယ်တိုင် (Naviga-
tion) လို့ ခေါ်တဲ့ 'ပင်လယ်ပြင်မှာ ရေယာဉ်ထိန်းသိမ်း
မောင်းနှင်ခြင်း" ဘာသာတွေကို စာတွေ့လက်တွေ့
ပြပေးတာကို သင်ရပါတယ်။

အခုဆိုရင် 'Sextant' ခေါ်တဲ့ နေကြည့် ကိရိယာ
နဲ့ သင်္ဘောရောက်ရှိနေတဲ့ တည်နေရာရှာတာတွေတောင်
ငါတတ်နေပါပြီ။

Chart Room မှာ ချထားတဲ့ မြေပုံကိုလည်း
ကြည့်။ လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊ ဘယ်နေရာမှာ
ရောက်နေပြီလဲ ဆိုတာကိုပါ တို့လည်းသိ၊ ကုန်းကို
လည်း ကြေးနန်းအမြဲလို ပို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တခြားအလုပ်နားချိန်မှာတော့ ငါ့အတွ
ရထားတဲ့ Cadet Cabin အခန်းလေးထဲမှာ အ
တစ်ယောက်တည်းပေါ့ မိစိမ့်ရယ်။

အစားအသောက်ကတော့ မဆိုးပါဘူး။ ဒါပေ
မြန်မာနဲ့တော့ အထာမကျလှပါဘူး။

တို့သင်္ဘောမှာ မလေးလူမျိုး ထမင်းချက်နဲ့ တရု
ထမင်းချက် နှစ်ယောက်ပါတယ်။ ကြိုက်တဲ့အ
စားလို့ရပါတယ်။ တရုတ်စာ ကတော့ တို့မြန်မာ
သိတဲ့အတိုင်းပေါ့။ မလေးစာကျတော့ အုန်းသီး
ထည့်ချက်တယ်။ ငရုပ်သီးကလည်း စပ်သေး၊ ဆ
ကျတော့ တောင်းပါတယ်။ သားငါးအစုံအလင်
Freezer အအေးခန်းထဲမှာ အလုံအလောက် ထည့်
ရတယ်။

ကော်ဖီ၊ လက်ဖက်ရည်၊ ပေါင်မုန့်နဲ့ ကြက်
ထမင်းတို့တော့ သင်္ဘောကကျွေးတယ်။

ဘောန်စတို (Bond-Store)မှာ ပါလာ
ကိုကာကိုလာ တို့၊ ဆဲဗဲန်းအပ်(ပ)တို့၊ စက္ကူဗူးနဲ့ Choc
late Milk တို့၊ Soya Bean တို့ကျတော့ ဝယ်ရတ

Purser ခေါ်တဲ့ ထောက်ပံ့ရေးအရာရှိက စာ
မှတ်ထားပြီး လခထုတ်မှ ရှင်းရပါတယ်။ ငါတော့
အရက်မပြောနဲ့ ဘီယာတောင် မသောက်ပါဘူး။

အခု ငါရတာက စင်ကာပူဒေါ်လာ တစ်



နှစ်ဆယ်ပဲ။ ခုဈေးက 3.3 ဆိုတော့ တစ်လမှ မြန်မာငွေ လေးရာပေါ့။

ဒါပေမယ့် ငါ့ 'ကပ္ပတိန်ဦးမျိုးဝင်း'က ပြောတယ်။ တို့သင်္ဘောက 3rd: Mate ရှေ့လထဲမှာ Sign Off လုပ်ပြီး ထွက်လိမ့်မယ်။ အဲဒီနေရာမှာ ငါရဖို့ ကုမ္ပဏီကို ပြောပေးမယ်တဲ့။

ဒါဆိုရင် စင်ကာပူဒေါ်လာ ခုနစ်ရာခန့်လောက် ရနိုင်ပြီ မိစိမ့်ရဲ့။

ငါရသမျှ လစာရဲ့တစ်ဝက် မြန်မာပြည် ပြန်ပို့ရ တယ်လေ။ ကျန်ငွေကိုလည်း အတတ်နိုင်ဆုံး ခြိုးခြံ စုဆောင်းမယ်။ 3rd: Mate ဖြစ်တာနဲ့ S.E.C.D ကို အကြောင်းကြားပြီး Home Allotment တိုးပို့လိုက် မယ်။

'မိသားစုလွှဲငွေ'မှာ အဖေ့နာမည်နဲ့မို့ ငါပို့နိုင်မယ့် ငွေကိုးရာခန့်လောက်ကို အဖေပဲ ထုတ်ရလိမ့်မယ်။

နင့်အတွက် တစ်လ 'သုံးရာ' ပေးလိုက်ပါလို့ ငါ စာရေးပြီးပါပြီ။ နင့်ဆီ တိုက်ရိုက်ပို့လို့ မရဘူး။ ဒါကြောင့် နင်သွားတောင်းယူပါ။

ငါ ထွက်မလာခင်တည်းက အသေအချာမှာခဲ့တဲ့ ကိစ္စမို့ ဒေါ်စိန်ကြည်ပါ ကျေနပ်ပြီးသားပါ။

အဖေက အားရင် မူးနေတော့ လာပို့ဖြစ်မှာ မဟုတ်ဘူး။ နင် သွားယူပါ။ သွားရင် တစ်ယောက်တည်း မသွားနဲ့နော်. . . ။ ငါ စိတ်မချလိုက်တာ မိစိမ့်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



သွားလေရာ ငါ့ပါလှ လမ်းထွက်တတ်တဲ့ ငါ့အချစ်ေ
ခုတော့ တစ်ယောက်တည်း သွားရဲနေပြီလား။

ဒီမှာ. . . ငွေကို တူးမာပဲ လွှတ်ယူနိုင်းပါ။ သူ
အရာရာရဲတော့ သွားရဲ ပြောရဲတယ်။ နင် မသွား
မသွားနဲ့။ တူးမာပဲ သွားယူပါစေ။ နင့်သစ္စာကို
ယုံပေမယ့် မဝံ့မရဲနဲ့ ကြောက်တတ်တဲ့ နင့်ကို
နည်းနည်းလေးမှ စိတ်မချလွန်းလို့ပါ။ အတတ်နိုင်ဆ
လမ်းမထွက်နဲ့နော်. . . ။

မိစိမ့်ရေ. . .

ငါလေ ပင်လယ်ထဲမှာ စွန့်စွန့်စားစား အလုပ်
ကြိုးလုပ်နေတာ နင့်အတွက်ပါ။ ငါ သိပ်ချစ်ရ
သိပ်မြတ်နိုးရတဲ့၊ သိပ်သနားရတဲ့ နင့်ကို အေးပြ
ချမ်းသာစွာ ထားချင်လွန်းလို့ပါဆိုတာ နင် ယုံပါ
နော်. . ။

ငါ ပင်လယ်ထဲမှာ သုံးနှစ်ခွဲလောက်တော့ ကြာ
လိမ့်မယ်။ နင်လည်း ဘွဲ့ရအောင် ကြိုးစားထ
နော်. . . ။

ငါ ကြိုးစားနေသမျှတွေနဲ့ ငါ့ဘဝ၊ ငါ့အသ
ငါ့အသည်းနှလုံးနဲ့ ငါ့ရဲ့ ပိုင်ဆိုင်သမျှအားလုံးဟာ
အတွက်ပဲဖြစ်စေရပါမယ် မိစိမ့်. . .

ငါ့ဆီလည်း အကြောင်းစုံနဲ့ စာအရှည်ကြီးေ
နော်။ နင့်စာဟာ. . . ပင်လယ်ထဲမှာ နေရတယ်ဆို
မယ့် ငါ့အတွက်တော့ ကန္တာရထဲက စမ်းရေကြည်



မိစိမ့်ရယ်. . . ။ တစ်ယောက်တည်း နေရတဲ့ ငါ့ဘဝမှာ
နင့်စာလေးဟာ ငါ့ရဲ့ ချမ်းမြေ့ပျော်ရွှင်စရာအကောင်းဆုံး
အဖော်လေးတွေပါ။ စာတစ်ခါလာပြီး နောက်စာ
မရောက်မချင်း နေ့တိုင်း ဖတ်နေတဲ့ ငါပါ။

ပြီးတော့ ငါပြောမယ်။ နင် ပိုတယ်ထင်မလားဟင်
မိစိမ့်။

နင့် စာလေးကို ငါ့ရင်ထဲထည့်ပြီး ညတိုင်း
ဖက်အိပ်တယ်။

ငါပြန်လာနိုင်တဲ့အချိန်ရောက်တာနဲ့ ငါတို့
လက်ထပ်ကြမယ်နော်. . .

ငါ မျှိုသိပ်ထားခဲ့ရတဲ့ အနမ်းလေးတွေကို အဲဒီနေ့
ကျမှ တဝကြီး အားရပါးရ နမ်းပစ်လိုက်မယ် သိလား။

နိဂုံးမရှိသော အချစ်ရက်များနဲ့. . .

စိမ့် ရဲ့ စိုး(စိုးထိုက်)

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၁၀

ဆင်းရဲလေ အသိမိတ်ဆွေ နည်းလေ၊ အရှိန်ဝါ မရှိ
ပတ်ဝန်းကျင် ကျဉ်းမြောင်းလေမို့. . .

စိမ့်စမ်းအေးတို့၏သတင်းသည် မပြန့်နှံ့။ စိုးထံ
မရောက်ရှိ။

စိုးမှာ ဘာမှမသိရှာပါ၍ စိမ့်စမ်းအေး၏ ဘဝအတွ
သူ စိတ်အေးငြိမ်းနေရှာသည်။

"စိုး. . . အချစ်ရေ. . . မိစိမ့်ရဲ့ ဒုက္ခတွေကို မြင်
စေချင်လှပါဘိကွယ်၊ အားငယ်စိတ်တွေ၊ ပူဆွေးစိတ်တွေ
မျက်ရည်တွေအဖြစ်နဲ့ ဓာတ်ပြောင်းလိုက်ပြီး စိုးရင်မှာ သွ
ငိုပစ်ခွင့်များ ရရင် မိစိမ့် ရင်ပေါ့သွားမယ် ထင်ပါရဲ့ကွယ်"

ခုတော့လေ. . .

"ရင်မှာခံစားနေရတာက တခြား၊ အားလုံး ပြေလ
အောင် အဆင်ပြေပါတယ်လို့၊ စိုးဆီကို မျှိုသိပ်လိမ်
ရေးရတဲ့စာက တစ်မျိုးမို့ ရင်နာလှချည့်ရဲ့အချစ်ရယ်. . .



စိုးစာ ရခါစက အားရှိလိုက်တာ။ တတိယအရာရှိဖြစ်နိုင်ဖို့
လားအလာရှိပြီ။ ငွေ လစဉ်ပို့ပေးမယ် ဆိုတုန်းကပေါ့။

မိစိမ့် စိတ်ဆုံးဖြတ်လိုက်တယ် သိလား။ အဖြစ်မှန်တွေကို
ပြတော့မယ်. . . လို့။

ဖေဖေဆုံးတဲ့အကြောင်း၊ ဒီ ငွေလေးမကုန်ခင် ဘွဲ့မရနိုင်
ရင် စိုးဆီက ငွေပို့ပေးပါလို့ အစ်ကိုကြီးတစ်ယောက်ကို
တိုးပုံမျိုးနဲ့ စိုးဆီ ရေးလိုက်တော့မယ်။ စိုး ချစ်လွန်းတဲ့ မိစိမ့်နဲ့
မလေး တူးမာဘဝကို ကယ်တင်ပါ စိုးရယ်. . . လို့။

ဒါပေမယ့် လေ. . .

စိုးစာအတိုင်း တူးမာ ငွေသွားတောင်းတော့ မရသေးဘူး၊
သေးဘူးတဲ့။ နောက်တစ်ခေါက် တူးမာသွားတယ်။ မရခဲ့
ဘူး။ ဒါနဲ့ မိစိမ့်ကိုယ်တိုင် တူးမာနဲ့ သွားကြတော့
စိန်ကြည်က ဘာပြောလွှတ်လိုက်လဲ သိလားစိုး။

"ညည်းတို့ဦးလေးလခက သူ့အရက်ဖိုးနဲ့ မလောက်ဘူး
တဲ့၊ ကောင်လေးပို့တဲ့ငွေနဲ့ စားနေရတာတဲ့။ သူ့ကို ပညာ
သင်ပေးတာလည်း ဒီကပါတဲ့"

"ဒီလောက်နဲ့ဆို မိစိမ့် ငိုမပြန်ပါဘူး စိုးရယ်. . ."

"ငါ့လင်ဆီပို့တာတော့ ငါသုံးရမှာပဲ။ ကိုယ့်လင်ဖြစ်မှ
ကိုယ်သုံးကြတဲ့"

တူးမာက ရန်တွေ့သေးတယ်။ မိစိမ့်က မနည်းဆွဲပြီး
ပြန်ပြေးခဲ့ရပါတယ် စိုး။

တို့ ညီအစ်မနှစ်ယောက်ရဲ့ ရှေ့ရေးကို တွေးလိုက်ရင်
လေ. . .

www.burmeseclassic.com

www.burmeseclassic.com



စိုး ရောက်နေရပါတယ်ဆိုတဲ့ ပင်လယ်ပြင်ကမှ ဆို
ကပ်မယ့် ဆိပ်ကမ်းကို ဦးတည်နေပါသေးတယ်နော်. . .

မိစိမ့်တို့ ညီအစ်မအဖို့တော့ နားခိုတွယ်ကပ်စရာ သော
ကမ်းသာ ရှာမရနိုင်တဲ့ သောကပင်လယ်ပြင်ထဲမှာ ကမ်းမျှော
လမ်းမမြင်အောင် လွင့်မျောနေရတဲ့အဖြစ်ပါ အချစ်ရေ. . .

ဘာမှ မစွမ်းဆောင်နိုင်တဲ့ မိစိမ့်အတွက် သူ့အသ
ကလေးနဲ့ မလိုက်အောင် တူးမာဟာ ရှေ့ကရပ်ပြီး စွမ်းဆော
ပေးရှာပါတယ် စိုး။

'ငြိမ့် စားသောက်ဥယျာဉ်'မှာ အလုပ်ရဖို့ အရွေးခံယ
ရပြီလို့ အားရဝမ်းသာ လာပြောပါတယ်။

မိစိမ့် ထင်တာက ခဏအလုပ်သွား၊ ပြန်လာ၊ တူ
နေရမယ်မှတ်တာ။

ဒီလို မဟုတ်ဘူး စိုး။ ခြံနောက်ဘက်မှာ နေရာပေးတ
တဲ့။ အစားအသောက် ကျွေးမယ်။ ပြီးတော့ တစ်လ နှစ်ရာ

ဒီမှာနေတဲ့ သူ့ဘော်ဒါဆောင်နဲ့ စားစရိတ်လည်
သက်သာတဲ့အပြင် အသားတင်ရမယ့် တစ်လနှစ်ရာက
အတွက် ကျောင်းစရိတ်တဲ့။

ငယ်ငယ်က ဆိုးခဲ့သလောက် ကြီးလေ. . . လိမ္မာလေ
ဖြစ်လာတဲ့ ညီမလေး တူးမာဟာ သူပဲ အနစ်နာခံမယ်။ အစ်မ
ကျောင်းထားပေးမယ်လို့ ဆုံးဖြတ်ပြီး. . .

မိစိမ့်ကို ခွဲထွက်သွားတဲ့နေ့တုန်းကများ စိုးရယ်. . .

စိုး လေယာဉ်ပေါ်တက်ပြီး လေယာဉ်ကြီးထွက်သွာ
တုန်းက အသည်းနှလုံး ပြတ်မတတ် ခံစားခဲ့ရတဲ့ ဝေဒ



ထွက်ခြင်း ဝေဒနာလောက်နီးနီးပါ။

*မိစိမ့်ကိုတော့ သူ့ဟိုတယ်ကို တစ်ခါမှ မခေါ်ဘူး။*
တော့ အချိန်အားရတိုင်း ပြေးလာရှာပါတယ်ကွယ်. . .

ဦးလေး ဦးချစ်ထွေးတို့ဆီလည်း လုံးဝ မသွားတော့ဘူး။
လိုချင်လို့ လာတယ်ထင်မှာစိုးလို့ မသွားတာပါနော်. . .

ခုတော့လည်း အားလုံး နေသားကျသလို ဖြစ်သွား
ပြီလေ၊ မသုံးတတ် မဖြုန်းတတ်တဲ့ မိစိမ့်ဟာ တူးမာ ပေးတာ
တ် ပိုလျှံပါတယ်။ အန်တီနုဆီက ရလာတဲ့ ငွေလေးကလည်း
န်ပါသေးတယ် စိုး။ မိစိမ့်ရဲ့ ဒုတိယနှစ် စာမေးပွဲလည်း ဖြေလို့
သွားပါပြီ။ အောင်မှာ သေချာပါတယ် စိုး။ ဒါပေမယ့်. . .
နေစရာမရှိတဲ့ မိစိမ့်ဟာ ကျောင်းပိတ်လည်း ဒီဘော်ဒါမှာပဲ
နေရမှာပါလေ။

စိုးရယ်. . . အချိန် ဆိုတာတွေကို ဘယ်လို ခွန်အားတွေနဲ့
တွန်းကန်ဖယ်ထုတ်လို့ ရမလဲဟင်။ အို. . . ဘယ်လိုမှ
ရနိုင်ပါဘူးဆိုတာ သိရက်နဲ့ မေးမိတာဟာ. . .

စိုးကို ချစ်လွန်းလို့. . .

ဒီက ဒုက္ခတွေကို တစ်ယောက်တည်း ကြိတ်မှိတ်
ခံစားနေရလွန်းလို့။

ပြီးတော့ လွမ်းလွန်းလို့ပါ ငယ်ချစ်ဦးရေ. . .

စိမ့်စမ်းအေး၏ ရင်တွင်းမှ စကားလုံးများတို့သည်
နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ စိုးသည်သာ မကြားရုံ မဟုတ်ပါ။
ဘယ်သူမှလည်း သိနိုင် ကြားနိုင်ကြမည် မဟုတ်။ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



တူးမာကိုပင်လျှင် သူ့စိတ်ဆင်းရဲမှုများ မကူးစက်စေလို ပါ
တူးမာ လာလေတိုင်း စိတ်မချမ်းသာဖွယ်ရာ စကားများ
မပြောကြားရက်ပါ။

သို့ပါသော်လည်း စိမ့်စမ်းအေး၏ ရင်တွင်းမှ စကား
လေးများကို ကြွေကျသော မျက်ရည်ဥလေးများမှတစ်ဆင့်
ကြားသိသူရှိပါသည်။

ကုံကော်မြေမှ ရွက်ခြောက်ကြွေတို့ပါ. . .

မိန်းမလှလေး၏ မျက်ရည်စက်တို့နှင့် ထိတွေ့လာသ
ရွက်ကြွေတောမှာပင် အပူငွေ့များ ပျံ့နှံ့လာလေပြီလား. . .
သက်မဲ့လေးမှာသာ ခံစားမှုရှိပါလျှင် ရွက်ခြောက်ကြွေနှ
လေပြေညင်းတို့သည် အသည်းခိုက်အောင် သနားကြင်နာစွာ
အငိုတိတ်ပါစေရန် ဝိုင်းဝန်း နှစ်သိမ့် ချော့မော့ကြလေမည်သာ

"ကျွန်တော် ဘာကူညီရမလဲ ခင်ဗျာ"

"အို. . . ရှင်. . ."

ကိုယ့်အပူ ကိုယ့်အတွေးနှင့်မို့ ဘေးသို့ မမြင်မိ၊ မကြည့်
ဘဲလ်ပဲန်နှင့် မြေပြင်မှာ ထိုင်နေသည့် စိမ့်စမ်းအေး ဘေး
ဒူးထောက်ထိုင်ချရင်း မေးလာသော အမိဆုံး လူတစ်ယောက်

"ဘာဖြစ်လို့များ ဒီနေရာမှာ လာငိုနေရတာလဲ ခင်ဗျာ
ကျွန်တော် ဘယ်လိုကူညီပေးရမလဲ။ ဘာကူညီပေးရမလဲ ဟင်

"ဟင်အင်း. . . ဟင်အင်း၊ အို. . . မလိုပါဘူး"

လူချောတစ်ယောက်၊ သူ့ဘေးမှာ အပျံစား ကားတစ်စင်း
စိတ်စမ်းအေးမှာ ဤအခြေနေကိုပင် လူဆိုးတစ်ယောက်



နှင့် တွေ့လိုက်ရသလို အလန့်လန့် အဖျပ်ဖျပ်ဖြင့် အင်းလျား
ရေစပ်မှ ထမိသည်။

"ရာလူးကပဲလား ဟင်"

"ဟင်. . . ဟင့်အင်း. . . အီကိုက"

သူကလည်း ပြန်၍ရယ်လိုက်သည်။ တီရှပ်အပြာနု Le-
vis ဂျင်းနှင့် သိန်းကျော်တန် ဈ. . . နံပါတ် အော်ဒီ(Audi)
အပြာနှင့်. . .

သူက. . . စိမ့်စမ်းအေးကို အားမနာတမ်း ပိုင်စိုးပိုင်နင်း
ကြည့်သည်။ ခရမ်းနုရောင် သာမာန်ဝတ်စုံနှင့်၊ ဆံပင်အရှည်ကြီး
ကို လည်ဂုတ်ပေါ်မှ ညှပ်နှင့် စုစည်းချိတ်တွဲထားသည်။ အသားက
ဖြင်းဝင်းဝါဝါ အိအိညက်ညက်၊ အရပ်မြင့်မြင့် သွယ်သွယ်ရှင်းရှင်း
နှင့်၊ လှပလွန်းသော မျက်နှာပြင်ပေါ်မှ ပေါ်လွင်သော နှာတံ
ပေါ်ပေါ်၊ မျက်ခုံးရင်းပေါ်မှာ မှဲ့ညိုတစ်လုံး. . .

"စိမ့်စမ်းအေး မဟုတ်လား ဟင်"

စောစောက လန့်ရုံ၊ အခု တုန်သွားသည်။

မျက်ရည် မခြောက်သေးသော ကြည်လဲ့ ဝိုင်းစက်သည့်
မျက်လုံးလေးက ပြူးသွားရပါ၏။

သူကတော့ ပြုံးလို့. . .

"အီကိုကွင်းလို့ နာမည်ကြီးနေတာ၊ အခုမှပဲ တွေ့ဖူးတော့
သယ်ဗျာ. . . တကယ်ကံကောင်းတဲ့နေ့ပါပဲ"

မျက်တောင်တုလောက်နီးနီး ကော့ပျံ့ ကျော့ရှင်းနေသော
မျက်တောင်များကို ယခုမှ သတိတရ ပုတ်ခတ်လိုက်ပြီး စိမ့်စမ်း
အေးမှာ သူ့ဘေးမှ ဖြတ်လျှောက်လာခဲ့သည်။ သူ့ခြေတင်

www.burmeseclassic.com

www.burmeseclassic.com



လျက်ပါ။ သူ့ကားကြီး ထားရစ်ခဲ့ပြီး စိမ့်စမ်းအေး အေး ကပ်လိုက်လာရင်း. . .

“ဘာတွေများ လွမ်းစရာရှိနေလဲဗျာ”

“ပြောစမ်းပါဦး မစိမ့်စမ်းအေးရယ်”

စကားတစ်လုံးမှ ပြန်မပြော။ ကုံကော်လမ်းမှ ဖြတ်လျှ မာလာဆောင်နောက်ဘက်မှ ဝင်ပြီး အီကိုမှ သူငယ်ချင်းများရှိ အခန်းသို့ အမြန်ပြန်ပြေးရန် ဖြစ်ပါ၏။

“အီကိုကွင်းရဲ့ အလှဘွဲ့တွေကို အလွတ်ရအောင် ကြား နေကျမို့ ဒီလိုဆံပင်၊ ဒီလိုပုံစံနဲ့။ ဒီလောက်လှတဲ့ အီကို ဆိုရင်. . . စိမ့်စမ်းအေးပဲဖြစ်ရမယ်ဆိုတဲ့ ကျွန်တော့်ရဲ့ အထွေ မှန်တယ်မဟုတ်လား ဟင်”

လိုက်စကားပြောခံရဖူးပေါင်း များပါပြီ။

သူ အတန်းတက်နေစဉ် ကော်ရစ်ဒါမှ တပြုံကြီး အကြ ခံခဲ့ရပေါင်းလည်း များပါပြီ။ အီကိုကော်ရစ်ဒါသည် သိပ္ပံဘ ဆီမှ ဆိုင်းရဲ့န်(စ်)ဘေလ်ဒင်၏ ကော်ရစ်ဒါများမှာလို အတ တက်နေသော အလှလေးများကို စုပြုံစောင့်ကြည့်နေသည့် များ များလှမရှိသော်လည်း စီးပွားရေးတက္ကသိုလ်မှ အ ဘုရင်မဘွဲ့ရှင် စိမ့်စမ်းအေးကို လာကြည့်သူများက နေ့တိုင် အပြည့်. . .

ကြုံဖူး တွေ့ဖူးခဲ့ပေါင်းများလှပါပြီ။ သည်မျှ ရဲတင်းသေ စကားလုံးပေါင်းမထပ်အောင် ပြောတတ်လွန်းသောသူ မဆုံဘူးခဲ့သေး။

ပြီးတော့. . . ယနေ့မှ တစ်ယောက်တည်း. . .



ခါတိုင်းက အဖော်ပါနေကျ။ အီကို ကျောင်းသူများရှိရာ လာဆောင်မှ သူငယ်ချင်းဆီ လာသော်လည်း သူက မရှိ။ သည်က မတွေ့ခြင်းမဟုတ်ပါ။ စိမ့်စမ်းအေးရှေ့မှာပင် သူနှင့် အတူတွဲလျက် ထွက်သွားကြ၍ ကျန်ရစ်ခဲ့ခြင်းပါ။

သူများအတွဲတွေ မြင်လေတိုင်း မျက်ရည်အဝိုင်းသားနှင့် ကို တမ်းတအောက်မေ့လွန်းစွာဖြင့် ယနေ့မှ တစ်ယောက် တည်း အင်းလျားရေစပ်သို့ လာခဲ့မိခြင်းပါ။

“စိမ့်စမ်းအေးဆိုတဲ့အတိုင်း မြင်လိုက်ရတဲ့ ကျွန်တော့် မှာ စိမ့်စမ်းလို အေးသွားရပါပြီဗျာ”

သူက ရှေ့မှကျော်လျက် မျက်နှာချင်းဆိုင် ရပ်ပြီးမှ နောက်ပြန် လျှောက်ရင်း ပြောနေသည်။

“ဖယ်ပါ”

“ဟာ. . . အသံလေးကပါ တကယ်ချိုလွင်ပါလားဗျာ”

“မနှောင့်ယှက်ပါနဲ့ ရှင်။ ကျွန်မတောင်းပန်ပါတယ်”

သည်တော့ သူကရှေ့မှဖယ်ပြီး ဘေးမှယှဉ်လျက်. . .

“မာလာမှာ နေတာလား ဟင်”

မထူးတော့။ အင်းလျားဆောင်မှ. . . ရူပဗေဒ ကျောင်း အသိတစ်ယောက်ထံသို့သာ ဝင်ပေါ့မည်ဟု ဆုံးဖြတ်လိုက် . . . အင်းလျားဆောင်ထိပ် အရောက်တွင်. . .

“ရှင်. . . ကျွန်မနောက်ကို ဘယ်တော့မှ မလိုက်ပါနဲ့။ ကျွန်မမှာ ချစ်သူရှိပြီးသားပါနော်”

“ဩော်. . . ကျွန်တော်က မိတ်ဆွေဖြစ်ချင်တာပါ ဗျာ. . .”

www.burmeseclassic.com

www.burmeseclassic.com



သူက အပါးပါလား။ စိမ့်စမ်းအေး ဘာမှ ယှဉ်ပြော
မဖြစ်တော့။ ခေါင်းငုံ့ပြီး အင်းလျားဆောင်ဂိတ်တံခါးရှိရာ
လှမ်းဝင်ခါနီးတွင်. . .

"ကျွန်တော်က အာရ်အိုင်တီ ဖို့သ်ယီးယားက
ဝင်ဒါမီယာမှာ နေပါတယ်"

"နာမည်က. . . နေဦးနိုင်လို့ ခေါ်ပါတယ်"

◆ ◆ ◆

## အခန်း၊ ၁၉ ။

"ဟယ်. . . တူးမာ"

အဝတ်သစ်များထည့်လာသည့် စက္ကူအိတ်များကို ခုတင်
သို့ ပစ်တင်လိုက်သည်။

စိမ့်စမ်းအေးမှာ သူ့ဖို့ဝယ်လာသော အဝတ်စားများကို
မဝင်စား။ မိတူးမာကိုသာ ငေးကြည့်နေပါ၏။

နိုင်လွန်ဘလောက်(စ)ပျော့ပျော့ အနက်ရောင်၊
ည်ပင်းက ဟိုက်လွန်းပြီး ရင်ဘတ်တည့်တည့်မှာ Abba အဖွဲ့မှ
ချည်အဆိုတော်တစ်ဦး ဟစ်နေသည့် ပုံကြီးနှင့်၊ ထဘီက
ကန်နှင့်အနီ ရှန်လုံချည်ပါးပါးကို ဘောင်းဘီတိုလေးခံပြီး
ထပ်တည်း၊ ဆံပင်ကို ဆိုင်မှပြင်ပြီး ဆင်းလာစ။ မျက်နှာက
ရှင်ရိုက်ကွင်းတစ်ခုမှ မင်းသမီးတစ်ဦးလို ပြင်ဆင်လာသည့်
တ်ခုံးမျှင်မျှင်လေးမှာ အနီရောင်ဆွဲထားပါ၏၊ မျက်နှာနှင့်
ပင်ကို ပြင်ပါ။ ဘရာစီယာနှင့်၊ ဘလောက်(စ)နှင့်၊ လုံချည်
နှင့်၊ ကိုဖြင့် စိမ့်စမ်းအေး ဘယ်လိုမှ ကြည့်၍မရတော့။

www.burmeseclassic.com

www.burmeseclassic.com



"မမဖို့ ဒီမှာ ဝမ်းဆက်. . . နှစ်ဝတ်စာ. . . ရော့။ ဒီ
အတွက် ငွေသုံးရာ"

"နှစ်ရာပဲပေးလေ။ ဒီမှာရှိသေးတာပဲ"

"ယူထား. . . ဒီလ တူးမာတို့ ထောနေတယ်"

ကြည့်မရလောက်အောင် ပျံလွှန်းနေသော တူးမာ
ဘေးခုတင်မှ ကျောင်းသူများကလည်း အကဲခတ်နေကြပါ

"တူးမာ"

စိမ့်စမ်းအေးမှာ တူးမာ၏ လက်ကိုကိုင်ပြီး ခုတင်ပေါ်တွ
ထိုင်စေသည်။ တူးမာက ပျော့ကျမလာ။ မတ်မတ်ရပ်ရ
က. . .

"မထိုင်တော့ဘူး မမ။ တူးမာ သွားစရာရှိတယ်။ ဧည့်သ
တွေ ပါလာလို့"

"ဟင်"

"မမ. . . ဘာလိုသေးလဲ။ မြို့ထဲက ဘာဝယ်လာ
မလဲ"

"ဘာမှ မလိုပါဘူး။ ညီမလေးနဲ့ အချိန်ကြာကြာပဲ တွေ့
တယ်။ ဒီနေ့လာရက်မို့ ထမင်းတွေတောင် ချက်ထားတ
တူတူစားရအောင် တူးမာကြိုက်တဲ့ ကုလားဟင်းကို. . ."

"နေပစေတော့၊ အစားက သိပ်ပေါ်တာပါ၊ တူး
သွားတော့မယ်။ ဩော်. . . ကိုကိုစိုးဆီက စာလာသေးလာ"

"လာပါတယ်၊ တူးမာအတွက်လည်း ပါတယ်"

"နောက်မှလာယူတော့မယ်၊ တူးမာသွားတော့မယ်နော်"

တူးမာက အစ်မကျေနပ်ပါစေရန် ပါးကို တစ်ချက်နမ်



တ်ဖိနပ်ချွန်ချွန်ကိုစီးလျက်နှင့် ကော့ကော့လေး ထွက်သွား
တော့သည်။ ငွေကြိုးနှင့် စလင်းဘက်(က) အနီရဲရဲလေးက
ယမ်းခတ်သွားတော့သည်။

စိမ့်စမ်းအေးမှာ ငိုင်ကြည့်နေရာက ဖြတ်ခနဲထပြီး
နောက်မှ လိုက်သည်။ တူးမာကတော့ သူ့အစ်မ လိုက်လာ
မသိရှာ။ သူ့ဇောနှင့်သာ သူ အမြန်လျှောက်သွားနေပါ၏။

သူတို့ လမ်းကျဉ်းလေးထိပ်တွင် ရပ်ထားသော
မလီယာကားပြာပြာလေးတစ်စင်း၊ ရှေ့တွင် အမျိုးသားငယ်
ယောက်၊ နောက်တွင် တူးမာလို ပျံနေအောင် ပြင်ထားသော
သမီးလေးတစ်ယောက်။

တူးမာ ကားအနီး ရောက်တော့ တစ်ယောက်က ထွက်
သည်။ ထိုင်ခုံကို ချီးပေးပါ၏။ တူးမာ ကုန်း၍ ငုံ့ဝင်
တော့ အမျိုးသားက တူးမာ၏တင်ပါးကို တစ်ချက်
လိုက်သည်။ ကားထဲမှာ ထိုင်ပြီးတော့ တူးမာက ထိုသူ့
ကို လှမ်းထုလိုက်သည်။ အားလုံး ဝိုင်းရယ်ကြသံက
ထွက်လာတော့သည်။ စီးကရက် ခဲထားသော စတီယာရင်
ကမ်မှ ဆံရှည်နှင့်လူငယ်က ကားကို စောင်းမှောက်သွား
တ် အရှိန်နှင့် ကွေ့ပစ်လိုက်ပြီး မောင်းထွက်သွားတော့သည်။
သံနှင့် ရယ်သံလွင်လွင်တို့က စိမ့်စမ်းအေး၏အနားမှာ
ကျန်ရစ်သည်။ တူးမက စိမ့်စမ်းအေးကို မမြင်။ သူတို့
ည့်ရသည်မှာ တစ်နေရာသို့ အရေးတကြီး တပျော်တပါး
ကြမည့်ပုံစံမျိုး။

"ဩော်. . . တူးမာရယ်"

www.burmeseclassic.com

www.burmeseclassic.com



တူးမာ၏ ကိုယ်ခန္ဓာတစ်ခုလုံးနှင့် တစ်ဘဝလုံး သူ့ရင်ထဲ
သို့ ပုံလဲကျလာသလို စိမ့်စမ်းအေး၏ရင်မှာ လေးလံလွန်း
လှသည်။

"ငါ့အတွက်နဲ့ တူးမာတစ်ယောက်များ. . ."

စိမ့်စမ်းအေး ရှေ့ဆက်မတွေးရဲတော့။

ချစ်ညီမလေးအတွက် ပူပန်မိသောစိတ်သည် မီးတော
တစ်ခုပမာ ရင်ထဲမှာ ပေါက်ကွဲလာသည်။

"အမှန်တော့ ငါမတရားဘူး။ ငါ့ဘွဲ့ရဖို့ တူးမာ ငွေရှာ
နေရတာကိုက ငါ မတရားလွန်းဘူး။ တကယ်ဆို ညီမလေး
အတူနေ၊ အတူလုပ်ကိုင်စားကြဖို့ပဲကောင်းတယ်"

"ဟုတ်တယ်။ တူးမာ ဒီတစ်ခါလာရင် ငါပြောမယ်
တို့ညီအစ်မ တူတူပြန်နေရအောင်၊ တစ်ခုခု လုပ်စားကြ
အောင်။ ငါလည်း တတိယနှစ်ကို ဆုံးအောင် မတက်တော့ဘူး

ချောက်ချားဖွယ် အတွေးတစ်ရပ်ကလည်း ဝင်လာ
သည်။

"ငါ့ဘွဲ့ရဖို့ ငါ့ညီမလေး ဘဝနဲ့များ လဲနေရလေသလား

◆ ◆ ◆

"စောစောက တူးမာနောက်ကလိုက်လာတဲ့ အမျိုးသ
က သိပ်ကိုလှတာပဲနော်။ တူးမာ သူ့ဆီသွားတာလား"

"ဟင်. . . ဘယ်သူလဲ"

"ဆံပင်အရှည်ကြီးနဲ့။ အရပ်မြင့်မြင့်၊ ဖြူဖြူ"



"အို. . . မဟုတ်ပါဘူး ညီရာ။ တူးမာ သွားတာ တခြား
သိဆီပါ"

'ညိုညိုညိမ်း' မေးကတည်းက မမစိမ့်စမ်းအေးမှန်း တူးမာ
သိလိုက်ပြီ။ နောက်ကို လှည့်မကြည့်၍ မသိ။

ဒါ တူးမာအစ်မပါဟု သူ့တော်ဒါများရှေ့မှာ ဘယ်သော
ခါမှ မပြော. . . မပြ။ သိပ်လှပြီး သိပ်အ,သော မမသည်
တို့အသိုင်းအဝိုင်းနှင့် ဘယ်လိုမှမဖြစ်။ ဒီမှာဘက်က
ည်လွန်းသူက ကြောသွားစတမ်း။ တူးမာတို့လိုလူတောင်
ခါတစ်ရံ ကိုယ့်ထက်နပ်သူနှင့်တွေ့လျှင် အကြောခံလိုက်ရ
တတ်သည်။

ယနေ့တော့ မိုးကုတ်မှ ဆင်းလာသော ကိုယ်တော်က
ဘက်လည်ရအောင်ဟု ငြိမ့်မှာ ညစာလာစားရင်း ချိန်းသဖြင့်
တ်လာခဲ့ခြင်းဖြစ်ပါ၏။

ညိုညိုညိမ်းက အားရက်။

တူးမာက ခွင့်ယူလျက်. . .

အေဒီလမ်းလွန်တော့ ကားက ရပ်သွားသည်။ ရန်ကုန်မှ
ားပိုင်ရှင်က ကားရှေ့မှထိုင်လျက်၊ သူ့ဘေးမှ မိုးကုတ်သားက
အပြင်ထွက်လိုက်သည်။

"ဘာလုပ်မလို့လဲ"

"ညို ရှေ့သွား။ ကို တူးမာနဲ့ ထိုင်ချင်လို့"

"သူ ရှည်ပြီ"

တူးမာက မျက်စောင်းခဲလိုက်သော်လည်း ကျေနပ်ပြုံး
သနှင့်။

www.burmeseclassic.com

www.burmeseclassic.com



ညိုညိုညိမ်းက ကုန်းထွက်ပေးလိုက်ရသည်။

မိုးကုတ်သား လှထွန်းညိုက နောက်ခန်းတွင်းသို့ ဝင် လက်ကို ကားနောက်မှီ ကုရှင်ပေါ်သို့ ဆန့်တင်လိုက်ပြီး ကပ်ကပ် တူးမာနှင့် ထိုင်လိုက်သလို. . .

ရှေ့ခန်းမှ ညိုညိုညိမ်းကလည်း ကားမောင်းသူ ကိုသိန်း ဘက်သို့ တိုးကပ်လျက်. . .

"တူးမာ အဲဒီအလုပ်က ထွက်လိုက်ပါလား။ တူး အတွက် ကိုယ် တာဝန်ယူမယ်လေ"

'တာဝန်ယူမယ်' ဆိုသည်မှာ ပေးကမ်းထောက်ပံ့ ဆိုသော အဓိပ္ပာယ်သာပါ။ တရားဝင်လက်ထပ်ယူလို မဟုတ်ကြောင်း သိပြီးသား၊ နပ်ပြီးသား တူးမာတို့က. . .

"အဲဒီလို ပြောတာ ကိုကိုနဲ့ပါဆိုရင် သုံးဆယ့် ယောက် ရှိသွားပြီ"

တစ်ယောက်နှင့်တစ်ဦး မဟုတ်တာတွေပြောကြမှန်း သိ လျက်နှင့် ပျော်ရွှင်စွာ ရယ်မောလိုက်ကြသည်။ သိုင်းတင် သော လက်က တူးမာ့ပခုံးကို ဖက်လိုက်တော့ တူးမာ့ခေါင်း လှထွန်းညိုပခုံးမှာ မှီကပ်လိုက်ပါ၏။

စောစောက စကားကို လှထွန်းညိုကလည်း ဆက် မတောင်းဆို။

တူးတူးမာကလည်း အလေးအနက်ထား၍ ပြော မနေတော့။

ရှေ့အတွဲကလည်း နောက်မှာလူပါသည်မထင်။ ပြော ရာ ပြောကြ၊ မှီကြ၊ ကပ်ကြနှင့်။



တူးမာတို့ကလည်း ကားတစ်စင်းလုံး သူတို့နှစ်ယောက် သည်း ရှိကြသလို ဖြစ်ချင်တိုင်းပါ။ လှထွန်းညိုက စီးကရက်ဗူးကို တ်လိုက်တော့ တူးမာက သူ့လက်ထဲမှ ဂတ်(စ)လိုက်တာ လေးကို ဆွဲယူပြီး ဖွင့်လိုက်သည်။ ပြာလဲ့သော မီးတောက် လေးကို စီးကရက်ထိပ်ဖျားမှ ထိပေးလိုက်၍ လှထွန်းညိုက အားပါးတရ ဖွာရှိုက်ရင်း နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

မိုးကုတ်မှ ငွေထုပ်နှင့်ဆင်းလာပြီး နာမည်ကြီးစားသောက် ဆိုင်များကို လှည့်လည်စားသောက်ရာမှ နားလည်လွယ်သော၊ လိုက်သိတတ်သော တူးမာ၏ အပြုအစုမှာ သူ ယစ်မူးသည်။ ဆော့(တ်)ဖြစ်သော တူးမာ၏ ပြင်ဆင်လှုပ်ရှားမှုများကိုလည်း သူ စွဲမက်သွားသည်။

သည်သို့ဖြင့် 'ငြိမ့်'မှာ တူးမာကြောင့် လူပိုလာသည်။ အောက်သည်တိုးလာသည်ဟုလည်း ပြောနိုင်ပါ၏။

"လျှောက်လည်ရအောင်နော် တူးမာ"

ဟူ၍ ခေါ်တော့လည်း တစ်နေ့တာပါလာခဲ့သည်။ အစောဆိက စိမ့်စမ်းအေးသို့သော အင်ဒိုနီးရှားဝမ်းဆက်စာ သည် လှထွန်းညို၏ ဒါန။

သူ မဝတ်ရက်၍ အစ်မအတွက် စက္ကူအိတ် နှစ်အိတ်ကို ပေါက်သည်ဘက်စွပ်၍ ထုပ်ယူလာသည်။ လှထွန်းညို မမြင် အောင်ပါ။ လှထွန်းညိုက မြင်လည်း အကြောင်းမဟုတ်။ သူက ဆစ်ဝတ်စာပေးသည်။ ပြီးတော့ တစ်နေ့တာ လျှောက်လည်ရှိ အယာမှုပြန်ယူသည်။ အပေးအယူက သည်မျှသာပါ။

"တူးမာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို. . ."

"ကိုကို့ကို ချစ်လား"

"ကိုကို့ရင်ထဲက အတိုင်းပဲ"

သည်တော့ နှစ်ယောက်လုံး ပြုံးကြသည်။ တူးမာ အ ... က ရှင်းလှပါ၏။ မချစ်ဘဲနှင့် မေးလာသူကို တုံ့ပြန်ပုံလေ ... ပညာသားမပါလား။

လှထွန်းညိုက တူးမာကိုဖက်ပြီး ပါးချင်းအပ်ထားလို ... သည်။

တူးမာက မရှန်း။ ရင်ထဲမှ မေတ္တာဆိုသည့် အေးမြ ... အရာ မပါရှိကြပါသော်လည်း ဆန့်ကျင်ဘက် လူငယ်တို့၏ အ ... အတွေ့တွင် နှစ်ယောက်လုံး ကြည်နူးကျေနပ်စွာ သာယာနေ ... သည်။

BURMESE CLASSIC .com

တူးမာ မပျက်စီးသေးပါ။

အဆုံးစွန်သော ဆုံးရှုံးမှုအထိ တစ်ကြိမ်တစ်ခါမှ ရော ... ကြုံဆုံခြင်း မရှိသေးပါသော်လည်း. . .

လုပ်ရသည့်အလုပ်က အပျိုလေးများနှင့် လုံးဝမအ ... သော အလုပ်။ အမျိုးသားများကို ထာဝရ ထိတွေ့ပြုစုနေရ ... လုပ်ငန်း။

'ဝမ်းစာ' ဆိုသော အရာမှ စတင်ခဲ့ရသည် မှန်သော်လ ... နီးစပ်ထိတွေ့ပါများလာတော့ ရဲတင်းလာသည်။ သူတို့တွေ ... သော ပညာနှင့် သူတို့တွေကို ပြန်လည်ပြုစုတတ်လာရ ... အရက်ဝိုင်းဘေးမှာ မိန်းကလေးတစ်ယောက်ရပ်ပြီး လိုလေ ... မရှိ လုပ်ပေးနေရသည် ဆိုကတည်းက ဣန္ဒြေ သိက္ခာ ဆို ...



မြန်မာအမျိုးသမီးတို့၏ အဖိုးထိုက်ရတနာများက ပျောက်ဆုံးရပြီးသား။

နဂိုတည်းက ရဲတင်းပြီးသား ယောကျ်ားများကို အကြောက်အရွံ့မရှိသော တူးမာမှာ သည်အလုပ်နှင့် အံဝင်သွားသည်။

ဝိုင်းမှာခင်ပြီး အပြင်သို့ လိုက်သည်ကလည်း မဆန်းတော့။

လှထွန်းညိုတို့လို. . . သူလည်း အလည်၊ ကိုယ်လည်းအလည်။ ဆိုတော့ ပါတိတ် တစ်ဝတ်စာနှင့် တစ်နေ့တာသည်ပတ်ရုံ၊ ပွတ်သပ်ထိတွေ့ရုံနှင့် စခန်းသိမ်းသည်။

တချို့ အသက်ကြီးမှ 'ဖီးလ်'တက်နေသော လူကြီးများကျတော့ တူးမာတို့ ထောပြီ။

သည်လောက်ကလေး လည်ပေးရုံနဲ့ တစ်ပုံကြီးရသည့် အခါမျိုးကျပြန်တော့ ငအူကြီးများအဖြစ်နှင့် တူးမာတို့ ဟားကြသည်ကို မသိရှာကြလေခြင်း။

ချစ်လှပါသည်၊ သနားလှပါသည်၊ ကယ်တင်လိုပါသည်၊ လက်ထပ်ချင်ပါသည်. . .

ဆိုသော စကားများ တစ်ခွန်းမျှမပါရှိကြပါဘဲနှင့် ထိုနေ့က လှထွန်းညိုနှင့် တူးမာတို့ ကားပေါ်မှာတင် ထိကြ၊ တွေ့ကြ၊ အနမ်းများ လဲလှယ်ကြနှင့် တစ်နေကုန်. . .

ငြိမ့်သို့ တူးမာ ပြန်ရောက်လာတော့. . .

'နေဦးနိုင် ရောက်လာတယ်။ တူးမာ မရှိလို့ မကြည့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . သန္တာရယ်၊ နေမကောင်းလို့ ခွင့်ယူထားတယ် မပြောလိုက်ဘူးလား"

"ရမလား။ တူးမာ ခွင့်ယူထားတယ်လို့ မန်နေဂျာက ပြောတော့ နောက်ဖေးက အန်တီမြ တန်းလျားကို လိုက်သွားတယ်"

"ဟောတော့. . ."

"အေး. . . ပြန်လာတော့ မကြည့်ဘူး။ ထမင်းတော့ တစ်ပွဲနဲ့ ဟင်းချိုပဲသောက်ပြီး ပြန်သွားတယ်"

"အန်တီမြက ဘာများပြောလိုက်ပါလိမ့်"

"မိုးကုတ်သားနဲ့ လျှောက်လည်တယ်လို့ ပြောလိုက်မှာပေါ့"

ဘဝတူ အလုပ်သမားလေးက ရယ်မောရင်း ပြောသည်ကို တူးမာ မရယ်နိုင်။

ရာနှင့်ချီ၍လာကြသော အမျိုးသားပေါင်းစုံကို အသည်းခိုက်နေပါပြီဆိုသော ပုံစံအမျိုးမျိုးနှင့် ပြုစုသော်လည်း သူ့ထံ ဝိုင်းမှ ထသွားသည်နှင့် သူတို့ပုံစံလည်း ပျောက်၊ သူတို့အကြောင်းလည်းမေ့။

နေဦးနိုင်ကျတော့ တူးမာ သည်လို မမေ့နိုင်၊ မပျောက်နိုင် သူ့အငြိုးဖြင့်မခံချင်။

သူ လာစေချင်သည်။

သူ ပြန်တော့ တူးမာရင်မှာ တစ်ခုခု ကျန်ရစ်ခဲ့ရသည် ချည်း။



ရှင်လာသော တူးမာတို့ ငြိမ်ကျသွားရပြီ။ မန်နေဂျာသို့ ပြန်လာပြီဖြစ်ကြောင်း ပြောပြီး နောက်ဖေးတန်းလျားမှ သူ့ အခန်းလေးရှိရာသို့ ခြံတွင်းမှ လှည့်ပတ်ပြန်လာစဉ်. . .

"တူးတူးမာ အပြင်က ပြန်လာတာလား"

တူးမာတို့၏ ငြိမ့်ပိုင်ရှင်။ ဤခြံပိုင်ရှင်၊ ဤတိုက်ပိုင်ရှင် သူဌေး ဦးဉာဏ်စိုး။

"ဩော်. . . ဟုတ်ကဲ့ပါ အန်ကယ်"

"ဒီနေ့ အော့(ဖ်)လား"

"အင်. . . မဟုတ်ပါဘူး။ ဟို. . . မမဆီ သွားတာပါ"

"အကြောင်းမဲ့တော့ သိပ်အပြင်မထွက်စေချင်ဘူး"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

"တူးတူးမာ အစ်မအတွက် ငွေလိုရင်လည်း ကြိုထုတ်နိုင်တယ်"

"ဟုတ်ကဲ့. . . ခုတော့ မလိုသေးပါဘူး"

"လိုတာရှိရင် ပြောလေ. . .၊ အနေအထိုင် နည်းနည်းဆင်ခြင်ပါ"

"ဟုတ်ကဲ့. . . ဟုတ်. . ."

"ကဲ. . . ကဲ. . . သွားနားချည်တော့"

ခြံတွင်းရှိ တဲနစ်(စ)ကွင်းထိပ်မှာ ရပ်နေသော ဦးဉာဏ်စိုး ရှေ့မှာ ကိုယ်ကို ကိုင်းညွတ်ပြီး ရိုသေစွာ ဖြတ်လျှောက်၍ အခန်းသို့ ပြန်လာရသည်။

အပြင်သို့ ကားနှင့်ထွက်လည်ကြောင်း ဦးဉာဏ်စိုး သိသွားခြင်းအတွက် ကြောက်ရွံ့စွာ ခံစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနှင့်ယှဉ်၍မှ အကြောက်တရားဆိုသည်မျာ
မထားတတ်သော တူးမာမှာ ဦးညာဏ်စိုးနှင့် ကြုံရဆုံရလေတိုင်
လေးစား ကြောက်ရွံ့စိတ် ဝင်မိသည်။ အလုပ်ရှင်နှင့် အလု
သမားမို့သာ မဟုတ်။ မိမိပေါ်တွင် စေတနာထားစွာ နေ
ပေးထားသော ဦးညာဏ်စိုးအပေါ်တွင် ကြည်ညိုစိတ်နှ
လေးစားမိပါသည်။ သူကလည်း တူးမာကို သာမန်မိန်က
များထက် အရေးထားရှာပါ၏။ ယခုလို အပြင်ထွက်မလည်
ကိစ္စများ၊ ဣန္ဒြေမဲ့လွန်းသော အပြုမူများဖြင့် မပြုစုရန် ကိစ္စ
မန်နေဂျာလောက်နှင့် ပြီးရသည်။

ယခု သူကိုယ်တိုင် ပြောလာပါ၍ တူးမာ ကြောက်ရွံ့
ဖြင့် နောက်ကို သူ့ရှေ့တွင် ဆင်ခြင်ပါတော့မည်ဟု ဆုံးဖြ
လိုက်ပါ၏။

အလုပ်စဝင်စက တူးမာ သည်မျှလောက် လူ
အကြောင်း ယောကျ်ားတွေအကြောင်း မသိသေး။ အင်တာ
သဘောမျိုးနှင့် ဦးညာဏ်စိုးနှင့် ဆုံရစဉ်ကာလက. . .

ဖခင် ရုတ်တရက် ဆုံးသွားကြောင်း၊ ညီအစ်မနှစ်ယော
ဘော်ဒါနေရကြောင်း၊ စာတော်သော အစ်မကို ကျောင်းထား
လိုကြောင်းများကို ရိုးသားစွာဖြင့် အမှန်အကန် တင်ပြမိ၍. . .

"ကဲ. . . ဒါဆို တူးတူးမာ တစ်ယောက်စာ ဘော်ဒ
လျော့သွားအောင် နောက်ဖေး တန်းလျားက ထမင်းချ
ဒေါ်မြနဲ့နေ၊ သူ့တူမ တောပြန်သွားလို့ သူလည်း တစ်ယော
တည်း မနေချင်တာနဲ့ အတော်ပဲ"

ဟူသော စီစဉ်ချက်ဖြင့် တူးမာ၏ နေရေးစား

BURMESE CLASSIC .com



လုံးရှုံမက ပထမ လခနှစ်ရာ။ ငြိမ့် နာမည်ကြီးလာပြီး တူးမာ
ကြောင့် လူပိုလာသည်ဟု မန်နေဂျာက တင်ပြ၍ ယခု
သုံးရာ. . .

အကြံအဖန်ကလည်း အများကြီးရပါ၍ ဦးညာဏ်စိုးကို
ဝရ ကြည်ညိုစိတ်နှင့် သူ့အရိပ်မှာ ခိုလှုံရင်း ကျေးဇူးတင်
ဆုံးနိုင်အောင်ပါ။

တည်ကြည်သော ဦးညာဏ်စိုးကလည်း တူးမာကို တခြား
န်းကလေးများလို မဆိုင်သလို မနေ၊ စိုးရိမ်ကြီးစွာ လိုက်ကြည့်
နေရှာပါ၏။

"အန်တီမြ. . . ကိုကိုဦး လာတယ်ဆို"

"အေး. . ."

အစေခံတန်းလျား ဆိုသော်လည်း သပ်ယပ်သော
တိုက်တန်းလျားလေးတွင်းသို့ ဝင်ဝင်ချင်း တူးမာ မေးမိသည်။

"အန်တီမြက ဘာပြောလိုက်လဲ။ သူကရော ဘာပြော
သွားလဲ ဟင်"

"အပြင်သွားတယ် ပြောတော့ ဘယ်ကိုလဲ၊ ဘယ်သူနဲ့
လဲလို့ မေးတယ်"

"ဟင်. . . ဒီတော့"

တူးမာ လောကြီးမှုကို အန်တီမြဆိုသော အမျိုးသမီး
ကြီးက ဘေးစောင်း အကဲခတ် ကြည့်လိုက်ပြီး. . .

"ဘယ်သူနဲ့ သွားမှန်းလည်း မသိဘူး။ ဘယ်သွားမှန်း
လည်း မသိဘူး ပြောလိုက်တော့ ပြန်ထွက်သွားတာပါပဲ။
အေးလေ. . . ညည်း ဘယ်သွားမှန်း ငါမှမသိတာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တော်ပါသေးရဲ့"

ဟု စိတ်ကို လျှော့ပြီး သူ့ခုတင်ဘေးမှ မှန်လေးရှေ့တွင် ရပ်လျက် ပူလွန်းသော ဘလောက်(စ်)ကို ချွတ်ပြီး ပါတိတ်အကျႌနှင့် လဲလိုက်ရပါ၏။ အဆီပြန်နေသော မိတ်ကပ်မျက်နှာနှင့်၊ နှုတ်ခမ်းနီများ ကုန်ခမ်း၍ ထူအမ်းလာသော နှုတ်ခမ်းလေးကို လျှာနှင့် ပွတ်သိမ်းလိုက်ပြီး အိပ်ရာပေါ်သို့ နွမ်းလျစွာ လှဲချလိုက်သည်။

"ကြည်ညိုဖွယ်ရာ ဦးဉာဏ်စိုး၏ မျက်နှာ"

"စိုးရိမ်စိတ်နှင့် မမစိမ့်စမ်းအေး၏အကြည့်"

"ရင်ထဲမှာ စွဲနေမိသည့်. . . နေဦးနိုင်"

ဆိုသော "ကိုကိုဦး"၏ ရုပ်လွှာတို့သည်. . .

မျက်စိမှိတ်ထားသော တူးမာ၏ အတွေးထဲမှ အမြင်မှာ ဝိုင်းလည်ဝဲလှည့်လျက်. . .

◆ ◆ ◆

## အခန်း ။ ၂၀ ။

"စိမ့်ရေ. . . ဧည့်သည်"

"ဘယ်သူလဲ"

"နေဦးနိုင်တဲ့"

"အို. . . "

သူ့အခန်းဝမှ လှမ်းလာခေါ်သော ဘော်ဒါစောင့် ...င်မကြီး ဒေါ်ခင်ခင်သို့. .

"စိမ့်. . . မတွေ့လိုပါဘူးလို့ ပြောပေးပါနော် မမခင်"

"အေး. . . အေး"

မကြာခင် ဒေါ်ခင်ခင် ပြန်ရောက်လာသည်။

"ကိစ္စရှိလို့ပါတဲ့၊ ပေးစရာရှိလို့ပါတဲ့၊ ခဏလေး ပေးပြီးရင် ...ပါ့မယ်လို့ ပြောပေးပါတဲ့ကွယ်"

"ဟင်"

"မမကို ပေးခဲ့လို့ပြောတာ မရဘူး။ ပေးလိုက်သူက စိမ့်နဲ့ ...တွေ့မှပေးပါလို့ မှာလိုက်လို့ပါတဲ့"

"ဘယ်သူက ဘာပေးခိုင်းလိုက်တာတဲ့လဲဟင် မမခင်။ ...ာပဲထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . နိုင်ငံခြားကပစ္စည်းတဲ့။ ကိုစိုးထိုက်က ပို့ခိုင်းလိုက်တာပါလို့ ပြောပေးပါတဲ့"

"ဟာ. . ."

စိမ့်စမ်းအေးမှာ ကိုင်ထားသော စာအုပ်များကို လွှတ် လိုက်ပြီး ခြေလှမ်းသွက်သွက်နှင့် ထွက်ခဲ့မိသည်။ တင် ကျော်သော ဆံပင်ရှည်များကို ပခုံးမှကျော်၍ ရှေ့ဘက် သယ်ချရင်းဖြင့် အဝတ်စားများကလည်း အရင်လို မညှိုးနွမ်း တော့။ တူးမာဆင်၍ သစ်လွင်သော အဝတ်စားနှင့် လှချင်တိုင်း လှနေသော စိမ့်စမ်းအေး၏ အလာလမ်းကို စောင့်ကြိုနေသော နေဦးနိုင်က. . .

"ကျွန်တော့် ကာစင် စင်ကာပူကပြန်လာလို့. . . လူကြုံ ပါးလိုက်တဲ့ပစ္စည်းထုပ် လာပို့ခိုင်းလို့ပါ"

ဟိုတလောက အင်းလျားဆောင်ရှေ့မှာ အတင်းလိုက် သောသူမို့ မယုံရဲဘဲနှင့် လက်ထဲရောက်လာသော အထုပ် ကြည့်လိုက်တော့. . .

"အို. . . စိုး. . . စိုးလက်ရေးအစစ်ပါ"

ရင်ထဲက ဝမ်းသာမှုကြောင့် စိမ့်စမ်းအေး၏ မျက်ဝန်း က ပြုံးရယ်ရင်း နေဦးနိုင်သို့ကြည့်ပြီး. . .

"ကျေးဇူးတင်ပါတယ်နော်။ နောက် သူက ဘာမှာလိုက် သေးသလဲရှင်"

"အဲဒါတော့ မမေးခဲ့မိဘူးခင်ဗျ။ သူကလည်း တစ်နေ့ ပြန်ရောက်တော့ အလုပ်တွေကို ရှုပ်နေတာပါ"



ကျွန်တော် မေးပေးပါ့မယ်။ မှာလိုက်တာရှိရင် ဆိုရင် ခဲပြန်လာပြောပါ့မယ်"

"ဟုတ်ကဲ့ပါရှင်"

လမ်းပွင့်ပြီဟု နေဦးနိုင် ဝမ်းသာသွားသည်။ အထုပ် လေးကို အာရုံစိုက်ပြီး လှည့်ပတ်ကြည့်နေသော စိမ့်စမ်းအေး သူ ငေးနေဆဲပါ။

"ဩော်. . . နာမည်နဲ့ လိုက်လိုက်တဲ့ အလှရှင်ရယ်"

စိမ့်စမ်းလို ရင်ထဲမှာ အေးသွားအောင် သိမ်သိမ်မွေ့မွေ့ လှတဲ့အလှ၊ တည်ငြိမ်တဲ့အလှ၊ သိက္ခာရှိတဲ့အလှ၊ အပြစ် တဲ့အလှ. . .

"အထဲမှာ စာပါမယ် ထင်ပါရဲ့နော်"

"ပါပါလိမ့်မယ်"

"ဒါဖြင့်ရင် ကျွန်မကို ခွင့်ပြုပါရှင်။ ကျွန်မ စာဖတ်ချင်လှ ပြီ"

"မနှင်ရက်ပါနဲ့လားဗျာ"

ဟု ရင်ထဲမှ လိုက်လှဲစွာ ပြောသော်လည်း နှုတ်ကဖြင့်. . .

"ကျွန်တော် ပြန်ပါ့မယ်။ ဒါပေမယ့် ကျွန်တော် ဟိုနေ့က လိုက်ပြီး နှောင့်ယှက်သလိုဖြစ်သွားမိတာကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

"ဩော်. . . ရပါတယ်"

အေးပြီးရော၊ ပြန်ပြီးရောဟု ပြောသော်လည်း. . .

"တကယ်လို့ အဲဒီ လိပ်စာရှင်ဆီကို မှာစရာ၊ ပေးစရာ ရှိယ်ဆိုရင်လည်း ကျွန်တော် ကူညီနိုင်ပါတယ်။ အခု ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ယူလာတဲ့ ကျွန်တော့်အစ်ကိုဝမ်းကွဲကလည်း ချိ(မ်) အင်ဂျင်နီယာ ပါ။ သူလည်း မကြာခင် ပြန်မှာပါ။ ပြီးတော့ ကျွန်တော့် ဒက်ဒီ လည်း စင်ကာပူနဲ့ ကုန်စည်အရောင်းဝယ် ဆက်ထား ရက်(ပ)(Representative)အလုပ်ကိုလည်း လုပ်ပါတယ်”

“ဒီကတော့ ပေးစရာမရှိပါဘူး။ စာတော့ စာတိုက်က ထည့်ပါ့မယ်”

တည်တည်ငြိမ်ငြိမ်လေးနှင့် အပြတ်နှင်နေပြီမို့ နေဦးနိုင် ထိုင်နေ၍မဖြစ်တော့. . .

“မှာလိုက်တာရှိတယ်ဆိုရင်တော့ ကျွန်တော် တစ်ခေါ လာပြောပါရစေ”

“ဟုတ်ကဲ့”

“ကျွန်တော့်သူငယ်ချင်းတွေရှိတော့ အီကို ကဲန်တင လည်း အမြဲရောက်ပါတယ်။ အဲဒီမှာတွေ့လည်း. . .

“ကျွန်မ ကဲန်တင်းမှာ မထိုင်တတ်ပါဘူး”

နေဦးနိုင် ဘာဆက်ပြော၍မှမဖြစ်တော့။

“ဒါဖြင့်လည်း ကျွန်တော် ပြန်ပါဦးမယ်ဗျာ”

“ဟုတ်ကဲ့. . . သိပ်ကို ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ အဲဒီပို့လိုက်တဲ့ ကိုစိုးထိုက်ဆိုတာ ကျွန်မရဲ့ ငယ်ချစ်ဦးပါ။ သူပြန်လာရင် ကျွန်မတို့လက်ထပ်ကြမှာပါ”

ရွှန်းလက် ဝင်းပနေသော စိမ့်စမ်းအေး၏ မျက်ဝန်း လှလှကြီးကို ငေးကြည့်ပြီး နေဦးနိုင် လှည့်ထွက်လာခဲ့ရသည်။

တစ်စုံတစ်ခုသော အဖိုးတန်ရတနာတစ်ပါး ဆုံးရှုံးသွား သည်သို့ပင် ရင်ထဲမှာ ခံစားလိုက်ရသည်။



သူ့ငွေပြာရောင် အော်ဒီကားသစ်ကြီးကို မောင်းလာရင်း ကြောင်း သူတွေးလာမိပါ၏။ သူလိုက်၍ မကြည်သော င်မလေးများ မရှိသလောက်၊ သူ့ကို ပြန်လိုက်သည့် မိန်း းတို့ပင် အများအပြား။ လူကြီးချင်း ချဉ်းကပ်သည်က ယောက်ျားလေးများ ရှောင်ရှားနေရသည့် ခေတ်သို့ တ်နေလေပြီ။

သူ့ဖခင်က ချမ်းသာလွန်းသည်။ နိုင်ငံခြား ကိုယ်စားလှယ် တ ဆရာဝန်မ၊ သားဖွားနှင့် မီးယပ်ပါရဂူ၊ ဖခင်ကလည်း (မ်)အက်စီဘွဲ့ကို နိုင်ငံခြားမှ ယူခဲ့သူ။ ဆွေကြီး၊ မျိုးကြီး၊ ာကြွယ်ဝလွန်းသော အသိုက်အဝန်းတွင်းမှ တစ်ဦးတည်း သား။ အစ်မတစ်ယောက်က ဆရာဝန်လောင်း။ သူက တာ အင်ဂျင်နီယာ စတုတ္ထနှစ်။

နေဦးနိုင်တို့ လူပျိုသက်တမ်းမှာ ကျွတ်ပြန်လာရသည်ဟု ဘူး။

စိမ့်စမ်းအေးနှင့် ကျခါမှ. . .

ပြည့်ပြည့်စုံစုံ လှကြသူများကို တွေ့ဖူးခဲ့ပါပြီ။ အချယ်အသ တ်ကင်းကြ၊ ယခု စိမ့်စမ်းအေးလှပုံက သနပ်ခါးလေး တစ်ခု နှင့် ကြည့်၍ မဝနိုင်အောင် အေးမြလွန်းသောအလှ. . .

အမှန်တော့ ယနေ့ပေးခဲ့သောအထုပ်မှာ သူ့ကို ပို့ခိုင်းခြင်း တ်။ စင်ကာပူမှ ပြန်လာသော အစ်ကိုဝမ်းကွဲနှင့် ပေးလိုက် သော လက်ဆောင်ထုပ်ကလေးများစွာထဲမှ. . ‘စိမ့်စမ်းအေး’ သော အမည်နှင့် စုံစမ်းပြီးသား စံရိပ်ငြိမ် လိပ်စာကို တွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ့လာရသဖြင့်၊ သွားလည်ရင်း ယူလာပြီး တမင်သက်သ
လာရောက်ပို့ပေးခြင်းသာပါ။

ယခုတော့ သူ့ချစ်သူထံမှ ဆိုပါ၍ သူ့ကြိုးစားချက်
ဘာမျှ အရာမထင်တော့ချေ...

"အို... ဘာပဲဖြစ်ဖြစ် ဒီလောက် အေးမြငြိမ်းချမ်း
ကန္တြေသိက္ခာရှိလှတဲ့ မိန်းကလေးမျိုးကို ငါ ရအောင် လိုက်မ
ဖြစ်အောင် လက်ထပ်ယူမယ်"

မာန်နှင့် သန္နိဋ္ဌာန်ချလိုက်ပြီး... နေဦးနိုင်၏
ဦးတည်၍ မောင်းနေရာအရပ်သည်...

ငြိမ့်...စားသောက်ဥယျာဉ်သို့...

ငြိမ့်နေအောင် ဆီးကြို ပြုစုယုယမည့်သူရှိရာ နေ
သို့...

ခဏတာ သာယာမှုကို ခံစားရယူရန် တူးမာရှိရာသို့...

◆ ◆ ◆

စိမ့်စမ်းအေးမှာ...

နေဦးနိုင်ပေးသွားသော အထုပ်ကို ဖြေလိုက်
ကတ်ထူဗူးလေးတစ်ခု ထွက်လာသည်။ ဗူးလေးကို ဖွင့်လို
တော့...

"ဟယ်... လှလိုက်တာ"

သစ်ခွပန်းလှလှကြီးတစ်ပွင့်ကို တွေ့လိုက်ရပါ၏။ ပွင့်
မှာ ရွှေရည်ယိုလို့ပါလား။

BURMESE CLASSIC .com



စိမ့်စမ်းအေးမှာ စိုးရဲ့စာကို အမြန်ဆုံး ဖတ်ကြည့်ရပါသည်။ လှကြုံတုန်း ရေးရ၍ စာက အရှင်လိုမရှည်...

မိစိမ့်ရေ

တို့သင်္ဘောက တတိယအင်ဂျင်နီယာ 3/E ကိုကိုအောင်က Sign Off လုပ်ပြီး ရန်ကုန်ပြန်မှာမို့ ငါနင့်အတွက် ပန်းတစ်ပွင့် ဝယ်ပေးလိုက်တယ်။ စင်ကာပူဒေါ်လာ လေးဆယ်တောင်ပေးရတယ်။

Tiger Orchid ခေါ်တဲ့ တကယ့်သစ်ခွပန်း စစ်စစ်ကို ၂၂ ကာရက်ရှိတဲ့ရွှေနဲ့ ရွှေရည်စိမ်ထားတဲ့ 'ရွှေသစ်ခွပန်းပွင့်လေး'

ဒါမျိုးက ယိုးဒယား၊ စင်ကာပူနဲ့ မလေးရှားနိုင်ငံမှာသာ ရနိုင်တာမို့ အမြတ်တနိုးနဲ့ ဝယ်ပို့ပေးလိုက်တာပါ။

အောက်မှာ ချိတ်၊ အပေါ်မှာ ကွင်းလေးပါတယ်နော်။ ရင်ထိုးရော၊ လည်ဆွဲရော နှစ်မျိုးသုံးလို့ရတာပေါ့။

သိပ်လှတဲ့ ငါ့အချစ်နဲ့ သိပ်လိုက်မယ့် ရွှေသစ်ခွပန်းပွင့်လေးပါ။

အချိန်မရလို့ စာတော့ဒါပဲ မိစိမ့်ရေ...

နိဂုံးမရှိသော ချစ်ရက်များနဲ့...

စိုး

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၂

"တူးမာ. . . ဒီမနက် အားတယ်မဟုတ်လား၊ ဟိုဘာ
ခနလိုက်ကူပေးစမ်းပါအေ"

ဒေါ်မြနှင့်အတူ ဈေးတောင်းကိုကူဆွဲပြီး ကပ်လျှ
ခြံချင်းရှိရာသို့ ဘေးတံခါးမှဝင်ခဲ့ရသည်။

"သူ့ကိုယ်သူ မင်းကတော်ဆိုပြီး ဟိုတုန်းကတော့ မာ
ပေါ့။ ခုတော့ သားသမီးတွေကလည်း အိမ်ထောင် အသီးသ
အရင်းအနှီးတောင်းကြ၊ အမွေတောင်းကြနဲ့၊ အဘွားကြီးလည်
စိတ်ကို ဆင်းရဲလို့ပါ"

"ဘယ်သူလဲဟင်"

'ဒေါ်ခင်မကြီး'တဲ့၊ တို့သူဌေး ဦးညာဏ်စိုးရဲ့အစ်
'ဦးညာဏ်တိုး'ရဲ့ မိန်းမပေါ့"

"ဩော်. . ."



"ဟိုတုန်းကတော့ သူက အတွင်းဝန်လေ။ ခုတော့. . .
းသွားရှာပါပြီ။ အဲဒါ ဘယ်နှစ်နှစ် ပတ်လည်လဲ မသိပါဘူး။
ွမ်းကျွေးချင်လို့တဲ့။ အဲဒါ သွားလုပ်ပေးလိုက်ပါလို့ ဦးညာဏ်စိုးက
အမိန့်ချလို့"

"ဆွမ်းကျွေးက ဘယ်တော့လဲ"

"နက်ဖြန်မှပါ"

"ဩော်. . ."

"ငါလိုသာဆိုရင် ကိုယ့်လည်း ငွေကမရှိ ကူမယ့်လူရှိတာ
လည်း မဟုတ်ဘူး။ ဒီဘက်ခြံက အစားအစာပဲမှာပြီး ဘုန်းကြီး
ာပ်လိုက်မယ်၊ မဟုတ်ဘူးလား"

တူးမာ ခေါင်းညိတ်ရသည်။

"ဒေါ်ခင်မကြီးတို့ မိုးကောင်းတုန်းကတော့ ကြီးလိုက်တဲ့
ာန်၊ ခုတော့လည်း ကျသွားပါပြီ။ အရင်က ဒီဘက်ခြံနဲ့လည်း
မတဲ့ဘူးလေ။ ခုတော့ ဦးညာဏ်စိုးကလည်း သဘောကောင်း
တယ် မဟုတ်လား။ မရိုးမုဆိုးမကို အစစအရာရာ ကူညီရှာ
ပါတယ်"

"ဆွမ်းကျွေးဆိုလို့ တူးမာက ဘာမှ မချက်တတ်ဘူးနော်။
အရင်တုန်းကလည်း မမ ချက်ကျွေးတာပဲ စားနေတာ"

"မချက်ရပါဘူး၊ ကြက်သွန်ခွာ. . . ဆန်ရွေး ဒီလောက်
လေးပါပဲ။ တခြားကောင်မလေးနှစ်ယောက်လည်း လာကြဦး
မှာပါ၊ ဒါနဲ့. . . တူးမာ"

"အင်း"

"တူးမာ မမဆိုတာ ဒီကို တစ်ခါမှမလာဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"တမင်မခေါ်တာ အန်တီမြ၊ ဒီက လူပေါင်းစုံ မဟု
လား။ မမက သိပ်လှတယ်။ ပြီးတော့. . . သိပ် အ,တ
သူ့ကို ဘယ်မှသွားမခိုင်းဘူး"

"အေး. . . ကောင်းပါတယ်အေ၊ ညည်းလို ညီမမျိုး
ရှားပ. . ."

"ဩော်. . . ငယ်ငယ်က တူးမာက သိပ်ဆိုးတာ။ မ
သိပ်သည်းခံရှာတာ အန်တီမြရဲ့"

စကားပြောရင်း ဦးညဏ်တိုးဆိုသူပိုင်ခဲ့သော တို
နောက်ဖေးခန်းသို့ ရောက်ရှိလာခဲ့သည်။

ဦးညဏ်တိုးနှင့် ဦးညဏ်စိုးတို့၏ မိဘများလက်ထ
သားနှစ်ယောက်ကို တစ်ခြံစီကပ်လျက် အမွေပေးခဲ့
ဖြစ်ကြောင်းကိုပါ ပြောပြပါ၏။

ဦးညဏ်တိုးက သားသမီး သုံးယောက်၊ ဦးညဏ်စိ
လေးယောက်၊ မာန်ဝင့်သော ဒေါ်ခင်မကြီးကြောင့် မော
ဝမ်းကွဲချင်းလည်း သိပ်မသင့်ကြ။ ဒေါ်ခင်မကြီးတို့ စီးပွား
သလောက်၊ ဒီဘက်က မြို့စားသောက်ဆိုင် ဖွင့်လိုက်မှ စီ
ရေးက ကြီးပွားစွာ တက်လာတော့သည်။ စည်းကမ်းကြီးသေ
ဦးညဏ်စိုးက သူ့သားသမီးများကို စားသောက်ဆိုင်နှင့်
မရောနှောစေရ။ ဘေးလှေကားမှ ဆင်းပြီး ကားရုံမှ ကားယူ
လာ၊ ပြီးတော့ ဘေးဘက်မှ ပြန်တက်ရုံသာ။ ဦးညဏ်
သားသမီးများနှင့် တူးမာ ဆုံဖူးသည်။ ဖော်ရွေပြုံးရွှင်
နှုတ်ဆက်ပါ၏။ တစ်ယောက်တည်းသော အလုပ်သ



တူးမာကို သနားကြင်နာစွာ သူ့ဖခင်က ခေါ်တင်နေခိုင်းထား
သည်ကို သူတို့က ဘာမှ မကျေနပ်ဟန် မပြကြပါ။

"ဒီအခန်းလေးက အရင်တုန်းက အစေခံနေတဲ့
အခန်းပေါ့။ ဒေါ်ခင်မကြီးတို့ မိုးကောင်းစဉ်ကလေ၊ ခုတော့. . .
အသက်ကြီးမှ မီးဖိုထဲ သူကိုယ်တိုင် ဝင်နေရပြီ"

"အန်တီမြက ဟိုးထဲကသိတယ်လား"

"သိတာပေါ့၊ အန်တီမြ ဟိုဘက်အိမ်မှာနေတာပဲ အနှစ်
နှစ်ဆယ်ကျော်နေပြီ"

"ဩော်. . ."

ဒေါ်မြပြသော အခန်းလေးမှာ မသန့်ရှင်းမသပ်ယပ်
သော့။ ဆေးမသုတ်နိုင်သည်မှာ ကြာပြီဖြစ်၍ အင်္ဂတေနံရံများ
ညှိုကွက်ညစ်ပတ်နေပေသည်။

ကျဆုံးခြင်း၏ သရုပ်ကို ဆောင်နေသော ဤအခန်းကျဉ်း
လေးကိုကြည့်ပြီး တူးမာစိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်လာသည်။

လူ့ဘဝ၏ အတက်နှင့်အကျ၊ သုံးဖြုန်းနိုင်ခြင်းနှင့် ချို့တဲ့
ခြင်း စသည်တို့ကို တူးမာ မြင်ရလေပြီ။ တောင်ဥက္ကလာမှာ
နေစဉ်က တချို့ သူငယ်ချင်းအိမ်မှာ မိသားစု တစ်နေ့စာ ငါးကျပ်
သုံးနိုင်သူများ တွေ့ခဲ့ဖူးသော်လည်း. . . မြို့တွင် တစ်ညနေ
အား အတွင်းမှာ တစ်ဝိုင်းစာ ငါးရာကျော် ရှင်းသွားသူများ
အများအပြားပါ။

"ကဲ. . . ကြက်သွန်နွှာ. . . အန်တီမြ ကြက်သား
လိုက်ဦးမယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ခင်မကြီး ဈေးသွားဝယ်တုန်း အတင်း ပြော မယ်။ ဒီအိမ်ရောက်တော့လည်း ဟိုတုန်းက အကြောင်းလေး ပြန်သတိရလာတယ်။

"အဲဒီတုန်းက ဦးဉာဏ်စိုး ဦးဉာဏ်တိုးတို့ မိခင်ကြီးလည်း ရှိသေးတော့ ဟိုဘက်ဒီဘက်လည်း တည့်ကြသေးတ အန်တီမြတို့လည်း ဟိုကူးဒီကူးပေါ့. . .

"ဒီဘက်အိမ်မှာ အခိုင်းအစေ နှစ်ယောက်ရှိတ တစ်ယောက်က 'မြရွှေ'တဲ့။ တစ်ယောက်တော့ 'လှ တဲ့. . .။

"မြရွှေက ရိုးတယ်။ လှကျော့ကတော့ အသားမည်း မျက်နှာက မလှပေမယ့်. . . တောင်မက လုံးကြီးပေါက် ယောက်ျားတွေ သွားရေကျစရာရုပ်ပေါ့အေ"

ဒေါ်မြက ကြက်ကို ပေါင်နှစ်ခြမ်းဖျက်ထုတ်လိုက် ရင်ပုံသားကို ဆွဲယူရင်း. . .

"ဒီအိမ်က ဦးဉာဏ်တိုးက မိန်းမနည်းနည်းလိုက် တယ်။ တိုတိုပြောရရင်တော့ လှကျော့နဲ့ ဖြစ်ကရော တော့. . .

"လှကျော့မှာ ကိုယ်ဝန်ရှိမှ သိတော့တယ်။ ဘာ ကောင်းမလဲ၊ ဒေါ်ခင်မကြီးတို့ ဒေါသလုံးဆို့ပြီး သေသွား မှတ်ရတယ်။

"လှကျော့ကို ပါးတွေနားတွေရိုက်၊ ဆောင့်ကန်ပေါ့. . သနားစရာပေါ့အေရယ်. . ."

"နောက်ဆုံး ငွေငါးရာပေးပြီး ကြိတ်လွှတ်လိုက်တ



လှကျော့လည်း အဲဒီတည်းက ပျောက်သွားလိုက်တာ ဒီနေ့ထက် ထိပဲ"

"ကလေးကျတော့ရော. . ."

"တောမှာ သွားမွေးတယ်တဲ့။ လှကျော့က မိဘမရှိရှာဘူး။ သူ့ ဆွေနီးမျိုးစပ်ရှိရာ ဝါးခယ်မနယ်က ပြင်စလူရွာမှာ သွားမွေး မယ်လို့ ပြောသွားတာပဲ"

"ပြင်စလူရွာ"

တူးမာက ရွာနာမည်ကို ရွတ်လိုက်သည်။

သည်အမည်က တူးမာ ကြားနေကျ။

မေမေ မသေဆုံးခင်က အမြဲပြောလေ့ရှိသော သူ့ဇာတိ ရွာအမည်။

မမစိမ့်စမ်းအေးကိုလည်းကောင်း. . .

သူ့ကိုလည်းကောင်း. . .

သွားရောက်မွေးဖွားခဲ့သည့် မေမေ့ရွာဆိုသည်ကို တူးမာ သိထားပါသော်လည်း. . .

"မလှကျော့"ဆိုသော ဤအိမ်မှ အခိုင်းစေမလေးသည် ပြင်စလူရွာ၌ "သူ့" ကို မွေးဖွားခဲ့ပြီး စိမ်းစမ်းအေး၏မိခင် 'ဒေါ်ခင်တင့်'၏ ရင်ခွင်တွင်းသို့ ထည့်ပြီးနောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည့်အကြောင်းကို. . .

ဒေါ်မြမှာ မသိရှိ၊ တွေးပင်မတွေးမိ။

တူးမာငေးနေမိသော အခန်းကျဉ်းလေးအတွင်းမှာ တူးမာကို ပဋိသန္ဓေရရှိခဲ့သည့်နေရာလေးဖြစ်ကြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



တောမှာမွေး၍ သူ့ကို ပေးခဲ့သည့် ရင်နင့်ဖွယ်ရာ အကြောင်း
များကို တူးမာလေးလည်း မတွေးမိ မသိရှိပါချေတကား။

တစ်ခုသော ဇာတ်လမ်း၊ တစ်စုံတရာသော အကြောင်း
များတို့သည် တစ်ခါတလေလည်း ချက်ချင်းပေါ်လွင်လာတ
သည်။ တစ်ခါတရံလည်း အသက်ထက်ဆုံး တိမ်မြုပ်ပျောက်
သွားတတ်ပါ၏။

တချို့တလေ ကျပြန်တော့လည်း ယခုလို အနှစ်နှစ်ဆ
နီးပါး ကြာလေမှ ပြန့်လည်ဆုံဆည်းကြ၊ အစပေါ်
ကြတတ်သော ကြေကွဲဖွယ်ရာ ဇာတ်လမ်းမျိုးစုံ ရှိတတ်
လေသည်။

သည်တိုက်၊ သည်မီးဖိုချောင်၊ သည်အခန်းကလေး
ကြည့်ပြီး တူးမာ၏ရင်မှာ ဆွတ်ကြင် ကြေကွဲသလို ခံစား
ပါ၏။ သွေးကပြောသည်ဆိုသော စကားမှာ လက်ခံထိုက်
ရှိသလား မရှိသလားဖြင့် မသိပါသော်လည်း 'သူ့
ဦးညက်တိုး'နှင့် ဤအခန်းလေးအတွင်းမှာ မျက်ရည်များစွာ
နေသွားရရှာမည်ဖြစ်သော 'သူ့မိခင် ဒေါ်လှကျော့'ဆိုသူ
အတွက်. . .

မသိစိတ်သည် သူ့ရင်ကို တွေဝေစေ၊ ရင်နင့်စေသ
လား. . .

စိတ်၏ ဆန်းကြယ်မှုသည် သိပ္ပံပညာရှင်တို့ လိုက်
သော အရာပါတကား။

ဖခင်ဦးညက်တိုးက သေဆုံးသွားခဲ့လေပြီ။

သူ့မိခင်. . .



သူ့ကိုမွေးဖွားပြီး ရက်စက်စွာ သူများလက်တွင်းသို့
ခွဲပစ်ခဲ့သော မိခင်ဒေါ်လှကျော့ဆိုသူသည်. . .

ယခုအချိန်ထိ လူ့လောကတွင် အသက်ရှင်လျက် ရှိ မရှိ
သည်ကို. . .

အကယ်၍များ တူးမာသည်သာ အကြောင်းစုံ သိရှိခဲ့ပါ
လျှင်. . .

အရာရာ၌ စွမ်းဆောင်ရဲသော သတ္တိထူးနှင့် တူးမာသည်
မြေလှန်၍ ရှာလေမည်သာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၂ ။

"ဟင်. . . ကိုကိုဦး"

တူးမာ မနက်ပိုင်းအားနေသည်။ ယနေ့ ၁၂ နာရီလောက်မှ စ၍ အလုပ်ဝင်ရပါမည်၊ ဒေါ်ဒေါ်မြကတော့ အအေးခန်းတွင်းမှာ ထည့်ထားမည့် သားငါးများကို ကိုင်တွယ် ခုတ်ထစ်နေရပေလိမ့်မည်။ 'ငြိမ့်'၏ စားဖိုဆောင်မှာ ဖြစ်ပါ၏။

ယခု တူးမာတို့၏ တိုက်ခန်းကျဉ်းလေးမှာ တူးမာတစ်ယောက်တည်း။

"မနက်စာ လာစားတာလားဟင်၊ ရပြီလား မသိဘူး မရသေးလည်း တူးမာ စီစဉ်ပေးပါ့မယ်။ လာလေ"

တူးမာက အခန်းလေးပေါ်မှဆင်းရန် ဟန်ပြင်ဆဲ နေဦးနိုင်က အပေါ်တက်လာသည်။

"မဟုတ်ပါဘူး။ တူးမာဆီ သက်သက်လာတာ"

"ဟာ. . ."

တူးမာ ဝမ်းသာသွားသည်။ ကွပ်ပျစ်ရှေ့မှ ခေါက်ကုလားထိုင်ကို ခင်းဖြန့်လိုက်ပြီး. . .

"ထိုင်ပါ ကိုကိုဦး၊ တူးမာကို ခိုင်းစရာရှိလို့လား ဟင်"



"မရှိပါဘူး၊ သက်သက် တူးမာနဲ့ တွေ့ရအောင် လာတာ"

သူ့ကားကို ခြံဝင်းရှေ့မှာ ရပ်ထားပေလိမ့်မည်။ ယခုချိန်က အိပ်သားများ ကျောင်းနှင့်အလုပ်သို့ သွားကြချိန်။

တူးမာအတွက် စိုးရိမ်စွာ ကြည့်ရှု ဆုံးမနေတတ်သော က်စိုးလည်း ယနေ့ အမြတ်တော်ကြေး ရှုံးချိန်းကိစ္စနှင့် တ်သွား၍ တော်ပါသေးသည်။

"တစ်ခုခု စားမလား ဟင်"

"မစားချင်ဘူး"

"ဒါဖြင့် တူးမာ အအေးသွားယူလိုက်ဦးမယ်နော်"

"နေပစေ တူးမာ"

တူးမာက သူ့ရှေ့မှ ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်သည်။ ဦးနိုင်ကပါ ကွပ်ပျစ်ပေါ်သို့ ပြောင်းထိုင်ပြီး တူးမာ၏လက်ကို ယူဆုပ်ကိုင်ရင်း. . .

"ကိုကိုဦး ကောင်မလေးနဲ့မကြည်လို့ စိတ်ညစ်လာလို့"

တူးမာမှာ သူနှင့် လက်တစ်ကမ်းစာ မဝေးကွာသော ဦးနိုင်၏ မျက်နှာကို လှမ်းကြည့်လိုက်ပါသော်လည်း းလေးမှဟု မမြင်မိ။

ဝေးသီမြင့်ခေါင်သော တောင်ထွတ်တစ်ခုပေါ်မှာလို ာနှင့် အဝေးကြီးပါလား။

"ကိုကိုဦးလို အရာတိုင်း ပြည့်စုံနေတဲ့လူကို သူက ဘာလို့ ပြန်မကြိုက်ရတာတဲ့လဲ ရှင်၊ ကိုကိုဦးတို့လို တက္ကသိုလ် ောင်းကပဲလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



နေဦးနိုင်က ခေါင်းညိတ်ပြလိုက်သည်။

"သူက သိပ်လှတယ် တူးမာရယ်"

"လှလို့ မာနကြီးတာလား"

"ဒီလိုလည်း မဟုတ်ပါဘူး။ သိပ်အေး သိပ်ရိုးပြီး သိ ကြန္ဒြေရှိတယ်။ သိပ်လည်း လှတဲ့ မိန်းကလေးမို့ ကိုကိုဦး သူ့ သိပ်ချစ်တာပဲ"

'သိပ်'များစွာနှင့် စကားအဆုံးတွင်. . .

"ဒါဖြင့် သူက ဘာလို့ငြင်းရတာလဲ ဟင်"

"သူ့မှာ ချစ်သူရှိပြီးသားတဲ့"

"အို. . ."

တူးမာ၏ရင်ထဲမှာ စွဲနေမိသော နေဦးနိုင်၏ မျက်နှာ ပင် ငေးမောကြည့်ရင်း. . .

"သြော်. . . ဖြစ်များဖြစ်နိုင်မယ်ဆိုရင် ကိုကိုဦးရဲ့ချစ် ဆိုတဲ့ မိန်းကလေးကို သွားတောင်းပန်ပေးချင်ပါတယ်ရှ ကိုကိုဦးကို ချစ်လိုက်ပါ. . . လို့"

တူးမာ၏ရင်ထဲမှပြောပြီး နေဦးနိုင်သို့. . .

"သူက သူဌေးသမီးလား ဟင်"

"အဲဒါလည်း မသိဘူး။ နယ်ကထင်တယ်၊ သူ့ အကြော ဘာမှမေးလို့မရဘူး။ အဆောင်မှာနေတာ"

"သြော်. . ."

သွက်လက်ချက်ချာလွန်းသော တူးမာ၏ရင်မှာသာ ခံစားမှု မဲ့နေခဲ့ပါလျှင် အစုံမေးဖြစ်ပေလိမ့်မည်သာ။



ယခုတော့ ဆွတ်ကြွင်ကြေကွဲစွာ ခံစားနေရသော ဝေဒနာ ြောင့် စကားလုံးများစွာ ဖြစ်ထွန်းမလာ။

အကယ်၍သာ တူးမာ ဆက်၍မေးမိပါလျှင် အီကိုကွင်း၊ ည်က စိမ့်စမ်းအေး၊ နေတာက စံရိပ်ငြိမ်ရှိ အပြင်ဘော်ဒါ ာင်မှာဟု နေဦးနိုင်ကလည်း ပြောချင်နေသူပါ။

ယခုတော့ နေဦးနိုင်ကလည်း သူ့ခံစားမှုနှင့်သူ။ လိုက်လေသမျှ ရခဲ့သည်ချည်း။ သည်တစ်ယောက်ကျခါမှ တယ့်ကို မြတ်နိုးစိတ်နှင့် ချစ်ပါလျက် 'ကြည်'ခွင့် မရသဖြင့် နှင့်စွာ ပထမဆုံး ခံစားရချိန်မို့ နှုတ်လေးနေသည်။

ခံစားမှုကိုယ်စီနှင့်မို့ အဖြစ်မှန်ကို သိရှိခွင့်မရကြသည် င် သူတို့အတွက် ကောင်းဖို့လား၊ ဆိုးဖို့လားဟု နှစ်ယောက် ကြိုတင်မတွေးမိ မသိရှိကြလေပါ"

"တူးမာ အားတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ကားလျှောက်စီးရအောင်ကွာ၊ လိုက်ခဲ့ပါလား"

စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်မိသည်။ နံနက် နာရီထိုးခါနီးပြီ။

"၁၂ နာရီ အလုပ်ဝင်ရမယ်။ ပြီးတော့ ပိုင်ရှင်က ွင်သွားတာလည်း သိပ်မကြိုက်ချင်ဘူး"

"ကိုကိုဦး စိတ်ညစ်လို့ပါဆိုမှ အထာကိုင်နေပြန်ပြီ"

"မဟုတ်ပါဘူး။ တကယ်ပြောတာပါ"

"ဒီမနက် သူ့ကလပ်(စ်)အတက်ကိုစောင့်ပြီး စကားပြော ာ လှည့်လည်းမကြည့်ဘူး။ စကားလည်း တစ်လုံးမှကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြောဘဲ အတန်းထဲ ဝင်သွားတယ်ကွာ။ တကယ်ဆွေ
တယ်"

တူးမာကို ဘေးမှာထားပြီး စိမ့်စမ်းအေးသို့ လှမ်းဆွေ
သော နေဦးနိုင်သို့။

"တူးမာ မလိုက်လို့ မဖြစ်ဘူးလား ဟင်၊ ဒီနေ့ နား
လည်း မဟုတ်လို့ပါ"

"မိုးကုတ်ကကောင်လို မထောလို့လား"

"ဟာ. . . မဟုတ်ရပါဘူး"

"၁၂ နာရီ အမီပြန်ပို့မယ်လေ"

တူးမာ ငြိမ်နေမိသည်။ သွေးကပြောသည်ဟု ထပ်ပြော
မလားမသိ။ မိမိပေါ် စေတနာထားသော ဦးဉာဏ်စိုး
လန့်နေမိသည်။

"ကဲ. . . လိုက်မှာလား။ မလိုက်လည်း ပြန်တော့မယ်"

နေဦးနိုင် ထိုင်ရာမှထတော့ တူးတူးမာက လက်
လှမ်းဆွဲထားလိုက်ရင်း. . .

"သူ့ကောင်မလေးနဲ့ မကြည်တိုင်း ဒီကိုလာမဲနေတာ
တူးမာ အဝတ်လဲလိုက်ဦးမယ်. . . ခဏလေး"

"မြန်မြန်လုပ်၊ ပိုလှလာမှာလည်း မဟုတ်ဘဲနဲ့"

တူးမာ၏ရင်မှာ နင့်သွားသော်လည်း ဘာမှပြန်မပြော
တော့ပါ။ တူးမာ၏အလှက ကိုယ်လုံးမှာသာရှိသည်။ မျက်နှာ
အပြင်အဆင် အချိုးအစနှင့်မှုရသည်။ ပြင်ပုံကပုံ ကိုယ်လုံး
တောင့်၍ တူးမာတို့ဟော့(တ်) ဖြစ်နေသည်။ သည်တိုင်းဆိုလျှင်
စိမ့်စမ်းအေး၏အလှက စမ်းရေကြည်နှင့် ရွှံ့နွံမှရေလို အေး



သူ့ပုံချင်းက ကွာခြားချင်တိုင်း ကွာခြားနေရသည်။ ရောက်ရှိနေ
သည့် နေရာချင်းကလည်း ကြည့်ပါဦး. . .

တက္ကသိုလ်ကျောင်းသူတစ်ဦးနှင့်. . .

ညဉ့်ကြို စားပွဲထိုးမလေး. . .

ကိုယ့်အစ်မ ဂုဏ်မငယ်ပါစေနဲ့ ဆိုသော စေတနာဖြင့်
ဤနေရာသို့ မခေါ်၊ သူ့အသိုက်ဝန်းနှင့် မနီးစပ်စေရ. . .

သူစားပွဲထိုးမလေး လုပ်နေခြင်းကြောင့် အီကိုကွင်းအဖြစ်
နှင့် စိမ့်စမ်းအေး စီးပွားရေးတက္ကသိုလ် ကျောင်းတော်သူကြီး
ဖြစ်နေရကြောင်းကိုဖြင့် အားလုံးနှင့်အတူ စိမ့်စမ်းအေးသို့
ချစ်လှပါသည်ဆိုသော နေဦးနိုင်ပါ မသိရှာပါလေ။

"ပြီးပါပြီ၊ ကိုကိုဦး. . . သွားစို့လေ"

ကိုယ့်အလှကို ပြက်ရယ်ပြုသလို ဆိုထားသူရှေ့မှာ
အလှလည်း မပြင်ချင်တော့ပါ။ ဆံပင်ကို စုသိမ်းညှပ်ပြီး
ဘရင်ပတ်(ဖ်)နှင့် အိုင်းလိုင်နာလောက်နှင့်သာ ပြီးခဲ့သည်။
ဘန်းပေါ်မှ ဘလောက်(စ)နှင့် ထိုင်းကော်တွန်ကို ဆွဲဝတ်
ထွက်လာခဲ့ပါ၏။

"ကိုကို. . . နောက်ထပ်လာမယ့်ရက်ကို တူးမာ စောင့်နေ
ပါမယ်နော်"

"စားကောင်းရဲ့လား အစ်ကို"

"ကြည့်. . . အစ်ကိုကြီးတို့များ ခုမှပဲ မြင်ရတော့တယ်"

"မလာတာတောင်ကြာပြီ။ တူးမာကိုတောင် မှတ်မိပါသေး
ရဲ့လားရှင်"

ဆိုသော လျှာဖျားမှ စကားလုံးလေးများကို လာသမျှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သမျှ လူတိုင်းကို ကလူအပြော အမြှူသဘောများနှင့် ပြော
လေ့ရှိသော တူးမာပါ။

တစ်ယောက်လာ၊ တစ်ဝိုင်းရောက်ပြီး သူတို့လည်း
ရင်ထဲမှာ ဘာမှမကျန်သော တူးမာမှာ နေဦးနိုင်နှင့်ပတ်သ
ဘာကြောင့်များ ခံစားမှုများ ကျန်နေရပါလိမ့်။

"ဒီဘက်တိုးကွာ"

တူးမာက တိုးရုံမက ပန်းလေးကိုမှီလိုက်သည်။ ဒက်
ကို ဖွင့်ပေးလိုက်သဖြင့် တူးမာက အလိုက်သိစွာ ဆေးလိ
ယူ၍ သူ့နှုတ်ခမ်းများဖြင့် မီးညှိပြီးမှ နေဦးနိုင်၏ နှုတ်
နှစ်ခုကြားမှာ တပ်ပေးလိုက်ပါ၏။ ကားမောင်းရင်း နေဦးနိုင်
ကြည်ကြည်လင်လင် ပြုံးလာပြီး တူးမာနှင့် ပါးချင်းကပ် ပွတ်လို
သည်။ ပြီးတော့ ကားတွင် တပ်ထားသော ဟီတာချီအမျိုးအ
ရေဒီယိုကက်ဆက်မှ ရေဒီယိုခလုတ်ကို လှည့်လိုက်သည
အခါ. . . သီချင်းလေးတစ်ပိုဒ်ကို ကြားလိုက်ရသည်။

ပန်းစပယ်. . . နန်းအလယ်မပေါ်ခိုက်ဟာမို့
အလိုက်တော်တန်သင့်ရှုပ
ခံပွင့်ကိုကုံး. . .
×××××××××××××
နန်းရဝေ× မန်းမြေမှာ စပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့ရတယ်ရှင်
တောလေ့ရွှာသုံး. . .

◆ ◆ ◆



ချောက်ဆိုသော အသံနှင့်အတူ. . .

"ဘာဖြစ်လို့ ပိတ်ပစ်လိုက်တာလဲ တူးမာ"

"ဘာမှမဖြစ်ပါဘူး ရှင်"

"အေးကွာ၊ ရေဒီယိုသီချင်းတွေက သိပ်အောက်တာပဲ၊
ဒီရိယို နားထောင်ရအောင်"

ရေဒီယိုကက်ဆက်ကို တူးမာအပေါ်မှ နှိပ်လိုက်တော့
သူတို့ ငြိမ့်မှာဖွင့်နေကျ။ ဘာဘရာစထရိုက်ဆင်၏ မိန်းမတို့
ချစ်(Women in Love)ဆိုသော သီချင်းပါပင်. . .

တူးမာမှာ နှုတ်ခမ်းလေးနှစ်ခုကို ဖိကိုက်ပြီး မျက်ရည်
ကြည်လေးများ သီဝေ့လာသည်။

"ခံစားမှု"

ဆိုသောအရာသည် တူးမာ၏ နှလုံးသားမှာ ပထမဆုံး
အကြိမ် နင့်နဲလိုက်လှဲစွာ ခံစားရပါပြီ။

ခံစားလွယ်သော ဆယ်ကျော်သက် မြန်မာအမျိုးသမီး
ငယ်တို့၏ အသည်းနုပုံမျိုးနှင့် ဤစားပွဲထိုးဆိုသော အလုပ်က
ဘယ်လိုမှ မသင့်မြတ် မအပ်စပ်ပါချေ။

တူးမာတို့လို ခပ်ရဲရဲ ခပ်ကဲကဲဖြင့် ဘယ်သူ့ကိုမှ မမှုခဲ့သော
သူ၊ ရည်းစားနှစ်ယောက်ကို သူကချန်၍ ကန်ထားရစ်ခဲ့သော
တူးမာ၊ သည်အလုပ်ရပြန်တော့လည်း ဟိုလူ့ 'ကိုကို'၊ သည်လူ့
'ကိုကို'နှင့် ရင်ထဲမှမပါ၊ လျှာဖျားမှသာ ဆက်ဆံနိုင်ခဲ့သော
တူးမာသည်. . .

နေဦးနိုင်ကို သူ စွဲလန်းနေမိပါပြီ။ အချစ်ကြီး ချစ်နေမိ
ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တာဝန်အရပါဟု ဘယ်လိုပင် ဆိုစေကာမူ မိန်းမသားငယ်လေး၏ရင်ထဲမှာ ကျောက်စိုင်ကျောက်ခဲ မရှိပါ။ ခံစားတတ်သော အသွေးနှင့်. . . အသားနှင့်. . . နှလုံးသားနှင့် ပါ။

ဆန့်ကျင်ဘက် လူငယ်ချင်း တွေ့ထိမှု များလာတော့ လှုပ်ရှားလာသောစိတ်သည် မဆန်းကျယ်တော့။ ကမ္ဘာဦး အစ သဘာဝကို ဘယ်ဖို-မမှ မလွန်ဆန်နိုင်။

သည်လိုနှင့် တစ်ဆင့်ပြီးတစ်ဆင့် လျှောကျ ပျက်စီးသွား သည့် မိန်းကလေးပေါင်းများစွာပါ။

"တူးမာ. . . ငြိမ်လှချည့်လား"

"ဟင်"

"ဘာငြိမ်နေတာလဲ. . . ပြောလေ"

"ဩော်. . . ကိုကိုဦး စိတ်ညစ်နေတယ် ထင်လို့ တူးမာ စကားမပြောတာပါ"

"စိတ်ညစ်တယ်ထင်ရင် ပျော်အောင်လုပ်ပေးလေ"

အမျိုးသားတစ်ယောက်၏ အထာကို ကျွမ်းပြီးသား တူးမာမှာ သူတို့အကြိုက်ကို သိပ်လိုက်တတ်သည်။ စကားလုံး လေးများနှင့်ပင် သူတို့ကို ရယ်စေ၊ ရွှင်စေ၊ စွဲစေ၊ မက်စေသော တူးမာမှာ. . .

ဘာပြောရမှန်းကို မသိတော့။

ကားမောင်းနေသော နေဦးနိုင်၏ လက်မောင်းကို ကိုင်ပြီး ညင်ညင်သာသာလေး ငုံ့နမ်းလိုက်မိပါ၏။

"တူးမာ. . . တို့ကိုချစ်လား"



တူးမာ ငြိမ်နေသည်။

"ဟေး. . . မေးတာဖြေလေ"

"ချစ်တယ်"

အသည်းနှလုံး၏ နက်ရှိုင်းသောအတွင်းပိုင်းမှ လှိုက်လှဲစွာ ထွက်ပေါ်လာသော စကားလေးနှစ်လုံး။

"ဒီလိုပြောတာ လူဘယ်နှစ်ရာရှိပြီလဲဟင်"

"ကိုကိုဦးရယ်"

တူးမာအသံလေး တုန်ခိုက်လာသည်။ 'ပြောရက်လိုက် တာ'ဟု ရင်ထဲမှပြောနေသော်လည်း နှုတ်ကပြောလည်း သူ ဘယ်လိုမှ ယုံမည်မဟုတ်သောစကားမို့ မပြောလိုတော့ပါ။ ငြင်းကျပ်သော နှလုံးသားရင်ပြင်မှာ သက်ပြင်းလေးတစ်ရှိုက် ထွက်လာတော့. .

"အလကား စ,တာပါ၊ စိတ်ဆိုးသွားလား"

"မဆိုးပါဘူး"

"တကယ်လား"

"ကိုကိုဦးကိုလေ. . . ဘယ်တော့မှ စိတ်ဆိုးတယ်ဆိုတာ မရှိစေရပါဘူး"

"တူးမာ"

"ရှင်"

"ရန်ကုန်မှာ စားသောက်ဆိုင်တွေ အများကြီးပဲ၊ ကိုကိုဦး ဘော်ဒါတွေနဲ့ ဆိုင်ပေါင်းစုံရောက်ပြီးပြီ။ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်ကအစပေါ့"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးပေါင်းစုံနဲ့ဆုံ၊ ရီကြ၊ ထိကြတာလည်း ကြုံခဲ့ပေါင်း များလှပါပြီ။ ဒါပေမယ့် အခုနောက်ပိုင်း ငြိမ်ထို အမြဲလာပြီး အမြဲစားနေတာ ဘယ်သူ့ကြောင့်လဲ"

"ကိုကိုဦးပြောတာပဲ တူးမာ ကြားချင်ပါတယ်"

"တူးမာကြောင့်လေ"

မမျှော်မှန်းရဲသော ကြည်နူးမှု လှိုင်းကြက်ခွပ် ပြေးလာ၍ တူးမာရင်မှာ ထိခတ်ရပ်တန့်သွားပါ၏။

"တူးမာမှာ မိဘမရှိဘူးလား"

"မရှိပါဘူး"

"ညီအစ်ကိုမောင်နှမရော"

"ဟင့်အင်း"

မမကို စားပွဲထိုးမလေး၏ အစ်မဟု မည်သူမှ မသိ ဆိုသော တူးမာ၏ စေတနာခံယူချက်ကြောင့်. . .

"အစက ဘယ်သူနဲ့နေလဲ၊ တူးမာအကြောင်း ပြောပြ ပါ"

"ဖေဖေနဲ့ မိထွေးနဲ့ နေပါတယ်။ ဖေဖေက ရထားပေါ် လိမ့်ကျပြီး ရုတ်တရက် ဆုံးသွားပါတယ်။ တူးမာလည်း မိထွေး မနေချင်တာနဲ့ ဒီကအလုပ်ခေါ်လို့ လျှောက်တာနဲ့ ရပြီး ဒီ လာတာ"

"ဒါ အမှန်ပဲလားဟင်"

"တခြားလူတွေကို ကြုံသလို တစ်ယောက်တစ်မျိုး ပြော တူးမာဟာ ကိုကိုဦးကိုတော့ မညာဘူးဆိုတာ ယုံပါရှင်"

နေဦးနိုင်က တူးမာဘက်သို့ ပြုံး၍ကြည့်လိုက်သည်



ပြီးတော့ စီးကရက်မီးခိုးများကို တူးမာ မျက်နှာပေါ်သို့ အလိပ် လိုက် မှုတ်ထုတ်လိုက်ပါ၏။

"ကြည်ပါလားလို့"

ဆိုပြီး သူ့ကို ထုရမည့်အစား တူးမာက မျက်နှမ်းနှမ်းလေး နှင့်သာ သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။

ကားက ပြည်လမ်းမှ လက်ျာဘက်သို့ ချိုးကွေ့ပြီး အင်းလျားလမ်းထဲသို့ ဝင်လိုက်ပါ၏။ သရက်ပင်ကြီးများရှိရာ ကန်စပ်မှာ ထိုးရပ်လိုက်သည်။

နေဦးနိုင်က တူးမာနှင့် နီးကပ်ထိတွေ့ရင်းက စီးပွားရေး တက္ကသိုလ် အဆောက်အအုံကြီးရှိရာသို့ လှမ်းမျှော်ကြည့်လိုက် သည်။

စာသင်ခန်းမ အတွင်းမှာ လှပစွာ တည်ငြိမ်သော မျက်နှာ နှင့် ဆံပင်ရှည်ကြီးများကို စင်းစင်းဆန့်ဆန့် ဖြန့်ချထားမည့် ဘူခွေ့ရှင်မှလေး၏ အလှဆုံးမျက်နှာကို အင်းလျားရေစပ်မှ အတွေးနှင့် မျှော်မိသည်။ ပြီးတော့ နဖူးကို အုပ်ကိုင်လိုက် ပါ၏. . .

"ဘာဖြစ်လို့လဲ ကိုကိုဦး"

"ညက သူငယ်ချင်းနှစ်ကောင် အိမ်လာအိပ်တယ် လေ. . . အဲဒါ အခန်းထဲမှာ အဘိုးကြီးမသိအောင် အရက်ခိုး သောက်ကြတယ်"

"ကြည့်. . ."

"မနက်ကလည်း ဟောဒီက စီးပွားရေးတက္ကသိုလ်ရဲ့ အလှဘုရင်မတွဲ့ခံထားတဲ့ ချစ်သူ့မျက်နှာကို မြင်ချင်လွန်းလို့ အစောကြီး ထလာတာနဲ့ ခေါင်းကိုက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"တူးမာ နှိပ်ပေးရမလားဟင်"

"အင်း. . ."

သူ့ အော်ဒီ ကားပေါ်မှာပင် သူက အင်းလျားလမ်းဘက် သို့ မျက်နှာမူပြီး ကျောပေးထိုင်လိုက်သည်။

တူးမာမှာ နောက်မှနေ၍ နေဦးနိုင်၏ နဖူးကိုကိုင်ပြီး ဇက်ကြောကို ဆွဲပေးနေရသည်။ နားထင်၊ နားရင်းပါမကျန် လက်အံသေလောက်အောင် စေတနာများစွာနှင့် နှိပ်ပေး ရင်း. . .

"ဩော်. . . သိပ်ချမ်းသာတဲ့ ကိုကိုဦးလို အင်ဂျင်နီယာ ကျောင်းသားကြီးဟာ ဟောဒီတက္ကသိုလ်ကျောင်းတော်ကြီးက အလှဆုံးဆိုတဲ့ ဂုဏ်သရေရှိ အမျိုးကောင်းသမီးနဲ့မှ ထိုက်တန်မှာ ပေါ့လေ။

"ငါလို အောက်တန်းစား စားပွဲထိုးတစ်ယောက်ကို သူ ဘယ်လိုလုပ်စဉ်းစားပါ့မလဲ"

"တူးမာကလည်း ရယူပိုင်ဆိုင်လိုတဲ့အထိ မမျှော်မှန်းလို ပါဘူး ကိုကိုဦးရယ်. . .

"မိတူးမာရဲ့ရင်မှာ တစ်ခါမှ မဖြစ်ထွန်းဘူးတဲ့ မေတ္တာဦးရဲ့ ချစ်မိနေပါတယ်။ ချစ်ခွင့်လေး ရနေချင်ပါတယ်။

"ကိုယ့်ဘဝကို ကိုယ်နားလည်တဲ့ တူးမာဟာ ကိုကိုဦးရဲ့ မထိုက်တန်ပါဘူးဆိုတာ သိပါတယ် အချစ်ရယ်"

နှိပ်ပေးနေရာမှ 'တော်ပြီ'ဟု အမိန့်ပေးပြီးသည့် အခါတွင် တူးမာမှာ နေဦးနိုင်၏ ကျောပြင်မှာ ခေါင်းလေးမှီကပ်၍ ရင်ထဲမှ လှိုက်လှဲသော အပြောလေးများကို ပြောနေမိခြင်းသာပါ။



ယခုလို. . .

အမျိုးသားတစ်ယောက်၏ ကျေနပ်မှုကို နေရာမျိုးစုံမှ ရယူနိုင်အောင် ဖြုစုပေးရင်းဖြင့် အလုပ်လုပ်နေရရှာသော တူးမာ၏ ငွေဖြင့်. . .

ခန့်ထယ်သော စီးပွားရေးတက္ကသိုလ် သုံးထပ်အဆောက် အဦကြီးအပေါ်တွင် တင့်တင့်တယ်တယ် စာသင်နေရပါသော "စိမ့်စမ်းအေး"ကိုမှ. . .

"နေဦးနိုင်"သည်. . .

"တူးမာ"ကို နောက်ကျောပြင်မှာ အနှိပ်ခိုင်းပြီး စိမ့်စမ်း အေး ရှိရာသို့ မြတ်နိုးစွာ လှမ်းမျှော်တမ်းတနေသော အဖြစ် သို့. . .

သူတို့နောက်ကျောဆီမှ အင်းလျားရေပြင်နှင့် မျက်နှာစာမူ ထွဲ့နှင်းသဘင်ခန်းမကြီးတို့ရယ်. . .

မြင်သာ သိစွမ်းပေးကြပါလားကွယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၄

"မောင် နောက်ကျနေတာ ဟိုကိစ္စလိုက်နေလို့ပါ"

"အဲဒီကိစ္စကို ဘာလို့ ဒီလောက် အပင်ပန်းခံပြီး လိုက်လု နေရတာလဲ၊ နေကြစမ်းပါစေ"

"မောင်နဲ့ မမနုပေါ်မှာ အဲဒီ ညီအစ်မနှစ်ယောက်ထ ရန်သူလို ဆက်ဆံနေတာကျတော့၊ မမနုက ကျေနပ်နေသလား"

"ဩော်. . . ကျေနပ်တယ်တော့လည်း ဘယ်ဟုတ် မလဲ၊ ဒါပေမယ့် သူတို့နဲ့ကိုယ်နဲ့က ကင်းရှင်းသွားကြပြီပဲ အဆက်သွယ်မလုပ်နဲ့ပေါ့"

"မောင်မောင်ကတော့ မမနုမျက်နှာနဲ့ပါ။ မမရဲ့ လင်ဒ သမီးလေးတွေ ဆိုပြီး သွားတွေ့တာ၊ အကြီးမကလည် ခပ်တည်တည်နဲ့။ အငယ်မကတော့ သူ့အဖေ သေတာတော မောင်တို့ပယောဂမကင်းသလိုလိုပြောပြီး အပြတ်ကောလွှတ်ထ မောင်မခံနိုင်ဘူး။ စိတ်နာတယ်"



ဒေါ်တင်ထားနု၏ အပေါ်တွင် သူက ကြာလေ လွှမ်းမိုး လာနိုင်လေ။

ကိုတင်မောင်သိန်းသည် ယုတ်မာရမည့်နေရာတွင် နှင်ယောက်မရှိ။ တခြားကိစ္စက သင့်ရုံ၊ မိန်းမနှင့် ပတ်သက်လာ လျှင် သူများသားမယားပင် မရှောင်ချင်သော လူစားမျိုး။ သူ လှချင်တိုင်းပွေပြီး နောက်ဆုံး ဘယ်မိန်းမနှင့်မှ မဟန်တော့၊ နေစရာက အစ အဆင်မပြေဖြစ်လာ၍ ဒေါ်တင်ထားနုထံ ပြန်တပ်ခြင်းဖြစ်ပါ၏။ ဒေါ်တင်ထားနုက အလုပ်ရှိပြီးသား၊ အိမ်ဆိုသော နေစရာက အဆင်သင့်။

သူကံကောင်းချင်တော့ ဦးမောင်လှိုင်က သေပေးရပြီး၊ စိမ့်စမ်းအေးတို့ ညီအစ်မက လွင့်စင်ရသည်။

ဦးမောင်လှိုင်၏ အသုဘတွင် စိမ့်စမ်းအေး၏ အငို မျက်နှာလေးကို သူစွဲသွားသည်။

"ဒီလောက်လှတဲ့ ကောင်မလေးမျိုး မတွေ့ဖူးသေးဘူး။ မိန်းမ ဒါလေးမျိုးရရင် ကိုးကွယ်ထားပါတယ်။ တကယ်ပါပဲ"

ဟူသော ပြစ်မှားစိတ်နှင့် ကြည့်မိသည်။ တစ်ဖက်မှာလည်း ဦးမောင်လှိုင် သေဆုံးသွားသဖြင့် ဒေါ်တင်ထားနုနှင့် ကြိတ်၍ ပျော်ရွှင်နေဆဲကာလအတွင်းမှာပင်. . .

သည့်နောက်တွင် မလွယ်လှသော အလည်မလေး ထူးတူးမာ၏ အကြံအဖန်ကြောင့် ငွေပေးလိုက်ရပြီး သူတို့ ညီအစ်မ ဆင်းသွားကြရသည်။

ဆင်းသွားပြီးသည့်တိုင် စိမ့်စမ်းအေး၏ အလှလေးများကို မျက်စိထဲ စွဲနေသဖြင့် ငွေသုံးရာ အကုန်ခံပြီး မမနုပေးလိုက်ဟန်

www.burmeseclassic.com

www.burmeseclassic.com



နှင့် စိမ့်စမ်းအေးကို သွားတွေ့သော်လည်း လက်မခံ၍ ပြန်လာ
သည်။

သည့်နောက် သုံးခေါက်တိတိ ရောက်ရှိပါသေး၏။

နှစ်ခေါက်က အတွေ့မခံ။ နောက်ဆုံးတစ်ခေါ
ကျောင်းက အပြန်နှင့် ပက်ပင်းဆုံတော့. . .

“ကျွန်မတို့ချင်း ဘာမှ ပတ်သက်စရာမရှိပါဘူး။ တော
ပြုပြီး ကျွန်မဆီ ဘယ်တော့မှ မလာပါနဲ့”

ဟု ထာဝရ အေးချမ်းသောမျက်နှာလေးမှာ မအေး
တော့ဘဲနှင့် ခပ်တင်းတင်း ခပ်တည်တည်ပြော၍ ဝင်သွား
နောက်. . . စိမ့်စမ်းအေးထံ မရောက်ရသော်လည်း. . .

ရင်ထဲမှာ အခဲမကြေ. . .

တူးမာထံသို့ သူသွားပြန်သည်၊ ငြိမ့်. . . သို့ အဖော်တ
နှင့်ပါ။ သူက ကျွေးနိုင်သူမဟုတ်၊ လိုက်ကပ်စားသူသာ
တူးမာနှင့်ဆုံရန် သူ့မှောင်ခိုအပေါင်းအသင်းများကို ‘ငြိမ့်’
ခေါ်သွားခြင်းသာဖြစ်ပါ၏။

တူးမာကို ပိုင်ရှင်ကိုယ်တိုင်က အရေးပေးပြီး ခြံတွင်း
ခေါ်ထားခြင်းခံရသူဖြစ်၍ အခွင့်ရေးရပြီးသူ ဖြစ်ရုံသာ
တူးမာတို့က ဘယ်သူ့မှ လူထင်သည့် အစားထဲကမဟုတ်
ဤအဖွဲ့မျိုးသည် ငြိမ့်သို့ မကြာခဏ လာစားနိုင်ကြမည့် ပုံစံ
လည်းမဟုတ်မှန်း တူးမာသိသည်။

ကိုတင်မောင်သိန်းက တူးမာကို ငယ်နိုင်လိုလို
သလိုလိုနှင့်. . . တရင်းတနှီး နှုတ်ဆက်၍ နှိမ်၍ စကားပြော
သည်။ တူးမာတို့က ဘာရမလဲ။



သူ့အပေါင်းအသင်းများအလယ်မှာ သူ့ဖခင် သေရခြင်း
သည် သူတို့ပယောဂမကင်းသလိုလို စွပ်စွဲပြီး ခပ်ရဲရဲ
ခဲ့လွှတ်လိုက်သဖြင့် ကိုတင်မောင်သိန်းတို့ ခံပြီး ပြန်လာခဲ့ရသည်။

သည်ထဲက တူးမာတို့ညီအစ်မပေါ် သူ မကျေမချမ်း
ဖြစ်နေသည်။

ဦးမောင်လှိုင်မှတစ်ဆင့် မမနု၊ မမနုမှတစ်ဆင့် သူသိခဲ့ရ
သော. . .

“တူးမာသည် စွန့်ပစ်ခဲ့သောကလေး”

ဟူသော အကြောင်းရာ၏နောက်သို့ သူ ခြေရာခံ၍
လိုက်နေသည်။

ဘယ်သူက မွေးသည်၊ ဘာကြောင့် စွန့်ပစ်ခဲ့သည်ဆိုသော
အကြောင်းရာများကိုသာ သူ သိခွင့်ရပါလျှင်. . .

စိမ့်စမ်းအေးနှင့် တူးတူးမာ၏ကြားသို့ သူဝင်မည်။

သူစိမ်းပြင်ပြင်ပါဟု လက်ဆုပ်လက်ကိုင်ပြပြီး သူတို့
ညီအစ်မ၏ ချစ်မေတ္တာတံတားလေးကို ဖြိုချလိုက်မည်။

ဘာမှ မတော်သော အစ်မကို တူးမာက ဆက်လက်
ထောက်ပံ့နေမည်မဟုတ်တော့။

စိုးနှင့် စိမ့်စမ်းအေးတို့၏ အကြောင်းလည်း သူမသိ။

ဤအချိန်မျိုးတွင် သူက ကယ်တင်ရှင်ကြီးလုပ်ပြီး
အားကိုးရာမဲ့နေသော စိမ့်စမ်းအေးကို သူတို့နှင့်အတူ လာနေ
ပါရန် ဖိတ်ခေါ်ပြီး အပိုင်ကြံမည်ဟူသော ရည်ရွယ်ချက်ဖြင့်
စိမ့်စမ်းအေးကို ဖွင့်ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာက မရှိ၊ လုပ်သည့်အလုပ်က မှောင်ခိုကုန်အ...
စား၊ အပေါင်းသင်းများကလည်း အောက်တန်းကျလှသဖြင့်. . .

ကိုတင်မောင်သိန်း၏ အတွေးခေါ်များက သူငယ်...
အဆင့်လောက်ဖြင့်သာ သူ့ဟာသူ တွေးချင်ရာတွေးပြီး. . .

တူးမာ၏ ဇစ်မြစ်ကို သူလိုက်နေသည်။ 'ပြင်စလူရွာ...
လွှန်ခဲ့သော အနှစ်နှစ်ဆယ်နီးပါးက' ဆိုသော အကြော...
တစ်ခုတည်းကို အခြေခံ၍ သူကိုယ်တိုင် ဝါးခယ်မမှတစ်ဆ...
လိုက်သွားခဲ့ရာမှ. . .

စိမ့်စမ်းအေး၏မိခင်လက်သို့ ကလေးအပ်ပြီး ရွာမှအ...
ပြန်သွားသော မိန်းမမှာ "လှကျော့"။

ဟု သူသိလာခဲ့ရပြီ။

ယခု 'ဒေါ်လှကျော့'ဆိုသော အမျိုးသမီးကြီး၏ သတ...
သည် သူ့လက်တကမ်းစာအကွာမှာ ရှိနေပါပြီတည်း။

◆ ◆ ◆

# အခန်း။ ၂၄ ။

စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လာသော မြန်မာပိုင်
...-အေ-စီ လေယာဉ်ပျံကြီး၏ လှေကားသည် လေယာဉ် ကိုယ်
...မှကွာ၍ ဖြည်းညင်းစွာ ကျဆင်းလာသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ထိပ်ဆုံးမှနေ၍ ပန်းနု
...င် ဝတ်စုံလေးနှင့် ရှည်လျားသော ဆံနွယ်များက လေမှာ
...လွင့်လွင့် မြောနေသည်။ နုညက်ဖြူဝင်းလွန်းသော အသား
...ည်နှင့်၊ ရှည်သွယ်သောအရပ်၊ အပြစ်မဲ့မျက်နှာမှာ မိတ်ကပ်
...ပါ သနပ်ခါးနှင့်သာ။ လက်ျာမျက်ခုံးထိပ်မှာ မှဲ့ညိုတစ်လုံး
...သော အလှဆုံးမလေး 'စိမ့်စမ်းအေး' တစ်ယောက်တည်း
...ကြိုနေသည်။

စတုတ္ထနေရာမှ ဆင်းလာသူက. . . စိုးထိုက်။

လူထောင်သောင်း၏အလယ်မှာ ချထားစေဦး၊ ပေါ်ထင်
...သာလွယ်သော အလှဆုံးချစ်သူကို ယခုလိုနေရာမှာ ဆိုဖော့
...'က' ချက်ချင်း မြင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များဆုံး၍ မြန်မာ့မြေကို နင်းမိသည်နှင့် စိုးက လျှောက်မလာတော့၊ ပြေးလာသည်။

အနောက်တိုင်းဝတ်စုံနှင့်မို့ လည်စီး နီနီလေး လွင့်နေသည်။

စိမ့်စမ်းအေးလည်း ရပ်နေရာမှ ပြေးမိသည်။ မြတ်နိုးသည်ဆိုသော မြန်မာ့အလှနှင့် ကျက်သရေရှိလှသည် ဆိုသော ဆံရှည်များက သူတလံစာအကွာထိ သွယ်မြောင်း လိုက်ပါလာသည်။

နှစ်ဦးလုံး မြေမှာ ခြေထိသည်မထင်ကြ။ လေဟာနယ် တွင် ရောက်နေရသလို ငြိမ့်ငြိမ့်ကြွကြွလေး၊ နှလုံးသား နေရာ လှပ်ဟာလွန်းနေသည်။

ရုပ်ရှင်ရိုက်ကွင်းမှ ‘စလိုးမိုးရှင်း’ခေါ် အနှေးရိုက်ကွင်း အတိုင်း. . .

အတော်လေး ပြေးမိပြီးမှ လက်ဆန့်တန်းရင်း ဖွင့်ကြို သော စိုး၏ရင်ခွင်ကို ပြေးတိုက်၍ ကပ်တွယ်ဖိမှီလိုက်သည်။

စိုးက သူ့ သန်မာလွန်းသော လက်များဖြင့် ကြေ မတတ် စိမ့်စမ်းအေးကို တအားဖက်လိုက်ပြီးမှ. . .

လက်ချင်းဆက်တွဲလျက် လေဆိပ် အဆောက်အအုံထဲ ပြေးဝင်လာခဲ့ကြသည်။

စိုးလက်မှာ ဆွဲလာသော အတက်ချီကေ့(စ)နှင့် နော ထပ် အိတ်နှစ်လုံးကို သက်ဆိုင်ရာသို့ ကြာမြင့်စွာ အစစ်ဆေး ခံပြီးမှ နိုင်ငံတကာခန်းမမှ ထွက်ခဲ့ကြသည်။

တူးမာ မပါ။



မတန်မရာ ဝတ်လာသော တောပုံစံနှင့် ဒေါ်စိန်ကြည်ကို မက သူ့ဖခင် ဦးချစ်ထွေးသို့ပါ စိုးက နှုတ်မဆက်။

သူက ငွေများ ပို့ပါလျက်နှင့် သူ့ချစ်သူ သည်လောက် ရမဲ့နှင့် ဒုက္ခရောက်နေချိန်မှာ ဖြုန်းတီးရက်သော ဖခင်နှင့် ထွေးကို စိုး စိတ်နာနေဟန်ရှိပါ၍. . .

စိမ့်စမ်းအေးက ဖေးဖေးမမ ဖော်ဖော်ရွေရွေ နှုတ်ဆက်ပြီး များစီ ပြန်လာခဲ့ကြပါ၏။

“စိမ့်. . . အချစ်. . .”

“စိုးရယ်. . .”

“အို့. . . ဘာလို့ ငိုတာလဲ”

“ခွဲရတဲ့ရက်တွေက ကြာလွန်းလှပြီ”

မကျယ်ဝန်းလှသော တက္ကစီကားလေး၏ နောက်ခန်း ခင် စိုးက စိမ့်၏ပခုံးကိုဖက်ပြီး ပါးချင်းကပ်ထားလိုက်ပါ၏။ အတိုင်း လက်မထပ်ရသေးခင် မနမ်းရှာပါ။

မျက်ရည်စက်လေးကို ကြင်နာလွန်းစွာကြည့်ပြီး စိမ့်၏ ကို ဆွဲမော့ယူပြီး ယုယကြင်နာဆုံးလက်ဖြင့် သုတ်ဖယ် ပါ၏။

“စိုး ပြန်လာပြီပဲ၊ ဘာငိုစရာရှိတော့လဲ နော်”

စိမ့်က ခေါင်းညိတ်ပြပါ၏။

ပြီးတော့ မခွဲခွာရမီရက်များဆီကအတိုင်း စိုး၏လက် ပြည့်ပြည့်တင်းတင်းကြီးကိုဖက်တွယ်ပြီး ပခုံးမှာ ခေါင်းမှီ လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားလေးသည် မင်္ဂလာဒုံ လေဆိပ်လမ်းမှ လက်ဝဲဘက်
သို့ ချိုးကွေ့ပြီး ဝေ့ဝေ့ဝိုက်ဝိုက်လေး မောင်းနှင်နေဆဲ။

ရင်ထဲမှ လှိုက်လှဲလှသော မြတ်နိုးခြင်းများ။

မျက်ဝန်းအကြည့်ချင်း လဲလှယ်ကြသော 'တမ်းတ
တွယ်တာခြင်းများ။

ဆက်တွဲထားသော လက်များမှသည် နှလုံးသားသို့
ယိုစိမ့် စီးသွယ်လာသော ချစ်ခြင်းမေတ္တာများစွာကို. . .

စကားလုံးများအဖြစ်နှင့် တင်ပြနိုင်သည်ထက် ပို
သော ရင်ထဲမှ ခံစားမှုများဖြင့်သာ တစ်ဦးနှင့်တစ်ဦး သိမှတ်
ရင်းဖြင့် သူတို့အတွက် သီးသန့် စီစဉ်ထားသော နေရာလေး
ရောက်ရှိလာခဲ့ကြသည်။

သူတို့ရှေ့မှာ ညင်သာလွန်းသော စမ်းချောင်းလေး
ကြည်ကြည်မြမြ သွယ်ဆင်းနေသည်။

ကုံ့ကော်ပွင့်ကြွေတို့သည် ရေစီးကြောင်းနှင့်အတူ မြ
ကြွကြွ ပူးပူးယှဉ်ယှဉ် လိုက်ပါသွားကြပါ၏။

ရွက်ကြွင်တို့သည် စမ်းရေယဉ်ပေါ်သို့ ခုန်ဆင်းလာ
သည်။

လေပြေသည် နုနေရာမှ ငြိမ်နေရာမှ တစ်ချ
လွန့်လူးလိုက်သည့်အခါ ရွက်စိမ်းများပေါ်မှာ ခိုသီးနေသော
ရေစက်တို့သည် ချစ်သူနှစ်ဦးပေါ်သို့ ဖိတ်ကျလာကြသည်။
စွတ်စေ၊ အေးမြစေသည်ပါလား။

"စိမ့်ရယ်. . . အကြည့်တွေ မလွှဲရက်လောက်အောင်
ပိုပြီး ပိုပြီး လှနေပါလားကွယ်"



"သူ့ကို ဒီလောက် လွမ်းရလွန်းလို့ ဒီလောက် ငိုထားရ
တောင် ပိုလှနေသေးတယ်လား"

"လှတာပေါ့ဗျာ၊ စိုးချစ်သူက နဂိုတည်းက ကရုဏာသက်
ရာအလှကို ပိုင်စိုးသူပဲ။ ခုလို ငိုထားရပါတယ်ဆိုလေ ပိုပြီး
နားစရာကောင်းလေ၊ လှလေပါပဲ"

"အလှကိုမကြည့်ပါနဲ့ စိုးရယ်. . .။ စိမ့် ရင်ထဲက
ချစ်တွေကိုသာ မြင်စမ်းပါလှည့်ကွယ်"

"မြင်ပါတယ် အချစ်ရယ်၊ မြင်ပါတယ်"

"မြင်ရဲ့သားနဲ့ အကြာကြီး ခွဲထားရက်တယ်နော်"

"ဪ. . . ဒါက စိမ့်ကို တင့်တင့်တယ်တယ် ထားချင်
လွန်းလို့ ကြိုးစား. . ."

စိမ့်က စိုးပါးစပ်ကို ပိတ်လိုက်သည်။

"ဟင်အင်း. . . ကြွယ်ဝမှုနဲ့ အဆောင်ယောင်တွေကို
ချောင်လည်း နေပါစေတော့ စိုး"

"ဟင်. . ."

"တို့များ ငယ်ဘဝကိုသာ တမ်းတမိပါတယ်"

ရင်ခွင်ထဲမှာပြောနေသော စိမ့်၏ မျက်နှာလေးကို စိုးက
ငုံ့ကြည့်နေမိသည်။

"အဲဒီလို ဆင်းရဲရပါစေ၊ စိုးနဲ့အတူနေပြီး စိုးရဲ့မေတ္တာကို
ခံယူရရင် အားလုံး ပြီးပြည့်စုံပါပြီ"

"ဒါပေမယ့် ဟိုတုန်းက ငယ်ဘဝလေ။ ခုဆို အိမ်ထောင်
တစ်ခုတည်ဆောက်ရတော့မယ်မဟုတ်လား။ အဆောင်
အယောင်နဲ့ ငွေဆိုတာ လိုလာပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ လူတိုင်းပြောကြတဲ့ စကားပါ စိုး၊ လူတိုင်း တပ်မက်
မျှော်လင့်ကြတဲ့ အရာပါ"

"စိမ့်အကြောင်း စိုးသိပါတယ်နော်၊ စိမ့်ဟာ အေးအေး
တည်ငြိမ်မှုကို ကြိုက်တယ်။ ရောင့်ရဲနိုင်ပါတယ်"

"ရောင့်ရဲနိုင်ခြင်းဆိုတာ စိမ့် ရင်ထဲမှာရှိနေသမျှ ဘာကို
မတပ်မက်ပါဘူး စိုး၊ ဒါပေမယ့် စိမ့်ဟာလေ. . . ။

"သိပ်ချစ်တတ်ပြီး မေတ္တာငတ်နေခဲ့ရသူပါ စိုးရယ်၊ နိုး
ဝေးခဲ့ရတဲ့ရက်တွေလည်း တွက်ကြည့်ပါဦး။

"အရာအားလုံးကို ရောင့်ရဲနိုင်ပေမယ့် စိမ့်မတင်းတိ
နိုင်တာတစ်ခုတော့ ရှိပါတယ်. . .

"အဲဒါ စိုးရဲ့မေတ္တာပါ"

စိုးသည် စိမ့်ကို ပွေ့ယူပြီး မျက်နှာချင်း နီးကပ်စေသည်
ပြီးတော့ စိမ့်၏နဖူးပြင် ပြေပြေလေးမှာ သူ့ပါးကို အပ်ထာ
လိုက်ပါ၏။ သူမြတ်နိုးသော မြန်မာဆန်သည့်အလှ ဆံရှည်နွယ်
များကို မြက်ခင်းပြင်ပေါ်မှ သိမ်းယူလိုက်သည်။

"စိုး. . ."

"စိမ့်. . . ချစ်. . ."

"ဒီ မေတ္တာတရားတွေနဲ့ အရာအားလုံးကို ကျော်လွှာ
ကြရအောင်ပါနော် စိုး၊ စိမ့် ဘာမှ မမက်မောဘူး။ ဘာ
မလိုချင်ဘူး"

"ဟင်. . ."

"စိုးနဲ့ပဲ နေချင်တယ်။ စိုးနဲ့ပဲ အတူနေပါရစေ။

"စိမ့် ကိုလေ နောက်ထပ် ခွဲမသွားပါနဲ့နော် စိုး။



"နောက်ထပ် ခွဲမသွားပါနဲ့တော့ကွယ်. . . ။

"နောက်ထပ် ခွဲမသွားပါနဲ့ နော် စိုး၊ နော်. . . နော်. . .
အချစ်ရယ်. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂

စိမ့်ရဲ့ စိုးရေ့. . .

စိုးစာရှည်ကြီးကိုရပြီး စိုးလိုပဲ ရင်ထဲမှာထည့်

အိပ်မိတယ်။

ဒါကြောင့်လား မသိဘူး။

ညကလေ. . . အိပ်မက်တွေ မက်လိုက်

စိုးရေ. . .

မိစိမ့်လေ. . . မင်္ဂလာဒုံ လေဆိပ်ကနေပြီး

ကြိုရတယ်တဲ့။ စိုး ဖေဖေနဲ့ ဒေါ်လေးကို စိုးက မ

ဘူး။ စကားမပြောဘူးတဲ့။

ပြီးတော့ စိုးနဲ့ မိစိမ့်နဲ့ နှစ်ယောက်တည်

ကားလေးတစ်စင်းထဲမှာ၊ နောက်တော့လေ. . . ရန်

မှာ မရှိတဲ့ စမ်းချောင်းလေးဘေးမှာ မိစိမ့်

နှစ်ယောက်. . .

အို. . . မိစိမ့် မရေးရဲဘူး။ ရှက်တယ်ကွယ်. . .

မိစိမ့်ကလေ စိုး ရင်ထဲကနေပြီး စိုးကို တတွတ်

တောင်းပန်နေမိတယ် သိလား။



စိမ့်ကို နောက်ထပ် ခွဲမသွားပါနဲ့. . .

စိမ့်ကို နောက်ထပ် ခွဲမသွားပါနဲ့ လို့။

စိုးကလေ. . . အိပ်မက်ထဲမှာတောင် ကတိတည်ရှာပါတယ်။ မိစိမ့်ကို မနမ်းဘူး။

ဒါပေမယ့်. . . စိုး ရင်ခွင်ထဲမှာ နေခွင့်ရတဲ့ မိစိမ့်တော့လေ. . . ပြန်နိုးလာပြီး ခု စာရေးနေတဲ့ အချိန်ထိ ရင်ထဲမှာ ရှက်ကြောက် ကြည်နူးစိတ်များနဲ့ လှုပ်ခတ်နေဆဲပါပဲ ချစ်သဲရယ်. . .

အဲဒီအချိန်လေးကို အရှက်မဲ့စွာ တမ်းတ,နေမိပါပြီလို့ပဲ ပြောပါရစေတော့နော်. . . စိုးရေ။

စိုး ပြန်လာနိုင်ဖို့ ဆယ်လတောင် လိုသေးတယ်နော်ကွယ်. . . ကြာလှချည်လား. . . ။

မိစိမ့် Final ဖြေခါနီး အချိန်လောက်မှာ စိုးရောက်မယ်နော်. . .

ဆက်ဖြေမယ်။ စီးပွားရေး ဝါဏိဇ္ဇဘွဲ့ ရပြီးရင် မိစိမ့်လည်း အလုပ်လုပ်မှာပေါ့၊ နှစ် လပေါင်းများစွာ စိုးမြိုးခြံစုဆောင်းဝယ်လာမယ့် Use ကားကိုပဲ ရောင်းတန်ရောင်း၊ စီးပွားရေးလုပ်တန် လုပ်ပြီး မိစိမ့်တို့ အိမ်ထောင်လေးကို အေးအေးငြိမ်းငြိမ်း တည်ထောင်ကြပါစို့လား စိုးရယ်. . .

ဒီတစ်ခါ ပြန်လာပြီးရင် စိုး ပြန်မသွားနဲ့တော့နော်၊ မိစိမ့် အိပ်မက်ထဲကလိုပါပဲ ရောင့်ရဲပါရစေ။ ခွဲခွာပြီး မချမ်းသာလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



စာတွေကလည်း ကြာလိုက်တာနော်. . . ကျောင်းကပြန်လာတိုင်း ခုံပေါ်မှာ မျှော်လင့်တကြီး လှမ်းကြည့်မိတယ်။ စာမတွေ့ရင် ရင်ထဲမှာ ဟာလို့ တစ်ခါတလေ လေးရက်ပဲ ကြာတယ်။ တစ်ခါတလေများ အရက်နှစ်ဆယ်ကျော် တစ်လနီးပါးကြာမှ ရတတ်တယ်။ ကျောင်းကအပြန် စားပွဲပေါ်မှာ စိုးရဲ့စာ တင်ထားတာ များ တွေ့ရရင်လေ. . . စာကို ယူ၊ ရင်မှာအပ်ပြီး အိပ်ရာထဲ ပစ်လှဲချလိုက်သေးတယ်။ မျက်စိလေး စုံမှိတ်ပြီး စိုးကိုယ်စား စာလေးကို ကြာမြင့်မြတ်နိုးစွာ ရင်မှာ အပ်ပြီးတော့မှ စာကိုဖတ်ပါတယ် စိုး။

လမ်းမှာ. . . ပင်လယ်ပြင်ပေါ်မှာ. . . စာရေး ရေးခဲ့ပေမယ့် ကိုယ့် ကုမ္ပဏီရှိရာ စင်ကာပူနိုင်ငံ ဆိပ်ကမ်းကို ပြန်ရောက်မှစာက ထည့်နိုင်တာဆိုတော့ ကြာတာပေါ့လေ. . .

မိစိမ့်လေ. . . စိုး ရောက်လာမှ အမှန်အတိုင်း ပြောပြစရာတွေ အများကြီးရှိပါတယ်။ ခုတော့ မသိချင်နဲ့ ဦးနော်. . . စိုး။

မိစိမ့်တစ်ယောက် အီကိုကွင်းအဖြစ်နဲ့ စီးပွားရေး တက္ကသိုလ်ရဲ့ အလှဘုရင်မအဖြစ် ခံယူထားပေမယ့် တည်ငြိမ်မြဲ၊ ကြွန္နေရှိဆဲ။ သစ္စာရှိစွာ စိုးကို စောင့်ကြိုမြဲ ဆိုတာ ယုံတယ်တဲ့လားကွယ်. . . မိစိမ့် ပျော်လိုက်တာ။

ဒီအတိုင်းထက် ပိုပါတယ်။ ငယ်ဘဝလိုလည်း စိုးကို အားကိုးတယ်။ အပျိုဘဝ ရောက်တော့လည်း စိုးလိုပဲ



မရိုးတော့တဲ့ အချစ်တွေနဲ့ အများကြီး ချစ်၊ အားကြီး ချစ်တာပဲ သိလား။

ရန်ကုန်က အခြေနေတွေတော့ ကောင်းပါတယ် စိုးရယ်. . .

ဖေဖေလည်း နေကောင်းပါတယ်။ တူးမာလည်း ကျောင်းပြန်တက်နေပါတယ်။ ဦးလေး ဦးချစ်ထွေးလည်း စိုးပို့တဲ့ ငွေတွေ မိစိမ့်ဆီ မှန်မှန်ပို့ပါတယ် စိုး။

ဒီကအတွက်တော့ စိုး ဘာမှ စိတ်မထင့်နဲ့ အချစ် ရယ်. . .

ချစ်မြတ်နိုးရဆုံး ငယ်ချစ်ဦး စိုးတစ်ယောက်သာ အန္တရာယ်များ ကင်းရှင်းပါစေ၊ အရာအားလုံး ပြေလည် ပါစေ။

ပြီးတော့ အမြန်ဆုံး ပြန်လာနိုင်ပါစေ. . . လို့။
နိဂုံးမရှိသော ချစ်ရက်များနဲ့. . .
သိပ်ချစ် သိပ်လွမ်းရတဲ့. . .

စိုးရဲ့စိမ့်

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၆ ။

စားပွဲပေါ်မှာ ဖိထားသော လက်ထပ်စာချုပ် စာရွက်စွန်းလေးသည် ပြတင်းမှလာသော လေကြောင့် ဖျပ်ဖျပ်ခါနေပါ၏

တူးမာ၏ ရင်မှာလို. . .

နေဦးနိုင်သည် နွမ်းမောမှုနှင့် အရက်ရှိန်ကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေပါ၏။

ပက်လက်လှန်၍ မျက်နှာကြက်ဆီမှ လည်နေသော ပန်ကာပမာ ခေါင်းမှာ ချာချာလည်နေပါ၏။ မျက်ဝန်းအစုံ မျက်ရည်နှစ်သွယ်သည် နားသယ်စပ်ဆီသို့ စီးဆင်း သွယ်တန်းလျက်. . .

ငိုခဲလှသော တူးမာသည် သည်တစ်ခါ အသည်းနှလုံး နာကျင်စွာ ယိုဆင်းလာသော သွေးစက်များပမာ ရင်မှာ လှိုက်မောနာကျင်စွာ ငိုရှိုက်နေရပါပြီ၊

"ဪ. . . တူးမာ ချစ်ရပါတဲ့ ကိုကိုဦးရယ်. . ."

အင်္ကျီမဲ့ဖြင့် အိပ်စက်နေသော နေဦးနိုင်၏ တစောင်း ကိုယ်ခန္ဓာပေါ်သို့ သူ၏ သုံးရာကျော်တန် စီ-ဝိုင်-စီ နိုင်ငံခြား



ရုပ်အင်္ကျီကို နူးရွစွာ သာသာယာယာလေး အုပ်ပေးလိုက်ပြီး ပန်ကာကိုပါ ပိတ်လိုက်ပါ၏။ တူးမာက ဘလောက်(စ)ကို ထပ်ဝတ်ပြီး မှန်ရှေ့တွင် ထိုင်လိုက်သည်။

အခြယ်သမ့် မျက်နှာမို့ ရွေးထုတ်၍ တစ်နေရာမှ လှလှပါသည်ဟု ပြော၍မရနိုင်ပါသော်လည်း တူးတူးမာမှာ နုပျိုငယ်ရွယ်ခြင်းဆိုသော အရည်အချင်းများဖြင့် မျက်နှာလေးမှာ စိုစိုပြည့်ပြည့်နှင့် ချစ်စရာလေးပါ၊ အသားညို၍ အလှက မပေါ်လွင်ပါသော်လည်း တူးမာ၏ ကိုယ်လုံးက တင်းပြည့်စွာ ဖွံ့မက်စရာပါ။

"ရွှေပင်နားတော့ ရွှေကျေး. . . ဆို"

"ရွှေရင်ခွင်မှာ နားခွင့်ရတဲ့ မိတူးမာကျတော့ ဘာဖြစ်လို့များ ရွှေသခင်မလေး ဖြစ်ခွင့်မရနိုင်တာလဲရှင်"

မပေါ်လွင်လှသော နှာတံဘေးနှစ်ဘက်မှ မျက်ရည်နှစ်သွယ်က ကျဆင်းလာပြန်သည်။

တူးမာက ရေချိုးခန်းတွင်းဝင်ပြီး မျက်နှာကို သစ်ပစ်လိုက်သည်။ ကိုယ်လက်ကို သန့်စင်ပစ်လိုက်သည်။ ပြီးတော့. . . မိတ်ကပ်တို့နှင့် ပြင်ဆင်ထားပါမည်။

ကိုကိုဦး နိုးလာလျှင် အငိုမျက်နှာနှင့် မတွေ့စေချင်၍ပါ။ သူနိုးလာလျှင် ကြည်လင်ရွှင်ရင်းအေးစေရန် သူဝယ်ပေးထားသော နှစ်ရာကျော်တန် ရယ်ဗလွန်-တီးယား(စ)ဒရော့(ပ)ဟူသော မျက်ရည်စက်အမည်ရှိ ရေမွှေးကိုပါ ဆွတ်ဖြန်းထားရပါဦးမည်။

တူးမာ၏ အစီအစဉ်များ အားလုံးပြီးဆုံးချိန်တွင် နေဦးနိုင် နိုးလာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်ရှိပြီလဲ တူးမာ"

"ညနေ ငါးနာရီ ဆယ်မိနစ်"

"အင်း. . . ခြောက်နာရီအရောက်တော့ အိမ်ပြန်ဦးမှ အဘိုးကြီးက နောက်ကျရင် ကြည့်မှာမဟုတ်ဘူး"

သူ မျက်နှာသွားသစ်သည်။ တူးမာက မျက်နှာသုတ်ပဝါ အဆင်သင့်နှင့်၊ ပြီးတော့. . . သူ ချွတ်ချခဲ့သော အင်္ကျီ နောက်မှနေ၍ လက်လျှိုဝတ်ရန် အဆင်သင့် ကိုင်ထားပြီး ဝတ်စေရသည်။ ကိုကိုဦး ခေါင်းဖြီးနေချိန်မှာ တူးမာက ရင်ပြင် ကြယ်သီးများကို တပ်ပေးနေသည်။ ရှပ်အင်္ကျီလက်ရှည် ခေါက်တင်ပေးနေမိသည်။

"တူးမာက အပြင်သွားဦးမှာလားလို့"

"ကားစီးချင်ရင် နက်ဖြန်မှပဲ ကိုကိုဦး လာခေါ်မယ်နော်"

တူးမာက ခေါင်းညိတ်ပြီး ခုတင်ပေါ် ထိုင်လိုက်သည်။ တူးမာက ကားသိပ်စီးချင်သည်။ သိန်းကျော်တန် တိုယိုတာ ဒတ်ဆန်လို ဂျပန်ကားများနှင့်ခေါ်လျှင် ယခင်ကလည်း မျက်နှာစိမ်းများနှင့် လိုက်ဖူးသည်။ ယခုတော့ ကိုကိုဦး အော်ဒီမှလွဲ၍ မစီးဖြစ်တော့။

နိဒါန်းကတော့ ဝမ်းစာပါ။ နောက်တော့ ဧည့်ခံရာက နီးစပ်လာသည်။ ပြုစုရာက ရင်းနှီးလာသည်။ နောက်တော့ သူ့ အားလပ်ချိန်များတွင် အပြင်သို့ ကားနှင့်ခေါ်လျှင် ကားစီး သည်ကို ပျော်သော တူးမာတို့ လိုက်ဖြစ်သည်။ ရင်ခုန်သာယာ ဖွယ် အပေါ်ယံထိတွေ့မှုလွဲ၍ တူးမာ ဘာမှမယိုယွင်းပါ လက်မခံခဲ့ပါ။



ယခု ကိုကိုဦးနှင့်ကျတော့. . .

"ဘာလဲ. . . ဒီနေ့ ကားလျှောက်မစီးရလို့ ကိုကိုဦးကို စိတ်ကောက်တာလားဟင်"

"မဟုတ်ပါဘူး. . . ကိုကိုဦး"

"ဒါဖြင့် ဘာဖြစ်လို့ မျက်နှာပျက်နေရတာလဲ"

"အချိန်ရမယ်ဆိုရင် တူးမာ ပြောစရာရှိပါတယ်"

သူလက်မှ စစ်တီဇင် ကာ(လ်)ကူလေတာနှင့် ကွတ်(တ်စ်) နာရီကို ကြည့်လိုက်ပြီး စိတ်ပါလက်ပါ မရှိစွာဖြင့်. . .

"ပြောလေ. . . ခဏတော့ အချိန်ရသားပဲ"

တူးတူးမာရင်မှာ လှိုက်လှဲဆို့နင့်လာသည်။ ဝဲလာသော မျက်ရည်ကို မနည်းအားခဲ၍ ထိန်းပစ်လိုက်ပြီး. . .

"ထိုင်ပါဦး. . . ကိုကိုဦးရယ်"

သူ့လက်မောင်းကိုဆွဲပြီး သူ့ဘေးမှာ ထိုင်စေရသည်။ ပြီးတော့- တူးမာက တိုးညှင်းအားငယ်လွန်းသော လေသံ ဖြင့်. . .

"တူးမာမှာ ကိုယ်ဝန်ရှိနေပါပြီ ကိုကိုဦး"

"ဟင်"

မိုးထစ်ချုန်းသံကြီးတစ်ခုကို ကြားလိုက်ရသလို နေဦးနိုင် ရုတ်တရက် တုံ့ပြန်သည်။ ပြီးတော့ သူ အကြာကြီး ငိုင်နေပြီး . . .

"တူးမာဘက်က ဘာမှခက်စရာမရှိပါဘူး။ လက်ထပ်ပြီး ပြီပဲ။ ကိုကိုဦးအိမ်က သိသွားကြရင်တော့ ကော့(စ)တင်ပြီး ပေးတာယ့်ပြဿနာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ချက်ချာလွန်းသော တူးမာ သည်တစ်ခါ ဘာမှ ပြောဆိုနိုင်စွမ်းမရှိတော့ပါချေ။ ဝမ်းနည်းကြေကွဲမှုများသည် သူ့နှုတ်ဝသို့တိုင် တင်းပြည့်ပိတ်ဆို့နေပါ၏။

"ကိုကိုဦး နက်ဖြန်လာမှ ထပ်ဆွေးနွေးကြသေးတာပေါ့ အခုတော့ ပြန်လိုက်ဦးမယ်။ တစ်နေကုန် ပျောက်နေတော့ အိမ်က မသက်ာဖြစ်နေမှာစိုးရတယ်"

တူးမာ၏ မျက်ရည်စလေးများကို လှည့်ကြည့်ဖော်ပင် မ တော့ပါဘဲနှင့် နေဦးနိုင် ကားမောင်း၍ ပြန်ထွက်သွားပါချေ

စောစောဆီမှ ကြိတ်ခဲထားမိသမျှသော ရင်ဆီမှ ပွင့် အံကျလာလေပြီ ထင်ပါ၏။ တူးမာသည် အိပ်ရာပေါ်သို့ ပစ် ချလိုက်ပြီး ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရှိုက်၍ရှိုက် ငိုမိပါသတည်း။

ပြီးတော့မှ. . .

နေဦးနိုင် အိပ်စက်သွားသော ခေါင်းအုံးကိုယူ နာကျင်သောရင်မှာ ဖိအပ်ထားမိပါ၏။ တော်စကာ ရေမွှေးနံ့ သင်းလျက်. . .

မြတ်နိုးခြင်းဟူသော မေတ္တာများဖြင့် တူးမာကို နေဦးနိုင် ချစ်ခဲ့သည်မဟုတ်ပါ။

နီးစပ်ရာမှ လွယ်သဖြင့်သာ အဆုံးစွန်သို့ ရောက်ရှိသွား ခဲ့ရခြင်းပါ။

တခြားသူများကို လုပ်ငန်းအရ ဆက်ဆံရသော်လည်း ပြီးတော့လည်း ပြီးခဲ့တာပါပဲ။

ငယ်ရွယ်ပါလျက် အုပ်ထိန်းခြင်းလွတ်နေပြီး လွတ်လပ်



နေရသောဘဝမှာ 'အပျော်' ဆိုသည်များကို မက်မောစွာဖြင့် ခေါ်ရာ၊ ကားတစ်စင်းနှင့် လိုက်ဖြစ်သည်၊ လည်ဖြစ်သည်၊ အပေါ်ယံ ထိတွေ့မှုမှလွဲ၍ ဘာမှ အယိုယွင်းမခံ၊ တချို့ အောင်းဆိုသူများကို တူးမာတို့ တစ်ချီတည်း လန်သွားအောင် အပြတ်ချဲရသည့်ပွဲမျိုးက အခါခါ. . .

နေဦးနိုင်နှင့်ကျတော့ တူးမာကိုယ်တိုင်က တခြားသူများ ဆို ဆက်ဆံမိခြင်းမျိုး မဟုတ်တော့. . .

နှငယ်သူတို့၏ ရင်ထဲမှ ပေါ်ထွန်းလာသော ချစ်မေတ္တာဦး ဖြင့် နှစ်နှစ်ကာကာ ချစ်မိသည်။ စွဲစွဲလန်းလန်း တမ်းတမိသည်။

နေဦးနိုင်၏ ချစ်သူသည် တက္ကသိုလ်ကျောင်းတော်သူကြီး ပါတဲ့ သိထားပြီးပါလျက်. . .

မိမိကို မြတ်နိုးစွာ ချစ်မည်မဟုတ်မှန်း သိပါလျက်. . .

တင့်တယ်ထိုက်တန်စွာ လက်ထပ်မင်္ဂလာပွဲ လုပ်မည် မဟုတ်မှန်း သိပါလျက်နှင့်. . .

နေဦးနိုင်၏ ခဏတာ တောင်းခံလာမှုဆန္ဒကို သူ မလွန် ဆန်ချင်။ မလွန်ဆန်နိုင်၍မဟုတ်။ လိုက်လျောသော ဆန္ဒ ဆတ်သက်ကြောင့်၊ ပြီးတော့ ချစ်လွန်းစိတ်ကြောင့်၊ တူးမာ မျက်မိုက်မဲမဲ ကျေနပ်ခဲ့မိခြင်းပါ။

ယခုတော့. . .

မမနဲ့ ခဏသွားနေပါရစေ။ တစ်လ ခွင့်ပေးပါဟု ဉာဏ်စိုးထံ ခွင့်ပန်ပြီး နေဦးနိုင် စီစဉ်ငှားရမ်းပေးထားသော ရွာလယ်မှ တိုက်ခန်းကျဉ်းလေးအတွင်းမှာ တူးမာ ရှောင်နေရ ခြင်းပါ။ အတွေးများအတွင်းမှာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦးရယ်. . . တူးမာကို မချစ်တောင်မှ သနားစိ
လေးနဲ့. . .

"တစ်ခုခု စီစဉ်ပေးပါရှင်. . . ရှေ့မှာ ဖြစ်လာမ
ပြဿနာကို တူးမာ မတွေးရဲတော့ပါဘူး"

ခေါင်းထဲမှ မူးမူးမိုက်မိုက် ရှိလာသဖြင့် လှဲနေရာ
ထမိသည်။ အိပ်(က်စ်)ပို့ဒူးယား သံဗူးထဲမှ စီးကရက်တစ်လိပ်
ထုတ်ညှိပြီး ရှိုက်ဖွာလိုက်သည်။

သူတို့တွေ သူတို့တွေကို မီးညှိရှိုက်ဖွာ၍ နှုတ်ခမ်း
တေ့တပ်ပေးခဲ့ရပေါင်း များလာရာမှ တူးမာ စီးကရက် သော
တတ်နေပါပြီ။

မျက်ရည်စက်လေးများ မခြောက်သေ့ မစင်ကျယ်
ပါဘဲနှင့်။ စီးကရက်ကို သဲကြီးမဲကြီး ရှိုက်ဖွာနေမိသည်။

အာရုံက ယခုနေရာမှာမရှိ။ ပြန်သွားသော အချ
ကိုကို နောက်သို့ လိုက်ပါသွားသည်။ ပြီးဝေ ၃ မိမိ၏ရှေ
ရင်ဆိုင်ရတော့မည့် ပြဿနာ။

စီးကရက်တစ်ဝက်မကျိုးမီ ရင်ထဲမှ ပျို့တက်လာ
သည်။ ပြာခွက်မှာ ပစ်ခဲ့ပြီး ရေချိုးခန်း မရောက်မီ တူးမာ ထို
တော့သည်။

အခန်းကျဉ်းလေးအတွင်းမှာ မူးဝေစွာ အော့အန်
သော တူးမာမှာ. . .

တစ်ယောက်တည်းပါ. . .

အကူညီမဲ့စွာ အထီးကျန်ပါ. . .

◆ ◆ ◆

## အခန်း ။ ၂၇ ။

ပိန္နဲ၊ သရက်၊ ဟာဒ်ရွက် ကိုင်းတို့သည် အဆောက်အဦး၏
ရှေ့မှာ နီးကပ်စွာ စိမ်းညို့နေသည်။ ကော်ရစ်ဒါများဆီမှ
သက်နှင့် လှမ်းချွေ၍ရသည်။ သုံးထပ်ပေါ်မှ ဆင်းခဲ့ပြီးနောက်
သူငယ်ချင်းတစ်ယောက်ကိုရှာရန် အလယ်ထပ်၏ ဝဲဘက်သို့
တွေ့ခဲ့ပါ၏၊ SS 105 SS 104 နှင့် SS 103 စသော "ဝါနိစ္စ
ဆေးဌာန" များကိုဖြတ်လျက် လှေကားထိပ်မှာ ရပ်ရှာမိသည်။
ထက်ျာဘက်တွင် SS 102 C "သုတေသနဌာန" နှင့် ဆရာများ
ရှိရာ. . .

အမြင်ကရှင်းနေ၍ လှေကားမှ ဆင်းခဲ့ရသည်။
အောက်ဆုံးထပ်၏ တစ်ဆစ်ချိုးတွင် အမျိုးသမီးများ နားနေရာ
L.C.R နှင့် အိမ်သာ။

စိမ့်စမ်းအေး လိုက်ရှာသော သူငယ်ချင်းကိုမတွေ့၍
အောက်ဆုံးထပ်၏ "စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်
နယ်မြေ"ခန်းများသို့ဖြတ်သန်း၍ သံဇကာတံခါးမှ ထွက်လိုက်ပြီး
အလယ်ပေါက်ကြီးမှပင် ထွက်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးပင်ငယ်များ၊ ရေတမာနှင့် ပိတောက်တို့ရှိ
"စီးပွားရေးတက္ကသိုလ် ပရဝုဏ်"၏ ပြင်ပရှေ့မှ ဘွဲ့နှင်းသဘ
ခန်းမလမ်းသို့ ခြေချလိုက်ပါ၏။

လမ်း၏ ဟိုဘက်တည့်တည့်တွင် 'အီကိုကဲန်တင်း' အ
အသောက်ကောင်းများ ရှိရာဟု တက္ကသိုလ်နယ်မြေမှာ နာ
ကြီး၍ လူစုံရှိတတ်သည်။

ဘွဲ့နှင်းသဘင် လမ်းမကို ကျော်ပြီး လမ်းတည့်တ
အီကိုကဲန်တင်းမှ မဖြတ်တော့၊ လူများ၍ပါ။

ဘွဲ့နှင်းသဘင်ဘက်မှ သွားလျှင် အဓိပတိလမ်းမကြီး
လက်ျာဘက်တွင်ရှိသော ဝိဇ္ဇာပညာရပ်ဆိုင်မှာ အဆော
များရှိရာ အတ်(တ်စ်)ဘေလ်ဒင် ဘေးမှ ဖြတ်သန်းခဲ့သည်။

မြက်ခင်းပြင်များပေါ်မှ အင်္ဂတေကွက်ငယ်လေး ခ
ထားသော လူနှစ်ယောက် လျှောက်သာရုံ ကွေ့ဝိုက်သော
ကလေးမှ လျှောက်ခဲ့ပါ၏။

ဟောပြောပွဲများ၊ ပျော်ရွှင်ပွဲများ၊ ကြိုဆိုခြင်းနှင့် နှုတ်ဆ
ခြင်းများ ပြုလုပ်လေ့ရှိသော 'ဝိဇ္ဇာခန်းမ'ရှိရာ ဒဿနိက
ဌာန၏ ဘေးလမ်းမှ လျှောက်ပြီး ဂျပ်ဆင်အရောက် ဆော
ထားသော ပေါင်းကူးလမ်းလေးအတိုင်း စိမ့်စမ်းအေ
တစ်ယောက်တည်း လျှောက်လာပြီး. . .

ဝါးရုံလမ်းမှထွက်၍ R.C (Recreation Centre)
နောက်ဘက်မှ ဝင်ခဲ့ပါ၏။ အထဲမှ တရုန်းရုန်း။ ဘာပွဲရှိလဲ
ဘယ်တော့မှ မကြည့်။

ဘေးလမ်းမှလျှောက်လျက် ပန်းဝတီဆိုင်ရှိရာ အ



ဲ ရောက်ပြန်တော့လည်း တယ်လီဖုန်းဆက်မည့်သူတွေက
သကြီး။

မျက်စိရှေ့မှာ ဆွဲထားသော ရောင်စုံကတ်လေးများ
ဖွင့်လုပ်နေသည်ကို ကြည့်ရင်း. . .

"ညီမလေး တစ်ပတ် လာနိုး လာနိုးနဲ့ စောင့်တာ မနေ့က
အထိဆိုတော့ တစ်လတောင်ရှိပြီ"

"တူးမာ ဘာများဖြစ်နေလို့ပါလိမ့်"

ပူပန်စိတ်နှင့် တနင်္ဂနွေညက အိပ်မရ။ လာနေကျ
တနင်္ဂနွေမှာ မလာတာ လေးပတ်ရှိပြီမို့ ယနေ့တော့ တယ်လီဖုန်း
ဆက်ကြည့်ပါမည်။

"မမ၊ တူးမာ အလုပ်လုပ်တဲ့နေရာကို ဘယ်တော့မှ
လိုက်မလာနဲ့နော်၊ ဒါတစ်ခုတော့ ကတိပေးနော်"

ဟူ၍ တူးမာ အတန်တန်မှာထားသည်။

"ကျောင်းနဲ့ အဆောင်ကလွဲပြီး ဘယ်မှ မသွားနဲ့နော်. . .
ဒါ စိတ်မချဘူး"

ဟု စိုးကလည်း စာရေးတိုင်း ရေးတတ်သည်မို့ အဆောင်
နှင့် ကျောင်းကလွဲ၍ စိမ့်စမ်းအေး ဘယ်ကိုမှ မသွား။ သွားလည်း
သွားတတ်။ ဘတ်(စ)ကားလည်း မစီးရဲ။

ယခုတော့ တူးမာအတွက် ပူပန်လွန်းစိတ်ဖြင့် ငြိမ့် စား
သောက်ဥယျာဉ်၏ သတင်းစာ ကြော်ငြာမှ တယ်လီဖုန်းနံပါတ်
အရွက်ကလေးကိုင်ပြီး ရပ်စောင့်နေဆဲ. . .

ကျောင်းသားများစွာ၏ အကြည့်က သူ့ထံ ရစ်ဝဲ စူးစိုက်လာ
သည်ကိုလည်း သူ မမြင်၊ စိမ့်စမ်းအေးမှာ အကြည့်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်လွန်းသည်။ သူ လုပ်ဆောင်ရမည့် ကိစ္စနေရာမှာ အဆ စူးစိုက်ရုံကလွဲ၍ ဘေးဘီသို့ ဘယ်သောအခါမှ မကြည့်မိ။ သူ့ ဘယ်သူကြည့်နေမှန်းလည်း မသိ။

နဂိုတည်းက အေးဆေးတည်ငြိမ်သူ ဖြစ်သည့်အ 'စိုးအတွက်' ဟူသော စိတ်ဖြင့် ကိုယ့်ဘဝကို သစ္စာအနှီး နေမည်။ ညီမလေးအတွက် ဟူသော စိတ်ဖြင့် စာကို အတယ် ဆုံး ကြိုးစားမည်ဟူသော ရည်ရွယ်ချက်နှစ်ရပ်မှလွဲ၍ စိမ့် အေးတွင် ဘာမှမရှိ။ ဘာအကြောင်းရာမှ ရင်ထဲသို့ ဝင်မလာ

"ကဲ. . . ဆက်လေ"

ဆက်နေကျ မဟုတ်၍ ငွေတစ်ကျပ်ကို အရင်ဆေ နံပါတ်လှည့်သည်။ တူတူမြည်နေ၍ ပြန်ချထားလိုက်သ နောက်တစ်ယောက်က ဝင်ဆက်သည်။

နှစ်ယောက်ခြား ဆက်ပြီးမှ သူလှည့်သော နံပါတ်ရသည်

"ငြိမ့် စားသောက်ဥယျာဉ်ကပါလား"

"ဟုတ်ကဲ့ပါရှင်"

"ကျွန်မ. . . ကျွန်မ တူးတူးမာနဲ့ ခဏတွေ့ချင်လို့ပါ"

"တူးတူးမာ"

"ဟုတ်ကဲ့. . ."

"ကိုင်ထားဦးနော်. . ."

"ဟုတ်ကဲ့. . ."

တဘက်မှ အသံများကို တယ်လီဖုန်းမှတစ်ဆင့် ပီပြင် ကြားသာနေရပါ၏။



စတီရီယို တေးသံများ၊ ဌွန်းသံ၊ ခက်ရင်းသံ၊ အော်၍ ခေါ်ကြားသံနှင့် ရယ်မောသံများ။

စိမ့်စမ်းအေး၏ စိတ်ထဲတွင် တူးမာအတွက် ပူပန်စ ပြုလာသည်။

"ဒါ ဘယ်လိုနေရာမျိုးများပါလိမ့်"

စားသောက်ဆိုင်၊ ဟိုတယ်၊ လက်ဖက်ရည်ဆိုင် စသော နေရာမျိုးများသို့ တစ်ခါမှ မရောက်ဖူးခဲ့သူ စိမ့်စမ်းအေးအတွက် ထူးခြားလွန်းနေသည်။

"ဟဲလို. . ."

"ဩော်. . . ဟုတ်ကဲ့"

"တူးတူးမာ ခွင့်တစ်လယူထားပါတယ်"

"ရှင်. . ."

"ဒါပဲနော်"

"ဩော်. . . ခဏ. . . ခဏလေးပါရှင်၊ ကျွန်မ သူ့အစ်မ ပါ၊ သူ ခွင့်ယူပြီး သူ့အခန်းမှာပဲလား။ သူ နေကောင်း ပါရဲ့ လားရှင်"

"နေကောင်းပါတယ်။ ခွင့်ယူပြီး ထွက်သွားတာပါ"

"အို. . . ဘယ်ကိုသွားတာလဲ"

"အဲဒါတွေ ဖြူ မသိပါဘူး။ ပြောခွင့်လည်းမရှိလို့ ခွင့်လွှတ် ပါနော်. . . ဒါပါပဲ"

တယ်လီဖုန်း ချသွားပြီးသည့်တိုင် စိမ့်စမ်းအေးဘက်မှ မချဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com



"မကြည်မကြည်ဖြစ်လို့ ဆွေးနေတယ်ထင်ပါရဲ့။ ခဏ
လေး စောင့်လိုက်ပါဦးကွယ်"

နောက်ဘက်ဆီက ကျောင်းသားများ၏လောင်း
ကြားရလေမှ သတိရပြီး ပန်းဝတီဆိုင်မှ အယ်ရီဆင် ဖု
အနက်ကို ပြန်တင်လိုက်ရသည်။

အာရုံစိမှထွက်ပြီး နောက်ဘက်သို့ ပြန်လှည့်၍ ပေါင်း
တံတားလမ်းလေးအတိုင်း လျှောက်လာရင်း. . .

"တူးမာ. . . ညီမလေး ဘယ်ရောက်ပြီး ဘာ
ဖြစ်နေသလဲ"

တူးမာအတွက် သောကမီးသည် ရင်မှာ အဟုန်ကြီး
တောက်လောင်လာသည်။

ဘာမှမတော်ပါဟု သိရပြီးသော်လည်း မေမေ့မှာ စ
အတိုင်း သနားကြင်နာစိတ်တစ်မျိုးတိုးကာ ပို၍ပင် ချစ်ခဲ့
သည်။

မိထွေးနှင့်နေရစဉ် ကာလများဆီက ပို၍ အရေး
သည်။ သူ့ထဘီကအစ လျှော်ပေး၊ မီးပူတိုက်ပေး၊ လက်
ပြီးမှ ထမင်းစားစေရသည်။ သူ့ပန်းကန်ပင် သူမဆေးစေရ

ဤကျေးဇူးတရားများကို ယခု ညီမလေးက ထိုက်ထိုက်
တန်တန် တုံ့ပြန်ရှာပါ၏။

စိမ့်စမ်းအေး၏ တက္ကသိုလ်စရိတ်၊ စားရေး၊ ဝတ်
နေရေးများအားလုံး တူးမာတစ်ယောက်တည်း တာဝန်ယူ
ထားပေးရှာခဲ့သည်။



"ခွင့်တစ်လတောင်ယူတာ ငါ့ကို ဘာမှလည်း မပြော
ပါလား"

"မမတော့ ထင်တယ် တူးမာရေ. . ."

"ခွင့်တစ်လယူပြီး လူတစ်ယောက်ယောက်နဲ့ လက်ထပ်
လိုက်သလား။ ဒါမှမဟုတ် ဟိုတလောဆီက မမဆီလာရင်း
ယောက်ျားတွေနဲ့ လျှောက်လည်တာမျိုးလား။

"ဟုတ်မယ်၊ ဒါမျိုးပဲဖြစ်မယ်။ ခေါ်မယ့်လူရှိလို့ ပေလီလို၊
တောင်ကြီးလို၊ မေမြို့လို နေရာတွေကို လျှောက်ပလည်နေ
သလား တူးမာရေ"

"အို. . . ငါ့ညီမလေး လူယုတ်မာတွေနဲ့ မတွေ့ပါစေနဲ့၊
မပျက်စီးပါစေနဲ့"

"တူးမာ မပျက်စီးပါစေနဲ့"

"တူးမာ မပျက်စီးပါစေနဲ့"

ယင်း အတွေးကြောင့် ခြေပင် ဆက်မလှမ်းနိုင်တော့။
မဲရုံစိမ်း အုပ်အုပ်လေးနှစ်ခုကြားမှ 'ဂျပ်ဆင်'သည် စိမ့်စမ်းအေး
၏ နောက်ဘက်ဆီမှာ ခန့်ညားစွာ မြင့်မတ်လျက်။

ရေတမာလမ်းနှင့် ကုံကော်တန်းမှနေ၍ စိမ့်စမ်းအေး၏
အပူစိတ်တို့သည် လွင့်ပျံ့စွာ ပြေးထွက်၍ ဘယ်နေရာမှာ
ရောက်ရှိနေမှန်း မသိသော ချစ်ညီမလေးထံ လိုက်လံဖွေရှာ
နေမိသည်။

"ကလပ်(စ)ပြီးသွားပြီလား"

"ဟင်. . ."

"ပြန်တော့မလို့လား စိမ့်စမ်းအေး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ ဘေးမှယှဉ်လျက် နေဦးနိုင်. . .။

ထုံးစံအတိုင်း ဘာမှပြန်မပြောတော့ပါဘဲ 'သီရိဆောင် ဘက်မှ ကပ်လျှောက်လာသည်။

"သိပ်ပြီး တည်ငြိမ် ကြွေ့ရှိတဲ့ စိမ့်စမ်းအေးဆီ ကျွန်တော် ဘာမှ မတောင်းဆိုရဲပါဘူးဗျာ၊ မိတ်ဆွေလိုယ ခင်မင်ခွင့်လေး ပေးပါလား စိမ့်စမ်းအေးရယ်"

စိတ်ပူနေရသည့်အထဲ နေဦးနိုင် ရောက်ရှိလာတော့ စိ ညစ်ညူးမှုပါ ပေါင်းစပ်သွားရသည်။

"နေပါဦးဗျာ၊ ကျွန်တော့်ကို စကားမပြောချင်လည် နေပါ။ ကျွန်တော်ပြောချင်တာလေးတွေတော့ ပြောခွင့်ပြု

သူက ပိတ်ဆီးရပ်လိုက်ပါ၏။

"ဖယ်စမ်းပါ ရှင်"

လွင်ကြည်သောအသံလေးက နေဦးနိုင်၏ရင် လှုပ်ခတ်သွားစေသည်။

"ခဏလေးပါဗျာ၊ ခဏလေးမှ ရပ်ပြီး နားမထောင် ကျွန်တော် စံရိပ်ငြိမ်အထိ တောက်လျှောက် လိုက်ခဲ့တော့မှာ

သူ့မျက်နှာကို သည်တစ်ခါသာ စေ့စေ့ကြည့်လိုက်မိသည် နေဦးနိုင်မှာ သူပြောသည့်အတိုင်း လိုက်တော့မည်က သေ နေသည်။

စိတ်ပူ၊ စိတ်ညစ်နေသည့်အချိန်မို့ ပြီးလျှင်ပြီးရောသဘော ဖြင့် စိမ့်စမ်းအေး ရပ်ပေးလိုက်ရသည်။ ဂျပ်ဆင်ကိုနောက်ချ သွားရာလမ်းမှ ပထမဆုံး တွေ့ရသော ရေတမာပင်ရိပ်အော မှာ. . .



"ကျွန်တော်ဟာ အစ်မတစ်ယောက်သာရှိတဲ့ တစ်ဦးတည်းသော သူဌေးသားပါ။ ကျွန်တော်လိုက်သမျှ ရခဲ့တဲ့ မိန်းကလေးတွေ ရှိပါတယ်"

"အို. . . ဒါတွေ. . ."

"နေပါဦး။ ကျွန်တော် ပြောပါရစေဗျာ. . .၊ ကျွန်တော် ကြွားနေတာမဟုတ်ပါဘူး။ ကျွန်တော်ဟာ လူရိုးတစ်ယောက် မဟုတ်ဘူးဆိုတာ ဝန်ခံနေတာပါ"

စိမ့်စမ်းအေး စိတ်ပျက်လွန်းစွာ နေဦးနိုင်ကို ကြည့်မိသည်။

"ဒါပေမယ့် စိမ့်စမ်းအေးရယ်. . . လူတစ်ယောက်ရဲ့ ရင်မှာ တစ်ကြိမ်တစ်ခါတော့ မေတ္တာစစ်မေတ္တာမှန် ပေါ်ထွန်းတတ်တယ်ဆိုတာ ကျွန်တော် လက်ခံရပါပြီ"

"ကျွန်မမှာ ချစ်သူရှိပါတယ်လို့. . ."

"နေပါဦးဗျာ၊ ဒီ ကံ့ကော်နယ်မြေမှာ ချစ်သူကင်းတဲ့လူ ခပ်ရှားရှားပါ။ တွဲဖူးသလို လွဲဖူးသူတွေလည်း အနန္တပါ။ ဒီတော့ ကျွန်တော် ပြောပါရစေ. . .

"သဘောသားချစ်သူဆိုတာ မရေရာပါဘူး။ ကျွန်တော့် အကြောင်းကို အရင်စုံစမ်းပါဦး။ စိမ့်စမ်းအေး ယုံကြည်ပါပြီ ဆိုရင် ကျွန်တော့်မိဘတွေကိုပါ စိမ့်စမ်းအေး မိဘတွေဆီ ခေါ်လာပြီး တရားဝင်စကားတွေနဲ့ တင့်တင့်တယ်တယ် လက်ထပ်ယူပါ့မယ်လို့ ပန်ကြားပါရစေ"

"ဪ. . . ဒုက္ခပါပဲ။ စိတ်ညစ်ရပါလား"

"ကျွန်တော့်တစ်သက်မှာ တစ်ခါသာ အခုလို စွဲစွဲလန်းလန်း ဖြစ်မိတာတော့ အမှန်ပါပဲ။ ပြီးတော့လေ. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါရှင်"

"စိမ့်စမ်းအေးကိုကျမှ တကယ်ပဲ လိုက်လိုက်လှဲလှဲ မြတ်မြတ်နိုးနိုးနဲ့ ချစ်တတ်လာတယ် ဆိုတာတော့ ယုံ... ကျွန်တော် ဘာတွေနဲ့ သက်သေပြရမလဲဗျာ"

"ဒီလောက်ပြောရရင် ကျေနပ်ပါတော့ ကိုနေဦးနိုင် ကျွန်မ သွားပါရစေတော့"

"ကျွန်တော့် မေတ္တာကို. . ."

"စိတ်ချ. . . သေထိ မရစေရဘူး"

"ဟာဗျာ"

"ကျွန်မမှာ ချစ်သူရှိပြီးသားပါ။ သိပ်ချစ်ရတဲ့ ဝယ်ချင်း ရှိပြီးသားပါ။ ရှင်ပြောတာတွေ သည်းခံပြီး နားထောင်ခဲ့ပါတယ် ကျွန်မကို ခွင့်လွှတ်ပါ။ နောင်လည်း ဘယ်တော့မှ လို... မနှောင့်ယှက်ပါနဲ့လို့ ပြောခဲ့ပါရစေ"

သူ့ရှေ့မှ ကွေ့ဝိုက် ကျော်ဖြတ်လျက် သွက်လက်သော ခြေလှမ်းများဖြင့် ပြည်လမ်းမရှိရာဘက်သို့ စိမ့်စမ်းအေး ထွက် သွားတော့သည်။

"ဩော်. . . လှလိုက်တဲ့ ချစ်သူရယ်"

ထိုင်း ကော်တွန်နီညိုရောင် ဝမ်းဆက်လေးနှင့် ဖြူအိ... သော အသားက လိုက်ဖက်လွန်းလှသည်။

ဤဝတ်စုံမှာ သူကိုယ်တိုင် တူးမာသို့ ဝယ်ပေးခဲ့သော ဝတ်စုံဖြစ်မှန်း သူကိုယ်တိုင်လည်း မမှတ်မိတော့။

"ကိုကိုဦး ပေးတာလေးတွေဆိုရင် ငါ အမြတ်တ... ဝတ်ဆင်သုံးစွဲပေမယ့်. . . မမတို့ရဲ့ စီးပွားရေးတက္ကသိုလ် အခ...



အက၊ အတီးပြိုင်ပွဲရှိတယ်။ ဝိဇ္ဇာခန်းမမှာ လုပ်မယ်လို့ ငါ့ကို ပြောလိုက်တယ်. . .

"သူတို့တက္ကသိုလ်ရဲ့ အခမ်းနားတစ်ခုမှာ ဒီအဆင် သုလှလေးကို မမပဲ ဝတ်ပါစေတော့လေ"

ဟူသော တူးမာ၏ စေတနာဖြင့် တစ်ဆင့် ရောက်လာသော ဝတ်စုံလေး ဖြစ်ခဲ့ကြောင်း သူတို့နှစ်ဦးလုံး မသိနိုင်ကြပါချေ။

"ဟေ့ကောင်. . . ငေါင်လှချည်လား၊ မကြည်လည်း ခေါက်စမ်းပါကွာ။ မင်းလိုက်နေတာ ကြာလှပြီ"

ဘော်ဒါနှစ်ဖွေက အနားကပ်လာရင်း သူ့ကို လောင်သည်။

"ငါ တကယ်ခံစားရတယ်ကွာ"

"လုပ်မနေနဲ့"

"ငါ သူ့ကို သိပ်ချစ်တယ် သိန်းဝင်း"

"မကြည်လို့ပါကွာ၊ အရင်ဟာတွေလို ကြည်ကြည့်. . . မင်းဒီလောက် ဖြစ်မနေဘူး"

"မရတာကိုမှ လိုချင်ကြပြန်တယ်"

သိန်းဝင်းဘေးမှ ကျော်စွာက တွဲတေးသိန်းတန် ခေတ်က လေသံနှင့် ဟစ်လိုက်သည်။

"အီကိုကွင်း မရလည်း တို့ 'ဌး'မှာ အလှလေးတွေ ပေါပါတယ်ကွ"

သိန်းဝင်း စကားကို ရှုပဗေဒ အဓိကမှ ကျော်စွာက ထောက်ခံလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ဖူးက ဟာလေးတွေ လိုက်ကြည့်ပါ ကွာ၊ မင်းတို့ အာရ်အိုင်တီနဲ့ အမ်(မ)စီကတော့ တို့တော သားစိတ် မယားစိတ်ကုန်တယ်။ စာပဲ 'ကုန်း' ကျက်နေ ကြည်ညိုဖို့ပဲ ကောင်းတော့တယ်"

သူတို့သုံးဦးလုံး ဒဂုံ-၁ မှ အောင်လာကြသူများ. . . နေဦးနိုင်က လူပွေသလောက် စာတော်၍ အာရ်အိုင်တီ ဝင်သွား ခြင်းဖြစ်ပါ၏။ သူငယ်ချင်းများရှိ၍က ဒုတိယ၊ စိမ့်စမ်းအေး ရှိရာအရပ်သို့က ပထမမို့. . . ကိုယ်ပိုင်ကား မောင်း၍ ကျော် တက်ရသော နေဦးနိုင် ရာဖူးသို့ တစ်နေ့မှ မလာရောက်သည့် မရှိ။

"ကျော်စွာ"

"ဟေ"

"သိန်းဝင်း"

"ပါရှိပ့ါ ဇာတ်ဆရာရေ့"

"မနောက်စမ်းနဲ့ကွာ၊ ငါ တကယ်စိတ်ညစ်နေတယ်"

လူပြက်လေသံနှင့် သိန်းဝင်းကပင်. . .

"ကဲ. . . ပရိသတ်များ မျှော်လင့်နေဆဲ. . . နွဲ့လိုက်ကြ အောင်လား။ လာကွာ. . . အကျွေးမွေးလေးနဲ့ ရင်ဖွင့်တာ ကောင်းပါတယ်"

သူတို့သုံးယောက် ဂျပ်ဆင်ကန်တင်းမှ ထမင်းဆိုင်သို့ ရောက်ခဲ့ကြသည်။ ထိပ်ဆုံးမှ 'မေမေကျွေး' မုန့်ဟင်းခါး အုန်းနို့ခေါက်ဆွဲဆိုင်သို့ နေဦးနိုင် ယောင်ယမ်းဝင်သွား မနည်းဆွဲထုတ်ပြီး ထမင်းဆိုင် ဝင်ထိုင်ရပါ၏။ မစားရသေးသော



ခေါက်ဆွဲစာကို ဟင်းမျိုးစုံမှာ၍ စားကြသည်။ ဒကာက မစားနိုင် သော်လည်း ကျော်စွာတို့နှစ်ယောက်က အားပါးတရ စားကြ ရင်း. . .

"မင်း ဒီလောက်ဝေါင်တာ ငါ တစ်ခါမှ မမြင်ဖူးဘူး။ ကောင်းက လှတော့လှပါရဲ့။ ဒါပေမယ့် မင်းဘယ်လိုမှလိုက်လို့ မှာမှ မဟုတ်ဘဲ။ စိတ်လျှော့လိုက်ပါတော့ကွာ"

"အေးလေ. . . 'မောင်ကြီး လက်လျှော့ သေပေတော့' လို့ ပြောသွားပြီပဲ"

သိန်းဝင်းစကားကို ကျော်စွာ ဟားနိုင်သည်။ နေဦးနိုင် ရယ်နိုင်ပါ"

"ငါ သူ့ကို တကယ်ချစ်တာပါ သူငယ်ချင်း၊ မြတ်မြတ်နိုးနိုး နဲ့ တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ ငါ့တစ်သက်မှာ ဒီတစ်ခါပဲ ရှိခဲ့ဖူးပါသေးတယ်။ ငါဘာဆက်လုပ်ရမလဲ။ သူ့ကိုလည်း အာဒုက္ခမှ မပေးရက်ဘူး။ ဝေးကွာရမှာလည်း အကြောက်ဆုံးပဲ"

ကျော်စွာက ပါးစပ်မှာရစ်နေသော အဆီများကို လက် သုတ်ပဝါဖြင့် သုတ်ရင်းက. . .

"ဒီလိုမျက်နှာပျက်ပုံမျိုး ငါတစ်ခါမှ မမြင်ဖူးသေးဘူး။ မင်းကို ငါတောင် သနားလာပြီ။ တကယ့် ကလေးမသာလေး အတိုင်းပဲ"

"ခွေးမသား"

နေဦးနိုင်က ပက်ပက်စက်စက် ထပ်ဆဲရင်း ခွေးများ ရှင်းပေးလိုက်ရသည်။

"ငါ့မှာ တခြားပြဿနာလည်း ရှိသေးတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကောင်မလေးတစ်ယောက်မှာ ဒါဖြစ်နေလို့"

နေဦးနိုင်က သူ့ဗိုက်ရှေ့မှာ လက်ဝိုင်းပြလိုက်သည်။

"ဟေ"

ဟိုနှစ်ကောင် ပြိုင်တူအော်ရင်း မျက်လုံးပြူးသွားကြသည်။ ကျော်စွာက...

"မင်းတို့ အာရ်အိုင်တီကလား"

"သွားစမ်းပါ... ဟုတ်နိုင်မလားဟ... အပေါစားထော ပါ။ စားပွဲထိုးကောင်မလေးပါ"

"အခု ဘယ်လိုလုပ်ထားလဲ"

"အခန်းတစ်ခုငှားပေးထားတယ်။ သူကျေနပ်အောင် လက်လည်း ထပ်ထားတယ်။ ဒါက ပြဿနာမဟုတ်ပါဘူး နဂိုရ်တည်းက ငါထောလို့ ကပ်တာပဲ။ ငွေပေးရင်ပြီးပါတယ်"

"ဒါမလွယ်ဘူးနော် နေနိုင်ဦး"

"လွယ်တယ်... သိပ်လွယ်... ကောင်မလေးကလည်း အလည်ပါ။ တွဲချင်တဲ့သူနဲ့ တွဲနေတာ။ ငါ့ကျမှ တတ ချစ်တာတဲ့။ သူဒီလို လူတိုင်းကို ပြောခဲ့မှာပါ။ သူ့ ငွေဘယ်လောက်ပေးရမလဲမေးမယ်လေ၊ ငါ့အဘွားကြီး ကပ်ချွဲပြီး ပေးလိုက်ရင် ပြီးမှာ၊ ပြတ်မှာပါ"

စိမ့်စမ်းအေးအတွက် သူ့ရင်မှာ လှိုက်လှဲ့စွာဖြင့် မြတ်နိုး မေတ္တာများ ပေါ်ထွန်းနေသလို တူးမာလေးသည် သူ့နှ ပတ်သက်၍ သူ့လိုပင် ခံစားနေရပါကြောင်း နည်းနည်းလေး မယုံကြည်လေသော နေဦးနိုင်...



"ထားပါတော့ကွာ၊ နဂိုတည်းက မချစ်ရတဲ့အထဲ၊ ဒဲဒီကိစ္စများ စိမ့်စမ်းအေး သိသွားခဲ့ရင်ရော..."

"မသိဘူး၊ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး။ ငါ့အချစ်က သိပ်ရိုး သိပ်သိက္ခာရှိတယ်။ ဟိုလို ကောင်မလေးမျိုးတွေကို သူ မြင်တောင် မမြင်ဖူးဘူး။ ဘယ်မှလည်း မသွားဘူး။ ကျောင်းနဲ့ အဆောင်ပဲ။ ငါအမြဲလိုက်ကြည့်နေတာ။ ငါ့ကို မလောင်ကြ နဲ့ကွာ။ ငါ စိမ့်စမ်းအေးကို သေမလောက်ချစ်တာ"

"ဒီတိုင်းဆို... စိုးထိုက်ဆိုတဲ့ကောင်ပဲ၊ သဘော် မှောက် ပါစေလို့ ဆုတောင်းရမလိုဖြစ်နေပြီ။ မင်းဟာကလည်း... နီးမှပဲ"

နေဦးနိုင် သိပ်ငြိမ်နေတော့ ဟိုနှစ်ကောင်လည်း သိပ် လောင်ရက်ကြတော့...

"ခုလောက်ဆို သူ့အဆောင်မရောက်သေးဘူး။ လှည်း တန်းဘက်က ကားပတ်မောင်းပြီး သူ့အဆောင်အဝင်လမ်းက စောင့်ကြည့်ချင်သေးတယ်။ လိုက်ခဲ့ကြကွာ"

"ငါကတော့ လက်(က)ချာ... ရတယ်။ ဟိုကောင်က ချယ်ဒီကယ်(လ်)ဝင်ရမှာ"

ကျော်စွာက သိန်းဝင်းသို့ မေးငေါ့ရင်း ပြောလိုက်သည်။

"ဒီနေ့လုပ်ရမှာက စက်ကလေးခွဲရမှာ... ပရယ်ဒီ ကယ်(လ်) မဝင်ရင် ပြဿနာ၊ ဒါပေမယ့် ရပါတယ်ကွာ။ သူငယ် ချင်းအတွက်ပဲ၊ ခေါက်ပေ့။ လာ... သွားကြမယ်"

သုံးယောက်သား... နေဦးနိုင်၏ အော်ဒီမကား ဘလက်(က)ဘလူး ကားပြာနှင့် သွားကြပါသော်လည်း၊ စောင့်ကြ ပါသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com



စိမ်းစမ်းအေး၏ အရိပ်ယောင်သော်မှ မမြင်ရ. . .

နေဦးနိုင်၏ အမည်နှင့် သွားလေတိုင်း ထွက်မတွေ့ ကျော်စွာအမည်နှင့် ခေါ်ပါသော်လည်း ဧည့်စောင့်အစ်မ က. . .

"စိမ့်စမ်းအေး ခေါင်းကိုက်လို့ အိပ်နေတယ်၊ ကိစ္စရှိ စာရေးခဲ့ပါတဲ့"

သူတို့သုံးယောက်လုံး တပ်ခေါက် စွန့်ခွာ၍ ပြန်ခဲ့ကြ သည်။ လက်(က)ချာသမားရော၊ လက်တွေ့သမားပါ အတ လွတ်သွားသည်သာ အဖတ်တင်၍ ကျန်ရစ်ရပါတော့သည်။

"စိတ်ချ၊ သေထိမရစေရဘူး။ ကျွန်မမှာ ချစ်သူရှိပြီးသ ပါ"ဟု အပြတ်ပြောသွားသော အလှဆုံး၏ မျက်နှာလေး မှ. . .

မပြတ်နိုင်လွန်းသော သံယောဇဉ်ကြိုးများဖြင့် နှစ်နှ ကာကာ ချစ်လှပါသည်။ လေးစားအပ်သော မေတ္တာများဖြင့် စိမ့်စမ်းအေးကို ကိုးကွယ်ထားမတတ် မြတ်မြတ်နိုးနိုး တယုတ ချစ်လိုလှပါသည်။ တပ်မက်သော ဆန္ဒမျိုးမပါရှိခဲ့ပါ။

ရမ္မက်တဏှာဖြင့်သာ မက်မောခဲ့ပါသော 'တူးမာ'ဆိုသ ကောင်မလေးကို နေဦးနိုင်တို့ သတိပင်မရ။

ဟန်ဖိုးမထားလွန်းစွာ မေ့လျော့လျက်ပါ. . .

◆ ◆ ◆

## အခန်း ။ ၂၈ ။

စိမ့်စမ်းအေး

တူးတူးမာသတင်း ပြောချင်လို့ လာခဲ့တာပါ။ ခဏလာတွေ့စေချင်ပါတယ်။

တင်မောင်သိန်း

စာလည်းရရော. . . စိမ့်စမ်းအေး ပြေးထွက်ခဲ့မိသည်။ ဘယ်သောအခါကမှ မတွေ့လို မမြင်ချင်သော မျက်နှာ ရှင်ကို အားကိုးရာတစ်ခုလို ကြည့်လိုက်ပြီး. . .

"တူးမာ. . . တူးမာ ဘာဖြစ်လို့လဲရှင်"

"ဘာမှတော့ မဖြစ်ပါဘူး"

"ဟင်. . . ဘာမှမဖြစ်ဘူး ဟုတ်လား။ ခု သူဘယ်မှာလဲ ဟင်၊ တူးမာ ဘယ်မှာလဲ ရှင်"

"ငြိမ့်စားသောက်ဉယျာဉ်မှာ မရှိတော့ဘူးလို့ လာပြော တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို. . . အဲဒါတော့ ကျွန်မသိပြီ. . . သူဘယ်ရောက်နေ
လဲလို့ သိပ်စိတ်ပူနေတာ"

"ဩော်. . . တူးမာ ငြိမ့်မှာ မရှိတော့တာ စိမ့်စမ်းအေး
သိနေပြီလား။ အဲဒါ လာပြောတာ"

စိမ့်စမ်းအေးမှာ စိတ်ပျက်စွာဖြင့် ကုလားထိုင်၏ နောက်မှီ
ကို အားလျှော့စွာ ကပ်ထိုင်လိုက်မိသည်။

"သူဘယ်ကိုသွားတာတဲ့လဲ"

"အဲဒါ ကျွန်မ အသိချင်ဆုံးအရာပါပဲ"

အားလျှော့စွာပြောပြီး သူ့ကို အားနာနေစရာမလို၊ ကိုယ့်
အခန်းတွင်းသို့ ပြန်ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်စဉ်မှာ
ပင်. . .

"ဒါကို စိမ့်စမ်းအေး သိချင်တယ်လား။ ဒါ. . .
မခဲယဉ်းပါဘူး။ ကိုယ်စုံစမ်းပေးပါ့မယ်"

ကိုတင်မောင်သိန်းကို မနှစ်မြို့ပါသော်လည်း ညီမလေး
အတွက်မို့ သူ့ကိုဘယ်လိုပဲ အောက်ကျခံရပါစေ. . .

"ဒါဆိုရင် သိပ်ကျေးဇူးတင်မှာပါပဲရှင်။ ကျွန်မ ညီမလေး
ဘယ်ရောက်နေလဲဆိုတာ သိချင်လှပြီ။ တွေ့ချင်လှပါပြီ စိတ်ပူ
လှပါပြီ"

ကိုယ်ကို ဆတ်မတ်လိုက်ပြီး အားတက်စိတ်ဖြင့် ဆက်
တိုက် ပြောလိုက်မိသည်။

"စိမ့်စမ်းအေးက တူးမာပေါ်မှာ တကယ်
သံယောဇဉ်ကြီးတယ်နော်"

"ကျွန်မ တူးမာကို သိပ်ချစ်ပါတယ်"



"သိရက်နဲ့ ချစ်နိုင်တာ အံ့ဩစရာပဲ၊ စိမ့်စမ်းအေးကို
လေးစားပါတယ်"

"တူးမာ ကိစ္စကို ဘယ်တော့ စုံစမ်းပေးမှာလဲ ဟင်"

"အခု သွားစေချင်ရင် အခု သွားပေးမယ်လေ"

"အခုပဲ သွားစေချင်ပါတယ် ရှင်. . ."

"ကောင်းပြီလေ. . . ကိုယ် ညနေပိုင်းလောက် ပြန်လာ
ပြီး အကြောင်းပြန်မယ်၊ ရှိမလား"

"စောင့်နေပါ့မယ်"

"ဒါဖြင့်လည်း ခုပဲ သွားလိုက်မယ်လေ။ တူးမာ ဘယ်မှာ
ရှိတယ်ဆိုတာ သိဖို့ သိပ်ခဲယဉ်းမယ် မထင်ပါဘူး။ ရန်ကုန်မှာ
တင်မောင်သိန်းတို့ အပေါင်းအသင်းတွေက အပ်ကျတာကအစ
သိတဲ့ကောင်တွေပါ"

အရေးထဲ ဝင့်ကြွားနေပါသော်လည်း စိမ့်စမ်းအေး ဘာမှ
မပြောမိတော့ပေ။ သူ နှုတ်ဆက်ပြီး ပြန်ခါနီးတွင်မှ သတိတရ
ဖြင့်. . .

"ဩော်. . . ဦးတင်မောင်သိန်း"

နငယ်ချင်သူမို့ ဦးတပ် အခေါ်ခံရသည်ကို ကြိုက်ဟန်မတူ
သော်လည်း အရေးထားမနေအားတော့ပါဘဲနှင့်. . .

"တူးမာနဲ့များ တွေ့ရင်လေ. . . ကျေးဇူးပြုပြီး ဟိုကိစ္စကို
မပြောလိုက်ပါနဲ့နော်"

"ဘယ်ကိစ္စပါလိမ့်"

သိပါလျက်နှင့် တမင်မေးနေပါ၍ အမြင်ကတ်စရာ
ကောင်းလွန်းလှပါသော်လည်း အပေါင်းအသင်း ယောက်ျား

www.burmeseclassic.com

www.burmeseclassic.com



လေး သူငယ်ချင်း မထားရှိသော စိမ့်စမ်းအေး၏ ယခု
ရေနစ်သူ ဘဝမျိုးမှာ ကိုတင်မောင်သိန်းသည် မြက်တစ်ပင်

"ဩော်. . . တူးမာနဲ့ ဘာမှမတော်ဘူးဆိုတဲ့ ကိစ္စကို
ကျွန်မကို သနားရင် သူ့ကို ပြောမထားနှင့်ပါနဲ့လို့ တောင်း
ပါရစေ"

"မပြောပါဘူး။ စိတ်ချ. . . စိမ့်စမ်းအေးကို ဘယ်မသ
ဘဲ နေပါ့မလဲ"

စိတ်မသဒ္ဒါစွာ ခေါင်းညိတ်ပြလိုက်ရပါ၏။

"ကဲ. . . ကိုယ် သွားစုံစမ်းလိုက်ဦးမယ်နော်"

"ကျွန်မ စောင့်နေပါ့မယ်။ အမြန်ဆုံး ဆက်ဆက်လာ
ပါနော်"

"လာမှာပေါ့။ ဘယ်မလာဘဲနေပါ့မလဲ"

စိတ်ပျက်ဖွယ်ရာ ကိုတင်မောင်သိန်း၏ မျက်နှာ
မကြည့်ဖြစ်အောင် လွှဲရှောင်ထားလိုက်ရသည်။

သူ ပြန်သွားပြီးသည့် တစ်နေ့လုံး စိမ့်စမ်းအေး ဘာ
လို့မှ မရ။ စာမကျက်ဖြစ်နိုင်။

မေ့မေ့လျော့လျော့ဖြင့် လုပ်သမျှ အလွဲလွဲအချော်ချော်

အားအင်တစ်ရပ်အဖြစ် သတ်မှတ်ထားပါသော စို
စာလေးများကို ပြန်ဖတ်ကြည့်ရသည်။ အားလုံး အလွတ်
သား။ စာမေးပွဲမှာသာ ကိုယ့်ရည်းစားစာကို စစ်စတမ်းဆို
စိမ့်စမ်းအေးတို့ ဝစ္စပေါက်မကျန် အကုန်မှန်စွာ တရား
အသေအချာပါ။

သည်မျှ မြတ်နိုးလှသော စိုး စာလေးများကို ဖတ်နေ



တပင် စိတ်တို့သည် လွင့်ပျံ့ တွေဝေသွားရသည်။ စာထဲ စိတ်
ရောက်နိုင်တော့။

"တူးမာရယ်. . ."

"ဘုရား သိကြားမ,လို့ ငါ့ကျေးဇူးရှင် ညီမလေး ဘေးမသီ
ရန်မခ,ပါစေနဲ့။ လူယုတ်မာတွေနဲ့ မကြုံရ မဆုံရပါစေနဲ့။
နက်ကုန်ထဲမှာပဲ မွဲတစ်ပေါက် မစွန်းထင်းသေးတဲ့ အဖြစ်နဲ့
မျှော်ရှင်စွာ ပြန်လည်တွေ့ဆုံခွင့် ရပါစေသား. . ."

ဘုရားကို တိုင်တည်ရင်း တစ်နေကုန်သာ မျှော်နေမိပါ
တော့သည်။

◆ ◆ ◆

"စိမ့်စမ်းအေး. . . ဧည့်သည်"

"ဟာ. . . လာပြီ. . . လာပြီ"

အားတက်စွာ ပြေးထွက်မိတော့ မျှော်လင့်ထားသည့်
အတိုင်း ကိုတင်မောင်သိန်းပါပဲ။

"သတင်းရခဲ့လား ဟင်"

သူက ခေါင်းညိတ်သည်။

"တွေ့ရော တွေ့ခဲ့လား ဟင်"

"အင်း. . ."

"အို. . . တွေ့ခဲ့တယ်လား။ ခု. . . ခု သူ ဘယ်မှာလဲ။
ဘာလုပ်နေလဲ ဟင်၊ နေရော ကောင်းရဲ့လား။ ဘာကြောင့်
ခွင့်တစ်လ ယူသွားတာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မနက်ကလိုပင် ဆက်တိုက် မေးမိပါသော်လည်း ကိုတင်မောင်သိန်း ကိုယ်တိုင် မနက်ကလို တက်ကြွမနေ။

“တူးမာနဲ့ စိမ့်စမ်းအေး တွေ့လိုက်ရင် ပိုကောင်းမယ်”

“အို. . . တွေ့ချင်တာပေါ့။ သိပ်တွေ့ချင်ပါတယ်ရှင်”

“ဒါပေမယ့်. . . သူက မတွေ့ပါရစေနဲ့တဲ့။ စိမ့်စမ်းအေးကို မခေါ်ခဲ့ပါနဲ့တဲ့”

“ဟင်. . .”

“ဒါပေမယ့်. . . ညီအစ်မချင်းပဲ၊ ဖွတ်သွားတွေ့လိုက်ရင်လည်း သူလက်ခံရမှာပါပဲ”

“သူက အခု ဘယ်မှာလဲ ဟင်”

“မြို့ထဲမှာ။ ၃၄ လမ်းထဲက တိုက်ခန်းတစ်ခုမှာ”

“သူ ဘာလုပ်သွားနေတာလဲ”

“စိမ့်စမ်းအေးတို့ ညီအစ်မချင်း တွေ့လိုက်ကြမှ ပိုရှင်းသွားပါလိမ့်မယ်”

“တွေ့ချင်တယ်။ တူးမာကို သိပ်တွေ့ချင်ပါတယ် ရှင်”

“သူကတော့ မခေါ်ခဲ့ပါနဲ့လို့ အတန်တန်မှာပါတယ်။ ဒါပေမယ့်. . .”

“အို. . . ဘာပဲဖြစ်ဖြစ် တူးမာနဲ့ တွေ့မှကိုဖြစ်မယ်။ သူ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်မကိုယ်တိုင် မေးချင်တယ်”

“ဒါဖြင့် ဘယ်တော့သွားမလဲ”

“ခုပဲပေါ့”

“၃၄ လမ်း အလယ်ဘလောက် သွားတတ်လား”



“ဟင့်အင်း. . . မသွားတတ်ဘူး။ ဘာကား စီးသွားရမှန်း ည်း မသိပါဘူး”

“ဒါဖြင့် ကိုယ် လိုက်ပို့ရမလား”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့ လိုက်ပို့ပေးပါနော်၊ ကျွန်မ ခဏ အဝတ်လဲလိုက်ဦးမယ်”

အဆင်ခြင်မဲ့စွာ ကိုတင်မောင်သိန်းနောက်သို့ တစ်ယောက်တည်းလိုက်ရန် ပြေးဝင်ပြင်ဆင်ပြီးမှ. . .

“ခု လေးနာရီတောင် ထိုးတော့မယ်။ ငါတစ်ယောက်တည်း သူ့နောက်လိုက်သွားလို့ မဖြစ်သေးပါဘူးလေ”

ဘေးမှ ဘော်ဒါနေသူများကလည်း အလုပ်ကိုယ်စီနှင့်. . .

မတတ်နိုင်တော့။ ဘော်ဒါပိုင်ရှင်၏ ညီမ ဘော်ဒါစောင့်မခင်ကို အကျိုးအကြောင်း ပြောပြရသည်။ ညီမလေးနှင့်တွေ့လိုလှပါပြီ။ သူ့မိထွေး၏ယောကျ်ားနှင့် နှစ်ယောက်တည်းလိုက်သွားရဲ၍ တစ်ယောက်ယောက် ကြည့်စီစဉ်ပေးပါဟု တောင်းပန်သော စိမ့်စမ်းအေးသို့. . .

“မမခင်လည်း မြို့ထဲသွားစရာရှိတယ်၊ မမကြီးကိုပဲ ဘော်ဒါစောင့်ခိုင်းပြီး မမခင်ကိုယ်တိုင်ပဲ လိုက်ပို့ပေးပါ့မယ်”

“အမလေး. . . ကျေးဇူးတင်လိုက်တာ မမခင်ရယ်”

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ယခု ဒေါ်လှကျော့နှင့် သူတွေ့ခဲ့ရပြီးပြီ။

နောက်အိမ်ထောင်သစ်ဖြင့် ကလေးတပြုံစာနှင့် ကီလီ မှာ ကုန်စိမ်းရောင်းနေပါ၏။ ပြင်စလူရွာသား တစ်ယောက် နှင့် မဖြစ်မနေ ဆက်သွယ်၍ ငွေကုန်ခံ ခြေရာခံ၍ လိုက်ခဲ့ရာမှ ဒေါ်လှကျော့ကို သူတွေ့လာခဲ့ရခြင်း ဖြစ်ပါ၏။

အသားမည်းမည်း ဝဝကြီးနှင့် မျက်နှာများ အဆီပြန် ယှက် စိတ်ပျက်ဖွယ်ရာ ဒေါ်လှကျော့ကို သူ ကြည့်ရုံ ကြည့်ခဲ့ သည်။ သွားမတွေ့သေး။

ပြင်စလူရွာမှာ သူပေးပစ်ခဲ့သော ကလေးမှာ ယခုတိုင် အသက်ထင်ရှားရှိနေပါသေးသည်ဟု ဒေါ်လှကျော့ကို ကြိုတင် ဆွေးနွေးမည့်အစား. . .

တူးမာကို သူ အရင်တွေ့မည်။ ပြောမည်။

ဟူသော ရည်ရွယ်ချက်များဖြင့် 'ငြိမ့်'သို့ သူရောက်ခဲ့သည်။ တူးမာကို မတွေ့ရ။ နောက်ဘက်တွင် သူနှင့်အတူနေခဲ့သော ဒေါ်မြကို ယဉ်ကျေးပြုငှာစွာ တူးမာ၏ဦးလေးပါဟု ပြောပြီး တူးမာအကြောင်း မေးရပါ၏။

"မပြောတတ်ဘူးဟေ့၊ ဦးညာဏ်စိုးကတောင် စိတ်ဆိုး တယ်၊ ပြောမရလို့သာ ခွင့်ပေးလိုက်ရတာ၊ သူ့အစ်မဆီ သွားနေ ဦးမယ်ဆိုပြီး နေဦးနိုင်ကားနဲ့ သူ့အဝတ်အစား သေတ္တာပါ ယူပြီး သွားတာပဲ"

"နေဦးနိုင်နဲ့ လိုက်သွားတယ်"

ဆိုသော စကားကြောင့် သူ့စိတ်မှာ တစ်မျိုးထင်လာမိ သည်။

## အခန်း ၊ ၂၀

ကိုတင်မောင်သိန်းက ကားပွဲစားယောင်ယောင် ပန်းဆိုးတန်းမှာ ကျက်စားနေကျ။

ကားများ မကြာခဏ လဲခြင်းနှင့် ကားသစ်များ ဝယ် တို့ကို ပြုလုပ်လေ့ရှိပါသော နေဦးနိုင်တို့မိသားစုကို နဂိုတည် တင်မောင်သိန်း သိထားနှင့်သည်။

သူ့ အော်ဒီကားကို ဒတ်ဆန်း ဝမ်းတွမ်တီးဝိုင်၊ သို့မဟု ဝမ်းစစ်(ခ်စ်)တီးဂျေ၊ သို့မဟုတ် ဂေ့ါ(ဖ)၊ ပတ်ဆက် စသည်တို့ လဲလှယ်ရန် မကြာခဏ ရောက်လာတတ်သည်။ ဈေးမတ သေး၍. . . ကားမကြိုက်သေး၍ မလဲဖြစ်သေး။

ကားပွဲစားတန်းသို့ နေဦးနိုင် ရောက်လာသည်။ တင် တလေတွင် ကားထဲ၌ တူးမာပါ ပါလာတတ်သည်ကို တင်မော သိန်း တွေ့ရသည်။ နှုတ်တော့မဆက်။ သည်ကောင်မလေ ပျက်စီးစပြုနေပြီလားဟု သူ့မှာ သံသယရှိမိသည်၊ သိပ်စိ မဝင်စား၊ သူစိတ်ဝင်စားသူက စိမ့်စမ်းအေး. . .

www.burmeseclassic.com

www.burmeseclassic.com



စိမ့်စမ်းအေးဆီ တကယ်မှသွားတာ ဟုတ်ရဲ့လားဆိုပြီး လိုက်သွားရာမှ. . .

ဟိုမှာ ရောက်မနေကြောင်းနှင့် သူ့ကို အားကိုးတကြီး စိမ့်စမ်းအေးက မေးလှာ၍ သူ ပန်းဆိုးတန်းပြန်ပြေးလာခဲ့သည်

သူနှင့် အလွန်ရင်းနှီးသော ကားပွဲစား ကိုလှဝင်း နေဦးနိုင်တို့အိမ်သို့ ဝင်နေထွက်နေကျ။ နေဦးနိုင်နှင့်က အခွဲ

တိုက်ဆိုင်ချင်တော့ ကိုလှဝင်း၏ အမျိုး တိုက်ခန်း လမ်း အတွင်းမှာရှိသည်။ လင်မယား နှစ်ယောက်လုံး ပြောင်းရ၍ ခုတင်လို၊ ဗီရိုလို ပစ္စည်းကြီးများ ထားပစ်ခဲ့ရသော လည်း အိမ်ခန်းကို စိတ်မချ၊ ကိုလှဝင်းကို မကြာခဏ ကြည့် ပါရန် မှာကြားခဲ့ရာမှ. . .

နေဦးနိုင်က အခန်းခဏလောက်လိုချင်သည်ဆို၍ ကိုလှဝင်းက စပေါ်မယူဘဲ တစ်လ တစ်ရာ့ငါးဆယ်နှင့် ငှားပေး သည်။

၎င်းအခန်းလေးမှာ တူးမာကိုထားပြီး နေဦးနိုင် ကျောင်း၊ အိမ်၊ ပြီးတော့ တူးမာဆီ နေ့စဉ်လာနေကျ. . .

ဆိုသော သတင်းနှင့် လိပ်စာကို ချက်ချင်းလို အတိအကျ ရခဲ့ပါ၍ စိမ့်စမ်းအေးသို့ ပြေး၍ ခေါ်လာနိုင်ခဲ့ခြင်းဖြစ်ပါ၏။

"ကားဆရာ. . . ရှေ့က ဆိုင်းဘုတ် အပြာလေးရှေ့မှာ ရပ်ပေးပါ"

ကိုတင်မောင်သိန်း၏ စကားအတိုင်း သုံးဘီးကား သူညွှန်ရာမှာ ရပ်သည်။



"တူးမာနဲ့တွေ့ရင် ကျွန်မတို့ နှစ်ယောက်တည်း စကား ပြောပါရစေ. . . နော်"

"ပြောပါ၊ ကိုယ်မလိုက်ပါဘူး၊ ပို့ပေးရုံ သက်သက်ပါ"

"မမ. . . ခဏလိုက်ခဲ့ပေးပါနော်၊ တူးမာနဲ့ တွေ့ရင် သာ. . ."

"အေးပါ. . . စိမ့်စမ်းအေးတို့ ညီအစ်မချင်းတွေ့ရင် စကားပြောကြလေ၊ မမလည်း ဘားလမ်းသွားစရာရှိတာ၊ တစ်နာရီလောက်ကြာရင် ပြန်လာခေါ်မယ်. . . ဟုတ်လား"

"ဟုတ်ကဲ့၊ ခုတော့ စိမ့်နဲ့ ခဏ အပေါ်လိုက်ခဲ့ပေးပါဦး နော်၊ တစ်ယောက်တည်း တက်ရမှာ ကြောက်လို့ပါ"

"ဩော်. . . ငါ့ညီမကလည်း သိပ်ရိုးတော့ အရာရာ ကြောက်တတ်ပါလား၊ ကဲ. . . လာလာ"

"ဒီမှာ. . . စိမ့်စမ်းအေး"

ကိုတင်မောင်သိန်းက လှေကားရင်းမှ ခေါ်လိုက်ပြီး. . .

"ကိုယ်ပြန်တော့မယ်၊ နက်ဖြန်ညနေမှ အဆောင်ကို လာခဲ့မယ်။ တူးမာကိစ္စ ဆွေးနွေးရအောင်"

"ရှင်. . . ဟုတ်. . . ဟုတ်ကဲ့"

ကိုတင်မောင်သိန်း ထွက်သွား၍ စိတ်ပေါ့သွားသော်လည်း. . .

ဘာဖြစ်နေမှန်းမသိသော တူးမာကို တွေ့ရတော့မည့် အတွက် ရင်မှာ လှုပ်လှုပ်ခုန်နေမိသည်။

လက်ဝဲဘက် အခန်းတံခါးကို ခေါက်လိုက်သည်။ ဒုတိယ အကြိမ် ခေါက်လေမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦးလား ဟင်"

တူးမာ၏အသံလေးပါလား. . .

"တူးမာ. . . တူးမာရေ. . ."

စိမ့်စမ်းအေး၏ အသံများက တုန်နေသည်။

ချောင်းကြည့်ပေါက်မှ မျက်လုံးလေးအစုံကို မြင်လိုက် ပြီးသည့်နောက်တွင်. . .

"ဟိုက်. . . မမ. . . မမ လိုက်လာတယ်။ အို. . . ဘာ လိုက်လာရတာလဲ"

"တံခါးဖွင့်လေ. . . ညီမလေး"

ရုတ်တရက် တံခါးက ပွင့်မလာသေး။ ပြီးတော့ ဖြည်းညှင်းသာယာစွာ ပွင့်လာပါ၏။

"ကဲ. . . စိမ့်စမ်းအေး၊ မမခင် သွားမယ်။ နောက် တစ်နာရီကြာရင် ပြန်လာခေါ်မယ်နော်. . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ကျေးဇူးတင်လိုက် မမခင်ရယ်. . ."

ဒေါ်ခင်ခင် ဆင်းသွားပြီးသည်နှင့် စိမ့်စမ်းအေးက အခ တွင်းသို့ အမြန်ဝင်လိုက်တော့သည်။

"မမ. . . မမရယ်. . . မမ ဘာလို့ လိုက်လာရတာ ဟင်၊ မလာနဲ့။ တူးမာဆီ မလာနဲ့"

ကြေကြေကွဲကွဲ ငိုရှိုက်ရင်း တူးမာက နောက်သို့ ဆုတ်သွ သွားသည်။

စိမ့်စမ်းအေးမှာ ညီမလေး၏ မျက်ရည်စနှင့် ချောင် လွှန်းနေသော မျက်နှာကိုကြည့်သည်။ ပြီးတော့ ပိန်ကပ်နေသော ကိုယ်အထက်ပိုင်း၊ ပြီးတော့မှ ခါးအောက် ဝမ်းပြင်နေရာ. . .



"ဟင်. . . တူးမာ. . . တူးမာမှာ. . ."

စိမ့်စမ်းအေး လန့်ဖျပ်စွာ ကြုံးအော်လိုက်မိသည်။

တူးမာ၏ကိုယ်ဝန်က မရင့်သေးသော်လည်း သိသိသာသာ ပေါ်လွင်နေလေပြီ။

"တူးမာ. . . ညီမလေးရယ်. . ."

စိမ့်စမ်းအေးက ပြေးပြီး တူးမာကို ဖက်လိုက်ပါ၏။ အရပ်ပုသော တူးမာ၏ခေါင်းက စိမ့်စမ်းအေး၏ ရင်ခွင်မှာ အပ်လာသည်။

"ဘယ်တုန်းက ဘယ်သူနဲ့ ယူလိုက်တာလဲ။ မမကို ဘာလို့ မပြောတာလဲ။ ဒီရောက်နေတာ ဘယ်လောက်ကြာပြီလဲ ဟင်"

စိမ့်စမ်းအေးက အပြစ်တင်သံလေး နှောပြီး မချင့်မရဲနှင့် ပြောလိုက်ပါ၏။

အိမ်ခန်းလေးက သပ်သပ်ယပ်ယပ်။ စားပွဲ၊ ခုတင်၊ အလားထိုင်တို့က အပြည့်အစုံမို့ တူးမာတစ်ယောက် အိမ်ထောင်ရက်သားကျပြီး အိုးနဲ့အိမ်နဲ့ တင့်တင့်တယ်တယ်ပါလားဟု ဘာမှ နားမလည်ရှာသော စိမ့်စမ်းအေး တွေးနေစဉ်. . .

"မမရယ်. . . မမရဲ့"

တူးတူးမာက အားကိုးတကြီး ဖက်ထားရင်းက ကြေကြေကွဲကွဲ ရင်ပွင့်ကွဲမတတ် ငိုရှာတော့သည်။

"အို. . . ဘာလို့ ဒီလောက် ငိုနေလဲကွယ်. . . လာ. . . လာ. . . ထိုင်စမ်းပါဦး"

တူးတူးမာ ဒီလို လှိုက်လှဲစွာ ငိုသည်ကို စိမ့်စမ်းအေး တစ်ခါမှ မမြင်ဖူးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိခင်သေဆုံးစဉ်က သူငယ်သေး၍ ထား၊ ဖေဖေ သေ ကလည်း သူဒီလောက် မငို။

ဖေဖေ ရထားပေါ်မှ လိမ့်ကျ၍ သေခြင်းမှာ ကိုတ မောင်သိန်းတို့၏ လုပ်ကြံမှုလားဟူသော သံသယစကားမျိုး သည်။ သူတို့ကို မသင်္ကာကြည့်နှင့် ကြည့်တတ်သည်။

ပြီးတော့. . .

သူတို့ညီအစ်မ အိမ်ပေါ်မှ ဆင်းရေး၊ ငွေလေးထောင် ရေး ကိစ္စများကို သူတစ်ယောက်တည်း တိုက်နေရ၍လား မ

တူးမာ သိပ်မငိုလှ။ စိမ့်စမ်းအေးသည်သာ မြင်ရသူတို ဝိုင်၍ ငိုချင်စရာကောင်းလောက်အောင် ငိုခဲ့မိသည်။

ယခု တူးမာအဖြစ်ကို မကြည့်ရက်နိုင်တော့။

"တူးမာ. . . ညီမလေး၊ ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ် ဒီလောက် ငိုနေရတာလဲ။ မမကို ပြောပါဦး ညီမလေးရယ်"

စိမ့်စမ်းအေး မျက်ရည်ဝိုင်းရင်း မေးမိသည်။ တူးမာ မျက်နှာလေးကို မော့ယူလိုက်ပါ၏။ သနားလိုက်ရသည့် ဖြစ်ခြ ကွယ်. . .။

"တူးမာလေး. . . မငိုနဲ့လေ။ ညီမလေးအတွက် စိတ် လိုက်ရတာ။ ခုလို အဆင်ပြေပြေ နေထိုင်နိုင်တာ တွေ့ရတော့ ရင်ထဲ အေးတော့တယ်။ မမကို လက်ထပ်တာ မပြောရ စိတ်မကောင်းဖြစ်တာလား။ ဝမ်းနည်းသွားတာ မဟုတ်လာ ဟင်"

ရှိုးလွှန်း အ,လွန်းသည်ဟု ကိုကိုစိုး ဘွဲ့ပေးထားသော သူ့အစ်မသည် သူ့အခြေနေကို နားမလည်ရှာပါလား။ သူ



တ်ရည်စက်များသည် မည်မျှကြီးမားသော နာကြင်ကြေကွဲမှုမှ ဆင်းလာရလေသည်လဲ. . .

ဆိုသော ကိစ္စရပ်များကို သရုပ်မခွဲတတ်ရှာသော မမ စိမ့်စမ်းအေးရယ်ဟု တူးမာ၏ရင်ထဲမှ မြည်တမ်းရင်း ဘယ်လို ကြည့်ကြည့် လှလွန်းနေသော သူ့အစ်မကို ငေးကြည့်နေပြီး . . .

"မမ ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲဟင်"

"ညီမလေး မလာလို့ သိပ်စိတ်ပူပြီး 'ငြိမ့်'ကို ဖုန်းဆက် တော့ တစ်လ ခွင့်ယူသွားတယ်တဲ့"

"ဟုတ်ပါရဲ့။ မမအတွက် ဒီလ ငွေသုံးရာ ပေးဖို့ တောင်. . ."

"အို. . . မမမှာ ရှိသေးတယ်လေ. . .၊ မမ ဘာမှမ မသုံး ဘဲ၊ ငွေ ရှိပါသေးတယ်ကွယ်. . .။ ဒါကြောင့် လိုက်လာတာ မဟုတ်ပါဘူး"

သူ ရရှိသော လခငွေသုံးရာကို အားလုံး အစ်မသို့ ပုံပေးပြီး သူက တစ်(ပ)ရသမျှနှင့် လာသမျှယောကျ်ားများ၏ ပေးကမ်းမှု များကို ယူခဲ့ ချူခဲ့ပြီး ဦးညာဏ်စိုး ကျွေးမွေးသော ထမင်းကို စား၍ နေခဲ့ရှာသော တူးမာပါ။

"ပြောပါဦး။ တူးမာ ဒီမှာရှိတယ်ဆိုတာ ဘယ်သူပြောလဲ"

"ကိုတင်မောင်သိန်းပဲပေါ့"

"ကိုတင်မောင်သိန်း"

တူးမာက ထပ်တူ ရွတ်ကြည့်၍ မျက်ရည်ရွှဲနေသော မျက်ဝန်းလေးများကို ကြုံ့ရင်း စဉ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဆိုင်လို့ ဘယ်လိုလုပ်ပြီး သိသွားရတာလဲ"

"မပြောတတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ညီမလေးကို တွေ့ တာပဲ။ သူ့ကို ကျေးဇူးတင်လှပါပြီလေ"

"မမ သူ့ကို ဘာလို့ ဆက်ဆံနေတာလဲ"

"မဆက်ဆံပါဘူး။ သူ့ကို ဘယ်တော့မှလည်း အတွေ့ ပါဘူး။ ဒါပေမယ့် တူးမာ ပျောက်နေတော့ မမဖြင့် ရူးမတ စိတ်ပူမိတယ်။ ကဲပါလေ. . . တို့ညီအစ်မ ပြန်ဆုံရပြီပဲ၊ ကို မောင်သိန်းကိုစွ အသာထားလိုက်ပါတော့"

"ဒီလူ ဝင်ပါနေတာ တူးမာ မကြိုက်ဘူး။ သူ့မှာ အ အစည်တစ်ခု ရှိသလားပဲ။ မမ သူနဲ့ ကင်းကင်းနေ နော်"

"အေးပါ"

တူးမာက စိမ့်စမ်းအေးအတွက် ပူသည်။

စိမ့်စမ်းအေးက တူးမာအတွက် စိုးရိမ်သည်။

တူးမာက လူယုတ်မာမို့ အစ်မနှင့် စိတ်မချရုံသာ။ စိမ့် အေးက တူးမာ၏ဘဝမှန်ကို ဖော်ထုတ်မည့်သူလားဟု စိုး ကြီးစွာ ပူပန်ရသူပါ။ သို့ပါသော်လည်း ဤအကြောင်းမျာ ဤနေရာတွင် ရပ်လိုက်ကြပြီး. . .

"ကဲ. . . ပြောပါဦး တူးမာရယ်. . . ဘယ်သူနဲ့ ဘ တုန်းက လက်ထပ်လိုက်တာလဲ။ အခု ကိုယ်ဝန်က ဘယ် ရှိနေပြီလဲဟင်. . ."

"လေးလကျော်ပြီ"

"ဟင်. . ."

"တူးမာ လက်ထပ်ပြီးတာ လေးလတောင် ရှိပြီလား"



တူးမာက အင်အားမဲ့စွာ ခေါင်းညိတ်ပြသည်။

"ဒါဖြင့် 'ငြိမ့်'မှာ အလုပ်မလုပ်တာလည်း ကြာပြီပေါ့"

"ဒီလမှ ခွင့်တစ်လယူတာပါ။ နောက် ထွက်ရမှာပေါ့။ ဆိုင်မျိုးမှာ ကိုယ်ဝန်ကြီးနဲ့ ဘယ်လိုလုပ်ပြီး အလုပ်ဆက်လုပ်လို့ မှာလဲ မမရယ်"

"အေးပေါ့။ နေပါဦး။ ခုလို တိုက်ခန်း သပ်သပ်ရပ်ရပ် သေးနဲ့ တင့်တောင့် တင့်တယ်ထားနိုင်တဲ့ တူးမာရဲ့ခင်ပွန်းက ယ်သူလဲ ဟင်. . . သူ ခု ဘယ်သွားလဲ။ အလုပ်သွားသလား"

အင်အားပြည့်လွန်းသော မမ၏ မေးခွန်းများကို တူးမာ ဖြေနိုင်။ မျက်ရည်များသာ ထပ်၍ သွန်ကျလာတော့သည်။

သည်အထိလည်း စိမ့်စမ်းအေးက မရိပ်မိသေး။

"မငိုပါနဲ့ ညီမလေးရယ်. . . အိမ်ထောင်ပြုစောလို့ မြှာတာပဲရှိတယ်။ မမ ခွင့်လွှတ်ပါတယ်။ မမအတွက် ဝမ်း ည်းနေနဲ့ သိလား။ ကဲ. . . ပြောစမ်းပါဦး၊ ညီမလေး ယောက်ျားအကြောင်းကို၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာအလုပ် ိုင် လုပ်လဲ ဟင်. . . တူးမာထက် အသက်ကြီးလား"

ဖြူစင် ရိုးသားလွန်းစွာ စာကြိုးစားရုံမှလွဲ၍ လူ့ဘဝ၏ တွေ့အကြုံ၊ ချစ်ခြင်းမေတ္တာ၏ တိမ်းစောင်းမှု၊ လူမှုရေး တွက် ထိန်ချန်ထားခြင်းများ၊ သစ္စာတရားဆိုတိုင်း မနက်ရှိုင်း တ်။ ယနေ့ လူမှုရေးဖောက်ပြန်မှုများ စသည်. . . စသည် ကို ဘာတစ်ခုမှ မသိသော၊ နားမလည်ရှာသော စိမ့်စမ်းအေး တည်ငြိမ်အေးဆေးနေသော မျက်နှာလေးကို ကြည့်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



တူးမာမှာ တင်းထား၍မရတော့။ စိမ့်စမ်းအေးကို ထိုင်
၍ သူ့ပေါင်ပေါ်သို့ ပစ်လှဲချပြီး ငယ်ဘဝ ဆိုစဥ်တုန်းကလို လူး
လိမ့်လိမ့် ငိုချလိုက်ပါတော့သည်။

"ညီမလေး. . . တူးမာ. . ."

သည်တော့မှ မှန်းဆရုံအသိဖြင့် နည်းနည်း ရိပ်မိလာ
တူးမာကိုဖက်ပြီး သူလည်း ငိုမိတော့သည်။

ညီအစ်မနှစ်ယောက်၏ မျက်ရည်များ ကြာမြင့်
ရောနှောပြီးမှ တူးမာက ဖြည်းလေးမှုဖြင့် ထသည်။ အိပ်
တွင်းသို့ ဝင်သွားပြီး ပြန်ထွက်လာတော့ စာတစ်ရွက်
စိမ့်စမ်းအေးလက်သို့ လှမ်းပေးပြီး. . .

"တူးမာ ပိုင်ဆိုင်ရရှိတာ အဲဒီစာချုပ်တစ်ခုပါပဲ မမ

တူးတူးမာက စိမ့်စမ်းအေး၏ ပခုံးစွန်းမှာ ခေါင်း
တသိမ့်သိမ့် ငိုရှိုက်နေရှာပါ၏။

**'နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း'**

ဆိုသော စာချုပ်တွင်းမှ နေရပ်လိပ်စာများ၊ အဘအမ
များ၊ မည်သူတစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်မှုမှမပါရှိပါ
လက်ထပ်လက်မှတ်ရေးထိုးကြောင်း စသည့်စာများ၊ အော
တွင် အသိသက်သေ ယောက်ျားလေးနှစ်ယောက်နှင့်။

သတို့သား. . . . . . နေဦးနိုင်၊
သတို့သမီး. . . . . . တူးတူးမာ။



တူးမာတို့သာဆိုလျှင် သည်နေရာ 'ဟာ. . .' ခန်
ဖြစ်သွားရမည့် အခန်း။

ယခုတော့ စိမ့်စမ်းအေးမှာ နေဦးနိုင်. . . ဆိုသော
အမည်ကို သူ လုံးဝမမှတ်မိ၊ မသိရှိတော့၊ စိုးထံမှ ပစ္စည်းထုပ်
ယာပို့သူ၏ အမည်ကိုလည်း သူ မမှတ်မိ။

ကျွန်တော့်နာမည်က နေဦးနိုင်ပါ၊ ဝင်ဒါမီယာမှာနေပြီး
အာရ်အိုင်တီဖို့(သ်)ရီးယားပါ ဆိုပြီး သူ့ထံ မကြာခဏ လိုက်လံ
ခုန်းကပ်နေသူ၏အမည်ကို သူ မမှတ်မိတော့။ ပထမတစ်ကြိမ်
ပြောစဥ်ကပင် 'နေဦးနိုင်' ဆိုသည်ကို သူကြားမှ ကြားလိုက်မိပါ
ခဲ့လား။

ကြားဖြစ်ခဲ့လျှင်လည်း မှတ်မိမည်မဟုတ်။ စိမ့်စမ်းအေး၏
အရည်အချင်းက လူတစ်ယောက်ကို သုံးခါလောက် မြင်ဖူးလျှင်
လည်း မမှတ်မိ။ လမ်းတစ်ခုကို တစ်ခါနှစ်ခါ ရောက်ဖူးရုံနှင့်
လည်း နောက်ထပ်မသွားတတ်။ အမျိုးသားများပေါ် အာရုံ
စိုက်မှု လုံးဝမရှိ။ လမ်းလျှောက်လျှင်လည်း ခေါင်းကြီးငုံ့ပြီး
လျှောက်တတ်သည်က တစ်သက်လုံးအကျင့်။

စိမ့်စမ်းအေးအတွက် နေဦးနိုင်ဆိုသောအမည်ကို မသိ
တော့။ မေ့သွားခဲ့လေပြီ။ သို့ပါသော်လည်း စိုးထံမှ အထုပ်
ယာပို့စဥ်က ခပ်ကြာကြာ ဆုံခဲ့ရသဖြင့် လူကို ပြန်မြင်ခွင့် ရလျှင်
ဖြင့် မှတ်မိကောင်း မှတ်မိပါလိမ့်မည်။

"တူးမာ ပိုင်ဆိုင်ရရှိတာ အဲဒီစာချုပ်တစ်ခုတည်းပါပဲ
ဆိုတော့ သူက အခု ညီမလေးဆီမလာတော့ဘူးလား ဟင်"

"တစ်ပတ်တစ်ခါလောက်တော့. . ."

www.burmeseclassic.com

www.burmeseclassic.com



တူးမာ၏ နောက်ဆက်တွဲစကားများက ရှိုက်သံနှ
ရောထွေးသွားတော့သည်။

"ဒီအိမ်ခန်းကရော သူဝယ်ပေးထားတာလား"

တူးမာက ခေါင်းရမ်းရင်း. . .

"သူများအခန်းပါ"

"ဟင်"

"တူးမာ. . . သူ့ကို သိပ်ချစ်တယ် မမရယ်"

စိတ်နာစရာ လူတစ်ယောက်ကို တူးမာက သိပ်ချစ်တ
ဆိုပြန်တော့ စိမ့်စမ်းအေးမှာ မတ်အပေါ်တွင် ဘယ်လို သဘေ
ထားရမှန်းပင် မသိတတ်နိုင်တော့။

"ညှိလို့မရနိုင်တဲ့ ဘဝနှစ်ခုမှန်း တူးမာ ကြိုသိပေမေ
သူ့ကိုသိပ်ချစ်တော့ တူးမာ မိုက်မိုက်မဲမဲ လိုက်လျောခဲ့မိပါတ
မမ"

တူးမာက နှုတ်ခမ်းလေးကိုကိုက်၍ အားမာန်သွင်းလိုက်
မျိုးဖြင့်. . .

"တူးမာကတော့ ကိုယ့်ဘဝနဲ့ကိုယ် ရှိပါစေတော့၊ တူးမ
အချစ်ဦးနဲ့ရတဲ့ ရင်သွေးကို ဖြစ်အောင်မွေးပါ့မယ်။ ခု
ဘဝမှာလည်း တူးမာကိုယ်တူးမာ ဖန်တီးနိုင်ပါတယ်။ တူး
စိုးရိမ်စိတ်ညစ်နေတာ တစ်ခုတည်းပါ"

"ဘာလဲ. . . ညီမလေး"

"မမအတွက်"

"အို. . ."

"မမ ကျောင်းစရိတ်က ဘယ်လိုလုပ်မလဲ၊ ဒီနှစ်က သ



အရေးကြီးတဲ့ နောက်ဆုံးနှစ်ကို တက်ရတော့မယ်မဟုတ်လား"

"တူးမာ. . . ညီမလေး. . . တူးမာလေးရယ်"

သည်တစ်ခါတော့ စိမ့်စမ်းအေးက တူးတူးမာကို သိမ်းကြုံး
ဖက်လိုက်ပြီး နင့်နဲလှိုက်လှဲစွာ ငိုချလိုက်တော့သည်။

လုံးဝ စွန့်ခွာမသွားပါဆိုသော်မှ တိတ်တခိုး ပေါင်းသင်း
ရမည့်ဘဝ၊ ဘာမှ မစွမ်းဆောင်နိုင်သော ကိုယ်ဝန်ဆောင်
ဘဝကြီးကိုပင် သူ အရေးမထားအား၊ အစ်မဖြစ်သူအတွက် ပူပန်
ပါသည်ဆိုသော ညီမလေး၏ ကရုဏာတို့သည် မျက်ရည်မိုးများ
အဖြစ်နှင့် စိမ့်စမ်းအေး၏ မျက်ဝန်းမှာ သည်းထန်စွာ ရွာရ
ပါပြီတည်း။

"မပူနဲ့. . . မပူပါနဲ့ တူးမာရယ်။ မမကျောင်းမနေတော့
ဘူး၊ ကျောင်းထွက်လိုက်မှာပေါ့"

"ဒီလို မဖြစ်စေရဘူး၊ တူးမာကြောင့် မမ ဘွဲ့မရဘဲ
နေတော့မှာပေါ့"

"မမကို ဒီထိအောင်ပဲ ငဲ့ရသလားကွယ်။ မမ ဘယ်
နေရက်တော့မှာလဲ။ အဆောင်ကပါ ထွက်လိုက်ပါ့မယ်"

စိမ့်စမ်းအေးက တူးမာ စိတ်သက်သာစေရန်ချည်း
မဟုတ်၊ တကယ်လုပ်ရတော့မည့်ကိစ္စဟု တင်ပြလာသည်ကို
တူးမာ ကြိုတင်တွေးမိစွာဖြင့်. . .

"တူးမာ စိတ်မချမ်းသာဘူးဆိုတာ အဲဒါတွေပေါ့ မမ၊
အဆောင်ကထွက်ပြီး ဘယ်မှာသွားနေကြမှာလဲ"

တူးမာပြောလေမှ စိမ့်စမ်းအေး ထိတ်လန့်စွာ တွေးမိလာ
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုစိုးဆီက စာလာသေးလား"

တစ်ခုတည်းသော အားကိုးရာအဖြစ်နှင့် တူးမာက မျှော်
လင့်စွာ မေးပါ၏။

"လာပါတယ် တူးမာ၊ သူ ပြန်လာဖို့က ရှစ်လလော
လိုသေးတယ်"

"အင်း"

တူးတူးမာက သက်ပြင်းကို ပြင်းစွာရှိုက်လိုက်သည်။

"စိုးကတော့လေ ဖေဖေသေတာလည်း မသိ၊ သူ့အ
ငွေမပေးတာတွေလည်း မသိရှာဘူး။ ခုတော့ အဖြစ်မှန်
ရေးပြလိုက်တော့မယ်လေ။ သူ တို့ညီအစ်မကို ပစ်မထား
ပါဘူး. . . တူးမာရယ်"

တူးမာ၏ အားလျော့သော မျက်ဝန်းမှာ လင်းလ
လာသည်။

"မမအတွက် မပူပါနဲ့၊ တူးမာသာ တူးမာခင်ပွန်းနဲ့ ဘယ်
ပြေလည်ကြမှာလဲကွယ်။ မမ သိပ်စိတ်ပူတာပဲ"

"သူလာရင် တစ်ခုခုစီစဉ်ပေးမှာပါ ထင်ပါရဲ့"

"ခု နေရတာ တစ်ယောက်တည်းလား"

တူးမာက ခေါင်းညိတ်ပြသည်။

"အို. . . ကိုယ်ဝန်ကြီးနဲ့ တစ်ယောက်တည်း စိတ်
လိုက်တာ။ ညရော. . . သူလာအိပ်လား"

တူးမာက အားငယ်စွာ ခေါင်းရမ်းပြပြန်သည်။

"ဒီလိုဆို. . . ဒီအိမ်ကို မမ ပြောင်းလာခဲ့မယ်။ ညီမလေး
ကို စိတ်မချဘူးကွယ်"



"တူးမာအတွက် ရပါတယ်၊ မမ အတွက်သာ တူးမာ
ပူတာ"

"အို. . . မမမှာ လောလောဆယ် ဘာဒုက္ခမှ မရှိသေး
ဘူး။ စိုးဆီကလည်း အကူညီရမှာပါ"

"ဒီမှာ. . . မမ"

"အင်း"

"အခု တစ်နှစ်စာကျောင်းစရိတ်ကို တူးမာရဲ့ အလုပ်ရှင်
ဦးဉာဏ်စိုးဆီက တူးမာပြောကြည့်ပေးပါ့မယ်။ ကိုကိုစိုး
ပြန်လာရင် ပြန်ဆပ်ပါ့မယ်လို့ ပြောကြတာပေါ့"

"စိုး ပြန်လာရင် မမတို့ ကျိန်းသေ အေးချမ်းရပါပြီ။
ခု. . . လောလောဆယ်သာ အဲဒီ ဦးဉာဏ်စိုးက ကူညီမယ်
ဆိုရင် ကောင်းမှာပဲနော်"

"သူက တူးမာပေါ် သံယောဇဉ် ရှိရှာပါတယ်။ တူးမာ
ကိုကိုဦးနဲ့ လက်ထပ်လိုက်တာ သူ မသိဘူး"

"ဟုတ်လား၊ ဒါကြောင့် ခွင့်တစ်လယူထားတယ်လို့
ပြောတာပေါ့နော်"

"မမအတွက် သူနဲ့ဆွေးနွေးပြီး ငွေအကူညီတောင်းပေးပါ့
မယ်လေ. . . နော်"

"ညီမလေးရယ်"

"တူးမာအတွက်ကတော့ ဒီတစ်ခါ ကိုကိုဦးလာရင်
တူးမာကို သနားပါလို့ပြောပြီး တူးမာရဲ့ရှေ့ရေးကို စီစဉ်ပေးပါလို့
တောင်းပန်ရတော့မှာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



တူးမာ၏ မျက်ခမ်းစပ်မှာ မျက်ရည်ဥလေးများ ခိုသီး
လာပြန်သည်။

စိမ့်စမ်းအေးက မျက်ရည်လေးများကို သုတ်ပေးပြီး သူ
ကိုယ်တိုင်မငိုဖြစ်အောင် ထိန်းလိုက်ရတော့သည်။

"ဖြစ်မှ ဖြစ်ရလေခြင်း"

ဟူသော ယူကျုံးမရစိတ်နှင့်အတူ. . .

ချစ်လှစွာသော ကျေးဇူးရှင် ညီမငယ်လေးပေါ်သို့ စိမ့်စမ်း
အေး၏ ကရုဏာ ရေအလျဉ်သည် စမ်းရေစီးသည်မျှ မကပါ
တောင်ကျရေပမာ အဆီးအတားမဲ့ လိမ့်ဆင်းသွန်ကျ
လာခဲ့ရပါပြီတည်း။

◆ ◆ ◆

## အခန်း ॥ ၃၀ ॥

မြစ်ဝကျွန်းပေါ်သွား သင်္ဘောများ၏ အားထားဝယ်ယူရာ
တစ်ခုတည်းသော ကုန်စိမ်း 'ကီလီဈေး'။

ညိုညစ်နေသော မြစ်ပြင်ပေါ်မှ အမည်စုံ 'ကြားသင်္ဘော'
များ။ ပြီးတော့ ညစ်ပတ်နေသောလမ်းနှင့် ရှုပ်ထွေးနေသော
တုန်တင်ကုန်ချ အလုပ်သမားများရှိရာတို့ကို မျက်နှာမူ
လျက်. . .

အလယ်ရှိ သစ်သီးဈေးတွင် လက်မလည်သေးသော
ဒေါ်လှကျော့ကို စောင့်ဆိုင်းနေရသည်။ သူကမြင်နှင့်ပြီး ဝယ်သူ
များ ရှင်းသွားသည်နှင့်. . .

"ဘာယူမလဲ ငါ့တူ"

ဈေးဝယ်သူအထင်နှင့် ဒေါ်လှကျော့က ပြောလိုက်သည်။

"ဝယ်မလို့ မဟုတ်ပါဘူး။ အဒေါ်နဲ့ကျွန်တော် နည်းနည်း
ဆွေးနွေးစရာလေးရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



"အလို. . . မင်းလည်း ငါမသိပါလား"

"ဟုတ်ကဲ့၊ ပြောရမယ့် အကြောင်းရာက ရှည်ပါတယ်။ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ"

ထိုစဉ် အမျိုးသမီးတစ်ဦးက သဘော်သီးတစ်ခြမ်း ဈေးမေး၍ နှစ်ခြမ်း ဝယ်သွားသည်။

ကိုတင်မောင်သိန်းက ရပ်စောင့် နေရပါ၏။ သူ ကတော့ ထုံးစံအတိုင်း ရှိုးအပြည့်နှင့်မို့ ဒေါ်လှကျော့က ယုံကြည် သွားဟန်ဖြင့်. . .

"ကဲ. . . ဆို. . . ဘာကိစ္စလဲ"

"ဒီမှာတော့ ပြောလို့ မကောင်းဘူးထင်တယ် အဒေါ်၊ ဈေးဝယ်သူတွေက ခဏခဏ လာနေတော့. . ."

"နေပါဦး၊ မင်းကိစ္စက ဘာများ အရေးကြီးလို့လဲ၊ ကျုပ်လည်း ဘာမှ ရှုပ်ရှုပ်ရှက်ရှက် မလုပ်ရပါလားတော်"

အတော်ကြမ်းသော ဈေးသည်မကြီး ဒေါ်လှကျော့၏ ရင်သွေး တူးမာသည်လည်း အကြောက်အရွံ့ဆိုသည် ဘာလဲဟု မေးယူရမည့် အခြေနေနှင့် နေခဲ့ရာမှ ယခုတော့. . .

"ကဲ. . . ပြောလေ"

"ကျွန်တော် ပြင်စလူရွာကပါ"

"ပြင်စလူ. . ."

"ဟုတ်ကဲ့၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်နီးပါး အကြောင်း လေးတစ်ခုကို တင်ပြချင်လို့ပါ"

ဒေါ်လှကျော့ တွေဝေသွားသည်။ စဉ်းစားဟန်ရှိ မဟုတ်ပါ၊ တစ်ခါတည်း သိပြီးသားဖြစ်သွားသော်လည်း



အပြတ်ငြင်းလိုက်ရကောင်းမလား၊ ဆွေးနွေးရ ကောင်းမလား သူ စဉ်းစားနေဟန်မျိုးပါ။

"ကျွန်တော်က သက်သက် စေတနာနဲ့ ကူညီတာပါ ဆိုတာ ကျွန်တော့်စကားဆုံးရင် အဒေါ် သဘောပေါက်မှာ ပါခင်ဗျာ"

သည်တော့မှ ဒေါ်လှကျော့က ငါးသေတ္တာခွက်ထဲမှ သနပ်ဖက်ဆေးလိပ်ကို ဆွဲ၍ခဲပြီး ဆိုင်ပေါ်မှ ဆင်းလိုက်သည်။

"ကိုကျော်အုံး. . . ဟေး. . . ကိုကျော်အုံး၊ ဆိုင်ထိုင်လိုက်စမ်းပါ။ ကျုပ်ဒီနား ခဏလေး"

သူ့ ခင်ပွန်းဖြစ်ဟန်တူသော လူပိန်ပိန် ခြောက်ခြောက်က မျက်စောင်းထိုးရှိ ငှက်ပျောခိုင်များဆိုင်ရှေ့မှာ ရပ်စကားပြော နေရာမှ ပျာပျာသလဲ ရောက်လာရှာပါ၏။

ဒေါ်လှကျော့သည် သူ့ခင်ပွန်းကိုပိုင်သော အမျိုးသမီးကြီး ပါလား။

ကိုယ်ဝန်ဆောင် တစ်ယောက်လို ဗိုက်က ပူလွန်းလှသည်။ အကျီလုံချည်က အညံ့စားမဟုတ်သော်လည်း ချေးမစင်၍ အရောင်ညစ်နွမ်းနေသည်။ မျက်နှာက အဆီပြောင်၍ ဘီးစပတ် ပေါ်မှ ဆံပင်များက မည်း၍ခဲနေသည်။ ခေါင်းလျှော်ပြီးစ ဆံပင်လို ပျော့နွဲ့စင်ကြယ်မနေပါ။ သူ့မျက်နှာမှာ တူးမာနှင့် တူလွန်းလှသည်။ တူးမာက ငယ်ပြီး ခေတ်မီလွန်းစွာ ပြင်ဆင် ထား၍သာ။

တူးမာကို ပြလိုက်လျှင်လည်း သူ့သမီးဟု မငြင်းသာ၊ သူ့ကိုမြင်ပြီး အကြောင်းသိရလျှင်လည်း တူးမာက ငြင်းစရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကီလီဈေးရုံ၏ ရှေ့တည့်တည့်မှ 'ကောင်းမြတ်ကြည် စားသောက်ဆိုင်ကြီး'တွင် ထိုင်ကြသည်။ လူရှင်းသော အပေါ် ဆင့် စားပွဲမှာထိုင်ပြီး လက်ဖက်ရည်မှာ၍ ဆယ်တန်တစ်ရွက်ကို ကိုတင်မောင်သန်းက ပေးထားနှင့်သည်။ ပြီးမှ ရှင်းမည်ဟုလည်း ဆိုပါ၏။

ခိုင်လုံသော နိဒါန်းများအပြီးတွင်. . .

"အဲဒီ အဒေါ်ပေးခဲ့တဲ့ကလေးဟာ ခု ၃၄ လမ်းထဲမှာ ရှိနေပါတယ်။ နာမည်က တူးတူးမာတဲ့။ အဲဒါ အဒေါ် တွေ့ချင်သလားလို့။ သူကတော့ ဘာမှမသိသေးဘူး"

ဒေါ်လှကျော့မှာ နက်နဲစွာ တွေဝေသွားသည်။

"ကိုမောင်လှိုင်-မခင်တင့်တို့ကို သူခင်တွယ်နေရင်လည်း ရှိပါစေတော့ကွယ်။ အဒေါ့်ကို သူ စိတ်နာနေမှာပေါ့"

"ဦးမောင်လှိုင်ရော ဒေါ်ခင်တင့်ပါ ဆုံးသွားကြပါပြီ"

"ဟင်. . ."

"အဲဒါကြောင့် တွေ့ချင်ပါသလားလို့"

"သြော်. . . မိခင်စိတ်နဲ့ ကိုယ့်ရင်သွေးတော့ ကိုယ် တွေ့ချင်ပါရဲ့။ သူလည်း သူ့ဘဝနဲ့သူ အဆင်ပြေနေရင် အဒေါ် မတွေ့သင့်ဘူးထင်ပါတယ်ကွယ်။ ဒီမှာလည်း ကလေး ငါးယောက်နဲ့။ သူ့ကိုလည်း ထောက်ပံ့နိုင်မှာမှ မဟုတ်တဲ့အတူတူ"

ကိုတင်မောင်သိန်း စိတ်ပျက်သွားမိသည်။ မိခင် ဆိုသော် လည်း ရင်နို့မတိုက်ကျွေးရသည့်အပြင် အသက်နှင့်အမျှ ဝေး လို့များ စိမ်းလေသလား။

"သူ ကျောင်းတက်တုန်းလား ဟင်၊ ဘယ်သူနဲ့နေလဲ။ ဒီ



သမီးလေးဟာ ဆယ့်ရှစ်နှစ်ကျော်လို့ ဆယ့်ကိုးနှစ်ထဲ ရောက် ရောပေါ့"

ကိုတင်မောင်သိန်း ထင်သလို မဟုတ်ပါလား။ ဒေါ်လှ ကျော့ မျက်ဝန်းမှာ မျက်ရည်များ ဝဲလာသည်။

"သူ အိမ်ထောင်ကျနေပါပြီ"

"အို. . . ငယ်ငယ်လေး ရှိသေးတာ။ သူ့ယောက်ျားက ရော ဟန်ရဲ့လား"

"ဟန်လွန်းလို့ ခက်နေပါတယ် အဒေါ်"

"ဘာ. . . ဘယ်လို. . ."

"သိပ်ချမ်းသာတဲ့ သူဌေးသားလေ။ လက်ထပ်ထား ပေမယ့် လူသိရှင်ကြား တရားဝင် ယူထားတာ မဟုတ်သေးပါဘူး။ တူးမာဟာ သနားစရာပါဗျာ"

ဒေါ်လှကျော့သည် သူ့လက်ကြားမှ ဆေးလိပ်ကို မေ့လျော့စွာ ကိုင်ထားရင်း တွေဝေနေရှာသည်။ ပြီးမှ. . .

"သြော်. . . ငါတို့ခေတ်တုန်းကသာ ခြေတော်တင် ခေတ် မို့ ငွေငါးရာနဲ့ ပြီးခဲ့ရတယ်။ ခုခေတ်မှာ ဒါမျိုးမရတော့ပါဘူး။ ဒီမှာ ငါ့တူ. . . အဲ. . . တင်မောင်သိန်းနော်"

"ဟုတ်ကဲ့"

"ဒီလိုလုပ်ကွယ်"

"ပြောပါအဒေါ်"

"သမီးလေးကို အခုလို အကျိုးအကြောင်းပြောပြီး အရင် တိုင်ပင်ကြည့်စမ်းပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သူက အဒေါ်ကို စိတ်မနာပါဘူး။ မိခင်အဖြစ်နဲ့ တွေ့ချ
ပါတယ်ဆိုရင် ငါတို့ အဒေါ်ကို လာခေါ်ပါနော်"

"ဟုတ်တယ်၊ အဒေါ် အကြံကောင်းပါတယ် ခင်ဗျာ"

"အေးကွယ်၊ သမီးလေးကို တွေ့ခွင့်ရပြီး အဒေါ်တို့
ကလို အဖြစ်မျိုး ဖြစ်နေခဲ့ရင်တော့ ဘာရမလဲ၊ အဒေါ် ကိုယ်တို
သက်ဆိုင်ရာ ကောင်စီတို့၊ လူမှုရေးအသင်းတို့ လိုက်တိုင်ပြီ
သားမှတ်မှတ်၊ မယားမှတ်မှတ် ဒီကောင်ကို ပေါင်းခိုင်းရမှာပေ

ပြတ်သားရုံမက အာကြမ်းပုံရသော ဒေါ်လှကျော့
ပင်. . .

"ဪ. . . ဟိုတုန်းကတော့ ကိုယ်ကလည်း အရွယ်
ငယ်။ 'သူ'ကလည်း အတွင်းဝန်။ ပြီးတော့ ခင်မကြီးကိုလည်
ကြောက်ရတော့ ငွေငါးရာနဲ့ ဆွေနီးမျိုးစပ်ရှိရာ ပြန်ခဲ့ရတာ
ငါ့သမီးလေးလည်း ငါ့အဖြစ်မျိုး မဖြစ်ပါစေနဲ့ကွယ်"

"တူမာကလည်း အဒေါ် သွေးပါလို့လားမသိဘူး။ သိ
မညံ့ပါဘူး"

"အေး. . . အေး. . . ကဲ. . . ဒါဖြင့် သမီးလေးကို ငါ့
မေးပေးနော်။ သူ မတွေ့ချင်ဘူးဆိုလည်း အဒေါ် သူမသိအော
လာကြည့်ပါရစေ၊ တွေ့လိုပါတယ်ဆိုရင်လည်း ကိုယ့်သမီးတို့
ကိုယ်ရှေ့က ဆောင်ရွက်မှာပေါ့"

ကိုတင်မောင်သိန်းပင် ငြိမ်နေရသည်။ ဒေါ်လှကျော့
ချည်း ပြောနေပါ၏။

"အဒေါ် ဆိုင်မှာအမြဲရှိပါတယ်။ ငါတို့ တစ်ခေါ်
ပြန်လာခဲ့ပါဦးနော်။ ရှော့. . . လမ်းစရိတ်ယူသွားပါ။ ကျေးဇူး



ဆို့ ပေးတာပါကွယ်။ ဘယ်လိုမှ မအောင်းမေ့ပါနဲ့"

ညစ်ပေနေသော သူ့ဘော်လီအိတ်တွင်းမှ အစိတ်တန် တစ်ရွက်ကို အတင်း အိတ်တွင်း ထိုးထည့်လိုက်ပါ၏။ တင်မောင်သိန်း မငြင်းတော့။ လက်ဖက်ရည်ဖိုးတော့ သူ့ရှင်းလိုက်ပါ၏။

နဂိုတည်းက အငြိမ်မနေတတ်။ ခပ်ပွေပွေ ခပ်ရှုပ်ရှုပ်၊ အလုပ်က မရှိသော ကိုတင်မောင်သိန်းမှာ တူမာ၏ကိစ္စကို အလကားနေရင်း အားကြိုးမာန်တက် လိုက်၍ ဆောင်ရွက်နေခြင်းသာပါ. . .

နေဦးနိုင်နှင့် လက်ထပ်ပြီး အခန်းငှားပေးထားသည်ဆိုသာ သူသိသည်။ စိမ့်စမ်းအေးနှင့် နောက်ဆုံးအခြေနေနှင့် တူမာတွင် ကိုယ်ဝန်ရှိနေပြီဆိုသည်ကို သူမသိ။

ဒေါ်လှကျော့သည်. . .

အနှစ်နှစ်ဆယ်ဆီမှ သယ်ဆောင်ခဲ့ရသော သောကမီးလို 'သမီး'ဆိုသော သူလေးအတွက် လေးလံသော ရင်ဖြင့် ဆိုင်သို့ ပြန်လာခဲ့ရသော်လည်း. . .

ကိုတင်မောင်သိန်းကဖြင့် သူ့ဆောင်ရွက်ချက် အောင်မြင်၍ ရင်၌ ပေါ့သွားသည်။

ထိုနေ့က မြင်သာအိမ်တို့ သူပြန်အရောက်တွင် မော်လမြိုင်ဘက်မှ ဧည့်သည်များ သူ့ကိုစောင့်နေသည်ကို တွေ့လိုက်ရပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၃၁

စိုးရဲ့ စိမ့်ရေ

စာသုံးစောင်လုံး တပြိုင်တည်းရလို့ ဝမ်းသာလို
ရတာ မပြောပါနဲ့တော့၊ ငါလေ. . . နင့်စာတွေဖတ်
အားလုံး အလွတ်ရနေပါပြီ။ လွမ်းတိုင်းဖတ်၊ အားတိုင်
ဖတ်ပါပဲ. . .

ရန်ကုန်မှာ အားလုံး အဆင်ပြေတယ်ဆိုလို့
ရင်အေးရပါပြီ။ အဖေ့စာထဲမှာတော့ နင်တို့နဲ့ တွေ့တ
လို့ မပါဘူး။ ငါပို့တဲ့ငွေတွေ တူးမာသွားယူရဲ့ကလာ

ငါတို့ အခု စင်ကာပူမှာ တစ်ပတ်လော
နားရတယ်။ လမ်းမှာ ရေးလာတဲ့ စာတွေရော၊ ခုစာ
တစ်ခါတည်း ထည့်လိုက်တယ်။

စင်ကာပူဆိုတာက နိုင်ငံလည်း ဒါ၊ မြို့လည်း ဒါ
စုစုစည်းစည်းနဲ့ သိပ်စည်ကား ကြီးကျယ်တာပဲ။ စင်ကာ



မလေးရှား၊ ဇန်ကောက်မြို့။ သုံးနိုင်ငံကို ဆက်ထားတဲ့ မီးရထားလမ်းကြီးလည်း ရှိတယ်။ ပင်လယ်ဆိပ်ကမ်း ဆိုတော့ သင်္ဘောအဝင်အထွက် ကျောက်ချရပ်နားထား တာတွေက ရာနဲ့ချီပြီး ပြည့်နေတယ်။

Eastern နဲ့ Western Anchorage ဆိုပြီး နေရာတွေ သတ်မှတ်ကျောက်ချထားရတယ်။

များသောအားဖြင့် Europe နဲ့ Persian Gulf ဘက်ကလာတဲ့ သင်္ဘောတွေဟာ Western ဘက်မှာ ကျောက်ချတာများတယ်။

ဥရောပနဲ့ ပါရှင်းပင်လယ်ကွေ့က လာတာမဟုတ် တဲ့ တို့အရှေ့နိုင်ငံ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်တို့ ဘက်ကလာတဲ့ သင်္ဘောတွေကျတော့ အရှေ့ဘက် Eastern မှာ ကျောက်ချတာများပါတယ်။

ငါက အခု (သဒ်မိတ်-)တတိယအရာရှိ ဖြစ်သွားပြီ ဆိုတော့ သင်္ဘောကျောက်ချချိန်မှာ နှစ်ရက်ခြား တစ်ခါပဲ ဂျူတီဝင်ရတယ်။ ကျန်တဲ့အားရက် လည်လို့ရပါတယ်။

တို့သင်္ဘောက စင်ကာပူပြန်ရောက်လာလည်း ကုန်တင်ကုန်ချရုံပဲ ကမ်းကပ်ရတယ်။ ပြီးရင် ရေလယ်မှာ ကျောက်ချ ရပ်နားထားရတယ်ပေါ့။

အားတဲ့နေ့တော့ မြို့ထဲ တက်လည်ဖို့ တို့ကုမ္ပဏီ က ပေးထားတဲ့ Launch Boat လို့ ခေါ်တဲ့ သင်္ဘော ငယ်လေးတစ်စင်းဟာ တို့ကိုကြို၊ ကမ်းကိုပို့၊ ပြန်ကြို၊ ပြန်ပို့ဖို့အတွက်ပါ။ Service Boat လို့လည်း ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူက တစ်နေ့လေးခေါက် ပို့-ကြိုပေးတယ်။
နောက်ဆုံးစောင့်ချိန် Last Service က ည ၁၀
၁၁ နာရီကြား။ အလည်လွန်ပြီး မမီရင်တော့ ဟိုတယ်
လည်း မအိပ်နိုင်ဘူး၊ သိပ်ဈေးကြီးလို့။

Geyland ဂေးလဲန်ရပ်ကွက်လို့ ခေါ်တဲ့နေရာ
စင်ကာပူဒေါ်လာ ၁၀ ပေးပြီး အိပ်ခန်း ငှားအိပ်ရတ
အဲဒီမှာ တို့မြန်မာသင်္ဘောသားတွေ အများဆုံး အိပ်
ရှိတဲ့အရပ်ပေါ့။

တို့လို သင်္ဘောသားအတွက် သင်္ဘောနားလ
သင်္ဘောထဲမှာပဲနေရတယ် မိစိမ့်ရေ. . .။

ကြီးကျယ်လှတဲ့ Clifford Pear ဆိုတဲ့ စင်
ရဲ့ ဆိပ်ကမ်းကြီးမှာ ငါပြောတဲ့ Launch Boat လေး
ရပ်လိုက် ခွာလိုက်နဲ့၊ သင်္ဘောသားတွေ တက်ကြဆင်း
ရပါတယ်။

အဲဒီကနေ မြို့ထဲ လည်ဖို့ကျတော့ တစ်မြို့လုံး
ဘတ်(စ)ကား လိုင်းပေါင်း နှစ်ရာကျော်ရှိတ
မီးရထားလမ်းကတော့ တစ်လမ်းတည်းရယ်။ Taxi
သွားရင်တော့ ကားတိုင်းလိုမှာ Aircon လို့
ခေါ်ကြတဲ့ တို့ဆီက အဲယားကွန်ဒီးရှင်း လေအေး
တပ်ထားတဲ့ ကားချည်းပဲ။ လေအေးစက် မပါတဲ့
လည်း ရှိတယ်။ နည်းတယ်။ သူက ဈေးချိုပါတ
အဲယားကွန်းကားက မီတာတစ်ခါချိုးရင် 20-ce
နောက်သွားသလောက် မီတာတက်သွားတယ်ပေါ့။



ငယ်ငယ်လေးတုန်းက တို့ဆီမှာ သုံးဘီးစီးရင် မီတာ တစ်ခါတက်ရင် ၁၀ ပြားလိုပေါ့။ ဩော်. . . သူတို့ရဲ့ Singapore 100 cent ကလည်း တစ်ဒေါ်လာပဲ။

Califford Pear ကနေ Taxi နဲ့ ဆယ်မိနစ် အလွန်ဆုံးပဲ သွားရတယ်။ တစ်ခါတလေလည်း လမ်းလျှောက်သွားပါတယ်။ People's Park နဲ့ O.G ဆိုတဲ့ Shopping Centre တွေကို ရောက်ပါတယ်။ ပစ္စည်းက တခြားနေရာထက် ဈေးသက်သာတယ်။ အို. . . စုံလိုက်တဲ့ ပစ္စည်းတွေမှ. . . လူသုံး၊ အိမ်သုံး၊ အလှကုန်၊ အဝတ်အထည်အစုံပေါ့။ တို့အခေါ် "ဘုရားလေးဈေး"ဆိုတဲ့ ညဈေးတန်းမှာလည်း ဒီလိုပဲ ပေါတယ်။ စင်ကာပူမှာ နေတာက စင်ကာပူသား။ တရုတ်နဲ့ မလေးတွေပဲ များတယ်။ မလေးရှားနိုင်ငံသားကို မလေးလူမျိုးလို့ ခေါ်တာနော်။ နင်က အရာရာ အ,တော့ အစဆုံး ရှင်းပြရတာပါ။

"သူငယ်ချင်း လာပါ. . . ဝယ်ပါ"

လို့တောင် သူတို့တွေ မြန်မာစကားနဲ့ ခေါ်တတ်နေပြီ။ တို့မြန်မာသင်္ဘောသားတွေ အဝယ်များလွန်းလို့လေ။ ငါလည်း ရောက်လေရာမှာ နင့်အတွက် ပစ္စည်းလေးတွေ စုထားတာမှ တစ်ပုံကြီး။ တို့အိမ်ထောင်ထူထောင်ပြီးရင် သုံးဖို့ကအစပေါ့ မိစိမ့်ရယ်။ ငါ့ရင်ထဲမှာ နင်က အမြဲပါနေတော့၊ ရောက်လေရာမှာ နင့်အတွက်ချည်းပါ။

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်က အစည်ကားဆုံး လမ်းမကြီးဖြစ်တဲ့ Orchard Road က ကုန်တိုက်ကြီးတွေ ကျတော့ အံ့မခန်းပါပဲ။ Specialist Shopping Centre ဆိုတဲ့ ခေတ်မီတိုက်သစ်ကြီးက ပစ္စည်းတွေကျတော့ ဈေးကြီး လွန်းလှတယ်။ အနောက်တိုင်းသားတွေ အဝယ်များကြ တယ်။ အဲဒီမှာ တခြားဆိုင်တွေအပြင် တရုတ်ဘုံကျောင်း ပုံစံအတိုင်း ဆောက်ထားတဲ့ C.K: Tang ဆိုတဲ့ ဆိုင်ရဲ့ တခြား Shopping Centre တွေလည်း အများကြီးပေါ့

ပြီးတော့လေ. . .

Night Club တွေကတော့ နေရာတိုင်းမှာ ပြည့်လို့ပဲ။ အရက်နဲ့ အက,ပေါ့။ အစားတော့ မရဘူး တရုတ်မလေး၊ မလေးမလေးတွေနဲ့ Show Dance ရယ် Disco ရယ်ပါ။ အရက်ကတော့ အပြင်ထက် ကိုးဆ ဆယ်ဆလောက် ဈေးကြီးတယ်။ အဲဒီက Serve လုပ်တဲ့ ကောင်မလေးတွေက သူတို့ လခအပြင် အရက် ရောင်းပေးနိုင်တဲ့ အပေါ်မှာ ရာခိုင်နှုန်းနဲ့လည်း ရတယ် ပေါ့။ ပြီးတော့ သူနဲ့ကိုယ်နဲ့ သဘောတူရင် ခေါ်သွား လို့လည်းရတယ်။ လိုင်စင်နဲ့ မကောင်းတဲ့မိန်းမ ရပ်ကွက် တွေလည်းရှိတယ်။ အစားအသောက်ရတဲ့ ဟိုတယ်ကြီး တွေ ကျတော့လည်း ဈေးကကြီးလိုက်တာ။ အဲဒါမျိုးတွေ တစ်ညလောက်များ သွားပြီး စားသောက်ပျော်ပါးမိရင် တစ်ညတည်းနဲ့ ဒေါ်လာ သုံးရာလောက် ချောရော။ ငွေ နှမြောတာထက် နင့်ပေါ်မှာ အမြဲ သစ္စာစောင့်စည်းပါ



တယ်ဆိုတဲ့ ငါ့သန္နိဋ္ဌာန်ပါ။

ဒီတစ်ခါထွက်ရင် တစ်လနှစ်လလောက် ကြာလာ လိမ့်မယ် မိစိမ့်။ ပါရှင်း ပင်လယ်ကွေ့က Abu Dahibi အဗူဒါဘီ ဆိုတဲ့ ဆိပ်ကမ်းမြို့ကို သွားရမှာ။

မရပ် မနား Non Stop သွားရင်တောင် ၁၅ရက် လောက် ကြာမယ်။ ဟိုမှာ ကုန်တင် ကုန်ချလည်း ကြာမယ်ထင်တယ်။ ဒါကြောင့် ဒီတစ်ခါ ပြန်မထွက်ခင် စာကို တဝကြီး ရေးခဲ့တာ။

နင်လည်း စာတွေရေးထားပါ။ ငါတို့ ရောက်တဲ့ ဆိပ်ကမ်းကို တို့ကုမ္ပဏီက Forwarding လုပ်ပေးလေ့ ရှိပါတယ်။ လေယာဉ်နဲ့ လှမ်းပို့ပေးတယ်ပေါ့။

ငါ့ခရီးစဉ်လေး ပြောပြမယ်။

စင်ကာပူကထွက်ပြီး တို့အရှေ့တိုင်းပါပဲ၊ Malacca Strait (မလက်ကာရေလက်ကြား)ကို ဖြတ်ရမယ်။ အဲဒီမှာ တခြားအရှေ့၊ အနောက်သွား သင်္ဘောတွေ လည်း အများကြီးပဲ။

ပြီးတော့ အိန္ဒိယ သမုဒ္ဒရာထဲကို ဝင်ရမယ်ပေါ့။ အဲဒီမှာ မုန်တိုင်း မကြာခဏ မိတတ်တယ် မိစိမ့် ရယ်. . .။ 'ဆိုင်ကလုံး'ကလည်း မကြာခဏ ဖြစ်ပေါ် တတ်တဲ့ နေရာပဲ။ ငါသွားရမှာကလည်း မိုးရာသီလေ။

ပင်လယ်မှာတော့ မိုးရာသီ မဟုတ်လည်း မုန်တိုင်း က ရှိတတ်တယ်။ ဆိုင်ကလုံးနဲ့ မမိပါစေနဲ့လို့သာ ဆုတောင်းရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ ပင်လယ်ပြင်ကြီးထဲမှာပဲ လှိုင်
အလူးလူးနဲ့ နေရတဲ့ သင်္ဘောသားဘဝကို ငါပြီးရှေ
တာထက် နင့်ကို အောက်မေ့တဲ့၊ လွမ်းတဲ့ စိတ်ဝေဒနာ
ပိုဆိုးပါတယ်ဟာ၊ ငါ စာကို ဖွဲ့ဖွဲ့နွဲ့နွဲ့ မရေးတတ်
နင်အသိပါနော်. . ၊ ငါ ချစ်တာ အဆုံးအစရယ်
မရှိသေးတဲ့၊ မသိကြသေးတဲ့ မိုးကောင်းကင်ကြ
လောက်ပါ။ ငါ လွမ်းရတာကတော့ ပင်လယ်သမုဒ္ဒရာ
နက်ရှိုင်းကျယ်ပြန့်တယ်။

ငါ့မျက်စိရှေ့မှာ အမြဲမြင်နေရတဲ့ အကြီးမား
အရာတွေနဲ့ပဲ နှိုင်းလိုက်တာ။ ဒီထက်လည်း ငါ
မပြောတတ်ဘူး။ ငါ နင့်ကို ဘယ့်လောက် ချစ်တ
ဆိုတာ နင် သိစမ်းပါလား မိစိမ့်ရာ။

ငါလေ. . . 3rd: mate ဖြစ်ပြီမို့ ပြန်လာ
ကားပါလာနိုင်ပါပြီ။ အသုံးချပြီးသာ Use ကားဖြစ်
တောင် တစ်သိန်းတော့ ကျော်မှာပဲ။ နင်နဲ့ ငါ့အ
အတွက်တော့ ပူစရာ လုံးဝမရှိတော့ဘူး။ နင့်အချ
ငါဟာ နင့်အတွက် ကြိုးစားနေပါတယ် ဆိုတာ ယုံ
နော်. . . မိစိမ့်လေး. . .

တို့ တူတူနေကြပြီးရင် တူးမာလေးပါ ခေါ်ထာ
မယ်။ သူ့အတွက် ငါလည်း ပစ္စည်းလေးတွေ ဝယ်ထာ
ပါတယ်။ ငါ ကုန်းပိုးပြီး ကျောင်းကို ခေါ်ခေါ်သွားရ
မိတူးမာလေးကို ငါ့ညီမ အရင်းလေးလို ချစ်ပါတယ်
သူ့ဆီက စာတွေ ခုတလော မလာဘူး။ အပျင်းမထေ



စာရေးဦးလို့ ပြောလိုက်စမ်းပါ။ စာမေးပွဲကျလို့ ကျောင်းလည်း မတက်တော့ဘူးဆိုတော့ အဖေကို ချွဲ၊ အစ်မကို နွဲ့နဲ့ အိပ်လိုက် စားလိုက် လုပ်ပြီး ဇိမ်ကျနေမယ့် မိတူးမာကို ငါ မြင်ယောင်ပါသေးတယ်ဟာ. . . ။

နင်တော့ စာတွေ ရေးထားလေ၊ ငါ အဗူဒါဘီ (Abu Dahbi) ဆိပ်ကမ်းက ပြန်ရောက်မှပဲ စာထည့်တော့မယ်။ လမ်းမှာလည်း ရေးသွားမှာပေါ့။

သိပ်ချစ်လို့ သိပ်လွမ်းရပါတယ် မိစိမ့်လေးရယ်. . . ။

ငါလေ. . . ညတိုင်း ဘာလုပ်တယ် မှတ်လဲ။ နင့်ဓာတ်ပုံလေးကို နမ်း၊ နင့်စာကိုဖတ်ပြီး အိပ်တယ်သိလား။

နိဂုံးမရှိသော ချစ်ရက်များနဲ့

စိမ့်ရဲ့စိုး(စိုးထိုက်)

စိုး စာဆုံးတော့ မျက်လုံးအိမ်မှ မျက်ရည်များက စီးသွယ်လာတော့သည်။

"အားလျှော့ခြင်း"

ဆိုသော သိမ်ငယ်စိတ်များဖြင့် စိမ့်စမ်းအေးမှာ လူပါပျော့ခွေကျသွားတော့သည်။

စိုး ထံသို့ ဖြစ်ရပ်မှန်ကို ရေးပြပြီး တစ်ခုခု လုပ်မှ ဖြစ်စဉ်ပေးပါ။ တို့ ညီအစ်မရဲ့ နေထိုင်ရေးအတွက် ရှာပွဲပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးချစ်ထွေးဆီက လုံးဝမရပါဟု ရေးရန် ဆုံးဖြတ်ပြီး တူးမာထံမှ ပြန်လာစဉ် ရခဲ့သော စိုးရဲ့ စာ. . .

"အပျင်းမလေး စာရေးဦးလို့ ပြောလိုက်ပါတဲ့"

"အဖေကို ချွဲ၊ အစ်မကို နွဲ့နဲ့ အိပ်လိုက် စားလိုက် လုပ်ပြီး ငြိမ်ကျနေမယ့် မိတူးမာကို"တဲ့။

"ဩော်. . . ဘာမှ မသိရှာလေတဲ့ စိုးရေ. . . တို့ပေါ်မှာ ငယ်ငယ်က ဆိုးနွဲ့ခဲ့သလောက် အခု သူ့ဘဝနဲ့ရင်းပြီး ငါ့ကို ကျောင်းထားပေးရှာရတဲ့အဖြစ်ကို စိုးရယ်. . . မြင်လှည့်စမ်းပါ ကွယ်. . ."

"တူးမာ ညီမလေးရယ်. . . မမ ဘဝအတွက် ဖန်တီးပေး နိုင်စွမ်း ရှိသလောက် အခု ညီမလေးအတွက် မမဘာမှ မလုပ် ပေးတတ်ပါလား"

"ငါ ဘာလုပ်ရမလဲ"

"ညီမလေးအတွက် ငါဘာတွေ လုပ်ပေးသင့်သလဲ စိုးရေ ငါ မသိဘူး။ ငါဘာမှ မလုပ်တတ်ဘူး။ ငါတို့ အနားမှာ နင်ရှိနေစေချင်စမ်းပါဘိတော့ကွယ်"

"တူးမာကို ဒီလို တစ်ယောက်တည်းထားလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး"

"ကိုယ်ဝန်ကြီးနဲ့ ပိန်ဖျော့နေတဲ့ ညီမလေးရဲ့ ကျန်းမာ ရေးကိုလည်း ဘယ်နည်းနဲ့မှ စိတ်ချထားလို့ မရဘူး"

"ငါကိုယ်တိုင် တူးမာရှိရာကို ပြောင်းနေရ ကောင်းမလား"

"ကျောင်းကတော့ ထားလိုက်ပါတော့"

"ဒါမှ မဟုတ်. . ."



တူးမာနဲ့ လက်ထပ်ထားတဲ့ သူဌေးသားဆီကို ငါကိုယ်တိုင် သွားပြီး. . .

"ကျွန်မညီမလေးကို သနားပါ။ ပစ်မထားပါနဲ့ရှင်လို့. . . ဒူးထောက်ပြီးပဲ တောင်းပန်ရပါစေ"

"ငါကိုယ်တိုင် အဲဒီလူဆီ သွားတောင်းပန်ပေးရရင် ကောင်းမလား ဟင်. . . စိုး"

စိုးသို့ တိုင်တည်ရင်း တွေဝေခြင်းများစွာဖြင့် မရေရာ သော အတွေးများက ဝိုင်းလည်မှုန်မှိုင်းနေသည်။

ဤမှုန်ဝါးမှုများ ဝန်းရံနေသည့်အလယ်မှ စိမ့်စမ်းအေးမှာ ဆုံးဖြတ်နိုင်ခြင်းဆိုသော ထွက်စရာလမ်း ပျောက်နေဆဲပါ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၂

"မငိုပါနဲ့ တူးမာရယ်၊ ကိုကိုဦးလည်း စိတ်ညစ်တာပါ"

တူးတူးမာသည် ချောက်ကမ်းပါးစွန်းမှ ကျခါနီးဆဲဆဲ ကျောက်စိုင်ခဲတစ်ခုကို အားကိုးတကြီးနှင့် လွတ်ထွက်သွားမှာ ကြောက်လန့်လွန်းစွာဖြင့် ဖက်တွယ်ထားရသည့်သူလို. . .

နေဦးနိုင်၏ခါးမှ တအားသိမ်းဖက်ပြီး မျက်နှာကို ရင်ခွင်မှာ ကပ်ထားရင်း ငိုနေမိသည်။

"အခု ဒီအိမ်မှာဆက်နေဖို့ ဆယ်လခ ငွေတစ်ထောင် ငါးရာ ပေးလိုက်ပြီးပြီလေ။ အိမ်ရှင်တွေကလည်း ပြန်မလာနိုင် ကြသေးတော့ အတော်ပဲပေါ့။ တူးမာ မွေးဖွားပြီးချိန်လောက် အထိ အေးအေးဆေးဆေး နေလို့ရပါတယ်"

"ကိုကိုဦး"

"ဟင်"

"အဲဒီ ဆယ်လ ကျော်ရင်ရော"

"ဒီတော့လည်း တစ်မျိုးစီစဉ်ကြသေးတာပေါ့"

"ကိုကိုဦးရယ်"

"ဟင်"



"ကိုကိုဦးကို တူးမာ ဘယ်သောအခါမှ ပိုင်ဆိုင်ခွင့် ရတော့ဘူးလားရှင်"

"လက်ထပ်ထားကြပြီပဲ"

"ဒါက စာချုပ်ထဲမှာပါ"

"ဒါပေမယ့် ဘယ်လိုလုပ်မလဲ တူးမာ၊ ကျောင်းပြီးဖို့က နှစ်နှစ်လိုသေးတယ်လေ။ ဒါကြောင့် အိမ်က သိသွားမှာ ကြောက်တယ်"

"ဪ. . . ကိုကိုဦးရယ်"

"သိသွားရင် ကျောင်းလည်း ဆက်ထားပေးမှာ မဟုတ်ဘူး။ အမွေလည်း ဖြတ်ပစ်လိုက်ကြမှာ တူးမာ"

"ကိုကိုဦးအိမ်က တူးမာကို ဆင်းရဲလို့ လက်မခံနိုင်ကြတာလား ဟင်"

နေဦးနိုင်က တူးတူးမာကို ကြည့်သာနေတော့သည်။ သူဘာမှ မပြောချင်၊ ပြောမထွက်။

တူးမာဘက်က သူ့ကိုယ်သည် သန့်စင်စွာ အချစ်ဦးထံ အပ်နှံခဲ့ပါ၍ သူ့တွင် 'ဆင်းရဲခြင်း'ဆိုသော အပြစ်တစ်ခုသာ ရှိသည်ဟု ထင်နေရှာပါသော်လည်း. . .

နေဦးနိုင်အနေနှင့်မူ လူတကာနှင့် တွဲခဲ့သူမို့ သူ့ကို ချစ်လှပါသည် ဆိုသည်ကိုပင် သိပ်မယုံချင်။

တခြားသူများကိုလည်း ဒီလိုပဲပြောမှာပဲ၊ ဒီလိုများ ဖြစ်ခဲ့သလားဆိုသော သံသယများဖြင့် တူးမာကို မြတ်နိုးစိတ် ထားမရသော်လည်း သနားတော့ သနားမိသည် အမှန်ပါ။

ထိုက်တန်သည်ဟုတော့ မထင်၊ အိမ်က သဘောတူမှာ သေချာခြင်းထက်ကို သူ့ကိုယ်တိုင်က ဤလိုစားသောက်ဆိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



ညှို့ကြို့မလေးကို 'ဇနီး'အဖြစ်နှင့် တစ်သက်တာ ပေါင်းသင်း နေထိုင်ရန် မရွယ်စူးနိုင်ပါ။

မမျှော်လင့်ဘဲ ကြုံဆုံရာမှ တူးမာ ကိုယ်ဝန်ရသွားခဲ့သည်

ဒါကိုတော့ သူ့ကိုယ်ဝန်ဟု သူ ယုံကြည် လက်ခံခဲ့ပါသည် သူနှင့်တွဲပြီး သူ့ကို စွဲလန်းစိတ်နှင့် တူးမာသည် မည်သူ့နောက် မှ မလိုက်တော့ကြောင်းလည်း သူအသိပါ။

ဒါကြောင့်သာ တူးမာ၏ နေထိုင်ရေးကို သူ စီစဉ်ပေး ခြင်း ဖြစ်ပါ၏။

"ကိုကိုဦး"

"တူးမာ"

"တူးမာကို ချစ်သလားဟင်"

"အင်း. . . ချစ်ပါတယ်"

"တူးမာ ချစ်တာရဲ့ အပုံတစ်ရာပုံ တစ်ပုံသာ ကိုကိုဦး ရင်ထဲမှာ မေတ္တာရှိခဲ့ရင် အားလုံး စွန့်လွှတ်ပေးနိုင်မှာပါ"

"ဘာကိုလဲ တူးမာ"

"ဪ. . . ပစ္စည်းတို့ ပညာတို့ပေါ့"

"ဘာ"

"တူးမာ ကိုကိုဦးဆိုက ဘာမှမလိုချင်ဘူး။ တူးမာနဲ့ ညို့ ရတဲ့ ဘဝထဲကလူသာ ဖြစ်လိုက်စမ်းပါတော့လား ကိုကိုဦးရယ် တူးမာ ရှာကျွေးပါ့မယ်။ တူးမာအတွက် ကိုကိုဦးထက် မက်မော စရာအရာ ဘာမှမရှိပါဘူး။ ဆင်းရဲရပါစေ၊ ကိုကိုဦးကို မခွဲပါရစေ နဲ့။ တူးမာနဲ့ အတူနေခွင့်မပေးနိုင်ဘူးလား အချစ်ရယ်. . ."

တူးမာ၏ရင်ထဲမှ လှိုက်လှဲလွှန်းလှသော ခံစားမှုစကားထံ



များသည် နေဦးနိုင်၏ရင်ကို မညွတ်ပျောင်းစေနိုင်ခဲ့ပါ။

တူးမာကို သနားရုံမှလွဲ၍ ကိုယ့်ဘဝနှင့်လဲ၍ ပေးဆက်ရဲ လောက်အောင် သူကိုယ်တိုင်က မချစ်မြတ်နိုးခဲ့ပါ။ လက်မထပ် ၍ မဖြစ်သော အခြေနေမို့သာ ဒီနေရာ ရောက်ခဲ့ရခြင်းသာ။ နေဦးနိုင်မှာ. . .

အကယ်၍သာ. . .

ဤနေရာတွင် သူ့ရင်မှ အတိုင်းအဆမရှိသော ချစ်ခြင်း၊ မြတ်နိုးခြင်း၊ လေးစားခြင်းများဖြင့် ဖွဲ့စည်းထားသော ဣန္ဒြေရှင် မလေး စိမ့်စမ်းအေးသာဆိုပါလျှင်. . .

သူ အရာအားလုံးနှင့် လဲလှယ်ရဲပါသည်။

ပိုင်ဆိုင်ခွင့်ရဖို့အတွက် အားလုံးကို စွန့်လွှတ်နိုင်ပါမည်။

ယခုတော့ မြတ်နိုးလေးစားခြင်းမှ ပေါက်ပွားလာသော အေးမြသည့် မေတ္တာမဟုတ်။

အပျော်နေရာမှ ရင်းနှီးလာပြီး ရမ္မက်ရောလာသော ကောင်မလေးတစ်ယောက်မို့ သနားတာထက် မပိုနိုင်သည်မှာ လည်း နေဦးနိုင်ကို အပြစ်များစွာ မဖို့ထိုက်တော့ပါ။

အလွယ်ရသော ဥစ္စာပစ္စည်းတိုင်းကို မြတ်နိုးစွာ တန်ဖိုး မထားတတ်ကြသည်မှာ လူသားတိုင်း၏ သဘာဝတရားပါ။ ဖြစ်မြဲလေ့ပါ။ ကျင့်သုံးကြသော ထုံးစံပါ။

"တူးမာ. . ."

"ရှင်. . ."

"ကိုကိုဦး မိဘတွေက စွန့်လွှတ်မယ်ဆိုတာလည်း သူတို့ ရင်ကွဲစွာ စွန့်လွှတ်ပေးကြမှာပါ။ ပြီးတော့ ကိုကိုဦး ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အင်ဂျင်နီယာဘွဲ့ရချင်သေးတယ်။ ကိုကိုဦးကို တ... ချစ်တယ်ဆိုရင် ကိုကိုဦးဘဝကို နားလည်စွာ ခွင့်လွှတ်ပေးပါ... တူးမာရယ်"

တူးတူးမာသည် နေဦးနိုင်၏ လှပဖြူစင်သော အ... လွှာများကို အသေအချာကြည့်နေရာက မျက်ရည်များ... ဝေဝါးလာသည်။

"အချစ်ကြီးသူက အရှုံးပေးရစတမ်းကို ရှင်. . .။

"တူးမာဘဝကို တူးမာ နားလည်ပါပြီလေ။

"ကိုကိုဦးရဲ့ ဂုဏ်ဒြပ်တွေကို မက်မောတာ မဟုတ်ပါ... ကိုကိုဦးကိုပဲ ရင်နင့်အောင် ချစ်တာပါဆိုတာလေးတော့ လ... ပါနော်. . .

"ဒီတော့ ကိုကိုဦးအတွက် တူးမာပဲ ရင်ကွဲပါရစေတော့... စွန့်လွှတ်ပေးပါ့မယ်။ မတောင်းဆိုလိုတော့ပါဘူး ကိုကိုဦးရ...

"ဒါ. . . ဒါ. . . ပေမယ့်. . . "

စကားမဆက်နိုင်သေး။ ကြာမြင့်စွာ ရှိုက်ငိုပြီးမှ. . .

"မပိုင်ဆိုင်ရပေမယ့် တူးမာရဲ့ အချစ်ဆုံးမျက်နှာ... မကြာခဏ မြင်တွေ့ခွင့်လေးတော့ ပေးပါရှင်"

နေဦးနိုင်က တူးမာကို သည်တစ်ခါတော့ အကြင်နာ... သော အကြည့်များနှင့် ကြည့်လိုက်ပြီး. . .

"လာမှာပေါ့ တူးမာရယ်၊ ကိုကိုဦး မကြာမကြာ လာ... မယ်။ ညသာ ဒီမှာအိပ်လို့မဖြစ်တာ။ တူးမာ အဖော်တစ်ယော... ရှာပါလား ဟင်၊ စားစရိတ်ကို ကိုကိုဦး မသုံးဘဲပေးပါ့မယ်"

တူးတူးမာက မျက်ရည်လေးများ သုတ်ပြီး. . .



"မမကတော့ လာနေမယ် ပြောပါတယ်"

"ကောင်းသားပဲ။ ခေါ်ထားပါလား။ သူက ဘယ်မှာ နေတာလဲ ဟင်"

"ကျောင်းမှာ"

"သြော်. . . "

သာမန်အဖြစ်မျှဟုသာ တွေးထင်လိုက်ပြီး. . .

"တူးမာမှာ မိဘမရှိဘူးလား။ ဆွေမျိုးရော၊ ဒီ အစ်မ တစ်ယောက်ပဲ ရှိသလား"

တူးတူးမာ ခေါင်းညိတ်ပြလိုက်သည်။ တူးမာ၏ 'ဘဝ' ဆိုသည်ကို နေဦးနိုင် တစ်ခါမှ စိတ်ဝင်စားစွာ မမေးမိခဲ့။ မလိုအပ်ဟုလည်း ယူဆခဲ့သည်။

ယခုတော့ သနားစိတ်ကလေး ဝင်လာသဖြင့်သာ ကိုယ် လေးလက်ဝန်ကြီးနှင့် တူးမာအတွက် အဖော်ရှာပါ၊ သူ တာဝန်ယူပါမည်ဟု ပြောလာမိသည်။

"ကိုကိုဦးရယ်. . . "

"တူးမာ. . . "

"ကိုကိုဦးအတွက် ညီမျှထိုက်တန်မယ့် ပစ္စည်းရှင်၊ ပညာ ရှင်ကိုသာ ရချင်ရမှာပါ။ တူးမာလို အချစ်မျိုးနဲ့ ချစ်ရဲတဲ့ သူကိုတော့ ကိုကိုဦးဘဝမှာ ဘယ်တော့မှ မရနိုင်ပါဘူးလို့ တူးမာလေ. . . ရဲရဲဝံ့ဝံ့ကြီး ပြောလိုက်စမ်းပါရစေ တူးမာရဲ့ အချစ်ဦးရယ်. . . "

"ကိုကိုဦး သိပါတယ်ကွယ်၊ ကဲ. . . ကဲ. . . ငိုနဲ့။ ယလာတဲ့ ထမင်းပေါင်းလေး စားလိုက်ကြရအောင်နော်"

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းသို့ ရောက်ခဲ့ကြသည်။ နေဦးနိုင်က သူ လာသော ထမင်းပေါင်းထုပ်ကို ကိုယ်တိုင်ဖြေပြီး ပန်းကန် ထည့်၍ တူးမာကို စားစေပါ၏။

ဤယုယမှုလေးများကို ခဏတာသာ ပိုင်ဆိုင်ခွင့် ရှိ ဆိုသော အသိက တူးတူးမာ၏ရင်ကို ပြည့်နင့်စေသည် စားမဝင်ပါနိုင်။

"တူးမာအစ်မဆိုတာ ခေါ်ထားလေ။ သူရှိတော့ အ အသောက်ပျက်နေတဲ့ တူးမာအတွက် ချက်ပြုတ်ဖော်ရတာ ငွေလာပို့ပေးဦးမယ် နော်၊ ဪ. . . အဲဒီ အစ်မဆိုတာ ကိုကိုဦး သွားခေါ်ပေးရမလား"

နေပါစေ၊ သူ့ကိုလည်း ခေါ်မထားရက်သလိုပဲ။ တူး ကြည့်စီစဉ်ပါ့မယ်"

"နေကောင်းအောင်တော့ နေနော်"

"တူးမာဘေးကို လာထိုင်ပါ။ နေခွင့်ရတဲ့ အချိန်လေး ကိုကိုဦးနားက မခွဲပါရစေနဲ့လား အချစ်ရယ်"

ထမင်းစား စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်နေ နေဦးနိုင်က သူ့ဘေးသို့ ရွှေ့ထိုင်ပြီး တူးမာကို ဖက်ထား ပါ၏။

တူးမာ၏ မျက်ရည်မျက်နှာလေးက ပြုံးလာပြီးမှ. . .

"ကိုကိုဦး"

"ဗျာ. . ."

"ကိုကိုဦး သိပ်ချစ်တာပဲဆိုတဲ့ တက္ကသိုလ်က အလှ မမနဲ့ ကိုကိုဦးနဲ့ ချစ်သွားကြပြီလား ဟင်



"ဟင့်အင်း. . ."

"တူးမာကို မညာပါနဲ့နော်. . .၊ တူးမာ ဘဝကို တူးမာ နားလည်ပြီးသားပါ။ တက္ကသိုလ်က ဂုဏ်ရည်တူချင်းကို သာ. . ."

"တော်ပါ တူးမာရယ်. . .၊ သူက သိပ်တင်းတာပဲ။ ကိုကိုဦးကလေ. . . သူ့ကို တကယ်ပဲ သိပ်ကို ချစ်မြတ်နိုးတာပါ။ သူက လုံးဝငြင်းတော့လည်း နောက်ချစ်သူ မရှာမိပါဘူး။ သူ့ကို တကယ် စွဲလန်းမိတယ်ကွယ်။ သူက သိပ်ရက်စက်တော့ ကိုကိုဦး တကယ်ခံစားရပါတယ်"

"ဪ. . . ကိုကိုဦးရယ်ရှင်"

"ခုတော့လည်း သူ့ကို စွဲလန်း မြတ်နိုးစိတ်က တကကျွပါ။ တူးမာကို သနားမိတာက တကကျွ၊ ကိုကိုဦးရဲ့ တကယ့် တင်ပြ ချက်ကို တူးမာ ယုံကြည်စွာ လက်ခံပါနော်"

"လက်ခံပါတယ် ကိုကိုဦးရယ်၊ အဲဒီ ချစ်သူကိုသာ ကိုကိုဦး ရရင် ကိုကိုဦး သိပ်ပျော်မှာပဲနော်. . ."

"ဒါတွေ မပြောပါနဲ့လား တူးမာရယ်၊ ကိုကိုဦးနဲ့ နေရတဲ့ အချိန်လေးကို သိပ်ပျော်တာပဲဆို"

"ဟုတ်ပါတယ်လေ. . . ပြီးခဲ့တာတွေရယ်. . .၊ မကြာ ခင် ခွဲရတော့မယ့် အနာဂတ်ကာလရယ် ဆိုတာတွေကို ဖျောက်ပစ်လိုက်တော့မယ်။

"ကိုကိုဦးနဲ့ နေခွင့်ရတဲ့ ပစ္စုပ္ပန် ကာလလေးမှာ တူးမာ ပျော်ပါရစေ၊ ကြည်နူးသာယာပါရစေနော်. . .

"ကိုကိုဦးကို တူးမာလေ. . . သိပ်. . . သိပ်ချစ်တာပဲရှင်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၃

ငြိမ့် စားသောက်ဥယျာဉ်တွင်းသို့ စိမ့်စမ်းအေး ဝင်သွာ ချိန်မှာ ညနေဦး။

တူးတူးမာ နေခဲ့သော အခန်းမှ ဒေါ်မြနှင့် ပထမ တွေ့ ပြီးမှ တိုက်၏ အပေါ်ထပ် ဧည့်ခန်း ဦးညဏ်စိုးရှိရာ လိုက်ပို့ပေးပါ၏။

လည်ဂုတ်မှ ညှပ်ကလေးနှင့် စုစည်းပြီး ဆံပင်ရှည်ကြီး သည်တိုင်း ဖြန့်ချ၍ လည်ဟိုက်မပါသော ရင်စေ့ အ လက်ရှည်နှင့် ကြွေရေ၊ သနပ်ခါး မှုန်မှုန်လေးမှလွဲ၍ အခြ အသ လုံးဝမပါရှိသော အလှဆုံး မိန်းကလေးတစ်ယော မျက်လွှာလေးချပြီး သူ့ထံလျှောက်လာနေသည်ကို ဦးညဏ်စိုး အသေအချာကြည့်ပြီး. . .

"ဒေါ်မြ. . . သူက ဘယ်သူလဲ"

"တူးတူးမာရဲ့အစ်မတဲ့ဆရာ"

"ဩော်. . . ထိုင်. . . ကလေးမ၊ တူးမာတစ်ယော နေကောင်းရဲ့လား။ သူ့အစ်မဆီ ပြန်နေမယ်ဆိုတာ မင်း အတူပြန်နေတာလား"



"ဟုတ်. . . ဟုတ်ပါတယ်ရှင်"

"အခု ဘာကိစ္စနဲ့ လာတာလဲ"

"ကျွန်မ. . . ကျွန်မ. . . "

ကြွေကြီးလွန်းရုံမက အရုက်အကြောက် ကြီးလွန်းသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ဦးညဏ်စိုး အကဲခတ် လိုက်မိသည်နှင့် သူ ရဲပါစေရန်. . .

"နာမည် ဘယ်လိုခေါ်လဲ"

"စိမ့်စမ်းအေးပါရှင်"

"လှနဲ့နာမည်နဲ့ လိုက်ပါတယ်။ ကျောင်းနေသလား"

"ဟုတ်ကဲ့။ ကောမတ်(စ) ဖိုင်နယ်(လ်)ပါ"

"ဟုတ်လား၊ တူးတူးမာနဲ့ ညီအစ်မ အရင်းလား"

"ဟုတ်ကဲ့. . ."

'တခြားစီပါလား'ဟူသော အကြည့်ဖြင့် ကြည့်ရင်း. . .

"တူးမာက လွှတ်လိုက်လို့လား"

"မဟုတ်ပါဘူး။ ကျွန်မ. . . ကျွန်မ ဦးလေးကို လာပြီး တောင်းပန်တာပါရှင်"

"ဘာများလဲ စိမ့်စမ်းအေး"

"တူးမာက အလုပ် မလုပ်နိုင်တော့လို့ သူ့ကိုယ်စား ကျွန်မ ကို အလုပ်ခန့်ပါလို့"

"ဟေ. . ."

မမျှော်လင့် မဖြစ်နိုင်လွန်းသော စကားကို ကြားလိုက်ရ၍ ဦးညဏ်စိုး သိပ်အံ့ဩသွားရှာသည်။

"ဒါနဲ့ ကျောင်းနေတုန်းဆို"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ... ကျွန်မရဲ့ ကျောင်းစရိတ်ကို တူးမာက ပေးတာပါရှင်...”

“အို...နေပါဦး။ တူးမာက နေမကောင်းလို့လား”

“မ...မဟုတ်ပါဘူး။ သူ အိမ်ထောင်ကျသွားလို့ပါ”

စိမ့်စမ်းအေး၏ ခေါင်းက ပိုငုံ့သွားသည်။

“တူးတူးမာကို ဦးကိုယ်တိုင် သံယောဇဉ်ရှိလို့ ဒီအ ဒေါ်မြနဲ့အတူ နေခိုင်းတာ။ ဘယ်သူမှ နေခွင့်မရှိဘူး။ ဒါပေမယ့် တူးမာက ရဲလွန်းတယ်။ အခု ဘယ်သူနဲ့ ရသွားတာလဲ။ အတည်တကျ ယူတာရော ဟုတ်ရဲ့လား”

ကြိုတင် မြင်နိုင်စွမ်းသော ဦးဉာဏ်စိုး၏ စကားကြောင့် စိမ့်စမ်းအေး နှုတ်ဆွံ့အ,သွားသည်။ စကားသံ ထွက်မလာ မျက်ရည်များသာ လျှံလာပါ၏။

“အင်း...ထင်လို့ ကြိုတော့ထိန်းသား။ ဒါပေမယ့်... ဦးက အလုပ်များတော့ သိပ်လည်း မကြည့်နိုင်ဘူးလေ... ဒီဟိုတယ်မှာတော့ အတတ်နိုင်ဆုံး အားလုံးကို ထိန်းပါတယ် အပြင်က ကိစ္စတော့ လိုက်မကြည့်နိုင်ဘူးလေ၊ အလုပ်ကလည်း သိပ်များတယ်”

“ဦးရဲ့အချိန်ကို အားနာပါတယ်။ တူးမာမှာ... အို... ကန်တော့နော်...၊ ဦးရယ်... ကိုယ်ဝန်ကြီးနဲ့ နေရေးစားရေး လည်း မပြေလည်လို့ သူ့နေရာမှာ ကျွန်မ အလုပ် လုပ်ပါရစေ သနားသဖြင့် ကျွန်မကို ခန့်ပါရှင်...”

ဦးဉာဏ်စိုးက ကြင်နာစွာ ပြုံးလိုက်သည်။

“မိန်းကလေးတွေ ညှိုးခံနေတဲ့ စားသောက်ဆိုင်



လက်ဖက်ရည်နဲ့ အအေးဆိုင်တွေကို စိမ့်စမ်းအေး တစ်ခါမှ မရောက်ဖူးဘူး မဟုတ်လား”

‘သိလှချီလား’ဟူသော အကြည့်ဖြင့်သာ ငေးကြည့်နေမိသည်။ စိမ့်စမ်းအေး ဘာမှအဖြေမပေးနိုင်မီ သူက အိပ်ခန်းတွင်း ဝင်သွားပြီး ခဏအကြာ ပြန်ထွက်လာသည်။

“တူးမာ မိုက်ပေမယ့် ဦးက သံယောဇဉ်ရှိနေမိတယ်။ သူ့ကြောင့်လည်း ဒီမှာ လူပိုစည်လို့ ဦးတို့အကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ဒါကြောင့် ရော့... ငွေငါးရာယူပြီး မင်းပြန်တော့ စိမ့်စမ်းအေး”

“ရှင်”

“ဒေါ်မြ... အောက်ကို ခေါ်သွား၊ ကောင်တာ နားမှာ ထိုင်ခိုင်း၊ ဒေါ်မြပါ စောင့်နေပေးလိုက်ပါ၊ နာရီဝက်လောက် ဒီကလုပ်ငန်းခွင်ကိုကြည့်ပြီး မင်းပြန်နိုင်ပြီ စိမ့်စမ်းအေး”

“ရှင်”

“ငွေယူသွားပါ၊ အကူညီလိုသမျှ လာပြောလှည့်၊ ဦး... တတ်နိုင်တာဆိုရင် ကူညီမယ်၊ ကဲ... သွား၊ အောက်မှာ ဆင်းကြည့်ပြီးရင် ပြန်တော့... ဟုတ်လား”

“ကျွန်မ... ကျွန်မကို အလုပ်မခန့်နိုင်ဘူးဆိုတဲ့ သဘောလားရှင်”

“အေး... ဒါကြောင့် သွားကြည့်ခိုင်းတာပေါ့။ ဦးက ခန့်မယ်ဆိုရင်တောင် မင်းထွက်ပြေးမှာ သေချာတယ်”

“အို... ကျွန်မ ထွက်မပြေးပါဘူး၊ ခိုင်းသမျှလုပ်ပါ့မယ်ရှင်”

www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုယ်တိုင်ကလည်း စိမ့်စမ်းအေးလို မိန်းကလေးမျိုး မခန့်ရက်ပါဘူးကွယ်။ စီးပွားရေး အမြင်သက်သက်နဲ့ မကြ တတ်တဲ့ ဦးပါ။ ခေတ်နဲ့အခါကိုက ဒီလို အားလုံး လုပ်လာကြ ယောက်ျားလေးတွေကိုဖြုတ်ပြီး မိန်းကလေးတွေကို ခန့်ရတာ မြန်မာပြည်နဲ့ မြန်မာမိန်းကလေးတွေနဲ့ မအပ်စပ်သေးတဲ့အယူ ဆိုတာ ဦးကိုယ်တိုင် သိပေမယ့် ဒါတွေမပေါ်လာခင်တည်း ဖွင့်ထားတဲ့ 'ငြိမ့်'ကို ခေတ်နဲ့အညီလိုက်မီအောင် လုပ်ရ လုပ်ရတာပါ။ ဦးကိုယ်တိုင်လည်း ဘဝင်မကျပါဘူး။ အောင် ဆင်းကြည့်ပြီးရင် ပြန်ပေတော့ စိမ့်စမ်းအေး။ အကြောင်းတစ် တစ်ရာရှိရင် လာခဲ့. . . ကြားလား။ ကဲ. . . သွားနိုင်ပြီ"

◆ ◆ ◆

'ငြိမ့်'မှ ပြန်အထွက်တွင် စိမ့်စမ်းအေး၏ရင်ကို ဖိထား ရသည်။

"တူးမာလေးရယ်"

ဟုလည်း ရင်ထဲမှ ကြွေကြွေကွဲကွဲ တမ်းတရင်း မျက်ရည် များ စို့ဝဲလာရပါ၏။

ယောက်ျားပေါင်းစုံရဲ့ အကြိုက်ကိုလိုက်၊

သူတို့ပြောဆိုသမျှ နှစ်သက်ကျေနပ်ဟန်နှင့် နာခံရသည်

ပြီးတော့ 'အစ်ကိုရယ်' 'ရှင် ကိုကို' ဆိုသည်ကို ပါးစပ် မှ မချရ။

အပေါ်ယံအထိအတွေ့ကို မငြင်းဆန်ရဲ။



အရက်ငှဲ့ပေးရ၊ အမြည်းခွံ့ပေးရ၊ စီးကရက် မီးညှိပေးရ သောဘဝ။

ခါးဖက်၊ လက်ဆွဲသည်လောက်ကို အပြုံးမပျက်စေရ။

ကွန်ဗြေသိက္ခာဆိုတာ ဘယ်နေရာ ရောက်သွားမှန်း မသိ အောင် အောက်ကျနောက်ကျခံပြီး သူရှာဖွေခဲ့တဲ့ငွေနဲ့. . .

တက္ကသိုလ်ကျောင်းတော်သူကြီးအဖြစ် ငါကမှ တကယ် ငြိမ့်'လို့. . .

မသိရပါဘူး. . . လုံးဝ မသိရပါဘူး။ သိပ်တုံးတဲ့ မမဟာ ဒီနေ့ ရန်ကုန်မြို့ကြီးမှာ ဘာတွေဖြစ်နေလဲဆိုတာ လုံးဝ မသိခဲ့ရ ပါဘူးကွယ်။

ညီမလေး ဒီလို. . . ဒီလိုငွေရှာပြီး မမကို ပေးခဲ့ရတယ် လား။

ညီမလေးရဲ့ဘဝနဲ့ရင်းပြီး ပေးရတယ်လားကွယ်။

ခုတော့. . . ခုတော့. . .

တူးမာလေးရယ်. . . ဒီနေရာက အခြေခံပြီး တစ. . . တစနဲ့ ဘဝဆုံးတဲ့အဖြစ်မျိုးကို ရောက်ခဲ့ရပါပေါ့လား။

"မမ ရင်နာလှချည်ရဲ့"

"ညီမလေးအတွက် ရင်ကွဲမတတ် ရင်နာလှချည်ရဲ့ တူးမာ လေးရေ. . ."

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၄ ။

"ဟော. . . တံခါးခေါက်တယ်၊ ကိုကိုဦးများလား၊ သွားဖွင့်ပေးလိုက်ပါ"

"အို. . . ကြည့်ဦးမှပေါ့၊ တော်ကြာ လူဆိုးသူခိုးဆိုရင်. . ."

"အမလေး. . . မမဟာလေ နေရာတကာ ကြောက်ဖို့ချည်း တတ်တယ်။ လူဆိုးသူခိုးဖြစ်လဲ ပေးစရာ ဒီဗိုက်တစ်လုံးပဲ ရှိတာကို"

စိတ်ပေါက်ပေါက်နှင့် တူးမာက ပြောလိုက်သော်လည်း အခန်းထဲမှ ဖြည်းဖြည်းချင်းထွက်ပြီး သံဆွဲတံခါးနားသို့ မရဲတရဲ တစ်လှမ်းချင်း ကပ်လာသည်။ လက်တွင်းမှာ တူးမာပေးလိုက်သော သော့နှင့်. . .

အခန်းတွင်းမှာ အလင်းရောင်ဖြင့် လင်းနေသည်။ အားလုံးကို မြင်သာနိုင်ပါ၏။



ညှို့သည်ရပ်နေသော လှေကားထိပ်က အမှောင်၊ မီးဖွင့်လျှင် ဘာမှမမြင်သာ။ ဘောင်းဘီနှင့် လူငယ်တစ်ယောက်မှ့ စိမ့်စမ်းအေး မဝံ့မရဲလှမ်းနေဆဲ. . .

လှေကားထိပ် အမှောင်ထဲမှလူက လင်းနေသော အခန်းတွင်းမှ စိမ့်စမ်းအေးကို စေ့စပ်သေချာစွာ မြင်သာသွားသည်နှင့်. . .

"ဟိုက်. . . အမလေး. . . သူပါလား"

ပါးစပ်က မအော်ဖြစ်လိုက်ရုံသာ၊ ရင်ထဲမှ ပြောင်းဆန်သွားအောင် ခံရပြီးသည်နှင့် တစ်ချိတည်း. . .

နေဦးနိုင်မှာ လှေကားထက်မှ ပြေးပြီးဆင်းသက်လျက် သူ့အော်ဒီကားကို တဟုန်ထိုး အရှိန်ပြင်းစွာ လမ်းကျဉ်းလေးအတွင်းမှာပင် မောင်းပြေးထွက်သွားပါတော့သည်။

တူးမာအစ်မ ရောက်လာပြီတဲ့. . .

တူးမာအစ်မ. . .

တူးမာရဲ့အစ်မဟာ. . .

"အို. . . ငါ့ရဲ့ အချစ်ဆုံး. . . အမြတ်နိုးဆုံး. . . အလေးစားဆုံးသောချစ်သူ။

"စိမ့်စမ်းအေးပါလားဗျာ"

နေဦးနိုင်မှာ ခုန်လွန်းသော နှလုံးသားဆီမှ လက်ခြေသို့တိုင် တုန်ယင်စွာ ကူးစက်လာပါ၍ ကားကို မနည်းထိန်း၍ မောင်းလာရတော့သည်။

"၃၄ လမ်းထဲမှာ"ဟူသော စကားတစ်ခွန်းဖြင့် အစုန်

www.burmeseclassic.com

www.burmeseclassic.com



အဆန် လျှောက်နေမိသော "ဒေါ်လှကျော့"မှာ ပရမ်းပတာ ကားကို မနည်းရှောင်လိုက်ရပါ၏။

"ထပ်လာခဲ့ပါဦးမယ်"ဟူ၍ ပြောသွားသော တင်မောင်သိန်း ဆိုသည့် သူ၏လိပ်စာကိုလည်း မမေးလိုက်မိသော ဒေါ်လှကျော့မှာ နောင်တရ၍မဆုံးတော့၊ တင်မောင်သိန်း မရောက်လာသမျှ သူ့အတွက် ခြေရာပျောက်နေလေသည်သာ။

"ကိုယ့်ရင်သွေး"

"သမီးဦးလေး"

ဆိုသော အသိဖြင့် တင်မောင်သိန်း ပြန်သွားပြီး၊ မလာလေ ဒေါ်လှကျော့၏ရင်မှာ မကောင်းနိုင်လေ ဖြစ်ခဲ့ရပါပြီ။

သူဦးဆောင်မှုနောက်က လိုက်ရသော ခင်ပွန်းသည်ကလည်း အကြောင်းစုံသိပြီးမို့၊ သူ့ကို လူရှင်းချိန်တိုင်း ဆိုင်ထိုင်ခိုင်းခဲ့ပြီး ၃၄ လမ်းတွင်းသို့ အစုန်အဆန် လျှောက်လေ့ရှိသည်။

ရန်ကုန်ဆိုသည်က အခက်သားမှန်းလည်း ကီလိုမှ ဈေးသည်မကြီး ဒေါ်လှကျော့ မသိမရှိပါ။

အောက်လမ်း အထက်လမ်း အသာထားဦး နံပါတ်သိလျှင်ပင် အထပ်ပေါင်း အခန်းပေါင်းများစွာ "ဘယ်မှာ ရှာ၍ တွေ့နိုင်ပါအံ့နည်း"

ဆိုသော အသိရှိပါသော်လည်း 'ငါ့သမီးလေးက ငါနဲ့ တူတယ်တဲ့။ အို. . . တွေ့ရင် မှတ်မိမှာပါ။ သွေးကပြောမှာပါ' ဟူသော မိခင်တို့၏ ချစ်ခြင်းမေတ္တာဖြင့် လျှောက်ရှာနေသော ဒေါ်လှကျော့၏ ခြေလှမ်းများသည် အခုအချိန်ထိ အချည်းနှီး။



ဒေါ်လှကျော့ အောက်မှာ လျှောက်နေစဉ်၊ အပေါ်ထပ်၏ ပေအဝက် အခန်းလေးတွင်းမှာ ရင့်မာစ ကိုယ်ဝန်နှင့် တူးမာက. . .

"မမ ဘယ်သူလဲဟင်"

"မဟုတ်ပါဘူး၊ အခန်းမှားလာတဲ့လူ ထင်ပါရဲ့။ မမလည်း မြင်ရော ဆင်းသွားတာပဲ"

"ဒီနေ့ ကိုကိုဦးလာမယ်လို့ တစ်နေ့ကလာတုန်းက အသေအချာ ပြောသွားတယ်။ ခုချိန်ထိ ဘာလို့များ မလာသေးပါလိမ့်"

ချစ်သူသို့ မျှော်လင့်ကြီးစွာ ရှိနေရှာသော တူးမာ့သို့ စိမ့်စမ်းအေးမှာ ကရုဏာသက်လွန်းစွာဖြင့်သာ ငေးကြည့်နေမိဆဲ. . .

"ဒီနေ့ တူးမာ မမ ရောက်လာမယ်၊ သူလည်း လာတွေ့ပါ့မယ်။ မမကိုလည်း ခွင့်လွှတ်ဖို့ တောင်းပန်မယ်။ ပြီးတော့ တူးမာစားချင်တဲ့ ပန်းသီးလည်း ဝယ်ခဲ့မယ်၊ ငွေလည်း ပေးမယ်လို့ အသေအချာ မှာသွားတာပါ မမရယ်"

"ဒါဆိုလည်း လာမှာပေါ့ ညီမလေးရယ်။ ထမင်းစားပြီး အားရှိသွားအောင် တရေးအိပ်လိုက်ပါဦးလား။ ဆရာဝန်က သိပ်အားနည်းနေတယ်လို့ ပြောထားတယ်လေ"

တူးမာ မျက်ရည်များ ဝဲနေရှာသည်။

ဩော်. . . ငယ်စဉ်က ဘယ်ယောက်ျားအတွက်မှ အသည်း မကွဲစေရဟု ကြုံးဝါးခဲ့သည့်. . .

တူးမာ မည်သော မိန်းမသားငယ်အတွက်၊ အကယ် အချစ်ကို တွေ့လာရသော်လည်း. . .

www.burmeseclassic.com

www.burmeseclassic.com



"မျှော်လင့်ချက်မဲ့ခြင်း" ဆိုသော အသိသည် သူ့ရင်ခွင်ထဲ ပြင်းပြစွာ ထိမှန်ရာမှ သူ့အသည်းနှလုံး နုနုလေးသည် အစိတ်စိတ် အမွှာမွှာ ကွဲကြေစေခဲ့ရရှာလေပြီ။

သူ့ ကိုကိုဦးသည် ဘယ်သောအခါမှ သူ့ထံသို့ လာပြ မဖြစ်တော့သည့်အကြောင်းကို တူးမာများ သိသွားခဲ့ပါလျှင်. . .

◆ ◆ ◆

အခန်း ။ ၃၅ ။

တူးမာ. . .

ကိုကိုဦးရဲ့အဘိုးကြီးကခေါ်လို့ မေမြို့ကို လိုက်သွားရပါတယ်။ ကြာလိမ့်မယ် ထင်ပါတယ်။

တကယ်လို့များ ကိုကိုဦး အချိန်မီမရောက် ဖြစ်ခဲ့ရင် တူးမာ မွေးဖွားစရိတ်ငွေနှစ်ထောင် ပို့ခိုင်းလိုက်ပါတယ်။

တူးမာ ကျန်းမာပါစေ. . .

ကိုကိုဦး

တူးတူးမာက စာလေးကို အထပ်ထပ်အခါခါ ဖတ်ပြီး မျက်ရည်ဝဲနေရှာသည်။ စိမ့်စမ်းအေးကိုလည်း ပြပါ၏။

'ချစ်' 'လွမ်း' ဆိုသော စာတစ်လုံးမှ မပါသော တူးမာ ခင်ပွန်း၏ စာ။

"စိုးတို့နဲ့များ ကွာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"နိဂုံးမရှိသော ချစ်ရက်များနဲ့ သိပ်ချစ် သိပ်လွမ်းတဲ့စိုး
အမြဲနိဂုံးချုပ်တာ"

ဟု စိမ့်စမ်းအေးရင်ထဲမှာ ယှဉ်မိသည်၊ စိုး စာတစ်စောင်
လုံးမှာ မည်မျှချစ်ရပါကြောင်း၊ လွမ်းရပါကြောင်းများ
ရေးလို့မပြီးနိုင်. . . မဆုံးနိုင်။

သည်အိမ်သို့ အဆောင်မှပြောင်းလာစဉ်က စိုး၏
တစ်ထုပ်ကြီးကို စိမ့်စမ်းအေး လုံခြုံအောင် မနည်းသိမ်းယူလာ
သည်။

တူးမာ မြင်မှာစိုး၍. . . သိမှာစိုး၍ပါ။

စိမ့်စမ်းအေးနှင့် စိုးထိုက်တို့ ချစ်သူဘဝ ရောက်ရှိသွား
ကြောင်း ယခုအချိန်ထိ တူးမာ မသိရှိသေး။ သူလေး မသိ
နှစ်ယောက်လုံး တိုင်ပင်ထားကြရသည်။ နေရသည်ကလည်း
သီးခြားစီမို့ သူ မသိရှာခဲ့ပါ။

ယခု. . . တူးမာ၏ ချစ်ခင်ပွန်းထံမှစာသည် တစ်နေရာ
အားရစရာမရှိပါကြောင်း ညီအစ်မနှစ်ယောက်လုံး သိကြ
သော်လည်း တစ်ယောက်ပြောလျှင် တစ်ယောက် စိတ်မကောင်း
ဖြစ်ကြမည်စိုး၍ နှစ်ယောက်လုံး ငြိမ်နေကြရပါ၏။

တူးမာက စာကို ယုယစွာ ခေါက်ပြီး ရာတန်ထပ်များနှင့်
အတူ သူ့ခေါင်းအုံးအောက်သို့ ထိုးထည့်လိုက်ပါ၏။

"မမ အနားမှာရှိနေပြီပဲ ညီမလေးရယ်။ အားမငယ်ပါနဲ့
နော်။ သူလည်း အချိန်မီ ပြန်ရောက်လာမှာပါ"

တူးမာက မျက်ရည်များ ရစ်ဝဲရာက အစ်မဖြစ်သူကို
ကြည့်ရင်း ခုတင်ပေါ်မှာ နွမ်းလျစွာ လှဲလိုက်သည်။ ပိန်လွန်း



သာ သူ့ကိုယ်ခန္ဓာနှင့် မလိုက်ဖက် လောက်အောင် သူ့ကိုယ်ဝန်
က ကြီးထွားလှသည်။

စိမ့်စမ်းအေးသည် ယခုအချိန်မှာ 'တူးမာ'ဟုပင် မခေါ်
ရက်တော့။ 'ညီမလေး'ဟူ၍သာ အကြင်နာအခေါ်ဝေါ်ကို သုံးပါ
၏။

"မမ"

"ဘာလဲ. . . ညီမလေး"

"တူးမာကြောင့် မမ ဒီနှစ် ကျောင်းမတက်ရတာ စိတ်
အထိခိုက်ဆုံးပဲ"

"အမလေး. . . ဒါများ စိတ်မကောင်းစရာလား
ညီမလေးရယ်"

စိမ့်စမ်းအေးက တူးမာ၏နဖူးပြင်နှင့် နှုတ်ခမ်းပေါ်မှ
ချွေးသီးဥလေးများကို လက်ကိုင်ပဝါဖြင့် တို့ယူလိုက်ပြီး. . .

"ဒီနှစ်တက်လည်း ဘယ်ကျောင်းမှန်မလဲ။ တူလေး
ထိန်းရဦးမယ်လေ။ ယောကျာ်းလေး မွေးပါစေတော်"

စိမ့်စမ်းအေး အားပေးသော်လည်း တူးမာက မပြုံးနိုင်ရှာ။

"စိုးလည်း ပြန်လာခါနီးပြီပဲ ညီမလေးရယ်။ မွေးဖွားပြီး
စိုးပြန်လာတော့ မမရဲ့နောက်ဆုံးနှစ်ကို ပြန်တက်မှာပေါ့နော်"

"ဩော်. . . တူးမာကြောင့် တစ်နှစ်ပျက်ရတာ"

"အေး. . . တူးမာကြောင့် မမက တစ်နှစ်ပျက်ရတာ၊
မမကြောင့် ညီမလေးက တစ်ဘဝလုံးပျက်ရတာ။ တစ်သက်လုံး
ရင်နာကြေကွဲစရာအဖြစ်နဲ့ ရင်းပေးရတာပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုသာ မချိတင်ကဲ ရင်ထဲမှာပြောရင်း တူးမာ၏ လ
ကလေးကို ဆုပ်ကိုင်ထားမိသည်။

ဤအခန်းမှာ ဆယ်လ နေခွင့်ရှိသည်ဆိုသော်လည်း
နှစ်လ လွန်မြောက်ခဲ့လေပြီ။ တူးမာလည်း လစေ့တော့
ဤအိမ်ခန်းကို ပြန်ပေးရတော့မည့်အချိန်နှင့် တူးမာ၏ က
နို့စို့ရွယ်လေးကို မနည်းမွေးရဦးမည့်အချိန်က အံကိုက်လော
ဖြစ်ပေမည်။

စိမ့်စမ်းအေးမှာ တူးမာလက်ကလေးကို ယုယစွာကိုင်
တွေးနေမိသည်။

"သူ့ယောက်ျား ကြည့်ရတာ တူးမာကို ပြန်လှည့်
တော့မယ့်ပုံ မပေါ်ပါဘူး။ သိပ်ကို ရက်စက်ယုတ်မာ
ယောက်ျားပဲ"

"ဩော်. . . တူးမာရယ်။ ညီမလေးအဖြစ်က ညီမ
ရဲ့ မိခင်အတိုင်းပါပဲလားကွယ်"

"ဒါပေမယ့် တူးမာတုန်းကလို တူးမာကလေးကို စွန့်
နိုင်ပါဘူး။ ဘယ်သူ့မှလည်း မပေးရက်နိုင်ပါဘူး။ မမ မွေး
တို့ညီအစ်မရဲ့ အားမာန်နဲ့ အပြစ်မဲ့တဲ့ရင်သွေးလေးကို
အောင် မွေးကြမယ်"

"အဲဒီအချိန်လောက်ဆိုရင်လည်း တို့ညီအစ်မအတွ
အေးမြကျယ်ပြန့်စွာ ရိပ်မိုးလာမယ့် 'စိုး'လည်း ပြန်ရော
လောက်ပါပြီလေ"

◆ ◆ ◆

အခန်း ॥ ၃၆ ॥

"အောင်မယ်လေးကွယ်. . . မင်းနှယ် ပျောက်ချက်သား
ကောင်းလိုက်တာ လနဲ့ကိုချီနေပြီ"

"ပြောတော့ အဒေါ်ရေ ကျွန်တော်လည်း မော်လမြိုင်က
အပေါင်းအသင်းဟောင်းတွေ လာခေါ်လို့ လိုက်သွားပြီး ဟိုမှာ
အလုပ်ဖြစ်နေတာနဲ့ ပြန်ကိုမလာဖြစ်တော့တာ"

"မောင်တင်မောင်သိန်းရယ် မင်းပြောသွားတုန်းက
အဒေါ့်စိတ်ထဲမှာ ရုတ်တရက်ကြီးဆိုတော့ သိပ်ပြီး မလှုပ်ရှားမိ
သေးဘူး။ နောက် တဖြည်းဖြည်း တွေးလေ စိတ်မကောင်းလေပဲ
ကွယ်"

"အင်း. . . ကျွန်တော်လည်း အစတုန်းကတော့ သူတို့
ညီအစ်မ ကျွန်တော့်ပေါ် ကြောတယ်ဆိုပြီး ပြန်ချေဖို့ ဒီကိစ္စကို
မရ ရအောင် လိုက်ခဲ့တာ"

"မင်း. . . ဘယ်လိုရှာလဲ"

"ဩော်. . . တိုက်ဆိုင်ချင်တော့ ကျွန်တော်က ဝါခယ်မ
ဘက်တိလေ။ ဟိုပြန်ပြီး ပြင်စလူရွာကို လိုက်သွားပြီး မေးတာ

www.burmeseclassic.com

www.burmeseclassic.com



စမ်းတာပေါ့။ လူဟောင်းတွေလည်း ရှိသေးတော့ တူးမာ[illegible] လာမွေးပြီး ပေးသွားတဲ့ ဒေါ်လှကျော့ဟာ ကီလီဈေးမှာ [illegible] ရောင်းနေတယ်ဆိုတော့ ဈေးဝေါ်င်းမေးလိုက်ရုံနဲ့ အလွယ်[illegible] သိနိုင်တာပါ"

"ကဲ. . . ဒါတွေ ထားပါတော့။ အဒေါ့်သမီး[illegible] အဒေါ် တွေ့ချင်တယ်ကွယ်"

"သူတို့ ၃၄ လမ်းထဲမှာပဲတဲ့"

"အဒေါ် ဆယ့်လေးငါးခေါက်ပဲ လျှောက်လိုက်[illegible] တူတာလေးများ တွေ့လိုတွေ့ငြားဆိုပြီး"

"ဘယ်လွယ်ပါ့မလဲ အဒေါ်ကလည်း"

"အေး. . . သိတယ်လေ။ ဒါပေမယ့် မအေမဟုတ်[illegible] ကွယ်၊ ဟိုး ငယ်ငယ်တုန်းကတော့ အားကိုးရာမဲ့ဘ[illegible] ပေးခဲ့မိတာ။ ခု ဒီသမီးလေးရှိသေးတယ်ဆိုတော့ မီး[illegible] တစ်ယောက်အနေနဲ့ မတွေ့ချင်ဘဲ နေပါ့မလား။ အဒေါ့်[illegible] သနားသဖြင့် လိုက်ပို့စမ်းပါ ငါ့တူရယ်"

"ပို့ပါ့မယ်။ ကျွန်တော်တောင် သူတို့ကို သနားလာပါ[illegible] တူးမာယောကျ်ားက တူးမာကို ကိုယ်ဝန်ကြီးနဲ့ ပစ်သွားတယ်[illegible]"

"အို. . . မြတ်စွာဘုရား"

ဒေါ်လှကျော့က ရင်ဘတ်ကိုနှိပ်ပြီး နှစ်ပေါင်းများစွာ[illegible] သူ့ခံစားမှုကို သူပြန်လည် ရရှိခံစားလိုက်ရသလိုပါ။

"သူ့အစ်မလည်း ကျောင်းထွက်လိုက်ပြီး သူနဲ့အတူ[illegible] သတဲ့"

"အင်း. . . တော်သေးတာပေါ့"



"ကျွန်တော်ကလည်း ဟိုစပ်စပ် ဒီစပ်စပ် ပါတတ်တဲ့ ကောင်မို့ သူတို့ညီအစ်မအကြောင်း မရ,ရအောင် စုံစမ်းပြီး ညီအစ်မအရင်းမဟုတ်ကြောင်း ပြောဖို့ပဲ။ ခုတော့လည်း သူတို့ ညီအစ်မ အဖြစ်က သနားစရာပါ"

"အေးပါကွယ်"

"အဒေါ့်ကို လိုက်ပို့ပေးမယ်လေ။ အဒေါ်တို့ချင်းသာ ပြောကြပေတော့"

"အေး. . . အေးပါ။ ငါ့သမီးလေးသာ ငါ့ကို လက်ခံပါစေ တွယ်"

"သူ့အစ်မကတော့ ညီအစ်မအရင်းမဟုတ်ဘူးဆိုတာ သိထားနှင့်ပါတယ်"

"အို. . . ဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် ဘယ်လို သိလာတယ်ဆိုတာ လည်း ပြောပြီးပြီ နော်၊ ဒီတော့ အဒေါ့်ကို လိုက်ပို့ပေးမယ်။ ဟိုရောက်ရင်သာ သူ့အစ်မ စိမ့်စမ်းအေးကိုဖြစ်ဖြစ် အရင် ပြောပြီးမှ တူးမာကို ပြောသင့်လည်း ပြောပေါ့"

"ကောင်းပါပြီ၊ အဒေါ် မီးစင်ကြည် က,တတ်ပါတယ်။ အဒေါ် သမီးလေးနဲ့ တွေ့ချင်လှပြီမို့ ငါ့တူ အခုပဲ လိုက်ပို့ပါလား ကွယ်"

"ရပါတယ် အဒေါ်၊ ဒီကိစ္စအတွက် ကျွန်တော် တမင် လာခဲ့တာပါ"

"ကဲ. . . ဒါဖြင့် ခုပဲသွားကြစို့"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှကျော့ နှင့် ကိုတင်မောင်သိန်းတို့မှာ ကီလီဈေး သုံးဘီးတစ်စင်းနှင့် ၃၄ လမ်းသို့ လာခဲ့ကြသည်။ တူးဓား ရောက်ရှိနေထိုင်ရာ ပထမထပ်သို့အရောက်တွင်. . .

"ဟယ်. . . သော့ကြီး ခတ်ထားပါလား"

အားလျှော့သောလေသံဖြင့် ဒေါ်လှကျော့ အော်လိုက်သည်။

"နေဦး။ ကျွန်တော် ဟိုဘက်ခန်းကများ သိမလား မေးကြည့်ဦးမယ်"

"အင်း. . . သိပါစေတော်၊ ရန်ကုန်မှာက ဟိုဘက်ခန်း ဒီဘက်ခန်းချင်း သေတာတောင် ငိုသံကြားမှသိကြတာ"

ဒေါ်လှကျော့ ပြောသည်က အမှန်။ တချို့ကျတော့လည်း သည်လောက်ကြီးမဆိုးလှ။ အထူးသဖြင့် နယ်မှပြောင်းလာကြ သူများတွင် အကြင်နာပါလာတတ်ကြသည်။ကူညီလိုစိတ်များ ရန်ကုန်ရောက်လျှင်လည်း ပျယ်လွင့်မသွားတတ်။

ဟိုဘက်ခန်း တံခါးပွင့်လာသည်။

"မနေ့ကပဲ ကျွန်တော်ကူညီပြီး သုံးဘီးငှားပေးလိုက် တယ်။ သူတို့ညီအစ်မနှစ်ယောက်တည်းရယ်၊ ဗဟိုအမျိုးသမီး ဆေးရုံကြီးကို သွားကြတယ်"

"ဟင်. . . ဝမ်းနာလို့လား၊ မီးဖွားဖို့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"မနေ့ကနော်"

"ဟုတ်ကဲ့၊ မနေ့ညနေ ငါးနာရီကျော်လောက်ကပါ"

"အေးကွယ်၊ ကျေးဇူးတင်ပါတယ်"



အခန်းရှင်ကို ဒေါ်လှကျော့ကပြောပြီး လှေကားမှ ဆင်းခဲ့ ကြရပါ၏။

"မောင်တင်မောင်သိန်း၊ တို့ ဒပ်ဖရင်ကို လိုက်သွားကြ ရအောင်"

"ဟာ. . . ဒါတော့ ကျွန်တော် ဘယ်လိုက်လို့ ကောင်း မလဲ။ အဒေါ်ဟာ အဒေါ်သွား"

"အေး. . . အေး. . . အခုပဲ တစ်ခါတည်း လိုက်သွား တော့မယ်။ ခုလောက်ဆို မွေးဖွားပြီးရောပေါ့"

အနော်ရထာလမ်းဘက် ထွက်လာပြီး လမ်းခွဲကျခါနီး တွင်. . .

"ဩော်. . . သူ့ယောက်ျား နာမည်က ဘယ်သူတဲ့လဲ။ ယောက်ျားနာမည်ပါမှ ဟိုမှာ ရှာလို့လွယ်မှာ"

ဗဟိုအမျိုးသမီးသားဖွားဆေးရုံကို ကျွမ်းပုံရသော ဒေါ်လှ ကျော့က မေးလေမှ. . .

"နေဦးနိုင် တဲ့"

"အေး. . . အေး. . . ဩော်. . . သူ့ကို လိုက်စောင့်တဲ့ သူ့မွေးစားအစ်မက စိမ့်စမ်းအေးတဲ့ နော်"

"ဟုတ်ကဲ့"

"အေးကွယ်. . . ကျေးဇူးပဲ။ ကဲ. . . အဒေါ်လိုက်သွား တော့မယ်နော်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၇ ။

စာချုပ်တွင် ပါရှိသော လိပ်စာအတိုင်း လိုက်သွားခဲ့ရာ ခြံဝသို့ ရောက်ခဲ့ပါပြီ။

ဦးချိုလတ်(Representative)

ဒေါက်တာခင်မော်မော်လတ် M.B.,B.S. (Rgn.)...

M.R.C.O.G

ဆိုသော ပလတ်စတစ်ဆိုင်းဘုတ်ပြားက ခြံဝမှာ အခန့်သား ချိတ်ဆွဲထားပါ၏။ ဟုတ်ပါပြီ။ စာချုပ်မှာ အဖေအမည်ထ ဦးချိုလတ်ပါပဲ။

တိုက်ကြီးက ခေတ်မီလှပ ပုံစံကျလှသည်။ ခြံဝင်းထ ကျယ်ပါဘိ။ ဖခင်က နိုင်ငံခြား ကုမ္ပဏီ၏ ကိုယ်စားလှယ်၊ မိခင်ထ သားဖွားနှင့် မီးယပ်ပါရဂူ ဆရာဝန်မကြီး။

"သြော်. . . ဂုဏ်ဒြပ်တွေက ကြီးလှပါဘိ"

ခါတိုင်းဆို အလိုလိုနေရင်း ရှက်နေ ရွံ့နေတတ်သော



စိမ့်စမ်းအေးမှာ ဤအရှိန်အဝါကိုလည်း လန့်မနေတော့။ ခြံဝင်းအတွင်းသို့ ဝင်သွားသော ခြေလှမ်းများက၊ သွက်လွန်းလှသည်။

သံဆွဲတံခါးကို ခပ်ရဲရဲလှုပ်ခါပြီး အသံကျယ်ကျယ်နှင့် ခေါ်လိုက်သည်။

"ကိုနေဦးနိုင်. . . ကိုနေဦးနိုင်. . ."

မိဘများက အလုပ်ကိုယ်စီနှင့် သွားကြပြီ၊ နေဦးနိုင်က အပြေးအလွှား ထွက်လာပါ၏။

"ဟင်. . . အို. . . မဟုတ်နိုင်ပါဘူး"

စိမ့်စမ်းအေး မတ်တတ်ကြီးရပ်နေတာကို မြင်ရပါလျက် သူမျက်စိကိုပင် သူမယုံနိုင်. . .

စိမ့်စမ်းအေးကလည်း ပြန်လည်၍ မှတ်မိသွားခဲ့သည်။

"သြော်. . . ရှင်ပါလား"

"နေဦးနိုင်ဆိုတာ ရှင်ပါပဲလားရှင်"

စိမ့်စမ်းအေး၏ရင်မှာ ပေါက်ကွဲလုမတတ် ရှိနေ၍ သံစဉ်တ ကစင့်ကလျား. . .

"စိမ့်စမ်းအေးရယ်. . . ဘာများလဲဗျာ"

"ကျွန်မနဲ့ ခဏလိုက်ခဲ့ပါရှင်"

"ဗျာ"

"အမြန်ဆုံးလိုက်ခဲ့ပေးပါ"

"ခင်ဗျာ. . . ဘာကိစ္စ. . ."

"ကျွန်မ. . . ကျွန်မ ညီမလေး တူးမာလေ. . ."

စိမ့်စမ်းအေး စကားမဆက်နိုင်သေး။ ကျလာသော မျက်ရည်များကို လက်ခုံနှင့် ဆွဲသုတ်ပစ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"တူးမာ အခုနေ ဆေးရုံမှာပါ။ အခြေနေ မကောင်း
ပါဘူး။ သူ ရှင့်ကို သိပ်တွေ့ချင်နေပါတယ်"

"ဟင်"

"ကျေးဇူးပြုပြီး ကျွန်မနဲ့ အမြန်ဆုံး လိုက်ခဲ့ပါလို့ ကျွန်
တောင်းပန်ပါတယ် ကိုနေဦးနိုင်ရယ်"

"တူးမာ. . . တူးမာ ဘာဖြစ်လို့လဲ ဟင်"

"ဒပ်ဖရင်ဆေးရုံမှာပါ"

"ဟာ"

နေဦးနိုင်သည် အံ့သြရာမှ တုန်လှုပ်သွားသည်။ ရုပ်
တစ်ခုလို သူ တောင့်မတ်သွားပါ၏။ သူ့ဦးနှောက်တွင် ဘာ
ဝေခွဲ၍မရဟန် ရှိနေပါ၍. . .

"လူသားချင်း စာနာစိတ်နဲ့ ကိုယ်ဒုက္ခပေးထားတဲ့ မိန်း
ကလေးတစ်ယောက်ရဲ့ နောက်ဆုံးအခြေနေကို လိုက်ကြည့်
ပါလို့ ကျွန်မ ဘယ်လိုတောင်းပန်ရမလဲ ကိုနေဦးနိုင်"

"ဗျာ"

"ရှင်က အောင်နိုင်သူပါရှင်။ ကျွန်မ ညီမလေးအတွက်
ရှင့်ခြေသလုံးကို ဖက်ပြီးတောင်းပန်ဆိုလည်း ကျွန်မ တောင်း
ပါ့မယ်"

"အို. . . ဒီလောက် မတောင်းပန်ရပါဘူးဗျာ။ ကျွန်တော်
လည်း လူသားပါ။ ရုတ်တရက်မို့ အံ့သြသွားမိတာပါ။ ကျွန်တော်
လိုက်ခဲ့ပါ့မယ်"

သိန်းကျော်တန် သူ့အော်ဒီနှင့်မဟုတ်. . . နောက်ထ
သိန်းကျော်တန် ဂရဲန်းဖယ်မလီယာကား၏ နောက်ခန်းမှာ
ဝင်ထိုင်လိုက်ပါ၏။



"ရှင် မေမြို့သွားတယ်ဆိုတာလည်း မဟုတ်ဘူး မဟုတ်
သားဟင်"

နေဦးနိုင် ဘာမှပြန်မဖြေ၊ မျက်နှာပျက်လွန်းစွာဖြင့်သာ
ကားကို မှန်မှန်မောင်းနှင်နေပါ၍. . .

"ကျေးဇူးပြုပြီး ကားကို အမြန်ဆုံးမောင်းပေးပါရှင်။
ကျွန်မညီမလေးကို တစ်ယောက်တည်း ထားခဲ့ရပါတယ်"

"အို- တူးမာအတွက် ကြေကွဲရလွန်း၊ စိတ်ပူရလွန်းလို့
ကျွန်မရင်တွေ ကွဲထွက်တော့မယ် ကိုနေဦးနိုင်ရဲ့"

စိမ့်စမ်းအေးက မချိတင်ကဲ အော်၍ ပြောလိုက်ပြီး ဆက်
ပြောနိုင်တော့. . .

အရှိန်မြင့်စွာ အပြင်းမောင်းလာသော ကား၏နောက်ခန်း
တွင် စိမ့်စမ်းအေးသည်သာ တသိမ့်သိမ့် ရှိုက်ငိုရင်း လိုက်ပါလာ
တော့သည်။

◆ ◆ ◆

ကလေးက မွေးဖွားပြီးလေပြီ။

ယောက်ျားလေး ၇ ပေါင်ခွဲ၊ ကြီးကြီးထွားထွား ကျန်းကျန်း
မာမာ. . .

တူးမာသည်သာ. . .

သွေးပုလင်းတန်းလန်းနှင့် ခုတင်ပေါ်တွင် မြင်ရပါစရာ
ရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး. . . ညီမလေး"

"ရှင်"

စိမ့်စမ်းအေးက ပြေး၍ ခေါ်လိုက်စဉ် အနီးမှ တာဝန်ကျ ဆရာမက ဟန့်တားလိုက်ပါ၏။ စိမ့်စမ်းအေးမှာ ခြေစုံရပ်လိုက်ပြီး လေသံတိုးဖြင့်. . .

"ကျွန်မ. . . ကျွန်မ ညီမလေး အခြေနေ ဘယ်လိုတဲ့လဲ ရှင်. . . ကျွန်မသွားတာ လမ်းမသိလို့ ကြာနေခဲ့တာပါ"

"အခြေနေတော့ ဆရာဝန် ပြောပါလိမ့်မယ်နော်"

ဆရာမလေးက တစ်ဖက်ခုတင်မှ လူနာ၏ ဂလူးကို့စ် ပုလင်းမှ အစက်ကျပုံကို ကိုင်တွယ်ချင့်ချိန်ပေးနေသည်။

'သတ်စေ'ဟု အမိန့်ချထားခြင်းခံရသူတစ်ယောက် လူသတ်ကုန်းရှိရာသို့ တက်နေရသည့် ခြေလှမ်းများလို တုန်ယင်နေသည်။ ကြောက်လန့် ချောက်ချား စိတ်အဟုန်ကြီးစွာဖြင့် တူးမာ၏ ခုတင်နားသို့ တစ်လှမ်းချင်း ကပ်သွားပြီး တိုးညှင်း တုန်ယင်စွာဖြင့် စိမ့်စမ်းအေးက. . .

"ညီမလေး. . . တူးမာလေ"

တူးမာ ထူးစေချင်သည်။ သတိရစေချင်လှသည်။ တူးမာ အားတက်စရာ ကိစ္စတစ်ခုကို သူစွမ်းဆောင်နိုင်လာခဲ့လေပြီ။

တူးမာက ကြားပုံရသော်လည်း ထူးနိုင်ဟန်မရှိ။ ဖျော့ဖျော့ ချောင်ကျနေသော မျက်ခွံလေး လွန့်လာပြီး သူ မနည်း အားယူ ဖွင့်ကြည့်ရှာသည်။

"ညီမလေး. . . မျက်စိဖွင့်ကြည့်စမ်းပါဦး ညီမလေးရယ်"



တူးမာ၏ပါးကို ရှုရှုလေးကိုင်ပြီးပြောတော့ တူးမာ အားယူ၍ မျက်စိဖွင့်ကြည့်ရှာသည်။

"ညီမလေး သိပ်ချစ် သိပ်တမ်းတ,နေတဲ့ ညီမလေးရဲ့ ကိုကိုဦး ရောက်လာပြီလေ၊ ဟိုမှာ ကြည့်လိုက်စမ်းပါဦးကွယ်"

ပြင်းထန်လွန်းသော အံ့ဩခြင်းမှ ခံစားမှု ဝေဒနာတို့သည် နေဦးနိုင်၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ရစ်ပွေ့ထားပါ၏။ သူ့ မျက်လုံးများ ကြောင်နေသည်။ သူ့နှုတ်ခမ်းများ ဖြူနေသည်။ လှုပ်ရှားမှု မဲ့နေသည်။

"ကိုနေဦးနိုင်ရယ်. . . ကျေးဇူးပြုပြီး ကျွန်မညီမလေးနား လာခဲ့ပါရှင်. . ."

အံ့ကိုခဲ၍ ကြေကွဲစိတ်နှင့် နာကျည်းစွာ တောင်းပန်ရသည်။

သည်တော့မှ နေဦးနိုင်သည် မေ့မြောနေရာမှ အရာအားလုံးကို ပြန်လည်မှတ်မိ သိရှိလာသူတစ်ယောက်လို စိမ့်စမ်းအေး ရပ်နေရာ၏ ဟိုမှာဘက်မှ တူးမာ ခုတင်နားသို့ သူ ပြေးလာပါ၏။

"တူးမာ. . . တူးမာ နေကောင်းရဲ့လားဟင်"

တူးမာက တော်တော်နှင့် စကားမပြောနိုင်။ သူ့ ကိုကိုဦးသို့ အားပျော့လွန်းသော အကြည့်များဖြင့် မှုန်မှုန်မှေးမှေး ကြည့်နေရှာသည်။ နေဦးနိုင်က တူးမာ လက်ကလေးကို ဆွဲကိုင်လိုက်ပါ၏။ သည်ဘက်မှာလည်း စိမ့်စမ်းအေးက ညီမလေးလက်ကို မလွှတ်။

တူးမာသည် တဘက်မှာ အချစ်ဆုံးချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



တဘက်မှာ ချစ်ကြင်အားကိုးရဆုံး မမ။

သူတို့နှစ်ယောက်၏ အလယ်မှာ ရှိနေပြီဟူသော အင်[illegible] က သူ့ကို အားတက်လာစေပါပြီ။

"ကို. . . ကို. . . ဦး. . ."

"တူးမာရယ်. . ."

"သား. . . သားလေး မွေးတယ်"

"ဟင်. . . သား"

ဖြူနေသော နေဦးနိုင်၏ မျက်နှာမှာ သွေးရောင်လွှမ်း[illegible] သည်။ ခြောက်သွေ့အေးစက်နေသော သူ့မျက်ဝန်းမှာ အကြင် နာရိပ်ဖြင့် စိုရွှန်းလာသည်။

"သား. . . သား မွေးပြီးပြီ။ ခု. . . ခု ဘယ်မှာလဲဟင်"

"ကလေးခန်းမှာ. . . သွားကြည့်နော်"

"ကြည့်ပါ့မယ်။ တူးမာ နေကောင်းရဲ့လားဟင်"

တူးမာက ခေါင်းယမ်းပြသည်။

"အို. . . နေကောင်းလာမှာပေါ့ ညီမလေးရယ်၊ ဆရာ[illegible] တွေကလည်း ဂရုစိုက်တယ်၊ ပြီးတော့ ညီမလေးရဲ့ ကိုကိုဦး လည်း ရောက်လာပြီလေ"

"ကို. . . ကိုကိုဦးက ပြန်သွားမှာပါ"

မတောက်ပသော တူးမာ၏ မျက်ဝန်းလေးမှာ မျက်ရည် များ လျှံဝဲလာပါ၏။

စိမ့်စမ်းအေးသည် နေဦးနိုင်ကို မျှော်လင့်ခြင်းကြီးစွာ ကြည့်လိုက်သည်။ အားပေးနှစ်သိမ့် ယုယကြင်နာခြင်းဆိုသော စကားလုံးလေးများ သူ့နှုတ်က ထွက်လိုက်စမ်းပါ။



ရင်ထဲမှာ မချင့်မရဲနှင့် သူ့ကို ဆွဲကိုင် လှုပ်ခါပစ်လိုက် ချင်သည်။ အားမလိုအားမရစိတ်နှင့် အမှုန့်ကြေသွားအောင် သတ်ပစ်ချင်စိတ်ပင် ပေါ်လာနေမိဆဲ. . .

"မပြန်ပါဘူး။ တူးမာလည်း နေကောင်းလာမှာပါ"

အကြင်နာ မပါလှသော်လည်း ပြောဖော်ရသည်ကိုပင် တော်သေးသည် ထင်မိရပါ၏။

တူးမာသည်လည်း နည်းနည်းတော့ အားရှိသွားပုံရပါ၏။ ခေါင်းလေး ဖြည်းဖြည်းညိတ်ပြီး မျက်လုံးလေး ပြန်မှိတ် လိုက်တော့ မျက်ဝန်းထဲမှ မျက်ရည်များက လျှောကျလာသည်။

ရှိုက်သံမထွက်အောင် နှုတ်ခမ်းနှစ်ခု စေ့ပိတ်ပြီး ရင်ထဲမှာ ကြိတ်၍ ငိုနေသော စိမ့်စမ်းအေး၏ မျက်ရည်များက တူးမာ၏ ခုတင်ပေါ်သို့ တစ်ပေါက်ပြီးတစ်ပေါက်။

ပြန်မှိန်းသွားသော တူးမာ၏ လက်ကလေးကို အသာ ပြန်ချပြီး နေဦးနိုင်သို့ ကြည့်လိုက်သည်။ နေဦးနိုင်မှာ မျက်နှာ မဲ့ကာလွှန်းစွာ တူးမာ၏မျက်နှာကိုလည်း ကြည့်သည်။ ဘေးဘီသို့ လည်း ဝေ့၍ဝဲ၍ ကြည့်နေမိပါ၏။

"ခဏ"

ဟူသော သဘောဖြင့် သူ့ကို လက်ယပ်ခေါ်ပြီး အပြင်သို့ ဦးဆောင်ထွက်သွားနှင့်သည်။ နေဦးနိုင်ကလည်း ဖြည်းဖြည်း ထ၍ ဟိုကြည့် သည်ကြည့်နှင့် စိမ့်စမ်းအေး၏နောက်မှ လိုက်ထွက်လာပြီး အခန်းပြင်မှာ ဆုံကြသည်။

သူတို့နှစ်ဦးလုံး အမျိုးသမီးဝဝကြီးတစ်ဦးရှေ့မှ ဖြတ်ထွက် သွားကြသော်လည်း ကိုယ့်အပူနှင့်ကိုယ်မို့ သူတို့ မမြင်မိကြ။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်နှင့် ခပ်လှမ်းလှမ်း တစ်နေရာမှ ငိုထားသော မျက်နှာနှင့် အလုံးစုံကို ရပ်ကြည့်မြင်တွေ့နေသော အ… သမီးကြီးမှာ. . .

ဒေါ်လှကျော့. . .

သူတို့နှစ်ဦး ထွက်သွားလေမှ ခုတင်ခြေရင်းတွင် မဝံ့… ရပ်ရင်း. . .

“ဒါ ငါ့သမီးလေးပါ၊ ငါ ငယ်ငယ်က မျက်နှာအတိုင်း… တွေ့မယ့် တွေ့ရတော့လည်း ခုချိန်ကျမှ ဆုံရပါလား သမီးလေး… ရယ်. . .

“အမေ့ကို ခွင့်လွှတ်ပါ၊ အမေ့ကို ခွင့်လွှတ်ပါ သမီးလေး… ရယ်. . .”

ဘာမှ နှုတ်က မပြောသာသော ဒေါ်လှကျော့သည် ခုတင်ခြေရင်းမှသာ ရပ်ကြည့်ရင်း ယူကျုံးမရစွာ ငိုရှိုက်နေ… ပါတော့သည်။

အပြင်ဘက်တွင်. . .

မတည်ငြိမ်သော အကြည့်များနှင့် တစ်စုံတစ်ခုကို စိုးထိတ်… နေသလို ဟိုဟိုဒီဒီ ကြည့်နေသော နေဦးနိုင်သို့ စိမ်းစမ်းအေး… စူးရဲသော အကြည့်များဖြင့် ကြည့်လိုက်ပြီး. . .

“ဒီမှာ ကိုနေဦးနိုင်”

သူက ကြည့်လှာသည်။ ဘာမှမပြော။

“ရှင့် ရင်ထဲမှာ ရှိနေတဲ့ နှလုံးသားဟာ လူသား… တစ်ယောက်ရဲ့ နှလုံးသားမှ ဟုတ်ရဲ့လားရှင်. . . ဟင်”

“ဗျာ. . .”



“ရက်စက်လွန်းတဲ့ တောရိုင်းမုဆိုးကြီးတောင် သူ့သားရဲ့ သေားပေါ် ကြင်နာစိတ်နဲ့ တောကောင်တွေကို သတ်တွေး ပါတယ်”

“ခုတော့ ရှင်ဟာ တူးမာကိုလည်း သားကောင် တစ်ကောင်လိုပဲ သဘောထားရက်တဲ့ မုဆိုး၊ လူယုတ်မာ”

“ဟာ. . . ဗျာ”

အက်ကွဲသော စကားလုံးများ သူ့ရင်မှ ပွင့်ကျလာပြီး စိမ့်စမ်းအေး စကားမဆက်နိုင်တော့၊ အငိုသည်သာ အဆက် ပြတ်. . .

“ဒီမှာ စိမ့်စမ်းအေး”

မျက်ရည်များနှင့် သူ့ကိုမော့ကြည့်မိသည်။

“ဒီထိအောင်တော့ မစွပ်စွဲပါနဲ့လားဗျာ။ ကျွန်တော်လည်း လူသားပါ၊ လူသားရဲ့နှလုံးသားနဲ့ လူသားပါ မစိမ့်စမ်းအေး၊ ကျွန်တော် တူးမာဆီ မလာတာ မစိမ့်စမ်းအေးကြောင့်ပါ”

“ရှင်”

“ခြော်. . . ကျွန်တော် မစိမ့်စမ်းအေးကို ဘယ်အထိ မျှော်လင့်စွာ ကြိုးစားခဲ့တယ်ဆိုတာ အသိပဲလေ. . . ဒီတော့ ကျွန်တော်လာမိရင် ခုလိုပေါက်ကွဲမှုမျိုး ဟိုတည်းက ဖြစ်မှာစိုး သို့ပါ”

နေဦးနိုင်ကသာ စကားဆက်ပါ၏။

“ဒါပေမယ့် ကျွန်တော် လူမဆန်စွာ ယုတ်မာတာတော့ မဟုတ်ရပါဘူးဗျာ။ လွယ်ရာကဖြစ်မိတော့လည်း ကျွန်တော် တရားဝင် လက်ထပ်ခဲ့ပါတယ်။ ကျွန်တော် အခန်းထိုလာတော့

www.burmeseclassic.com

www.burmeseclassic.com



စိမ့်စမ်းအေးတွေ့လို့ ပြန်ပြေးဆင်းခဲ့ရတာပါ။ တူးမာနေဖို့ စားဖို့ မွေးဖွားဖို့ အားလုံး တာဝန်ယူခဲ့တာလည်း မစိမ့်စမ်းအေး သိပါတယ်"

"တူးမာလိုချင်တာ ငွေမဟုတ်ဘူး။ ရှင့်မေတ္တာ"

"ကျွန်တော့်မေတ္တာက. . . အိုလေ. . . ခုချိန်မှာ ဒါတွေ ပြောနေဖို့ မဟုတ်ဘူး။ ကဲ. . . ကျွန်တော်မေးပါရစေ"

"မေး. . . ဘာလဲ"

"ကျွန်တော် ဘာလုပ်ရမလဲ။ ဘာလုပ်ပေးရမလဲ။ တူးမာ အတွက် ဘာပဲဖြစ်ဖြစ် ကျွန်တော် စွမ်းဆောင်ပေးမယ်။ ဆေး ဘယ့်လောက် ကုန်ပါစေ ကုယူမယ်။ လိုအပ်ရင် ခုသွင်းနေတဲ့ သွေးမျိုး ကျွန်တော့်ကိုယ်က ထုတ်ယူပါ"

နာကျည်းမှု အမှောင်များ ပျယ်လွင့်ပြီး. . . မျှော်လင့်ဖွယ်ရာ ရောင်ခြည်တန်းအောက်မှာ နေဦးနိုင်ကို စိမ့်စမ်းအေး တွေ့လိုက်ရပါပြီ။

"တူးမာရဲ့ အခြေနေဟာ နေရဖို့နဲ့ သေရဖို့ရဲ့အလယ်မှာ ရပ်တည်နေပါတယ်"

"အို"

"ကိုနေဦးနိုင် ပြောသလို ခုချိန်မှာ ငွေလည်း မလိုတော့ဘူး၊ သွေးလည်း အဆင်သင့်ပါ။ ဆရာဝန်တွေကလည်း ဝိုင်းကြိုးစားနေကြပါတယ်။ တူးမာအတွက် လိုအပ်တာ တစ်ခုတည်းပဲ ရှိပါတယ် ကိုနေဦးနိုင်"

"ဘာများလဲ"

"ရှင့် မေတ္တာ"



"ကျွန်တော့် မေတ္တာ"

"ဟုတ်ပါတယ်၊ မေတ္တာဆိုတဲ့ ထုထည်ထဲမှာ ကြင်နာခြင်း၊ ယုယခြင်း၊ မြတ်နိုးခြင်း၊ ခွင့်လွှတ် ကြည်ဖြူနိုင်ခြင်း၊ သနား ကရုဏာရှိခြင်းတွေ အလုံးစုံပေါင်းစပ် ဖွဲ့စည်းအပ်တဲ့အရာဟာ မေတ္တာတရားပါ။

"ဒီတော့ ကိုနေဦးနိုင်အနေနဲ့ ကျွန်မ ညီမလေးပေါ်မှာ အတတ်နိုင်ဆုံးနဲ့ အများဆုံးသော အကြင်နာလေးတွေ ပေးပြီး သူ အားမာန်ပြည့်ပြည့်လာအောင် ယုယတဲ့စကား၊ နှစ်သိမ့်တဲ့ အပြောလေးတွေနဲ့ ကူညီပါလို့. . .။

"ကိုနေဦးနိုင်ရယ် လိုအပ်မယ်ဆိုရင်လေ ကျွန်မ ရှင့် ခြေသလုံးကိုဖက်ပြီး တောင်းပန်ဆို တောင်းပန်ပါ့မယ်ရှင်"

"မလိုပါဘူးဗျာ၊ မစိမ့်စမ်းအေး ဖြစ်စေချင်သလို ဖြစ်စေရပါ့မယ်။ ကျွန်တော် အားလုံး ဖွင့်ဟဝန်ခံပြီး တူးမာကို တောင်းပန်မယ်။ ပြီးတော့ ကျွန်တော့် သားနဲ့မယားကို ကျွန်တော် ပေါင်းမယ်၊ အတူနေမယ်"

"အမလေး ရှင်"

"ကဲ. . . ကျေနပ်ပြီလား။ အငိုတိတ်လိုက်ပါတော့ မစိမ့်စမ်းအေးရယ်၊ ကျွန်တော် တူးမာနားသွားတော့မယ်နော်"

စိမ့်စမ်းအေးမှာ နေဦးနိုင်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်မိသည်။ ပြီးတော့ နှုတ်ခမ်းမှာ အပြုံး၊ မျက်ဝန်းမှာ မျက်ရည်တွေနှင့် ခေါင်းဆတ်ဆတ်ညိတ်လိုက်ပြီး နေဦးနိုင်ကို အခန်းတွင်းသို့ တွန်းပို့လိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အခန်းဝမှ ရပ်စောင့်နေသည်။ နေဦးနိုင်သည် တူးမာ၏ ခုတင်ဘေးမှ ခုံတန်းလျားငယ်ပေါ်တွင် ကျကျနန ထိုင်လိုက်ပြီး တူးမာ၏မျက်နှာနားသို့ ကပ်လျက် စကားတွေ တတွတ်တွတ် စတင်ပြောနေပါတော့သည်။

"အဲဒါ ဟို သမီးလေးရဲ့ယောကျ်ားလား ဟင်"

"ရှင်. . ."

ငိုထားသော အမျိုးသမီးကြီးတစ်ဦးက စိမ့်စမ်းအေး ရှိရာသို့ ထွက်လာပြီး မေးပါ၏။

"ဟုတ်ကဲ့"

"စိမ့်စမ်းအေး ဆိုတာ ဒီက တူမလေးပဲ မဟုတ်လား"

"ရှင်. . . ကျွန်မ. . . ကျွန်မကို သိတယ်လား"

"အဒေါ်ဟာ ဒေါ်လှကျော့ပါကွယ်"

"အို. . ."

"စောစောက ငါ့တူမအပြင်ကို အပြေးအလွှား ထွက်သွားတုန်းတည်းက အဒေါ် ရောက်နေတာပါ။ ဒါပေမယ့် သမီးလေးရဲ့ အခြေနေက အားရစရာမကောင်းလို့ ပြောလိုက်ရင် ပိုများဆိုးသွားမလားဆိုပြီး အနားက ရပ်ကြည့်နေမိတာပါ"

"ရှင်. . . သမီးလေး၊ သမီးလေးဆိုတာ တူးမာကို ပြောတာလားဟင်"

ဒေါ်လှကျော့က မျက်ရည်များသုတ်ရင်း ခေါင်းညိတ်သည်။

"ဟင်. . . ဒါ. . . ဒါဖြင့်"



"တူးတူးမာဆိုတာကို မွေးပြီး စိမ့်စမ်းအေးရဲ့အမေ မခင်တင့်ကို ပေးခဲ့တဲ့ အမိုက်မကြီး လှကျော့ဆိုတာ. . ."

"အို. . . ဒေါ်ဒေါ်ရယ်"

"ခုတော့မှ မောင်တင်မောင်သိန်းက ရောက်လာတယ်။ သားအမိချင်း ပြန်တွေ့ရတဲ့အချိန်က. . ."

ဒေါ်လှကျော့ စကားရပ်သွားပါသော်လည်း စိမ့်စမ်းအေးသည် အလုံးစုံကို ခြုံငုံစဉ်းစားမိပါပြီ။

"ညီမလေးကတော့ ဘာမှ မသိရှာသေးပါဘူး ဒေါ်ဒေါ်"

"တင်မောင်သိန်းက အဒေါ့်ဆီရောက်ပြီး ပျောက်သွားလိုက်တာ အကြာကြီး၊ ဒီနေ့တွေ့. . . ဒီနေ့လိုက်လာခဲ့တာပါ"

ကိုတင်မောင်သိန်း၏လုပ်ဆောင်ချက်သည် ဘာရည်ရွယ်ချက်ကြောင့် ဆိုသည်ကို စိမ့်စမ်းအေး မစဉ်းစားနိုင်အားတော့။

ညီမလေးတူးမာအတွက် ပရိဒေဝမီးသည် တော်ရုံပြဿနာကို ဝါးမျိုဖျက်ဆီးလိုက်ပါပြီ၊ စိတ်က လက်ရှိနေရာတွင်သာ။

"ဘာပဲဖြစ်ဖြစ် ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်ရောက်လာတာ စိမ့် အားရှိလိုက်တာရှင်။ တူးမာလေးလည်း သိပ် ဝမ်းသာသွားရှာမှာ"

ဒေါ်လှကျော့သည် နေဦးနိုင်နှင့် တူးမာတို့ကို အဝေးဆီမှ လှမ်းမျှော်ကြည့်လိုက်ပြီး. . .

"စိမ့်စမ်းအေး"

"ရှင်"

"ငါ့တူမ ထင်သလို ဖြစ်ချင်မှဖြစ်လာမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ ဒေါ်ဒေါ်"

"ဪ. . . မိခင်ရင်းကို တွေ့ရတယ်ဆိုပြီး သူ ဝမ်း
ချင်မှ ဝမ်းသာမယ်လေ၊ စိတ်နာချင်လည်း နာနေမှာပေါ့"

"အင်း. . . ဒါလည်း ဟုတ်တာပါပဲနော်"

"ဪ. . . အဒေါ်ကတော့ သိစေချင်တယ်။ ပြော
လိုက်ချင်တယ်။ ဟိုတုန်းက အခြေနေကို တင်ပြပြီး သမီးလေး
တောင်းပန်ချင်လှပါတယ်ကွယ်"

"ဖြစ်သင့်တာကို ဖြစ်ရမှာပေါ့ ဒေါ်ဒေါ်ရယ်။ တူးမာ
ပြောပြကြတာပေါ့။ သူ့အခြေနေလေး ကောင်းလာတဲ့အထိ
လန်းလန်းဆန်းဆန်းလေး ဖြစ်လာတဲ့အထိ စောင့်ကြည့်ကြ
တာပေါ့နော်"

"အေးပါကွယ်. . . အဒေါ်မပြန်ဘူး၊ ဒီမှာ စောင့်
မယ်"

"စိမ့်လည်း ညီမလေးနားက မခွာပါဘူး ဒေါ်ဒေါ်ရယ်"

စိမ့်စမ်းအေး၏ရင်မှ ပရိဒေဝမီးမှာ မငြိမ်းသေး စေသည့်
တိုင်. . .

ညီမလေးတူးမာ၏ 'ခင်ပွန်း နှင့် မိခင်'. . .

ဆိုသော သူနှစ်ယောက် ဘေးမှာ ရောက်ရှိလာပြီဖြစ်
အားအင်များ ပြည့်လာသလို ရှိရပါပြီ။

ထိုစဉ် နေဦးနိုင်က လက်ယပ်ခေါ်၍ စိမ့်စမ်းအေး
ပြေးဝင်သွားရသည်။

"ဘာလဲဟင်. . . ဘာလဲ"

"ဆရာမကိုခေါ်ပေးပါ မမ၊ တူးမာအော်က်မှာ နစ်နေ



ဘာမှ နားမလည်သော အပျိုမလေး စိမ့်စမ်းအေးက
တူးမာ၏စောင်လေးကို မ,ကြည့်လိုက်တော့ သွေးများက
အိုင်ထွန်းပြီး တူးမာ၏ ကိုယ်တစ်ပိုင်းလုံး နစ်မတတ်။

စိမ့်စမ်းအေး လန့်သွားသော်လည်း တူးမာက စောစောက
မျက်နှာလိုမျိုး မဟုတ်။

"ကိုကိုဦးက အားလုံးဝန်ခံတယ်။ ပြီးတော့ တောင်းပန်
နေတယ် မမ"

"ဟုတ်လား. . . ဝမ်းသာလိုက်တာကွယ်။ ညီမလေး
စကားပြောနိုင်ပြီနော်။ ကဲ. . . မမ ဆရာမသွားခေါ်လိုက်ဦး
မယ်"

လူ၏ စိတ်အားမာန်ဟူသည် သိပ္ပံပညာရှင်တို့ လိုက်
မမီနိုင် လောက်အောင် ဆန်းပြားလွန်းလှချေသည်။

သွေးဆင်းပိုများနေသော တူးမာမှာ သူ့ကိုကိုဦး၏လက်ကို
ကိုင်ကာ စောစောဆီကထက် စကားပို၍ သွက်လက်စွာ ပြောနိုင်
နေပါလား။

"ကဲ. . . ခဏ အပြင်ထွက်ပေးကြပါ"

ရောက်လာသော ဆရာမကပြော၍ နေဦးနိုင်နှင့် စိမ့်စမ်း
အေးတို့ အပြင်သို့ ထွက်ခဲ့ကြရသည်။

ဒေါ်လှကျော့ကို အခြေနေပြောပြီး စကားပြောပါသော်
လည်း နေဦးနိုင်နှင့် မိတ်ဆက်ပေးမနေတော့။ ဒီကိစ္စက တူးမာ
နေကောင်းပြီးလေမှ အေးအေးဆေးဆေး ပြောရမည့် အကြောင်း
ပျက်ပါ။

"သားကို ကြည့်လို့မရဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ညနေမှ မှန်ခန်းထဲကပြမယ်လို့ ပြောသံကြားတယ်။ ပြောကြည့်ရင်တော့ ရမလားပဲ။ ဒါပေမယ့်. . . နေပါဦး ကိုနေဦး နိုင်၊ ကလေးထက် တူးမာက ပိုပြီးအရေးကြီးပါတယ်ရှင်"

"ဟုတ်ကဲ့"

"ကလေးက ဖြူဖွေးနေတာပဲ၊ တူးမာနဲ့မတူဘူး၊ ကိုနေဦး နိုင်နဲ့ တူးတယ်၊ လှတယ်"

နေဦးနိုင်က ပြုံးပါ၏။ စိမ့်စမ်းအေးကလည်း ရယ်မော နိုင်ပါပြီ။

"တူးမာဆီကို မလာရဲတဲ့အကြောင်း ဖွင့်ပြောပြလိုက် ပါတယ် မစိမ့်စမ်းအေး"

"ဟင်"

"ခုတော့လည်း ကြဲကြဲဖန်ဖန် မရီးနဲ့မတ် ဖြစ်ကြပြီလို့ ပြောတော့ တူးမာက ပြုံးပါတယ်"

"ဟုတ်လား"

"ဆေးရုံကဆင်းရင် သူနဲ့အတူ နေတော့မယ်ဆိုလို့ သူ အတော်ပဲ ဝမ်းသာသွားရှာပါတယ်"

"ကျွန်မ ဝမ်းလည်းသာပါတယ်။ ကိုနေဦးနိုင်ကို ကျေးဇူး လည်း တင်ပါတယ်ရှင်"

"ကျွန်တော်ကတော့ မျက်နှာတောင် မကြည့်ရဲအောင် ဖြစ်နေရတဲ့ ကောင်ပါဗျာ"

"ထားလိုက်ကြပါစို့လေ. . .၊ တူးမာ ခမျာ ဟိုရက်တွေ တုန်းကများ အဲ. . . ဒီနေ့အထိပေါ့လေ. . .၊ ကိုနေဦးနိုင်အ တွက် ခံစားလိုက်ရတာရှင်၊ မမြင်ရက်စရာပါပဲလေ"



နှစ်ယောက်လုံး သက်ပြင်းကိုယ်စီ ရှိုက်လိုက်ကြသည်။ ဘေးဆီမှ ဒေါ်လှကျော့ကို သတိရစွာဖြင့်. . .

"ဩော်. . . ဒေါ်ဒေါ် ထမင်းစားခဲ့ပြီးပြီလား"

"မစားရသေးဘူး။ ရပါတယ်။ ဘယ်စားနိုင်ပါ့မလဲ"

"သူက ဘယ်သူလဲ ဟင်"

"ဩော်. . . ကျွန်မတို့ အဒေါ်ပါ ကိုနေဦးနိုင်"

"အချိန်တို့သည် တစ်နာရီပြီးတစ်နာရီ. . .

တူးမာကို သွေးပုလင်းသစ် ထပ်သွင်းသည်။ တူးမာ ပြန်လည်မှိန်းသွားချိန်မှာ သုံးယောက်လုံး အပြင်မှာ ရပ်စောင့် လျက်. . .

ညေ့ချိန်တွင် ကလေးကို သွားကြည့်ကြရပါ၏။ နီထွေး နုဖတ်နေသော ဖွေးဖွေးအိအိ ကလေးကြီးကို နေဦးနိုင်သည် မှန်အပြင်မှနေ၍ သူ့သားဆိုသော အသိစိတ်ဖြင့် အသက်ပင် မရှူရဲလောက်အောင် ကြည့်နေပါသည်။

ညေ့ချိန်လွန်သွားသည်။

ညနေစောင်း မှောင်ယွန်းယွန်းအချိန်မှာ. . .

တာဝန်ကျ ဆရာမ၏ အရေးတကြီး ပြေးခေါ်မှုကြောင့် ဧည့်ခန်းမှ တာဝန်ကျ ဝတ်စုံနှင့်၊ မျက်နှာနှင့် ခေါင်းကို အုပ်ထား ပြီး မျက်လုံးလေးသာ ဖော်ထားသော သားဖွားနှင့် မီးယပ် ပါရဂူ ဆရာဝန်မကြီးကိုယ်တိုင် လိုက်လာသည်။

အနီးမှ နေဦးနိုင်တို့ သုံးယောက်လုံး အပြင်ထွက် နေကြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်လုံး ငြိမ်နေရာက ဘာများဖြစ်လို့လဲ ဘုရား... ဘုရား"

နေ့လယ်ဆီမှ အနည်းငယ် ငြိမ်သက်သွားသော စိမ့်စမ်း အေး၏ရင်မှာ ပြန်လည်လှုပ်ခတ်လာရသည်။

တူးတူးမာကို လက်ရှိနေရာမှ သယ်ယူပြီး မွေးခန်းရှေ့ အရေးတကြီး လူနာခန်းသို့ သယ်ဆောင်သွားကြသည်။

"ဘာများ ဖြစ်လို့ပါလိမ့်"

ဟူသော ပူပန်စိတ်ဖြင့် ဆရာမလေးများကို မေးကြ သည့်အခါ...

"သူက နဂိုတည်းက အားသိပ်နည်းနေတာ။ ခု သွေးလွ လို့ ဒေါက်တာတွေကိုယ်တိုင် ကြိုးစားနေကြပါတယ်"

"ဘုရား... မြတ်စွာဘုရား... ကုသိုလ် ဆိုးလှ ညီမလေးရဲ့အသက်ကို ကယ်တော်မူပါ ဘုရား..."

စိမ့်စမ်းအေးမှာ ခွဲခန်းရှေ့တွင် ရပ်နိုင်စွမ်းမရှိတော့ ဒူးညွှတ်ထိုင်ချလိုက်ပြီး ငိုရှိုက်နေတော့သည်။

"လူနာက သိပ်တွေ့ချင်လို့တဲ့။ ရှင်တို့နှစ်ယောက် ဝ သွားကြပါ"

နေ့လယ်တုန်းဆီကလိုပင် လူသတ်ကုန်းသို့ တက်ရတော့ မည့် ခြေလှမ်းများလို ချောက်ချား ကြောက်ရွံ့စွာ တူးမာ ရှိရာ ဝင်လာရပါပြီ။

ခုတင်ကို ဇောက်ထိုးသဘော ခြေရင်းမှ မြှင့်ထားသည့် သွေးကို ခြေထောက်မှ သွင်းထားပါ၏။ လက်မှ အကြော ရှာမရတော့၍လား...



"အမလေး..."

နှိမ့်မြင့်စွာ ဖြစ်နေသော တူးမာ၏ရင်ကို ကြည့်ပြီး စိမ့်စမ်းအေးမှာ သူ့ရင်ကို ဖိထားလိုက်ရသည်။ မောဟိုက်လွန်းနေသော တူးမာအတွက် တပ်ထားသော အောက်စီဂျင်ပိုက်ကလည်း မကယ်နိုင်တော့ပါလား...

"မ... မ..."

"ဟင်... ညီမလေး"

"ကိုကိုဦး"

"တူးမာ"

"တူးမာ သိပ်... သိပ်မောတာပဲ"

"ပျောက်မှာပေါ့ကွယ်၊ ဆရာဝန်တွေ အစွမ်းကုန် ကြိုးစား လုပ်ပေးနေကြပါတယ်"

နေဦးနိုင်လို နှစ်သိမ့်နိုင်စွမ်းအား စိမ့်စမ်းအေးတွင် မရှိတော့။

"မမ... မမရယ်"

"ဟင်... ညီမလေး"

"သား... သားလေးကို ကြည့်လိုက်ပါနော်"

"အို... တူးမာ"

မချိမဆန့်ခံစားရသော တူးမာ၏ ဝေဒနာကြားမှ စကား ကြောင့် စိမ့်စမ်းအေး လန့်အော်လိုက်မိသည်။ စိတ်မာန်နှင့် ဇွဲကြီးရှာသော တူးမာက အားယူ၍...

"ပြီး... ပြီး... တော့ တူးမာကို ချစ်ရင် ကို... ကိုကိုဦးကို လက်ထပ်လိုက်ပါ..."

www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . ညီမလေး. . ."

"တူးမာ"

စကားအဆုံးတွင် မျက်ဖြူလန်သွားပါ၍ စိမ့်စမ်းအေးရော နေဦးနိုင်ပါ ပြိုင်တူခေါ်မိကြသည်။

တူးမာ၏ မျက်လုံးမှာ ပြန်လည်မလာတော့။ အသက်ကိုဖြင့် ခက်ခဲပင်ပန်းစွာ ရှူရှိုက်နေဆဲ. . .

"သမီး. . . သမီးလေး. . . အမေ့သမီးလေးရယ်"

ဒေါ်လှကျော့က ငိုရင်း တူးမာ၏မျက်နှာလေးကို ပွေးကိုင်သည်။

စိမ့်စမ်းအေးမှာ ဒေါ်လှကျော့ကို နောက်သို့ အတင်းဆွဲထုတ် ခေါ်ယူလိုက်ပြီး. . .

"နေပါစေတော့။ မပြောပါနဲ့တော့။ မပြောလိုက်ပါနဲ့တော့ ဒေါ်ဒေါ်ရယ်၊ သူ့ရဲ့ နောက်ဆုံးအချိန်မှာ ကျွန်မကို အစ်မအရင်းအဖြစ်နဲ့ပဲ သိသွားပါစေတော့ရှင်"

ဒေါ်လှကျော့ကို ခုတင်နှင့်ဝေးရာမှာ ထားခဲ့ပြီး ရူးသွပ်သူတစ်ယောက်လို စိမ့်စမ်းအေးမှာ ညီမလေးရှိရာသို့ ပြေးလာခဲ့သည်။

"ညီမလေး. . . တူးမာ. . . တူးမာလေး"

တူးမာ မထူးနိုင်တော့ပါလား။

ဆရာဝန်များ ရောက်လာသည်။

တတ်ကျွမ်းသမျှသော ဆေးပညာဖြင့် အစွမ်းကုန် ပြုစုကြပါသော်လည်း. . .



လှိုက်ဖိုနေသော တူးမာ၏ရင်သည် ရှုမှိုက်မှ ဖြည်းဖြည်းချင်း ဝေးလာသည်။

ပြီးတော့. . .

လုံးဝ ငြိမ်သက်သွားခဲ့ပါပြီ။

သွေးပုလင်းနှင့် အောက်စီဂျင်ပိုက်များကို ဖြုတ်ပြီး ဆရာမလေးက တူးမာ၏ ကိုယ်ပေါ်မှ အဝတ်ဖြူကို မျက်နှာသို့တိုင် အုပ်လိုက်ပါတော့သည်။

'တူးတူးမာ'ဆိုသော ဘဝနှင့် ကိုယ်ခန္ဓာတစ်လုံးကို ဖုံးကာ ဇာတ်သိမ်းလိုက်ရပြီဆိုသည့် သဘော။

စိမ့်စမ်းအေး. . .

ကြည့်နေသည်။ ကြောင်နေသည်၊ အဝတ်ဖြူ လွှမ်းပြီးသည့်တိုင် သူဘာမှ မလှုပ်ရှားဖြစ်သေး။

မျက်စိရှေ့မှာ မြင်နေရပါလျက်နှင့် သူမယုံချင်။ မယုံနိုင်။ လက်မခံလို။ လက်မခံရဲ။

ဒေါ်လှကျော့၏ ငိုသံကြားမှ သူ့ရင်တွင် အသိဝင်ခဲ့သည်။

"တူးမာ ဆုံးပြီ"

"ညီမလေးကို အပြီးတိုင် ခွဲခွာရပြီ"

"ဆုံးရှုံးခြင်းဖြင့် စွန့်လွှတ်လိုက်ရပြီ"

ဆိုသော အသိမှန်များ သူ့ရင်သို့ ဝင်လာချိန်မှာ သူသည် အိကွေတာ အရပ်သို့ ရောက်ရှိသွားသည်။ နေဆယ်စင်းသည် လျှင်မြန်စွာ သက်ဆင်း၍ သူ့ရင်တွင်းသို့ တစ်လုံးပြီးတစ်လုံး ထွင်းဖောက်ဝင်ရောက်လာချေပြီ။

"အမလေးနော်. . ."

www.burmeseclassic.com

www.burmeseclassic.com



"တူးမာ. . . ညီမလေး. . . တူးမာလေးရေ"

"အို. . . ကျွန် ညီမလေးကို ဘယ်သူမှ ကယ်မပေးနိုင်ကြတော့ဘူးလား"

"မကယ်နိုင်ကြတော့ဘူးလား ရှင်"

"ကျွန်မ. . . ကျွန်မ သိပ်ချစ်ရတဲ့ ကျေးဇူးရှင်မလေးကို ကျွန်မ တကယ်ပဲ စွန့်လွှတ်ရပြီလား။ ခွဲခွာရပြီလား"

"တူးမာ. . . ညီမလေး မသေရဘူး"

"အမလေး. . . ကျွန်မ ညီမလေး. . . မသေရဘူး"

"မသေရဘူး"

တူးမာ၏ သက်မဲ့ခန္ဓာဆီသို့ ပြေး၍ ပွေ့ဖက်ထူမ,နေသော စိမ့်စမ်းအေးကို အားလုံးက ဝိုင်းဆွဲထားလိုက်ကြပါသော်လည်း. . .

တူးမာနှင့် ကင်းကွာသွားရချိန်မှာ စိမ့်စမ်းအေး၏ ကိုယ်ခန္ဓာသည်လည်း တူးမာကဲ့သို့ပင် အသိမဲ့စွာ ကြမ်းပြင်ပေါ်သို့ ပျော့ခွေကျသွားခဲ့ပါသတည်း။

◆ ◆ ◆

အခန်း ॥ ၃၈ ॥

# LEAVE ALL MATTERS AND RETURN URGENTLY

SAINT SANN AYE

အင်္ဂလိပ်ဘာသာနှင့် တယ်လီဂရမ်ကို အမေရိကန်လိုသခု သုံးစွဲခေါ်ဝေါ်နေကြသည့် Cable ဆိုသော အမြန်သွားကြေးနန်းစကားလုံးများဖြင့်. . .

"ကိစ္စအားလုံးထားခဲ့ပြီး အမြန်ဆုံးပြန်လာပါ"

ဟူ၍ စိုး၏ ကုမ္ပဏီလိပ်စာမှတစ်ဆင့် အကြောင်းကြားဆိုက်ပါပြီ။ လိပ်စာရှည်၍ စာ ဆယ့်လေးလုံးကို သုံးဆယ့်နှစ်ကျပ်ကျသည့် စရိတ်ထက် ကျော်လွန်သွားသည်။ ကုန်ပစေတော့။

ယခုအချိန်လောက်ဆို စိုး သူ့ကုမ္ပဏီရှိရာသို့ သူ့သဘော်နှင့်အတူ ပြန်ရောက်လောက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



စိမ့်စမ်းအေး စာထဲကအတိုင်းပါပင်၊ ကိစ္စအားလုံး ထားပစ်ခဲ့စမ်းပါ။

ကားလည်း မလိုချင်၊ မော်တော်ဆိုင်ကယ် မပါလာလည်း ရပါတယ်။ အို. . . ဘာဆို ဘာမှ ပါမလာလည်း နေပါစေ. . .

စိုးကိုသာပဲ မျှော်လင့်ပါသည်။

ယခုအချိန်တွင် စိမ့်စမ်းအေးအတွက် စိုးမရှိ၍ ဘယ်လိုမှ ရပ်တည်နိုင်စွမ်း မရှိတော့သည့် အခြေနေ။

စိုးနှင့်အတူ ငွေတစ်ကျပ်ပင် ပါမလာချင် နေပါစေတော့။ အရာရာ ဖန်တီးနိုင်သော စိုး၏ အစွမ်းအစကို ယုံကြည်စွာဖြင့် အားကိုးချင်လွန်းလှပါပြီ။

စိုး မလာ၍ ဘယ်နည်းနှင့်မှ မဖြစ်တော့။

စိုးမရှိဘဲ ဘာကိုမှ စိမ့်စမ်းအေး မဖန်တီးနိုင်။

ကိုယ့်တစ်ဘဝစာအတွက်ပင် စွမ်းဆောင်နိုင်သည့် အင်အား မရှိပါသော စိမ့်စမ်းအေး၏ ရင်ခွင်တွင်. . .

"သားလေး တစ်ယောက်နှင့်. . ."

တူးမာ ကိုယ်စား သားလေး နီနီထွေးထွေးကို ပွေ့ပိုက်ရင်း သည်ရက်ပိုင်းအတွင်း ပြန်လည်ရောက်ရှိလာတော့မည့် စိုး၏ အလာလမ်းကိုသာ မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်စားရပါတော့မည်။

◆ ◆ ◆



တူးတူးမာ၏ ဈာပနကို သူ့အလုပ်ရှင် ဦးညာဏ်စိုးသို့ ကူညီကြ၍ ဒေါ်မြနှင့် ဒေါ်လှကျော့တို့ ဆုံဆည်းမိရာမှ. . .

လွန်ခဲ့သည့် အနှစ်နှစ်ဆယ် ဝန်းကျင်ဆီမှ ဇာတ်ကြောင်းများသည် ဇာတ်တစ်ခု ခင်းကျင်းသည်သို့ ရှင်းလင်းစွာ သိသာပေါ်လွင်လာတော့သည်။

"ဩော်. . . ဖြစ်မှဖြစ်ရလေ၊ ဦးရဲ့ တူမလေး အရင်းပါလားကွယ်. . .။ အသိနောက်ကျလိုက်တာ။ ဦးတို့လည်း စိတ်မကောင်းဖြစ်ရပါတယ် စိမ့်စမ်းအေး. . ."

ဆေးရုံမှပင် 'အိမ်'ဟူသော အရပ်သို့ ပြန်စရာမရှိသော စိမ့်စမ်းအေးမှာ ဒေါ်လှကျော့ခေါ်ရာ ကီလီရဲတန်းလျားသို့ လိုက်သွားရတော့သည်။

၃၄ လမ်း အခန်းသည် နေဦးနိုင် ပိုင်။ ပြီးတော့ ပြန်ရမည်က တစ်ယောက်တည်း။ ဘယ်လိုမှ မဖြစ်၍ ဒေါ်လှကျော့နှင့် လိုက်သွားရခြင်းပါ။

ဒေါ်လှကျော့၏မောင်သည် ရဲတပ်သား၊ ဇနီးရှိသော်လည်း ကလေးမရှိ။ အရက်သောက်၍ မချောင်လည်။ ဒေါ်လှကျော့တို့က ကျွေးထားပြီး သူတို့အိမ်တွင် ကပ်နေကြရခြင်းဖြစ်ပါ၏။

ဒေါ်လှကျော့တို့မိသားစုက ၇ ယောက်၊ အိမ်ရှင်နှင့် ဆိုလျှင် ၉ ယောက်။ အခန်းက ကျဉ်းကျဉ်း၊ မတတ်သာလွန်း၍ အခြေနေမှန်ကို သိလေသော ဒေါ်လှကျော့၏ ခေါ်ငင်မှုကို မငြင်းပယ်နိုင်။ ကျေးဇူးတင်စွာ လိုက်သွားမိသော်လည်း အိမ်ခန်းလေးမှာ စိတ်ပျက်လွန်းဖွယ်ရာ ကျဉ်းကျပ်လှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



ကြော်... စိမ့်စမ်းအေးအတွက် တူးမာဟူသော ကျေးဇူး ရှင်ညီမလေး ဆုံးရှုံးသွားရသည်နှင့် တပြိုင်နက်၊ သူ့တစ်နေရာ ရပ်တည်ဖို့ပင် နေရာမရှိပါလား။

ချက်ချင်းလိုပင် စိုးထံသို့ ကြေးနန်းရိုက်ခိုင်းလိုက်ပါ၏

ဆွမ်းသွတ် အမျှဝေခြင်းကို ဒေါ်လှကျော့၏ အိမ်တွင် လုပ်ဆောင်ပြီး...

ဈာပနကိစ္စကို ဦးညာဏ်စိုးက တာဝန်ယူပါ၏။

ထိုနေ့က နေဦးနိုင် အသုဘသို့ လိုက်မပို့။

အသုဘတင်ယာဉ် ကားတစ်စင်း၊ နောက်မှ ဘတ်(စ်) ကား တစ်စင်းနှင့် ဦးညာဏ်စိုး၏ ကော်ရိုလာကားတစ်စင်းသာ ပါရှိသော မခမ်းမနားလွန်းသည့် တူးမာ၏ နောက်ဆုံးခရီး မှာ...

စိမ့်စမ်းအေးသည် တူးမာ၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်နေ ဆဲဆဲ အချိန်တွင် ခေါင်းကို ပွေ့ကိုင်လျက် ဆေးရုံမှာလဲ မေ့မြောခဲ့ပါသေးသည်။

ယခု ဒေါ်လှကျော့၏ အိမ်ခန်းလေးသို့တိုင် ဦးညာဏ်စိုး လိုက်လာပြီး စကားပြောနေခြင်းပါ။

"စိမ့်စမ်းအေးကိုလည်း ဦးပြောစရာရှိတယ်။ မကျေနပ်ရင် လည်း ခွင့်လွှတ်ပါ"

"ပြောပါဦးရယ်"

"ကလေးနဲ့ စိမ့်စမ်းအေး ဦးတို့တိုက်ကို လိုက်ခဲ့ပါ"

"ရှင်..."

"တိုက်ပေါ် နေချင်လည်းနေနိုင်တယ်။ လွတ်လွတ် လပ်လပ် နေချင်ရင်လည်း တူးမာနေသွားတဲ့အခန်းမှာ မမြဲနဲ့နေ



သူ့ကို ဆိုင်မှာမခိုင်းဘဲ ကလေးတာဝန်နဲ့ စိမ့်စမ်းအေးတွက် ထားပေးမယ်"

စိမ့်စမ်းအေးမှာ မယုံကြည်နိုင်လွန်းစွာဖြင့် ဦးညာဏ်စိုးကို ငေးကြည့်နေမိသည်။

"ဒီအိမ်မှာက လူသိပ်များတယ်လေ..."

ဦးညာဏ်စိုးက အားနာသလို အနီးမှာ ဝိုင်းနေကြသော ကလေးများကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး...

"သူ့အဘွားဆိုတဲ့ မလှကျော့ကလည်း တစ်နေကုန် ဈေးမှာ။ ပြီးတော့ ကလေးက သိပ်နုသေးတယ်။ ဒီမှာက ကျန်းမာရေးနဲ့လည်း မညီနိုင်ဘူး။ စိမ့်စမ်းအေးနဲ့လည်း မအပ်စပ် ဘူး။ ဦးရဲ့စေတနာကို နားလည်တယ်ဆိုရင်တော့ ဦးနဲ့လိုက်ခဲ့ စေချင်တယ်"

"ဦးရယ်"

"ကျွန်မတို့ တူအရီးအတွက် မှီခိုအားထားစရာ ဒီထက် ကောင်းတဲ့နေရာ မရှိပါဘူး။ သိပ်ကျေးဇူးတင်ပါတယ်။ လိုက် လည်း လိုက်ချင်ပါတယ်။ ဒါပေမယ့် ဘာမှမဆိုင်တဲ့ ကျွန်မကို တင်ကျွေးထားရမှာ အားနာစရာတစ်ခုပါပဲ"

"ဘယ်နဲ့ မဆိုင်ရမှာလဲ၊ ဒီကလေးဟာ ဦးနဲ့ အဘိုးလေး တော်တာပဲ။ ဒီကလေးကို ထိန်းရမယ့် စိမ့်စမ်းအေးကိုလည်း ဦးတူမလေးလိုပဲ သဘောထားပါ့မယ်"

"ဒါဆိုလည်း လိုက်ခဲ့ပါရစေတော့ ဦးရယ်။ ကျွန်မလည်း ခဏပဲ မှီခိုရမှာပါ။ ကျွန်မအစ်ကို ပြန်လာပါလို့လည်း မှာထား ပြီးပါပြီ။ သူလာရင် အားလုံး စီစဉ်ပေးမှာပါ။ ဦးရဲ့ကျေးဇူးကို လည်း ကျွန်မ ထာဝရ မမေ့မယ့်သူပါ ဦးရယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ဒေါ်လှကျော့ကို ခေါ်ခိုင်း၍ အတ
အကြောင်း ပြောပြီး ဦးဉာဏ်စိုးနောက်သို့ လိုက်ခဲ့ရပါပြီ။

"မြေးလေး"

ဟူသော မေတ္တာဖြင့် ချစ်ရှာပါသော်လည်း ဤတူအရိုး
သူတို့ အိမ်ခန်းစုတ်လေးနှင့် ဘယ်လိုမှ မအပ်စပ်ပါဟု သိ
လေသော ဒေါ်လှကျော့မှာ မတားသာ။ မျက်ရည်သာ ကျ
ပါ၏။

ကော်ရိုလာပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသေ
သားလေး၏မျက်နှာကို ငုံ့ကြည့်ရင်း စိမ့်စမ်းအေး၏ မျက်ရ
စက် ကလေးများသည် အနှီးဖြူဖြူကို စိုစွတ်စေသည်။

"ညီမလေး တူးမာရေ. . . ညီမလေးရဲ့ ကျေးဇူ
ပြန်ဆပ်တဲ့အနေနဲ့၊ ညီမလေးကို သိပ်ချစ်ကြောင်းပြတဲ့အနေ
ညီမလေးရဲ့ "သားလေး"ကို မမ အစွမ်းကုန် ပြုစုကျွေးမွေး
ပါ့မယ်ကွယ်"

"တို့ညီအစ်မ အားကိုးလှတဲ့ စိုးလည်း ပြန်လာတော့မှာ
မမမှာရင် သူမနေပါဘူး။ ပြန်လာတော့မှာပါကွယ်"

ကိုယ်နှင့် မည်သို့မျှ ပတ်သက် စပ်ဆိုင်ခြင်း မရှိပါသေ
ဦးဉာဏ်စိုးပိုင် 'ငြိမ့်' ဥယျာဉ်တွင်းမှာ မှီခိုနေထိုင်စားသောက်
ကလေးတစ်ယောက်ကို ရင်ဝယ်ပိုက်ထွေးလျက် မျက်ရ
စက်လက်နှင့် စိမ့်စမ်းအေး ရောက်ရှိခဲ့ရပါပြီ။

◆ ◆ ◆

အခန်း ။ ၃၉ ။

စိမ့်စမ်းအေး၏ တောင်းဆိုချက်အတိုင်း တူးတူးမာ
နေသွားသော အခန်းလေးမှာပင် ဒေါ်မြနှင့်အတူ နေထိုင်ပါ၏။

အလိုက်သိတတ်၊ အားနာတတ်လွန်းသော စိမ့်စမ်းအေး
မှာ ကလေးအိပ်ချိန်တိုင်းတွင် ဒေါ်မြ၏ အလုပ်ကိစ္စများကို
ဝိုင်းကူလုပ်ကိုင်ပေးသည်ကို. . .

အားလုံးက. . .

တက္ကသိုလ်ကျောင်းသူဘဝမှ အစေခံတန်းလျားသို့
ဆင်းသက်နေထိုင်ရပြီး ကလေးတစ်ယောက်၏ တာဝန်ကိုပါ
ထမ်းဆောင်နေရရှာသော အပျိုမ လှလှလေးကို ဝိုင်း၍ ဖေးမ
အားပေးကြရှာပါသည်။

ထာဝရ မျက်ရည်စိုနစ်လျက် သူ့ညီမလေးအတွက်
တွေနှင့်အမျှ ပူဆွေးငိုကြွေးနေရှာသည်ကိုလည်း အားလုံးက
သနားမဆုံးပါ။

"တူးမာသည်. . . ဦးဉာဏ်တိုး၏ တိတ်တခိုးဇနီးငယ်
ဒေါ်လှကျော့မှ မွေးဖွားလာခဲ့သူ. . ."

တောမှာ သူများသို့ပေးပစ်ခဲ့ပြီး အစဖျောက်ခဲ့ရာမှ
တစ်ပတ်လည်ပြီး ရောက်ရှိလာသည့် တူးမာ၏ အဆက်အနွယ်
ကို လက်ခံရကောင်းလားဟု ခေါ်ခင်မကြီးက ဖိုဘက်ခြမ်

www.burmeseclassic.com

www.burmeseclassic.com



ရန်ထောင်သည်။ သူ့သားသမီးများကို အကူးအသန်းမလုပ်စေ မသွားလာစေရဟု ယခုအချိန်ထိ ကြုံးဝါးဆဲမို့. . .

ဦးညာဏ်စိုးက ဟိုဘက်ခြံသို့ ကူးသန်းကူညီနေသည့် ခြံဝင်းတံခါးကို အသေပိတ်ပစ်ခဲ့သည်။

ကိုယ့်အတွက်နှင့် သူတို့ချင်း မပြေလည်ကြသည်ကိုလည်း စိတ်ကောင်းနိုင်စရာမရှိပါ။

ယခုအဖြစ်က. . .

ရက်သားလေး၏မျက်နှာမှလွဲ၍ ကိုယ်နှင့် သွေးတစ်စက်မှ မစပ်သောသူများ။

တစ်ခါသာရောက်ဖူးသောနေရာ. . .

တစ်ကြိမ်သာ တွေ့ဆုံဖူးသော ဦးညာဏ်စိုး၏အရိပ်တွင် ခိုလှုံနေရသည်ကို မျက်နှာပူလှ၊ အားနာလှပါသော်လည်း ဤ. . . တူအရီးအတွက် ကမ္ဘာမြေက ကျဉ်းလွန်းလှပါဘိသည်။

"အို. . . ရှုရှုတွေကို ရွဲ့လို့"

အနှီးလဲရသည့်ကိစ္စက ဝါဏိဇ္ဇ ပညာရပ်ထက် အများကြီး ခက်ခဲပါလား။

တူးမာနှင့် မတူ။ သူ့ဖခင်နှင့် တူသော လူချောလေးကို ခြေကလန် လက်ကလန်ကြားမှ မနည်းအားခဲပြီး အနှီးလဲလိုက်ရသည်။ အူဝဲသံများ ကျွက်ကျွက်ညံနေသဖြင့် ဦးညာဏ်စိုး ဝယ်ပေးထားသော နို့မှုန့်ဗူးမှ အချိန်အဆနှင့် အမြန်ဖျော်စပ်တိုက်ရသည်။ နို့ဗူးမကုန်မီ အိပ်စက်သွားသော **'အမိမဲ့ သားငယ်လေး'** သို့ အကြင်နာကြီးစွာ ရင်နာလွန်းစွာဖြင့် ကြည့်နေမိဆဲ. . .



"အို. . ."

အသံနှင့် အရိပ်တစ်ခုထိုးလာ၍ မော့ကြည့်လိုက်တော့. . .

"နေဦးနိုင်"

"မစိမ့်စမ်းအေးရဲ့ အဝတ်သေတ္တာနဲ့ စာအုပ်သေတ္တာကို လာပို့တာပါ။ သူ့ပစ္စည်းတွေတော့ ယူမလာခဲ့တော့ဘူး။ မစိမ့်စမ်း အေး စိတ်မကောင်းဖြစ်နေမှာစိုးလို့. . ."

လှုပ်ရှားသွားသောရင်သည် ပွင့်ထွက်မတတ်။

သားငယ်လေးကို ရင်ခွင်မှာပိုက်ရင်း နေဦးနိုင်သို့ နာကျည်းစွာ ကြည့်မိသည်။

ရင်ထဲမှာ ပြောစရာတွေ ပြည့်သိပ်လွန်းနေလေသလား။

ဘာမှ ပြောစရာမလိုတော့ဘူးလား စဉ်းစား၍မရ၊ ရင်မှာဖြင့် လှပ်လှပ်ခါလျက်၊ အတွေးများသည်သာ ယောက်ယက်ခတ်လာသည်။

"သူ့ပစ္စည်းတွေတော့ မယူခဲ့ဘူး။ မစိမ့်စမ်းအေး စိတ်မကောင်းဖြစ်နေမှာစိုးလို့"

ဆိုတော့ သူကတော့ စိတ်မကောင်းမဖြစ်လို့ ထားရက်တယ်ပေါ့. . .

ဩော်. . . ဒီလူ့အတွက်. . .

"ငါ့ညီမလေးဟာ သေဆုံးခါနီး နာရီပိုင်းလေးအလိုမှာ လွဲပြီး အို. . . ဒါလည်း ငါ့သွားခေါ်လို့ပါ"

အင်း. . . ဒီလူ့အတွက်. . .

www.burmeseclassic.com

www.burmeseclassic.com



"မျက်ရည်စက်လက်နဲ့၊ မျှော်လင့်ချက်မဲ့စွာနဲ့၊ ရင်နာကြေကွဲစွာနဲ့ တစ်ချိန်လုံး နေသွားခဲ့ရရှာတယ်"

"ညီမလေးက သိပ်ချစ်ရှာလွန်းတော့ သိပ်ကို ခံစားသွားရရှာတာ ဒင်းကြောင့်. . ."

"ညီမလေးရဲ့ စိတ်ဝေဒနာဟာ ကိုယ်ခန္ဓာကိုပါ ယိုယွင်းအားနည်းစေရာက မွေးဖွားချိန်မှာ အသက်အန္တရာယ် ထိခိုက်ရတာ ဒီကောင့်ကြောင့်. . ."

ကြည့်ပါဦး. . .

"ငါ့ညီမလေးရဲ့ နောက်ဆုံးခရီးမှာ သူလိုက်မပို့ဘဲ နေနိုင်လောက်အောင် ရက်စက်တဲ့ လူယုတ်မာ"

"ချစ်ရလွန်းသော ညီမလေးတူးမာအတွက် ခံစားချက်ထပြင်းထန်လွန်းလာသောအခါ နုညက်သိမ်မွေ့လှသော စိမ့်စမ်းအေး၏ရင်မှာ ဒေါသတရားသည် မုန်တိုင်းဝင်သည်သို့ ကြမ်းတမ်း ခက်ထရော်လာတော့သည်။

ကလေးကို ချသိပ်ပြီး နေဦးနိုင်ရှိရာသို့ တလှမ်းချင်းတိုးလာခဲ့သည်။ နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်နေသည်

ဘာတစ်လုံးမှ မပြောပါဘဲနှင့် အနီးသို့ ကပ်လာပြီးရုတ်တရက် လက်ကိုအားနှင့်လွှဲ၍. . .

"ဖြန်း"

"ဟာဗျာ"

ပါးသို့ အားပါးတရ ရိုက်ထည့်လိုက်၍ နေဦးနိုင်မှာခေါင်းလည်ထွက်သွားတော့သည်။

"ကျွန်တော့်မှာ အပြစ်မရှိဘူး"



"ဘာ"

"ပါးရိုက်ခံရတာတော့ ခံပြင်းတယ်။ ဒေါသ ထွက်သွားတယ်။ ဒါပေမယ့် စိမ့်စမ်းအေးမို့ ခွင့်လွှတ်ပါတယ်"

"ရှင်ပြန်ပါ ကိုနေဦးနိုင်"

"မပြန်နိုင်ဘူး။ ကျွန်တော့်သား ကျွန်တော် ကြည့်ဦးမယ်"

"ရှင့်သား. . . ဟုတ်လား၊ ဟင်. . . မယား သေတာတောင် လိုက်မပို့တဲ့လူက သူမွေးခဲ့တဲ့ကလေးကို လာကြည့်စရာမလိုဘူး။ ရှင်ထွက်သွားပါ။ သွား. . . သွား"

"မစိမ့်စမ်းအေး. . . သိပ် စိတ်လှုပ်ရှားနေပါတယ်ဗျာ။ ခဏထိုင်ပါ။ ကျွန်တော့်ကိုလည်း ခဏနေခွင့်ပေးပါ"

စိမ့်စမ်းအေး မထိုင်ဖြစ်ပါ။ သူလည်း မတ်တတ်ရပ်လျက်. . .

"ကျွန်တော် တူးမာရဲ့ သင်္ဂြိုဟ်စရိတ်ကို ဦးညာဏ်စိုးလက်ကို အပ်ခဲ့ပါတယ်။ မေးကြည့်ပါ။ လိုက်မပို့တာကတော့ မာမီ့ကြောင့်ပါ"

"ရှင့်အမေက လိုက်မပို့ရဘူးတဲ့လား၊ ဟုတ်လား ဟင်. . ."

"ကျွန်တော့် မာမီဟာ ဆရာဝန်ပါ၊ တူးမာနဲ့ ကျွန်တော်ရဲ့ သားကို သူကိုယ်တိုင် မွေးပေးခဲ့ရတာပါ"

"ဟင်. . . ဒါဖြင့် ရှင့်မာမီက တူးမာကို သတ်ပစ်လိုက်တာလား. . . ဟုတ်လား"

"ဒီလောက်ထိ စကားတွေ အစွန်းမရောက်ပါနဲ့လားဗျာ။ ဆရာဝန်တစ်ယောက်ဟာ ဒီလောက် ဘယ်တော့မှ ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပြီးတော့ တူးမာ ဆုံးခါနီး အသက်ကယ်ပေးရင်းမှ မာင်ကျွန်တော့်ကို မြင်သွားခဲ့တာပါ"

စိမ့်စမ်းအေး စကားလည်းမတုံ့ပြန်မိ။ သူ့ကိုလည်း မကြည့်။

"ဒီကိစ္စကို အလေးအနက်ထားပြီး စဉ်းစားရမယ်။ လူငယ်တွေချင်း ဖြေရှင်းရင် ပေါက်ကွဲကုန်လိမ့်မယ်။ သားမသွားနဲ့ . . . ငွေသုံးထောင်ပေးလိုက်ဆိုတာနဲ့ . . ."

"ကောင်းပြီလေ။ ဒါဆိုလည်းပြီးရောပေါ့။ ရှင်ဖျက်လို့ ကျွန်မညီမလေး ဘဝပျက်ရုံမကဘူး၊ အသက်ပါ ဆုံးခဲ့ရပါပြီ ရှင် . . ."

"အားလုံးတော့ ကျွန်တော့်ပေါ် မချပါနဲ့လားဗျာ။ တွေ့ရတဲ့နေရာချင်း၊ ဆုံရတဲ့ အခြေနေချင်းက ကွာတော့ စိမ့်စမ်းအေးကို တွယ်တာသလိုတော့ တူးမာကို ဘယ်မြတ်နိုးနိုင်ပါ့မလဲ"

"တော် . . . ရှင်"

"ပြောပါရစေဦး၊ ကျွန်တော်မှ မဟုတ်ပါဘူး။ ဘယ်ယောက်ျားပဲဖြစ်ဖြစ် တူးမာလို ညည့်ကြိုစားပွဲထိုးမလေးမျိုးကို ဘယ်သူမှ မလေးစားကြပါဘူး။ ကျွန်တော်ဟာ စိတ်ညစ်ရာက သူနဲ့အပျော်တွဲခဲ့တယ်။ ကျွန်တော်က တကယ်မချစ်ဘူး။ သူက တကယ်ချစ်သွားတယ်။ ဒါပေမယ့် ကျွန်တော် သစ္စာမမဲ့ခဲ့ပါဘူးဗျာ။ လက်ထပ်ခဲ့ပါတယ်။ စရိတ်အားလုံး ပေးခဲ့ပါတယ်။ တစ်ခု ပျက်ကွက်တာပဲရှိပါတယ်"

"ကျွန်တော် သူ့ဆီ ရောက်မလာနိုင်တာ၊ အဲဒါဟာလည်း မစိမ့်စမ်းအေး ရှိနေလို့ပါ"



"ရှင်"

"ကျွန်တော်တို့ချင်းက . . ."

"တော်သေးတာပေါ့လေ၊ ကျွန်မသာ ရှင့်ကိုယုံမိရင် ညီအစ်မနှစ်ယောက် လက်တွဲပြီး သေပွဲဝင်ကြမှာပေါ့"

"ဒီလိုမဟုတ်ဘူး။ ဒီလိုမဟုတ်သေးပါဘူးဗျာ"

နီရဲကျိန်းစပ်သွားသော သူ့ပါးတစ်ဖက်ကို ပွတ်ရင်း နေဦးနိုင်က ခေါင်းယမ်းပြသည်။ သူ့ရင်မှာ ပြောစရာစကားလုံးပေါင်း ကုဋေနှင့်ချီ၍ ရှိနေပြီဆိုသည်ကို သူ့မျက်ဝန်းမှတစ်ဆင့် မြင်ရသော စိမ့်စမ်းအေးက . . .

"ကဲ . . . ကိုနေဦးနိုင် . . . ကျေးဇူးပြုပြီး ပြန်ပါရှင်။ နောင်လည်း ဘယ်တော့မှ မတွေ့ပါရစေနဲ့နော်"

"ကောင်းပါပြီ မစိမ့်စမ်းအေးရယ်၊ ဒါပေမယ့် ကျွန်တော့်သားလေးကိုတော့ . . ."

သူက စကားကို ဆုံးအောင်မပြောတော့ပါဘဲနှင့် ကွပ်ပြစ်ပေါ်မှာ အိပ်ပျော်နေရှာသော သားငယ်လေးရှိရာသို့ သွားသည်။ လက်နှစ်ဖက်ကို ကလေး၏ဘေးမှာထောက်ပြီး ငုံ့ရှိုက်နမ်းလိုက်ပါ၏။

ပြီးတော့ စိမ့်စမ်းအေးကိုလည်း မကြည့်တော့ပါဘဲနှင့် မျက်ရည်ဝဲလျက် ခေါင်းငုံ့ရင်း နေဦးနိုင် ပြန်လည်ထွက်ခွာသွားပါတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၀ ။

"မမခင်ရေ. . . စိမ့်လိပ်စာနဲ့ နိုင်ငံခြားက စာတို့ ကြေးနန်းတို့များလာရင် ကျေးဇူးပြုပြီး ချက်ချင်း အကြောင်းကြား ပေးပါနော်. . . ဖုန်းနံပါတ် မှတ်ထားပါ. . ."

'ငြိမ့်'၏ ဖုန်းနံပါတ်ကိုပေးပြီး။ အားလုံးကိုလည်း မှာကြား ထားပြီးခဲ့ပါပြီ။ 'ငြိမ့်'၏ ကောင်တာမှာ ထိုင်သော အမျိုးသမီးနှင့် အားလုံးကပါ စိမ့်စမ်းအေးကို သနားမဆုံးနိုင်ကြ။ သူ့ကိုစွဆိုလျှင် ကူညီပေးကြမည့် လူချည်းပါ. . .

"သူ့အလှလေးက သနားစရာလေးနော်။ ဒါ့ကြောင့်များ သူ့ဘဝကပါ ကြေကွဲစရာ ဖြစ်လာသလားမသိဘူး။ ဒီမှာ နေရတာ မရှုံ့မရဲနဲ့ သနားပါတယ်"

"အောင်မယ်. . . သူ့ရည်းစားက သင်္ဘောသားတဲ့ ဟိုက ပြန်လာရင် သူ့အားလုံး အဆင်ပြေတော့မှာပါ"

စိမ့်စမ်းအေး တယ်လီဖုန်းဆက်ပြီးမှအပြန် ကောင်တာ ဆီမှ ဝေဖန်နေသော အသံများ. . .



သူတို့အသံများကို နားထောင်ပြီး ဘေးဘက်မှ ခြံတွင်းသို့ ဆင်းခဲ့သည်။

"ငါ စိုးဆီ ကြေးနန်းရိုက်လိုက်တာ အရက်နှစ်ဆယ်ကျော် သွားပြီ၊ တစ်ခုခုတော့ အကြောင်းပြန်သင့်ပါပြီလေ၊ သူမရှိလည်း သူတို့ကုမ္ပဏီကတစ်ဆင့် သင်္ဘောကိုလှမ်းပြီး အကြောင်းကြား ပေးလို့ရမှာပါ။ ရေဒီယိုဆက်သွယ်ရေးတွေ ရှိနေတာပဲ။ ပြန်လာ ဖို့ မှာလို့များ အကြောင်းကြားမပေးကြတာလား"

"အို. . . စိုးရယ်. . . စိုးသိပ်ချစ်တယ်ဆိုတဲ့ မိစိမ့်ရဲ့ ဒုက္ခတွေကို မြင်လှဲ့စမ်းပါတော့"

"အားကိုးချင်လှပြီ အချစ်ရယ်"

"အမြန်ဆုံး ပြန်လာလှည့်ပါတော့ကွယ်"

အဖော်မဲ့သော ဘဝမှ အမြဲလိုသာ ရင်ထဲမှာ တမ်းတရင်း ငိုရှိုက်ရင်းဖြင့်သာ ရက်များစွာကို ဖြတ်ကျော်လာခဲ့ရသော စိမ့်စမ်းအေးမှာ. . .

"ဟယ်. . . သားလေးနိုးနေပြီ"

တိုက်ခန်းငယ်ပေါ်သို့ ပြေးတက်မိပါ၏။

ဒေါ်မြ၏ လက်တွင်း၌ ကြည်ကြည်လင်လင် နိုးနေသော သားငယ်လေး၏ မျက်နှာကို မြင်ရတော့ ရင်မှ မေတ္တာများစွာ စိမ့်ယိုမှုကြောင့် မျက်ရည်များကြားမှ ပြုံးလာနိုင်ခဲ့ပါပြီ. . .

"တစ်နေ့တခြား ထွားလာလိုက်တဲ့ကောင်ကြီး"

"ဟုတ်တယ်၊ ဒေါ်ဒေါ်မြရယ်. . . ဒီသားလေးကို လေ. . . ညီမလေးရဲ့ ကိုယ်စားသာ ချစ်မယ်လို့ ဆုံးဖြတ်ထား တာ၊ ခုတော့လေ. . . ရင်ထဲကို စွဲနေအောင် သိပ်ချစ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ကွဲ ရှန်သားအကျီဝါဝါ အသစ်ကလေးနှင့် ဖွေးအစ်နေသော သားလေးကို လက်ပြောင်းချီယူလိုက်စဉ် ဒေါ်မြက. . .

"အင်း. . . မလှကျော့ကလည်း သူ့တတ်နိုင်သလောက် မြေးလေးကို ပေးရှာ ထောက်ပံ့ရှာပါတယ်။ ဟိုဘက်အိမ်ကသာ အယုတ်တမာတွေလေ"

"လူဆိုတာ ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘူး နော်. . . ဒေါ်ဒေါ်မြ၊ ချစ်တတ်တဲ့ စိတ်၊ ကြင်နာတတ်တဲ့ စိတ်ဆိုတာ လူတိုင်းမှာ မရှိကြပါလားနော်. . .၊ ဆင်းရဲတိုင်းလည်း မေတ္တာမမဲ့ဘူး။ ပစ္စည်းရှိတိုင်းလည်း အကြင်နာမများ တတ်ကြပါလား'

"အေးလေ. . . ကြည့်၊ သူ့မြေးလေးဖို့ဆိုပြီး ဟောဒီ အကျီလေးကအစ အနှီးပိတ်စ၊ ပေါင်ဒါဗူးလေးပါမကျန် ဝယ်ပြီး လာလာပို့ရှာပါတယ်"

"အင်း. . . ဒေါ်လှကျော့နဲ့ အတွေ့သိပ်နောက်ကျသွား တယ်"

ပြောပြီးလေမှ. . . ကိုယ့်အစ်မ အရင်းအဖြစ်နှင့်သား တူးမှာ သိသွားရှာလေသည်ကပင် ပို၍ ကောင်းလေသလားဟု စိမ့်စမ်းအေး တစ်ချိန်တည်း နှစ်မျိုးတွေးမိပြန်သည်။

"ထမင်းစားလိုက်ဦးလေ။ ငါ ကလေးချီထားမယ်"

"နေပါစေ၊ သူ အိပ်မှ စားပါ့မယ်။ ဒေါ်ဒေါ်မြတို့လည်း စိမ့်အတွက်နဲ့ ပင်ပန်းလွန်းလှပါပြီလေ"

"ဒီလို မထင်ပါဘူးအေ၊ ညည်း ငိုငိုနေတာလေးကို ငါ သနားလွန်းလို့ပါ"



ဖေးမကြင်နာတတ်သော သူတော်ကောင်းများနှင့် တွေ့ခွင့်ရလေသည်ဟူသော အားကိုးစိတ်ဖြင့် ဒေါ်မြတို့ ကြည့်နေမိဆဲ. . .

"ဟဲ့. . . ဟိုက တို့ အခန်းဘက် တန်းလာနေတာ ဘယ်သူပါလိမ့်"

စိမ့်စမ်းအေး လှမ်းလှည့်ကြည့်လိုက်မိသည့်အခါ. . .

"အို. . . ဦးလေး ဦးချစ်ထွေးပါလား"

အားတက်မှု အရှိန်အဟုန်မြင့်စွာ ကြိုဆိုမိပါသည်။ စိုးဖေ ဖခင် သူ့ထံသို့တိုင် လိုက်လာခြင်းမှာ သတင်းထူးလေပြီ။ စိုးများ ရောက်နေလေပြီလား. . .

"ဦးလေး. . . ဦးလေး စိမ့် ဒီမှာရှိတယ်ဆိုတာ ဘယ်လို လုပ် သိလာလဲ ဟင်၊ စိုး. . . စိုး ပြန်လာပြီလား ဟင်"

ဦးချစ်ထွေးက စိမ့်စမ်းအေးကို ကြည့်သည်။ ဘာမှ မပြောသေးပါဘဲနှင့် အခန်းတွင်း ဝင်ထိုင်လိုက်ပါ၏။ ဦးချစ်ထွေး မှာ များစွာပိန်၍ ရုပ်ကျသွားခဲ့ပါပြီ။

"ဦးလေး ပျက်ကွက်တာတွေကို ခွင့်လွှတ်ပါကွယ်၊ ဦးလေး လည်း မမာနေလို့ ငါ့တူမတွေနဲ့ အဆက်ပြတ်နေတယ်"

"အင်း. . . အင်း. . . ရပါတယ်"

"ဘော်ဒါဆောင်က လိပ်စာမေးလိုက်တာ၊ တူးမှာ ဆုံးတုန်းက လိုက်ပို့ကြပါသေးတယ်"

"ဒီတုန်းက ထူပူနေလို့ ဘယ်သူမှ မမြင်မိပါဘူး။ ဒါတွေက ထားလိုက်ပါတော့ ဦးလေးရယ်. . .၊ စိုး. . . စိုးဆီက ဘာကြား လဲ ဟင်. . ."

www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ဒီသတင်း လာပြောတာပဲကွယ်. . ."

"ရှင်. . ."

ဦးချစ်ထွေးက ယောက်ျားကြီးတန်မဲ့နှင့် ချုံးပွဲချ၍ ငိုရှာတော့သည်။

"အက်(စ)-အီး-စီ-ဒီက တစ်ဆင့် အကြောင်းကြားတယ်။ သား. . . သားတို့သင်္ဘော မုန်တိုင်းမိလို့. . ."

"ဟင်. . . စိုး. . . စိုးရော. . ."

"သား အပါအဝင် သင်္ဘောသားအားလုံး သေဆုံးပြီး သင်္ဘောလည်း နစ်မြုပ်သွား. . ."

"အမလေး. . . အမလေး ရှင်. . ."

'မယ်ပဒ္မာ'ဆိုသည်မှာ တစ်ချိန်က သည်လို ခံစားခဲ့ရသလားဟု သူ့ရင်နှင့်နှိုင်းစာ၍ စိမ့်စမ်းအေးမှာ ရူးသွားမတတ် အလူးလူးအလိမ့်လိမ့် ငိုရပြန်ချေပြီတကား. . .။

"တူးမာဆိုသော ငြိမ်းအေးမှုကို ပေးခဲ့သည့် ညီမလေး"

"စိုးဆိုသော အားကိုးခြင်းဖြင့် အမျှော်လင့်ရဆုံး ငယ်ချစ်ဦး"

ယခုတော့ ငြိမ်းအေးမှုကို ပေးခဲ့သည့် အရိပ်လေးလည်း ကွယ်ညိုးပြီ။

စိုးသည်လည်း ဘယ်သောအခါမှ သူ့ထံသို့ ပြန်မလာနိုင်သည့် ခရီးဆုံးသို့ ထွက်ခွာသွားခဲ့ရရှာပြီမို့ မျှော်လင့်အားကိုးခြင်းဆိုသည်တို့မှာလည်း စိုးနှင့်အတူ သေဆုံးခဲ့ရပါပြီ။



အကြီးမားဆုံးသော မျှော်လင့်ခြင်းများသည် မုန်တိုင်းအောက်မှ ငှက်ငယ်လေးများလို တောင်ပံကျိုးလျက်၊ ရင်ကို တွဲစေလျက်၊ လွင့်စေ စင်စေ ဘဝပျက်ရပါလေပြီ။

"စိုးရယ်. . ."

"အချစ်ဆုံး အချစ်ဦးရဲ့. . ."

တူးမာကို ဆုံးရှုံးရစဉ်တုန်းကလို ရင်ဖွင့်၍ပင် ငိုနိုင်စွမ်းအား မရှိတော့။

အသည်းနှလုံးသားတို့သည် တစ်စစီ ကြွေလေပြီ။

ကိုယ်ခန္ဓာမှ စွမ်းအင်များအားလုံးကို ဆွဲနုတ်သယ်ယူသွားဘိ သည်သို့လည်း ရှိသည်။

အမြင့်မားဆုံးသော မျှော်လင့်မှုတို့လည်း လွင့်စင်ရပြီမို့ စိတ်အစဉ်သည် ဘာကိုမှ ထိန်းသိမ်းနိုင်စွမ်းမရှိတော့ပါဘဲနှင့်။

ရင်ကွဲမလေး စိမ့်စမ်းအေး၏ ဒုတိယအကြိမ် ဆုံးရှုံးရခြင်းသည်. . .

သူ့ခန္ဓာကိုပင် သူမထိန်းနိုင်အောင် ပုံလဲကျသွားခဲ့ရရှာပါပြီ။

"စိုးရေ. . .

"အချစ်ဆုံးရယ်. . ."

ဆိုသော လေသံတိုးလေးသည် တဖြည်းဖြည်း တိမ်ဝင်၍ ရင်ထဲမှာသာ မြည်တမ်းလျက်. . .

နောက်ဆုံးတွင် အသိမဲ့သောအဖြစ်သို့သာ ရောက်ရရှာပါသတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၁ ။

စိုးရေ. . .

မှတ်သုန်လေ ချွေလိုက်တဲ့ မိုးရေစက်လေးတွေ ကြောင့်. . .

ရွက်စိမ်းလေးတွေ. . .

ရောင်စုံပန်းလေးတွေဟာ. . .

ဒီမိုး ဒီလေအောက်မှာ. . .

ခုန်လို့. . . မြူးလို့. . . ရွှင်လို့. . . လန်းလို့ပါ စိုး

ဆည်းဆာဦးရဲ့ ပန်းရင့်ရောင်တိမ်လွှိုင်းအောက် မှာ. . .

အိပ်တန်းအပြန်လမ်းရဲ့ ငှက်တောင်ပံလေးတွေ ဟာလည်း အားမာန်ပြည့်စွာနဲ့ ခရီးနှင်နေကြပါတယ်။

မြစ်ထဲ ချောင်းထဲက ငါးကလေးတွေ ကျတော့ အို. . .



ကူးလို့. . . မြူးလို့. . .

ဒါဟာ သူ့နေရာနဲ့သူ. . .

သူ့သဘာဝနဲ့သူမို့. . .

အံ့ဝင်ခွင်ကျစွာ လောကကို အလှဆင်နေကြ တယ်ပေါ့ စိုးရယ်။

တကယ်လို့ ပန်းပွင့်လေးတွေသာ. . .

အို. . . ပန်းပွင့်လေးတွေက အပြစ်မဲ့လွန်းလှ ပါတယ်လေ. . .

ပြီးတော့. . . သူတို့က သက်မဲ့. . .

မရှိုင်းချင်ဘူး။

ဆိုပါစို့. . . စိုးရယ်. . .

ငါးကလေးတစ်ကောင်သာ သဲသောင်ပြင်မှာ တင်ထားလိုက်မယ်ဆိုရင်. . .

ဖျပ်ဖျပ်လူး အပူဒဏ်တွေကို အလူးလဲ ခံစားရင်း သေဆုံးသွားရရှာမယ်နော်။

ငှက်ကလေးတစ်ကောင်ကိုလည်း ရေထဲမှာ နစ်ကျစေမယ်ဆိုရင် သဘာဝမဟုတ်တဲ့နေရာမို့ မွန်းနစ် ကျပ်သိပ်စွာ ဘဝဆုံးရရှာမှာပေါ့။

တို့အဖြစ်က ငှက်ကလေး ရေနစ်တာမျိုး မဟုတ် ဘူး စိုး. . .

www.burmeseclassic.com

www.burmeseclassic.com



ငါးကလေး စတေးခံရပုံမျိုး။
နေရာမှန်မှာ မနေရတော့. . .
ပရိဒေဝနဲ့ သောက အပူဒဏ်တွေကို ဖျပ်ဖျပ်လူး
ခံစားရင်း ဘဝဆုံးရမယ့် အဖြစ်မျိုးပါ စိုးရေ. . .

တို့ဘဝဟာ. . .
နှင်းပွင့်လေးတွေပေါ် မှာရှိရှိ. . .
ကန္တာရမြေမှာ ရောက်နေနေ. .

တို့ရင်ထဲက နှလုံးခုန်နေသမျှ. . .
စိုးပြောသလို. . . စိုးကိုလေ. . .

"နိဂုံးမရှိသော ချစ်ရက်များ" နဲ့

ချစ်နေမယ့်သူဟာ စိုးရဲ့ စိမ့်ပါ. . . ကွယ်။

◆ ◆ ◆

စိတ်မချလွန်းစွာ နေရာတကာသို့ လိုက်ပို့ လိုက်ကြို လိုက်လုပ်ပေးခဲ့လွန်း၍ တစ်ယောက်တည်း ဘယ်မှမသွားတတ် မလာတတ်နှင့် တသက်ပတ်လုံး နေခဲ့ရသော. . .

စိမ့်စမ်းအေးသည် ယခုအခါတွင် တစ်ယောက်ထီးတည်း ကန်တော်ကြီးမြက်ခင်းပြင်တွင် လာထိုင်နေမိတော့သည်။



ဟိုး. . . သုံးနှစ်ကျော် ကာလဆီက စိုးနှင့် အတူထိုင်ခဲ့ကြဖူးသော နေရာလေးမှနေ၍. . .

တမလွန်ရောက်ချစ်သူ စိုးသို့. . .

တမ်းတရင်း တိုင်တည်နေမိခြင်းပါ။

စိုးနှင့် တူးမာတို့က သူ့ကို ရိုးအ,လွန်း၍ ဘယ်နေရာမှ စိတ်မချကြပါဟု ဆိုခဲ့ကြဖူးသော်လည်း. . .

ယခုတော့. . .

စိမ့်စမ်းအေးတစ်ယောက်တည်းသာ ဘုရားမှအပြန် ကန်တော်ကြီးမှာ ဝင်ထိုင်နေဖြစ်ပါပြီ။

တစ်ချိန်က ပန်းခိုင်လေးများကိုယ်စီနှင့် ဘုရားကန်တော့ကြပြီး စိုးက စိမ့်၏လက်မှ ပန်းခိုင်ကိုယူ၍ ပေါင်းစည်းကာ ပန်းအိုးတစ်အိုးတည်းမှာ ထိုးကပ်သည်။

ဘဝဆက်တိုင်း ရောနှောပေါင်းစည်းရပါစေဟူသော ပန်ဆုများနှင့် ကိုက်ညီစေရန်ပါ။

ယနေ့တော့. . .

စိမ့်စမ်းအေးတစ်ယောက်တည်းသာ ရွှေတိဂုံဘုရားသို့ သွား၍ ပန်းတစ်စည်းတည်းဖြင့်သာ ကပ်လှူ၍. . .

**"အချစ်ရဆုံးနှစ်ယောက်"**သို့. . . တမ်းတအမျှဝေရင်း ဘုရားရင်ပြင်မှာ မျက်ရည်အိုင်ထွန်းခဲ့မိသည်။

ယခုလည်း ကန်တော်ကြီး မြက်ခင်းပြင်ပေါ် မှာ စိမ့်စမ်းအေး၏ မျက်ရည်ဥလေးများက ပျံ့နှံ့စွတ်စိုနေလောက်အောင် ငိုပြီးရင်းသာ ငိုနေမိဆဲ. . .

"မစိမ့်စမ်းအေး"

www.burmeseclassic.com

www.burmeseclassic.com



တိုးညင်သော ခေါ်သံကြောင့် မျက်ရည် မျက်နှာနှင့် စိမ့်စမ်းအေးမှာ အလန့်လန့် အထိတ်ထိတ်ဖြင့် လှည့်ကြည့်လိုက်မိတော့. . .

"နေဦးနိုင်"

"မိုးတွေရွာလာပြီ. . . ပြန်သင့်ပါပြီဗျာ"

သူပြောလေမှ မိုးရွာနေမှန်း စိမ့်စမ်းအေး သိတော့သည်။ မိုးက သွန်ချသလို ရွာခြင်းမဟုတ်သေး။ တစ်စက်ချင်း တစ်ပေါက်ချင်း၊ လိမ့်ဆင်းစပြုနေပြီ။ ဖွဲရာမှ သဲတော့မည့် အသွင်မျိုး. . .

"ကျွန်တော့်ကားနဲ့ ပြန်ပါလားဗျာ"

စိမ့်စမ်းအေး၏ ငိုနေသောမျက်ဝန်းဆီမှ မီးစွယ်နှစ်ခု ထွက်လာပြီး နေဦးနိုင်၏ မျက်နှာကို ဖောက်ထွင်းလိုက်သည်။

"ကျွန်မညီမလေးရဲ့ ဘဝကို ဖျက်၊ အသက်ကိုပါ သေစေ ရုံနဲ့ အားမရဘဲ ကျွန်မကိုပါ ဆက်ချင်သေးသလားဟင်။ ကိုနေဦးနိုင် ရှင့်ကို ကျွန်မ သတ်မိလိမ့်မယ်။ ကျွန်မနားက သွားစမ်းပါ"

"ကျွန်တော် သားဆီရောက်တော့ မစိမ့်စမ်းအေး ဘုရား ကန်တော့ကြီးသွားမယ်ဆိုလို့ မာမီတို့အိမ်မှာထားခဲ့ပြီး လိုက်လာတာပါ"

"သွားစမ်းပါ"

"ကျွန်တော့်ကားမှာ ဒရိုင်ဘာနဲ့ပါ။ ကျွန်တော်နေခဲ့မှာပါ ဗျာ။ 'ငြိမ့်'ကို ပြန်နှင့်ပါနော်။ ကျွန်တော် တောင်းပန်ပါတယ်"

"ကျွန်တော် သားဆီရောက်တော့. . ."



ဆိုသော အသံကြားလေမှ အထီးကျန် ကိုယ့်ဘဝအတွက် သေးငယ်ပါလျက် အင်အားကြီးလွန်းသော သံယောဇဉ်ကြိုးလေး တစ်မျှင်က ရစ်ပတ်နှောင်ဆွဲထားပါသေးလား ဟူသော အသိဖြင့် စိမ့်စမ်းအေး နေရာမှထလိုက်သည်။

"သားဖေ"

ဆိုသော မိခင်ကိုယ်စား ချစ်ခြင်းမေတ္တာများဖြင့် စိမ့်စမ်းအေးမှာ သွက်လက်စွာ ကန်တော့ကြီး ရေပြင်ဘေးမှ ဖြတ်လျှောက်လာခဲ့သည်။

နေဦးနိုင်က ဘေးမှပါရှိလိုက်လာပါ၏။ ဗိုလ်ချုပ်ကြေးရုပ်၏ ပြင်ပအရောက်တွင်. . .

"ကျွန်တော် တောင်းပန်ပါတယ်။ ကားနဲ့ ပြန်ပါဗျာ. . . ကျွန်တော်နေခဲ့မှာပါ"

စောစောဆီကလို မီးစွယ်ထွက်သော အကြည့်များဖြင့်သာ သူ့ကို တစ်ချက်ကြည့်လိုက်မိသည်။ နှုတ်က ဘာမှမပြော။ ပြောချင်စိတ်လည်းမရှိ။ ပြောနိုင်စွမ်းအားလည်း မရှိတော့။

သူတို့၏ သိန်းကျော်တန် ကားကြီးဘေးမှ ဖြတ်လျက်၊ နံပါတ် ၁၀ ဘတ်(စ)ကားဂိတ်သို့ မိုးဖွဲဖွဲလေးများအောက်တွင်. . .

ထီးမပါ ပါဘဲလျက် တစ်ယောက်တည်း လျှောက်နေသော မိန်းမလှလေးမှာ. . .

မိုးစက်လေးများနှင့် ဆန့်ကျင်သော သောကမီးပွင့်လေးများက သူ့ရင်ပြင်မှာ အလွင့်လွင့် အပျံ့ပျံ့. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၂ ။

'ငြိမ့်' ဥယျာဉ်၏ အပေါ်ထပ် ဧည့်ခန်းဆောင်တွင် ဦးဉာဏ်စိုးနှင့် ဇနီးဒေါ်သက်သက်စိုးနှင့်. . . ဒေါက်တာ ဒေါ်ခင်မော်မော်လတ်တို့ ထိုင်နေကြသည်။

ဒေါ်မြ၏ ခေါ်ဝေါ်မှုကြောင့် စိမ့်စမ်းအေးမှာ တိုက်ကြီး၏ အပေါ်ထပ်သို့ တက်လာရပါ၏။

သားကို ပိုက်လျက်နှင့်. . .

ကြီးမြင့်ဝင့်ထယ်သော အရှိန်ဝါရှင်များရှေ့တွင် စိမ့်စမ်းအေးမှာ သိမ်ငယ်ရိုကျိုးစွာ ဆိုဖာပေါ်တွင် ရှုရှုလေး ထိုင်လိုက်ရသည်။ ဒေါက်တာဒေါ်ခင်မော်မော်လတ်က ထလာပြီး ကလေးကို လှမ်းယူလိုက်၍ စိမ့်စမ်းအေးမှာ ကြောင်စီစီနှင့် ပေးလိုက်ရပါ၏။

အမျိုးသမီးကြီးမှာ ဘယ်သူ့ကိုမှ မကြည့်တော့ပါဘဲနှင့် သားလေးကိုသာ ငုံ့ကြည့်လျက် သူ့ထိုင်ရင်း နေရာသို့ သွားသည်။

သားကိုကြည့်ရင်း ပြုံးနေသော သူ့အပြုံးက စိမ့်စမ်းရေ အေးမြသော အပြုံး. . .



"စိမ့်စမ်းအေး"

"ဟုတ်ကဲ့ပါ ဦး"

ရှိသေစွာထိုင်ရင်း ဦးဉာဏ်စိုးသို့ ကြည့်ပြီး နာခံနေရပါ၏။

"ဒါ ဒေါက်တာ ဒေါ်ခင်မော်မော်လတ်၊ နေဦးနိုင်ရဲ့ မိခင်ပဲ"

"ရှင်. . ."

"ပြီးတော့ ဘာဇာတ်ကြောင်းကိုမှ မသိပါဘဲနဲ့ တူးမာကို မွေးဖွားပေးခဲ့ရတဲ့ ဆရာဝန်မကြီး"

"ဟုတ်. . . ကဲ့. . ."

"ကလေးရော လူကြီးအသက်ပါ ကယ်ခဲ့ရှာပေမယ့် တူးမာကတော့ ကံဆိုးရှာခဲ့တယ်"

စိမ့်စမ်းအေးမှာ ဦးဉာဏ်စိုးသို့ စိုက်ကြည့်ရင်း အသက်ပင် မရှူရဲတော့။ သူ့ဇနီး ဒေါ်သက်သက်စိုးက. . .

"အဲဒါ အန်တီတို့မိတ်ဆွေရဲ့ မိတ်ဆွေတွေပဲ။ တစ်ဆင့် တစ်ဆင့် လိုက်လာပြီး စိမ့်စမ်းအေး ဝမ်းသာစရာ စကားပြောဖို့ ဒေါက်တာကိုယ်တိုင် ရောက်လာတာပါ"

စိမ့်စမ်းအေးမှာ မြေးချီထားသော ဒေါက်တာဒေါ်ခင်မော်မော်လတ်ကို လှမ်းကြည့်လိုက်မိသည်။

ဆရာဝန်စိတ် ဝိသစွာဖြင့် အကြင်နာကြီးမည့်၊ ပြတ်သားမည့်၊ စိတ်ကောင်းရှိမည့် သရုပ်များကို ဆောင်နေသော အမျိုးသမီးကြီးဟု မြင်ရုံနှင့် သိသာနိုင်သည်။

"ကိုကိုဦးရယ်. . .

"ဆိုပြီး တစ်ချိန်လုံး တမ်းတ,နေရှာတဲ့ တူးမာရဲ့ အသံက

www.burmeseclassic.com

www.burmeseclassic.com



အန်တီ့နားထဲက မထွက်တော့ပါဘူး စိမ့်စမ်းအေး။ သေဆုံးသွားတာတော့ သူ့ကံနဲ့သူပါ။ ဒါပေမယ့်. . . သားအတွက် စိတ်ထိခိုက်သွားရရှာတဲ့ အပြစ်တွေကို အန်တီတို့ ပြန်လည်ပေးဆပ်ပါ့မယ်"

စိမ့်စမ်းအေးမှာ ဆရာဝန်မကြီးသို့သာ ငေးစိုက်ကြည့်နေမိပြန်သည်။

"ဒီကလေးဟာ သားနဲ့ရတဲ့ ကလေးမှန်းလည်း လုံးဝမသိခဲ့ရရိုးအမှန်ပါ။ တူးမှာ သေဆုံးခါနီး သား ရောက်လာတော့မှ အန်တီ သိတာ။ ဒါပေမယ့်. . . သူကတော့ အန်တီ့ကို မမြင်သာဘူးလေ၊ အန်တီက အဲဒီနေ့က အော်ပရေးရှင်းခန်းရဲ့ တာဝန်ဝတ်စုံနဲ့"

ဆေးရုံပေါ်တွင် နေဦးနိုင်၏ အကြည့်များ ဝေ့ဝဲနေတတ်ကြောင်း ပြန်လည်မြင်ယောင်လာမိသည်။ သူမာမီ မြင်သွားမှာစိုး၍ ဖြစ်လိမ့်မည်ဖြစ်ကြောင်း ယခုမှ တွေးဆ၍ ကြည့်မိသည်။

"အန်တီတို့ဟာ မိကောင်းဖခင်အဖြစ်နဲ့ နေလာခဲ့ကြသူတွေပါ။ သားမှာ ဒီလို ဒီလို တိတ်တိတ်ပုန်း ပြဿနာရှိတယ်ဆိုတာ လုံးဝမသိခဲ့ရပါဘူး"

စိမ့်စမ်းအေး ရှိသေစွာ ခေါင်းညိတ်ပြမိပါသည်။

"ဆေးရုံမှာ သူ့ကိုတွေ့ရပြီး တူးမာ ဆုံးပြီးတဲ့နောက်ပိုင်းမှာ သားကိုမေးတော့ သူဟာ ဘာမှမထိန်မချန်ဘဲ အားလုံး ဝန်ခံပါတယ်"

ဒေါ်သက်သက်စိုးက ကြားဝင်၍. . .



"ဒီငြိမ့်ကိုလား၊ ဒီမှာဆုံကြ၊ ဒီလိုဖြစ်ကြတဲ့အတွက် အန်တီတို့မှာလည်း တာဝန်ရှိသလိုပါပဲလေ. . .၊ လုံးဝ စိတ်မကောင်းကြပါဘူး"

ဒေါက်တာ ဒေါ်ခင်မော်မော်လတ်က အားလုံးသို့ ဝေ့ကြည့်လိုက်ပြီး. . .

"စိတ်မကောင်းစရာပဲပေါ့လေ၊ ဒီလိုနေရင် ဒီလိုဖြစ်တတ်ကြမှာပဲ။ အရွယ်တွေက သိပ်ငယ်ကြသေးတယ်။ မထိန်းတတ်၊ မသိမ်းတတ်ကြတဲ့ အရွယ်လေးတွေမှ ဆိုင်ပေါ် တင်လို့ဖြစ်တာကို၊ ဆင်ခြင်တဲ့ အရွယ်ဆိုရင် ရင့်ပြီ။ ဆိုင်တင်လို့ မရတော့ဘူးလေ"

"ဒီတော့ ငယ်ရွယ်သူတို့ရဲ့ နီးစပ်မှုဟာ ဖောက်ပြန်မှုကိုဖြစ်စေတယ်။ ဒါ ကမ္ဘာဦး အစတည်းက လူသားတို့ရဲ့ ဖို့နဲ့မသဘာဝတရားပဲ။ အပြစ်ဆိုလို့မရဘူး။ မိန်းကလေးတွေကို ဒီလိုနေရာမှာ အသုံးချလာကြတဲ့ စနစ်ကိုပဲ အပြစ်တင်ထိုက်တာ။ ကျွန်မတော့ လုံးလုံးမကြိုက်ဘူး"

သူ့ 'ငြိမ့်'ပါ ခိုက်လာတော့ ဒေါ်သက်သက်စိုးက. . .

"ဒါတော့ နိုင်ငံပိုင် ဟိုတယ်တွေမှာလည်း မိန်းကလေးတွေ ရှိပါတယ်လေ"

"မှန်ပါတယ်။ ဒါပေမယ့်. . . အင်းလျားလိပ်နဲ့ ကရဝိတ်လို နေရာမျိုးကျတော့ အရှိန်က ရှိပြီးသား။ မိန်းကလေးတွေက မျက်နှာထားတင်းပြီးသားမို့ သွားလာသူတွေက မစ,ရဲကြသေးဘူး အဲဒီအတိုင်းပဲ တချို့စားသောက်ဆိုင်တွေလည်း ရှိပါတယ်။ ကလေးတွေရဲ့ တည်တည်တန့်တန့် ဆက်ဆံတဲ့ 'ဂုဏ်သာ' ဆို

www.burmeseclassic.com

www.burmeseclassic.com



တခြားဆိုင်မျိုးတွေလည်း ရှိပါတယ်။ ဒါပေမယ့် . . . များသော အားဖြင့်ကတော့ မဟန်ကြပါဘူး"

"အပြင်က ဆိုင်တွေမှာတော့ မိသားစုဝိုင်းအဖြစ်နဲ့ ထိုင်မစားရဲလောက်အောင် ကဲနေကြတဲ့ဆိုင်တွေ ပြည့်နေပြီ"

ဒေါက်တာ ဒေါ်ခင်မော်မော်လတ်က ယနေ့ ရန်ကုန်မြို့၏ စားသောက်ဆိုင်များ စနစ်ကို အားမနာစတမ်း ဝေဖန်လိုက်ပြီးမှ . . .

"ကဲ . . . ကျွန်မလည်း အချိန်မရဘူး။ ဒေါ်သက်သက်စိုးတို့ကို ပြောပြီးသား စကားအတိုင်း လိုရင်းကိုပဲ ပြောတော့မယ်။ ဒီမှာ စိမ့်စမ်းအေး"

"ရှင် . . ."

"သားဟာ . . . ဟိုကျောင်းမှာတည်းက စိမ့်စမ်းအေးကို သိပ်ပြီး စွဲစွဲလန်းလန်း ချစ်ခဲ့သူဆိုပါလား"

"အို . . ."

"စိမ့်စမ်းအေးမှာလည်း မှီခိုရာမဲ့နေတယ်။ ကလေးကလည်း တူလေးအရင်း၊ သားအနေနဲ့ကလည်း သူ့သား၊ ဒီတော့ အခြေနေအရပ်ရပ်အားလုံးဟာ အဆင်ပြေနေပါတယ်"

စိမ့်စမ်းအေး လန့်ဖျပ်စွာ ကြည့်လိုက်မိပါသည်။

"သားနဲ့စိမ့်စမ်းအေးကို အန်တီ သဘောတူပါတယ်။ တူးမာကလည်း လက်ထပ်လိုက်ကြပါလို့ မှာသွားတယ်ဆို . . . ဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

"အင်း . . . ကလေးအတွက်လည်း ကံကောင်းလွန်းမယ့်



အစီစဉ်မို့ သားနဲ့ စိမ့်စမ်းအေးကို အန်တီ သဘောတူညီစွာ လက်ထပ်ပေးပါမယ်လို့ လာပြောတာပါ"

မျက်လုံး အရွေ့အပြောင်း လုံးဝမရှိတော့ပါဘဲနှင့်၊ နေဦးနိုင်၏မိခင်သို့ ကြောင်ကြောင်ကြီးသာ ကြည့်နေပါတော့သည်။

ဒေါ်သက်သက်စိုးက . . .

"သိပ်ဝမ်းသာစရာ မင်္ဂလာစကားပါပဲရှင်။ သိပ်ရိုး၊ သိပ်လှ၊ သိလိမ္မာတဲ့ စိမ့်စမ်းအေးဟာလည်း သူ့ကံကပါ လှတော့ သူဌေးချွေးမ ဖြစ်ရတော့မှာပေါ့"

ဦးညာဏ်စိုးကလည်း . . .

"ကဲ . . . ဒီကိစ္စမှာ ကျွန်တော်တို့နှစ်ယောက်ကပဲ မိဘအဖြစ်နဲ့ နေရာယူပြီး လုပ်ပေးရတော့မှာပဲ။ ဒေါက်တာတို့သာ ရက်ရွေးကြပါ"

"အမြန်ဆုံးပဲ စီစဉ်လိုက်ကြရအောင်ပါလေ၊ သားက စိမ့်စမ်းအေးကို တကယ်ပဲ စွဲစွဲလန်းလန်း ချစ်ရှာတာပါ"

"ဝမ်းသာပါတယ် ဒေါက်တာရယ်။ တကယ့် မင်္ဂလာသတင်းပါပဲရှင်။ ကျွန်မတို့အားလုံးကလည်း စိမ့်စမ်းအေးရဲ့ဘဝကို ဝိုင်းပြီး သနားနေကြတာပါ"

"ကဲ-ဒါဖြင့် ကျွန်မကို ခွင့်ပြုကြပါ။ အန်တီပြန်မယ်နော် . . . စိမ့်စမ်းအေး"

ကလေးကို ပြန်ပေးရင်း နှုတ်ဆက်သွားသော ဒေါက်တာ ဒေါ်ခင်မော်မော်လတ်သို့သာ ပြူး၍ ကြည့်နေမိသည်။ ထိုသို့ ဟု မပြောနိုင်ရုံသာမက ခေါင်းပင် ညိတ်မပြမိနိုင်ခဲ့ ကြောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ေးေးဖြင့် ကလေးကိုသာ ပွေ့ပိုက်ရင်း အခန်းလေးရှိရာသို့ ပြန်ဆင်းခဲ့ရပါတော့သည်။

◆ ◆ ◆

အိပ်လာသော ကလေးကို အိပ်ရာထက်တွင် ချသိပ်လိုက်ပြီးမှ ဘေးသို့ ကြည့်လိုက်မိရာ စိမ့်စမ်းအေး လန့်သွားရပါ၏။

နေဦးနိုင်က သူ့သားအိပ်ရာနားတွင် ထိုင်လျက်. . .

"ရှင်. . . ဘာလာလုပ်နေတာလဲ"

"တောင်းပန်ဖို့ပါ"

"တူးမာအတွက်လား"

"တူးမာအတွက်က တောင်းပန်လည်း ကြေမှာ မဟုတ်ပါဘူးလေ။ ပါးရိုက်တောင် ခံရပြီးပြီပဲ"

"ဒါဖြင့်လည်း ဘာကို တောင်းပန်ဖို့လိုတော့လဲ"

"မစိမ့်စမ်းအေးကိုပါ"

စိမ့်စမ်းအေး ဘာမှမပြောတော့။ သူနှင့် အဝေးဆုံးနေရာမှာ သွားထိုင်နေလိုက်ပါ၏။ သူ့သား နီးမည်စိုး၍ သူက လေသံတိုးနှင့်ပင်. . .

"ကျွန်တော် တစ်စုံတစ်ခုသော အတိုင်းအတာအထိ သက်သေပြပါရစေဗျာ၊ ဘာနဲ့ပြရမလဲ"



"ဘာကိုလဲ"

"စိမ့်စမ်းအေးကို တကယ်ပဲ ချစ်မြတ်နိုးရပါကြောင်း"

"အို. . ."

"နှိမ့်ရင်လည်း ကျွန်တော် မတောင်းဆိုပါဘူးဗျာ။ ခုတော့ ကိုစိုးထိုက်လည်း မရှိတော့လို့"

"စိုး မရှိဘူး. . . ဟုတ်လား"

"သူသေဆုံးသွားတာ နှစ်မြုပ်သွားတာ ကျွန်တော် သိပြီးပါပြီ။ လျော်ကြေးပေးဖို့တောင် စီစဉ်နေပါပြီဗျာ"

"ရှင်တို့အမြင်မှာတော့ စိုး မရှိဘူးပေါ့၊ စိုး သေပြီပေါ့။ ဒါပေမယ့် ကျွန်မရင်ထဲမှာတော့ ကျွန်မရဲ့ အချစ်ဆုံး ငယ်ချစ်ဦး စိုးဟာ ဘယ်တော့မှ မသေပါဘူး ကိုနေဦးနိုင်"

"စိမ့်စမ်းအေးရယ်ဗျာ"

"ကျွန်မ နှလုံးခုန်ရပ်သွားတဲ့နေ့ဟာ ကျွန်မရဲ့စိုးလည်း သေဆုံးတဲ့နေ့ပဲ။ ကျွန်မရင်ထဲမှာ စိုးကို သိပ်ပြီးချစ်မြတ်နိုးထားတဲ့ နှလုံးသား လှုပ်ရှားနေသမျှ စိုး ရှိနေတယ်။ စိုး. . . ဘယ်တော့မှ မသေဘူး"

"ကိုစိုးထိုက်ပေါ်မှာ ဘယ်လို အနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် ချစ်ပါ။ စိမ့်စမ်းအေး ကိုစိုးထိုက်ကို ချစ်သလို နေဦးနိုင်ဟာလည်း သူ့နှလုံးသားနဲ့ထပ်တူ စိမ့်စမ်းအေးကို ချစ်နေပါတယ် ဆိုတာကိုလည်း ယုံလိုက်စမ်းပါဗျာ"

"ကဲ. . . ကျွန်မ တောင်းပန်ပါတယ် ကိုနေဦးနိုင်"

"ဘာကိုများလဲဗျာ"

"ကျွန်မရင်ထဲမှာ ညီမလေးနဲ့ စိုးဆိုတဲ့ ကျွန်မရဲ့အချစ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် နှလုံးသားတွေ ကွဲကြေမတတ် စက္ကန့်မလပ် ခံစားနေရဆဲပါရှင်"

"ချစ်ခြင်းမေတ္တာဆိုတဲ့ အရာကို အသစ်ပျိုးစရာ နေရာ မရှိပါဘူး။ ကျွန်မကို နားလည်စွာ ခွင့်လွှတ်ပြီး ပြန်ပါတော့လားရှင်"

"နောက်ဆုံးအဖြစ်နဲ့ တစ်ခုတော့ ပြောပါရစေ၊ သည်းခံပြီး နားထောင်စမ်းပါလားဗျာ"

"ပြောရှင်"

"အသစ်ပျိုးစရာ နေရာမရှိလို့ ချစ်ခြင်းမေတ္တာ ဆိုတာကို မစိမ့်စမ်းအေးရဲ့ရင်မှာ မရှင်သန်ချင် နေပါစေ။ ကျွန်တော့်ဘက်က ချစ်နေခွင့်လေးရရင်ပဲ ကျေနပ်ပါပြီ။ အရာအားလုံး ပြည့်စုံပါပြီလို့ ကျွန်တော် နောက်ဆုံးပြောခဲ့ပါရစေ၊ စဉ်းစားပေးပါဦး မစိမ့်စမ်းအေးရယ်။ သားလေးအတွက်ပါ ထည့်ပြီး စဉ်းစားပေးပါဦး"

◆ ◆ ◆

သမီးလေး. . . တူမလေးလို့ သဘောထားလို့ ပြောထားနော်။ ဘယ်လိုမှ မအောက်မေ့နဲ့"

"စိမ့် ဒေါ်ဒေါ်မြရဲ့စေတနာကို နားလည်ပါတယ်ရှင်"



"ဟိုး ဆိုတဲ့ ချစ်သူကို ငါ့တူမ ဘယ်လောက်အထိ ချစ်တယ် ဆိုတာ ဒေါ်ဒေါ်မြ နားလည်ပါတယ်ကွယ်။ ဒါပေမယ့်. . .

"သူက သေဆုံးပြီပဲ။ ဘယ်လိုမှ ပြန်မလာနိုင်တဲ့ [illegible]ကို ရောက်သွားပြီပဲ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်မြရယ်။ ဒါပေမယ့်. . ."

"အေး. . . ဒါပေမယ့်က ကိုယ့်ဘဝကို စဉ်းစားရမယ့် အပိုင်းရောက်လာပြီ ငါ့တူမ"

ဒေါ်မြက တည်ကြည်ငြိမ်းအေးစွာ ဆက်လက်ပြောနေဆဲပါ။

"နေဦးနိုင်ဟာ ငါ့တူမပေါ်မှာ တကယ်သံယောဇဉ်ရှိတာပါ"

"ဒါပေမယ့် သူ့ကို ဘယ်လိုမှ. . ."

"အေးပါ. . . အဲဒီချစ်တာ ကြိုက်တာ အသာထားလိုက်တော့။ ငါ့တူမ ရှေ့ရေးကို ဘယ်လို စဉ်းစားမလဲ"

စိမ့်စမ်းအေး မဖြေနိုင်ပါ။ သက်ပြင်းသာချရပါပြီ။

"အခု သူတို့ပြောတဲ့ အစီစဉ်ထက်ကောင်းတဲ့ အစီစဉ်မျိုး ငါ့တူမ တစ်ဘဝစာလုံး မပေါ်ပေါက်နိုင်တော့ဘူး"

"ကလေးကို စိမ့်စမ်းအေး သိပ်ချစ်တယ် မဟုတ်လား အဲဒီသားလေးအတွက်ပါ ထည့်တွက်လေ"

စိမ့်စမ်းအေး ငိုင်သွားရပါ၏။

"နေဦးနိုင်ရဲ့သား၊ သူ့ဒွေးတွေရဲ့ မြေးဦးလေး [illegible] ကလေးဟာ နေရာမှန်ကို ရောက်သွားရရှာမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွက်ဖြင့် မှန်ကန်သောစကားမို့ စိမ့်စမ်းအေး ဖြေးလေးစွာ ခေါင်းညိတ်ရပါပြီ။

"ပြီးတော့ ကလေးကို မခွဲနိုင်အောင် ချစ်နေပြီဆိုတာလည်း ဒေါ်ဒေါ်မြအသိ"

"ဟုတ်တယ် ဒေါ်ဒေါ်မြရယ်. . . စိမ့် ညီမလေး ကိုယ်စားသနားရာက၊ ခုတော့ ဒီသားလေးကို ဘယ်လိုနည်းနဲ့မှ မခွဲနိုင်အောင် ချစ်နေရပါပြီ"

"အေး. . . ဒါကြောင့် ပြောတာပေါ့"

"ဒေါ်ဒေါ်မြ ပြောတာတွေဟာ လျှော်ကန်သင့်မြတ်တဲ့ စကား၊ လက်ခံအပ်တဲ့ကိစ္စဆိုတာ စိမ့် သိနားလည်ပါတယ်ရှင်"

"ညီမလေးကလည်း နေဦးနိုင်နဲ့ လက်ထပ်လိုက်ပါလို့ မှာခဲ့တယ်"

"ဟုတ်လား"

"နေဦးနိုင်ချစ်သူဟာ စိမ့်ပါပဲလို့ သေခါနီးဆဲဆဲမှာ ဖွင့်ပြောလို့သာ ညီမလေးက ခွင့်လွှတ်ကြည်ဖြူစွာ ပြောသွားရှာတာပါ"

"ဟင်. . . ဟုတ်လား"

"အားလုံး ဖြစ်သင့်တယ်ပဲထားပါ။ သူ့ကို လက်ထပ်သင့်တယ်လို့လည်း စိမ့် သိပါပြီ။ ဒါပေမယ့် စိုးပေါ်မှာ စိမ့် သစ္စာမဖောက်ရက်ဘူး"

"ဟဲ့. . . အို. . . ဟိုက သေနေပြီပဲ။ သစ္စာဖောက်တယ်လို့ ဘယ်ခေါ်မလဲ"

"မဟုတ်ဘူးဒေါ်ဒေါ်မြ၊ စိုး အမြဲပြောလေ့ရှိတဲ့ စကား



စာရေးတိုင်း အောက်ဆုံး လက်မှတ်ထိုးခါနီးမှာ ရေးလေ့ရှိတဲ့ စာတမ်းလေးတစ်ခု ရှိပါတယ်"

"ဘာတဲ့လဲ"

"နိဂုံးမရှိသော ချစ်ရက်များတဲ့. . ."

ဒေါ်မြတစ်ယောက် စိတ်ညစ်သွားဟန် ရှိပါသော်လည်း စိမ့်စမ်းအေးကပင်. . .

"သူလိုပဲ စိမ့်လည်း သူ့ကို နိဂုံးမရှိသော ချစ်ရက်များနဲ့ ချစ်နေပါရစေရှင်။ နေဦးနိုင်ကို စိမ့် လက်ထပ်လိုက်တဲ့နေ့ဟာ စိုးပေါ်မှာ အချစ်နိဂုံး ချုပ်သွားမယ့်နေ့ပါပဲ"

"ဒါကြောင့်လေ. . . စိမ့်ဟာ စိုးအပေါ်မှာ နိဂုံးမရှိသော ချစ်ရက်များနဲ့ တစ်သက်လုံး ချစ်သွားပါရစေတော့ ဒေါ်ဒေါ်ရယ်"

ဒေါ်မြ သက်ပြင်းချသည်။ ကြာမြင့်စွာ တွေဝေနေပြီးမှ. . .

"နောက်တစ်ခုက ရှိသေးတယ် စိမ့်စမ်းအေး"

"ဘာများလဲ ဒေါ်ဒေါ်မြ"

"တိုက်ကြီးပေါ်မှာ သက်သက်ရဲ့မေမေ အသက်ရှူစဲဆယ် ကျော်အဘွားကြီး ရှိသေးတယ်"

ဘယ်လိုဆက်စပ်လာမလဲဟု စိမ့်စမ်းအေး စောင့်၍ နားထောင်နေရသည်။

"အဲဒီ အဘွားကြီး အခန်းမှာ ဒေါ်ဒေါ်မြကို သူတို့က အတူစောင့်၊ အတူအိပ်၊ အတူနေစေချင်တယ်လေ"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . စိမ့်စမ်းအေးနဲ့ ကလေးအတွက် ဒေါ်ဒေါ်မြကို တမင် ဒီမှာထားပေးနေရတာ၊ ပြီးတော့လည်း. . ."

"ပြီးတော့လည်း. . . ဘာလဲဟင်"

"သူတို့ ဝမ်းပမ်းတသာ စီစဉ်ပေးမယ်။ သူဌေးသားနေဦးနိုင်ကို မယူပါဘူးလို့ ငြင်းလိုက်ရင် သူတို့ဟာ စိမ့်စမ်းအေးကို ဒီအိမ်မှာ ဆက်လက်ပြီး ကြည်ကြည်ဖြူဖြူ ထားချင်ကြပါတော့မလားလို့. . . စဉ်းစားလေ"

ချောက်ချားတုန်လှုပ်ဖွယ် စကားပါလား။

◆ ◆ ◆

## အခန်း ။ ၄၃ ။

BURMESE CLASSIC .com

ပစ္စည်းလေးများ အားလုံး သိမ်းဆည်းပြီးပါပြီ။

ဤအခန်းငယ်မှ စွန့်ခွာရန်အတွက်ပါ။ စိမ့်စမ်းအေးအတွက် နေထိုင်စရာ အားကိုးစရာ တစ်ခုတည်းသောနေရာမှာ ဒေါ်လှကျော့၏ ကီလီရဲတန်းလျားမှ အခန်းကျဉ်းလေးသို့သာ. . .

ဒေါ်လှကျော့၏ သားသမီးများသည်လည်း သားလေး၏ ဦးဦး၊ ဒေါ်ဒေါ်များ အဖြစ်နှင့် ထိန်းကြ၊ ကျောင်းကြပါလိမ့်မည်။

နောက်ဆုံးနှစ် စာမေးပွဲကို စာပေးစာယူရလျှင် ဖြေဆိုမည်။ အလုပ်တစ်ခုရအောင်ရှာပြီး ဘာပဲဖြစ်ဖြစ် လုပ်ပါတော့မည်ဟု ဆုံးဖြတ်ပြီး ဒေါ်လှကျော့ထံ တောင်းပန်၍. . .

အပြောသာဆိုး၍ သဘောကောင်းသော ဒေါ်လှကျော့မှာ သနားကြင်နာစွာဖြင့် ငိုရှိုက်ရင်း စိမ့်စမ်းအေး တို့ကို နေပြန်ကျလျှင် လာရောက် ခေါ်ဆောင်သွားပေတော့မည်။

မနေ့တည်းက ပြောင်းရွှေ့ဖို့ ထည့်သိုပြင်ဆင်ပြီးပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးညာဏ်စိုးတို့ကိုလည်း ခွင့်ပန်ပြီးပါပြီ။

လုံးဝ မကျေနပ်ကြသော်လည်း တားပိုင်ခွင့်မရှိ၍ ခွင့်ပြု လိုက်ရပါပြီ။

တစ်ခါတစ်ရံတွင် လောက၌ 'လုပ်သင့်သည်' ထက် 'လုပ်ချင်သော' အရာက ကြီးစိုးလာလျှင် 'လုပ်ချင်ရာ လုပ်ဝံ့ လိုက်သော' ဘက်သို့ အလေးသာသွားတတ်ကြသူများ များစွာ ရှိသည့်အထဲတွင်. . .

စိမ့်စမ်းအေးတစ်ယောက် အပါအဝင်။

နေဦးနိုင်နှင့် လက်ထပ်ခါ တစ်ဘဝစာလုံး သားလေးနှင့် အတူ ငြိမ်းအေးစွာ နေရမည့်အဖြစ်ကို မသိ၍မဟုတ်ပေ သိနားလည်ပါသည်။

သို့ပါသော်လည်း. . .

ကျေးရွာရှင် ချစ်ညီမလေးသည် သူ့အတွက် တစ်ချိန်လုံး ရင်နာ ကြေကွဲစွာ သေဆုံးသွားရခါနီးအထိ ခံစားသွားရသော အကြောင်းက ပထမမို့ နေဦးနိုင်ပေါ်တွင် နာကျည်းချက်မ မပြေနိုင်။

ဒုတိယက စိုး ပါ. . .။

'စိုး၏ နိယာမလေး' အတိုင်း စိမ့်သည် အသက်ထက်ဆုံး စိုးတစ်ယောက်အတွက်သာ နိဂုံးမရှိသော ချစ်ရက်များနှင့် ချစ်နိုင်ပါမည်။ မည်သူ့ပေါ်မှ ပြောင်းလဲ၍မရသော အချစ်မျိုး ဖြင့်သာ ချစ်လိုပါ၍. . .

ဖြစ်လာသမျှ ဆင်းရဲဒုက္ခကို ကြံ့ခိုင်စွာခံ၍ ကိုယ်တိုင် ရုန်းကန်ပါတော့မည်ဟူသော ဆုံးဖြတ်ချက်များနှင့်အတူ ဒေါ်



ကျော့နှင့် လိုက်သွားရန် ကိုယ်ပိုင်ပစ္စည်းလေးများကို သိမ်းဆည်း နေဆဲ. . .

"စိမ့်. . . စိမ့်ရေ. . ."

ဒေါ်မြ ပြေးလာသဖြင့် လန့်သွားရသည်။

"ဘာလဲ ဟင်. . . ဘာလဲ ဒေါ်ဒေါ်မြ"

"ဒါ. . . ဒါ ဖတ်ကြည့်စမ်း။ စိမ့် ပြောတဲ့. . ."

သူ့စကားမဆုံးခင် ကြေးမုံသတင်းစာမှ သူထောက်ပြ သော သတင်းလေးတစ်ပုဒ်ကို ကြည့်မိသည်။

မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းမှ ထွက်ခွာ လာသော ဂျပန်ကုန်တင်သင်္ဘောတစ်စင်းသည် သီရိလင်္ကာနိုင်ငံ အရှေ့တောင်ဘက် မိုင် ၁၀၀ ကျော်အကွာ အိန္ဒိယသမုဒ္ဒရာထဲမှ ကျွန်းငယ် တစ်ခုပေါ်တွင် အသက်မသေဘဲ ရောက်ရှိနေ သော တတိယအရာရှိ မြန်မာသင်္ဘောသား ကိုစိုးထိုက်(အဖ-ဦးချစ်ထွေး)ကို တွေ့ရှိကယ်တင် ပြီး ကိုလံဘိုဆိပ်ကမ်းတွင် ချပေးခဲ့သည်။ ကိုလံဘို မှတစ်ဆင့် သူ့ကုမ္ပဏီရှိရာ စင်ကာပူသို့ ပို့ပေး ပြီးဖြစ်၍ မကြာမီ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိတော့မည်ဖြစ်ကြောင်း သတင်းရရှိ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄၄ ။

တကယ့် အိပ်မက်ထဲက အတိုင်းပါပဲ။

လေယာဉ်တံခါးပွင့်သည်နှင့် ပြေးဆင်းလာသော စိုး
စောင့်နေသော စိမ့်က ပြေးဖက်လိုက်သည်။

"မိစိမ့်. . . မိစိမ့်လေး. . . စိုး အချစ်ရယ်. . . ငါ
ပင်လယ်ထဲမှာ သုံးရက်ကျော်လုံး မျောနေခဲ့တာ သိလား။

"ငါ့ အချစ်ဆုံး မိစိမ့်နဲ့ မခွဲနိုင်ဘူး ဆိုတဲ့ အားမာန်
ငါ ပျဉ်ပြားတစ်ခုကိုတွယ်ပြီး ကြိုးစားခဲ့လို့ ခုလို နင့်ကို ပြန်
ရတာ။ ငါ ပစ္စည်းစုံပါလာပြီ။ တို့ အသက်ထက်ဆုံး မခွဲ
တော့မှာ မိစိမ့်ရဲ့။ ဒါနဲ့ တူးမာရော. . .

"ဟင်. . . နင် ငိုနေတယ်"

"စိုးရယ် နင်က သုံးရက်ကျော်ထဲ နော်. . .၊ ငါ့မှာ သုံး
ကျော်လုံး နင့်လိုပဲ ဒုက္ခပင်လယ်ထဲမှာ မျောခဲ့ရတဲ့အဖြစ်
ကိုလေ. . ."

"အို. . . အချစ်ရယ်. . . ငိုလိုက်ပုံက ရင်ကွဲစရာ ပါ
ကွယ်။ ဘာတွေဖြစ်ကြလို့လဲ။ ညီမလေးရော. . . တူးမာ

"ဆုံးပြီ စိုးရဲ့"

"ဟာ. . ."



"ဒါ. . . ဒါ. . . တူးမာမွေးခဲ့တဲ့ သားလေး နင် ချစ်နိုင်မှာ
လားဟင်"

"အို. . . ဘယ်လိုမေးလိုက်တာလဲ ဟယ်. . .၊ တူးမာ
ကိုယ်စား ချစ်ရမှာပေါ့ဟာ။ တူးမာက ဘာဖြစ်လို့ ဆုံးတာလဲ။
သူ့ယောကျ်ားက ဘယ်သူလဲ"

"စိုးရယ်. . . ပြောစရာတွေက အများကြီး တစ်ပုံကြီးပါ
ကွယ်၊ ဒီသားလေးကို သူ့အဖေသာ ပြန်မခေါ်ရင် တို့မွေးကြရ
အောင်ပါနော်"

"ဒီမှာ ကြည့်စမ်း မိစိမ့်"

"ဟင်. . ."

"သားရော မယားရော တစ်ခါတည်းရတဲ့ ငါ့လိုကောင်
မျိုးက ရှာမှရှားဗျ"

"စိုး. . . စိုးရယ်. . ."

"အို. . . မငိုနဲ့လေ"

"ငိုပါရစေ. . . ငိုစမ်းပါရစေ အချစ်ရယ်၊ နင့်ရင်ခွင်မှာ
ခုလိုကပ်ပြီး ငါအားပါးတရ ငိုချချင်တာ ကြာလှပါပြီ"

"ငါ့အချစ်ဆုံးရဲ့ အပြုံးကို မြင်ရတဲ့အထိ ငါ အစွမ်းကုန်
ပြုစုမယ်၊ ယုယမယ်။ နင် ဘာမှ အားမငယ်နဲ့တော့နော် မိစိမ့်"

စိမ့်စမ်းအေးက ခေါင်းညိတ်ပြလိုက်ပြီး သားလေးကို
ချီလျက်နှင့် စိုးကို တအားဖက်ထားလိုက်သည်။

အားကိုးခြင်း၊ အားရှိခြင်း၊ မျှော်လင့်ခြင်းများစွာ၊ ချစ်ခြင်း
များစွာဖြင့် စိုးကိုဖက်ထားလိုက်ချိန်မှာ အားအင်များ အားလုံး
ပြန်လည်ရရှိ ပြည့်ဖြိုးခဲ့ရပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"စိမ့်. . . မိစိမ့်လေး. . . "

"ဟင်. . . "

"ငါ့စာထဲက တို့ရဲ့သင်္ကေတအတိုင်း နင့်ကိုယေ ငါ့အသက်ထက်ဆုံး နိဂုံးမရှိသော ချစ်ရက်များနဲ့ ချစ်နေမယ် သိလား။ အားမငယ်နဲ့တော့၊ မငိုနဲ့တော့ နော်"

"စိုး ဆိုတဲ့ စိမ့်ရဲ့ ငယ်ချစ်ဦးရယ်. . .

"အဲဒီ 'နိဂုံးမရှိသောချစ်ရက်များနဲ့ နင့်ကို ငါ့အသက် ထက်ဆုံး ချစ်နေမယ်' ဆိုတဲ့ 'ဠွဲ'ကြောင့်သာ မဟုတ်ရင် နင် 'လွဲ'တော့မလို့. . . သိလား"

အဓိပ္ပာယ် နားမလည်သေးသော စိုးမှာ စိမ့်စမ်းအေး အားပါးတရဖက်ရင်း လူမြင်ကွင်းမှာပင်. . .

"ငါကတိ ဖျက်တော့မယ်။ လက်မထပ်ခင်ပဲ. . . "

"အို. . . သိပ်ဆိုးတဲ့ စိုး"

အနမ်းဒဏ်ရာလေးရသွားသော ပါးပြင်ကို လက်နှ ဖိအုပ်လျက် စိမ့်စမ်းအေး၏ ကြည်နူးစဖွယ် ရှက်ပြုံးလေးမှ သည် မင်္ဂလာဒုံလေယာဉ်ကွင်းကြီးတစ်ခုလုံးသို့ ဖုံးလွှမ်းသေ မတတ်။

◆ ◆ ◆

ပြီးပါပြီ

◆

တလျှာ(ဝိဇ္ဇာ-သိပ္ပံ)

BURMESE CLASSIC .com

www.burmeseclassic.com